
www.burmeseclassic.com



# အလှပန်း

## ကြွေလေး... ၄

စာမူခွင့်ပြုချက်အမှတ် - ၁၄၈/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀/၂၀၀၂ (၇)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး - ၃ဝိ/-
အုပ်ရေ - ၁၀၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၁၁၇၇) စေတနာOFFSET
အမှတ်(၁၉)၊ (၀၉)လမ်း၊ ရန်ကုန်။

မောင်ကျော်လှိုင်

# အလှပန်း

## ကြွေလေး... ၄

www.burmeseclassic.com

www.burmeseclassic.com

အလှပန်း ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



BURMESE CLASSIC

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



# ၁

"မင်း... ဘာအတွက်ကြောင့် ဒီအလုပ်ကို လုပ်ချင်ရသလဲ... ဒီအလုပ်ကို လုပ်ချင်ရတဲ့ မင်းရဲ့အဓိက ရည်ရွယ်ချက်..."

"ကျွန်မရဲ့အမေကို ကျွန်မ လုပ်ကျွေးချင်တယ်... ကျွန်မရဲ့ မိသားစုကို ကျေးဇူးဆပ်ချင်တယ်... ဒါ ကျွန်မရဲ့ အဓိက ရည်ရွယ်ချက်ပါပဲ... "

"ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး မင်းရဲ့ဗဟုသုတကို သိချင်တယ်... အနည်းအကျဉ်း ပြောပြပါ... "

"စိတ်မကောင်းပါဘူးရှင်... ကျွန်မအတွက် ဒီ Hotel လုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာဗဟုသုတ မရှိပါဘူး... လေ့လည်း မလေ့လာထားပါဘူး... စိတ်ဝင်တစား လေ့လာထားရ

BURMESE CLASSIC



အောင်လည်း ကျွန်မမှာ လုံလောက်တဲ့အချိန် မရှိပါဘူး... ဘာလို့လဲဆိုရင်... ကျွန်မဟာ လွန်ခဲ့တဲ့တစ်ပတ်ကမှ တက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲကို ဖြေခဲ့ပြီးလို့ပါပဲ... ကျွန်မရဲ့ခေါင်းထဲမှာ လောလောဆယ် ကျောင်းစာတွေပဲ ရှိနေပါတယ်... "

"ဒါဆို ဘာမှ မလေ့လာရသေးတဲ့ အလုပ်တစ်ခုကို မင်း ဘာကြောင့် လျှောက်သလဲ... "

"စောစောက ကျွန်မ ပြောပြီးပါပြီ... ကျွန်မရဲ့အမေနဲ့ မိသားစုကို ကျေးဇူးဆပ်ချင်တယ်... လုပ်ကျွေးချင်တယ်ဆိုတာ မနေ့က ကျွန်မရဲ့မိတ်ဆွေတစ်ယောက် ကျွန်မဆီ ဖုန်းဆက်ပါတယ်... ဒီနေရာမှာ နေရာလွတ်တစ်ခု ရှိနေတယ်ဆိုပြီး.. ဒါကြောင့် ဒီနေ့ ကျွန်မ ဒီအလုပ်ကို လာလျှောက်တာ... ပထမတော့ Application Form(အလုပ်လျှောက်လွှာ) ပဲ အရင်တင်ရမယ်ထင်နေတယ်... အခုတော့ တစ်ခါတည်း Interview(အင်တာဗျူး) ဝင်လိုက်ရတယ်ဆိုတော့..."

"အိုကေ... ကိုယ် သဘောပေါက်ပြီ... အင်း မေနှင်းဆီ အသက်နှစ်ဆယ့်နှစ်နှစ်.. English Major (အင်္ဂလိပ်စာဘာသာ) နောက်ဆုံးနှစ် စာမေးပွဲ ဖြေထားတယ်... လက်နှိပ်စက်၊ ကွန်ပျူတာသင်တန်းဆင်း၊ L.C.C.I Level(2)အောင်၊ Language (ဘာသာစကား)က English ကို thoroughly ဆိုတော့... မင်း English လိုလည်း ကျွမ်းကျွမ်းကျင်ကျင်

www.burmeseclassic.com



ပြောတတ်တယ်ပေါ့..."

အလုပ်လျှောက်လွှာကို ပြန်ကြည့်ရင်းမှ တစ်ခုချင်းဆီ ရေရွတ်ပြောကာ မျက်လွှာပင့်ကြည့်မေးပုံကြောင့် မေနှင်းဆီ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းကို ခိုင်မာစွာ ညိတ်လိုက်သည်။

"ကိုယ်တို့ Hotel က Five Stars Hotel ကျန်တဲ့ ဌာနတွေမှာ နိုင်ငံခြားသား အုပ်ချုပ်တယ်ဆိုပေမဲ့ ဒီ Accounts section (စာရင်းဌာန)မှာတော့ ကိုယ် အုပ်ချုပ်တဲ့အတွက် English Conversation (အင်္ဂလိပ်စကားပြော) က သိပ်တော့ အဓိက မကျလှဘူး... ဒါပေမဲ့ communication (ဆက်သွယ်မှု) ကတော့ အရေးကြီးတယ်... နိုင်ငံခြားသားတွေနဲ့ လုပ်ငန်းနဲ့ ပတ်သက်ပြီး ပြောဆိုဆက်ဆံရတဲ့ အခါမှာပေါ့... သိပ်အခက်အခဲကြီး မဟုတ်ပါဘူး... နားလည်လွယ်ဖို့ အဓိက,က ကိုယ့်ပြဿနာကို ဖြေရှင်းနိုင်ဖို့... Accounts section(စာရင်းဌာန)ကလွဲရင် ကျန်တဲ့ Section(ဌာန)မှာ Manager(မန်နေဂျာ) အားလုံးက နိုင်ငံခြားသားတွေချည်းပဲ... ဒါတွေကို မင်း ရင်ဆိုင်နိုင်ပါ့မလား... "

"ကျွန်မ ရင်ဆိုင်နိုင်ပါတယ်... "

"အိုကေ... ကောင်းပြီ... ဒါဆို မင်းရဲ့မျှော်မှန်းလစာကို သိချင်တယ်... "

"ကျွန်မနဲ့ထိုက်တန်တဲ့ လစာရရင် ကျွန်မ ကျေနပ်ပါတယ်"



"မဟုတ်ဘူးလေ... မင်း လိုချင်တဲ့လစာ... "

"ကျွန်မရဲ့ အရည်အချင်းကိုပဲ ကြည့်ပြီး ဆုံးဖြတ်ပေးပါ... ကျွန်မရဲ့ အရည်အချင်းဟာ ဘယ်လောက်တန်ဖိုးနဲ့ ထိုက်တန်သလဲဆိုတာ... ဘယ်လောက်လိုချင်သလဲ ဆိုတာ ကျွန်မ ကြိုတင် မပြောပါရစေနဲ့... "

"အိုကေ... ဒါဆို လုံလောက်ပါပြီ... ကျေးဇူးတင်တယ် လုပ်ငန်းအခြေအနေနဲ့ ပတ်သက်ပြီး မင်းဆီအကြောင်းကြားလိုက်ပါ့မယ်... "

"ဟုတ်ကဲ့... ကျွန်မကလည်း ကျေးဇူးတင်ပါတယ်... ကျွန်မကို သွားခွင့်ပြုပါ... "

"အိုကေ... "

တံခါးဖွင့်ဖွင့်ချင်း အသင့်ကြိုလာသော မိတာ[illegible]ထဲ ကိုင်ထားသည့် ဖိုင်ကို ထည့်ပေးလိုက်ပြီး လူကတော့ [illegible]ခဲသေတ္တာဆီ လျှောက်သွားလိုက်သည်။ ရေခဲသေတ္တာမှ [illegible]ဘူးအသေးတစ်ဘူး ထုတ်ကာ ခွက်ဖြင့်မထည့်ဘဲ အဖုံးဖွင့် [illegible]သောက်လိုက်၏။ ဒီရေတစ်ဘူးက ကုန်မှာလေ။ ဒါကြောင့် [illegible]ခွက်နှင့် ထည့်သောက်စရာ မလိုတော့တာ။

"ဘယ်လိုလဲ သမီး... အဆင်ပြေလား... "

www.burmeseclassic.com



ရေသောက်နေတုန်း အနားရောက်လာ မေးလိုက်သော မေမေ့အသံကြောင့် ပါးစပ်ထဲ ရေကို ငုံထားရင်းမှ မေနှင်းဆီ ခေါင်းညိတ်ပြလိုက်သည်။ နောက်မှ ရေကို မျိုချပြီး...

"ပြေပါတယ် မေမေ... တစ်ခါတည်း Interview(အင်တာဗျူး) လုပ်ခဲ့ရတယ်... "

"ဟုတ်လား... "

ဒေါ်ခင်ကြည့်မျက်ဝန်းမှာ လက်ခနဲ ဖြစ်သွားသည်။ တော်တန်ရုံဆို ဝင်နိုင်ဖို့ မလွယ်ကူနိုင်သော ဤကြယ်ငါးပွင့် ဟော်တယ်ကြီးမှာ သမီးဖြစ်သူက မနေ့က သူ့မိတ်ဆွေ တစ်ယောက်အပြောနှင့် အလုပ်လျှောက်လွှာကို အမြန်ဆုံး ပြင်ဆင်ကာ ဒီနေ့မှာတော့ အလုပ်လျှောက်ဖို့ဆိုပြီး အိမ်မှ ထွက်သွားသည့်အတွက် ဒေါ်ခင်ကြည့်စိတ်ထဲ သိပ်တော့ မထင်လှပေ။ သမီးလျှောက်သည့်နေရာက အမှန်တကယ်ပဲ လစ်လပ်ကာ လူလိုနေသည်ဆိုပေမဲ့ သူ့အဆက်အသွယ်နှင့် သူတွေက အဆင်သင့်ရှိနေနိုင်ကာ၊ ဘာအဆက်အသွယ်မှ မရှိဘဲ ဘလိုင်းကြီး ဝင်ရမည်ဖြစ်သော သမီးအတွက် ဒီအလုပ်က လျှောက်လွှာတင်ဖို့တောင် လွယ်ကူပါ့မလားဟူ၍ စိတ်ထဲ တိတ်တဆိတ်ပူမိသည်။ သို့သော် အင်မတန်ကိုမှ အလုပ်လိုချင်ကာ အမေဖြစ်သူနှင့် မိသားစုကို လုပ်ကျွေးချင်နေသော သမီးက ပြီးခဲ့သည့်တစ်ပတ်ကမှ စာမေးပွဲဖြေပြီးထားတာတောင် မနားနိုင်ဘဲ သူ့မိတ်ဆွေဆီမှ သတင်းရတာနှင့် တစ်ပြိုင်နက် အလုပ်ရဖို့အတွက် လောဘတကြီး ပြင်ဆင်တော့တာပါပဲ။



သားသမီးသုံးယောက်ရှိသော ဒေါ်ခင်ကြည့်အတွက် မေနှင်းဆီ ဒုတိယနှစ်ကျောင်းသူဘဝမှာ ခင်ပွန်းဖြစ်သူ ဆုံးပါးသွားခဲ့ပေမဲ့ အစကတည်းက အခြေခိုင်နေပြီ ဖြစ်သော စီးပွားရေးက စိတ်ပူပန်စရာ မလိုသော်လည်း အငယ်ဆုံးသမီးဖြစ်သော မေနှင်းဆီအတွက်တော့ စိတ်မကောင်း ဖြစ်မိရသည်။ မေနှင်းဆီအထက် သမီးကြီး ခိုင်သဇင်နှင့် သားကြီး ကျော်ဝေလွင်တို့ ကျောင်းပြီးသည့် အချိန်တုန်းက သူတို့အဖေက သက်ရှိထင်ရှားမို့ အငြိမ်းစား ယူပြီးသည်ဆိုသော်လည်း အငြိမ်းစားအရာရှိကြီးဟူသော ဖခင်၏ အရှိန်အဝါနှင့်ပင် ဆိုင်ရာကုမ္ပဏီတွေမှာ လူတွေ့စစ်ဆေးမေးမြန်းခံရခြင်း ကင်းဝေးစွာ လျှောက်လွှာမတင်ရစွာ သက်တောင့်သက်သာ အလုပ်ကိုယ်စီ ရခဲ့ကြတာ။ ရကြသည့် အလုပ်နှင့် လစာများကလည်း အခုခေတ်မှာ မဆိုးဘူး ပြောရမည့် အနေအထားမို့ ခင်ပွန်းသည်ရော ဒေါ်ခင်ကြည်ပါ အကြီးနှစ်ယောက်အတွက် ရင်အေးခဲ့ရသည်။ အကြီးနှစ်ယောက်အတွက် ရင်အေးရပြီး မကြာခင်မှာပဲ ခင်ပွန်းသည်က နှလုံးသွေးကြောပြတ်ကာ ဆုံးသွားခဲ့သည်။ ဒီအချိန်မှာ သမီးငယ်က ဒုတိယနှစ်ကျောင်းတက်နေချိန်။ ငယ်စဉ်ကတည်းက ဆတ်ဆတ်ထိမခံကာ စတ်ဇတ်ကြဲဖြစ်သော ထက်မြက်သော သမီးငယ်အတွက် ဒေါ်ခင်ကြည်မှာ စိတ်မကောင်းဖြစ်ရသည်။ သမီးငယ် ကျောင်းပြီးသည့်အချိန်မှာ သက်တောင့်သက်သာစွာ အလုပ်ရနိုင်ဖို့ ဖခင်၏ အရိပ်အာဝါသ အရှိန်အဝါလည်း မရှိတော့ပေ။ သမီးငယ်အလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကျလျှင်တော့ ကောင်းမွန်သော အလုပ်တစ်ခုကို ရရှိပါမလားဆို သည့် အတွေးပူတို့ဖြင့် ဒေါ်ခင်ကြည် မှာ ရင်မအေးနိုင် ဖြစ်ခဲ့ရသည်။

အလုပ်ကောင်း မရနိုင်လျှင်လည်း ကိုယ့်စီးပွား ရေးလုပ်ငန်းထဲ သမီးဖြစ်သူကို ခေါ်သွင်းကာ စီစဉ်ပေးနိုင်ပေမဲ့ ငယ်စဉ်ကတည်းက အင်္ဂလိပ်စာဘာသာရပ်ကို အထူးပင် စိတ်ဝင် စားကာ ထူးချွန်သော၊ အင်္ဂလိပ်ဘာသာစကားကို တရွတ်ရွတ်နှင့် ပြောဆိုတတ်သော သမီးငယ်က မိမိ၏ ရတနာရောင်းဝယ်ခြင်း လုပ်ငန်းထက် ပြင်ပလုပ်ငန်းတွေနှင့်သာ ပို၍ သင့်တော်ကိုက်ညီကာ သမီးငယ်၏ ဘဝက သည့်ထက် တိုးတက်ဖွယ်ရာကို မြင်နိုင်ပါ သည်။ သည့်အတွက်ကြောင့် သမီးငယ်ကို နိုင်ငံခြားကုမ္ပဏီ လုပ်ငန်းတွေမှာ အလုပ်ရစေချင်တာ ဒေါ်ခင်ကြည်၏ စိတ်စေတနာ တစ်ခုပင်။

"အခြေအနေ ဘယ်လိုရှိလဲ သမီး... "

"ဒီနေ့ Interview လုပ်တာတော့ ခြောက်ယောက် လောက် ရှိတယ် မေမေ... ပြန်ဆက်သွယ်မယ်လို့ ပြောတာပဲ... "

"အေး အေး... ခဏနားပြီးရင် ထမင်းစားလိုက်ဦး... မေမေ ဆိုင်သွားတော့မယ်... "

"သမီး လိုက်ခဲ့ရမလား မေမေ... "

"ရတယ်... မေမေ မောင်ပုကိုပဲ လိုက်ပို့ခိုင်းတော့မယ်..."

မေမေ ထွက်သွားတော့ မေနှင်းဆီ ဧည့်ခန်းရှိ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ရင်း Interview ခဲ့ရသော



ထမဆုံးသော အတွေ့အကြုံဆီမှာ ပြန်လည်၍ စိတ်ထဲ စားမြုံ့ပြန် နေမိပါတော့သည်။

❀❀❀❀❀

"ငါတို့မှာကွာ... ဒီနေ့ ဖတ်ဖတ်ကို မောသွားတာပဲ... သူတို့ ပို့ပေးလိုက်တဲ့ BL (ဘီအယ်လ်)နဲ့... အခု ရောက်လာတဲ့ BL (ဘီအယ်လ်) နံပါတ်က မတူဘူးလေ... အဲဒီတော့ ဆိပ်ကမ်းကနေ ဘယ်လိုလုပ် ထုတ်ခွင့်ရှိမလဲ... ချက်ချင်းပဲ Japan (ဂျပန်)ကို ဖုန်းခေါ်... Fax (ဖက်စ်) ပို့နဲ့ အလုပ်ရှုပ် သွားရတာ... "

"ကိုကြီးတင်လား... 'သ'လည်း ဒီနေ့ အလုပ်တွေ ရှုပ်လိုက် တာ အခန်းနံပါတ်သုံးရာခွန်က bath tab (ရေချိုးကန်) က ရေမကျလို့ဆိုပြီး Engineering Department (အင်ဂျင်နီယာ ဌာန) ကိုတော့ Complaint မလုပ်ဘဲနဲ့... 'သ'ဆီကိုပဲ complaint (တိုင်ချက်) လုပ်လာတာ... "

"ဘာလဲ... ဟို ကိုရီးယားမိသားစုလား... "

"မဟုတ်ဘူး... ဒီတစ်ခါ လင်မယားနှစ်ယောက်ပဲ ရှိတဲ့ ဂျပန်လူမျိုး... သူတို့က နှစ်နှစ်တောင် စာချုပ် ချုပ်ထားတာ လေ... "

"ဘာပဲဖြစ်ဖြစ် customer is always right (ဈေးဝယ်သူက

www.burmeseclassic.com



အမြဲမှန်တယ်)ပဲလေ... customer(ဈေးဝယ်သူ)ရဲ့ complaint (ထုချေလွှာ)ကို ညည်းတို့က ဖြေရှင်းရမှာပေါ့... စိတ်ရှည်ရှည်နဲ့... "

"သလည်း ဖြေရှင်းပါတယ်... အဲဒီမှာ Mr. Tomo သိ သွားပြီး ပွမ်ညံပွမ်ညံတွေ ဖြစ်တော့ဘာ... သမှာလေ အလုပ်ရှုပ်တာကို ပင်ပန်းခံနိုင်တယ်... အဲဒီလို အနားကနေပြီး ပွစိ ထိုးပြောတာလောက် နားမခံသာတာ မရှိဘူး... တကယ်ပဲ ကျောပူတော့ ခံနိုင်တယ် နားပူတော့ မခံနိုင်ဘူး... "

"ဒါကတော့ မလေးက Aircon တွေ အေးစိမ့်နေတဲ့ နေရာမှာ အလုပ်လုပ်နေရလို့ပါ... သူကလည်း မလေးကို ဆူတာ မဟုတ်ဘူး မဟုတ်လား... မလေးနဲ့ မဆိုင်တာ သူသိနေတာပဲ... ဒါပေမဲ့ မလေးက သူ့ secretary (အတွင်းရေးမှူး) ဆိုတော့ Engineering Department (အင်ဂျင်နီယာဌာန) ရဲ့ လိုအပ်ချက်ကို ပြောတာနေမှာပေါ့... "

ကိုကြီးနှင့် မလေးတို့ သူတို့ရုံးအကြောင်းတွေ ပြန်လည် ရင်ဖွင့်ပြောနေကြတာကို နားထောင်ပြီး မေနှင်းဆီ ကြားမှ ဝင်ပြောလိုက်၏။ ခိုင်သဇင်က ထိပ်မှာ လေးမွှာခွဲထားသော ဝက်အူချောင်းကို ခက်ရင်းနှင့် ထိုးစိုက်စားရင်းမှ...

"အောင်မယ်... နင် မသိဘဲ မပြောနဲ့နော် အငယ်မ... Mr. Tomo က ပွစိပွစိ သိပ်ပြောဆိုတတ်တာ... သူ ပြောတတ်လွန်းတာကလေ ဘယ်တော့မှ မောတယ် မရှိဘူး...



နားထောင်ရသူသာ နားညည်းလို့ သေတော့မယ်... သူက အမျှင်မပြတ်ဘူး ပြောတတ်တာ... "

"အဲဒီတော့ ညည်း ပြဿနာက ပြီးသွားရောလား.... "

ကျော်ဝေလွင် ကြားဖြတ် ဝင်မေးခြင်းကြောင့် ခိုင်သဇင်၏အာရုံက ကျော်ဝေလွင့်ထံ ပြန်ရောက်သွားသည်။

"ပြီးသွားတာပေါ့... ပြဿနာက Engineer ကောင်လေး တွေ လုပ်ပေးလိုက်တာ... ခဏလေးနဲ့ ပြီးသွားတယ်... မပြီးတာက Mr. Tomo ပဲ ကိုကြီးရဲ့... သ ရုံးဆင်းတဲ့အထိ မပြီးဘူး.... "

မေနှင်းဆီသည် ဘာမှမပြောတော့ဘဲ မျက်ခုံးပင့်ပခုံးတွန့်ကာ ထမင်းကို အေးဆေးစွာ ဆက်စားနေတော့သည်။ တစ်နေ့တစ်နေ့ ကိုကြီးနှင့် မလေးတို့ ရုံးရင်ဖွင့်သံကို နားထောင်ရတာ မေနှင်းဆီအတွက် မရိုးနိုင်အောင်ပင်။ ဂျပန်ကားကုမ္ပဏီ လုပ်ငန်းမှာ အရောင်းမန်နေဂျာဖြစ်သော ကိုကြီးနှင့် မြန်မာပြည်မှာ အလုပ်လာလုပ်သော နိုင်ငံခြားသားများအတွက်သာ သီးသန့်ဆောက်လုပ်ကာ နေထိုင်ဖို့ ငှားရမ်းသည့် အိမ်ရာလုပ်ငန်းမှာ အထွေထွေမန်နေဂျာ၏ အတွင်းရေးမှူးဖြစ်သူ မလေးတို့၏ သူ့အတွေ့အကြုံ၊ ကိုယ့်အတွေ့အကြုံ နှီးနှောဖလှယ်ကြခြင်းက... တစ်နေ့တစ်မျိုး မထပ်အောင် ဖြစ်၏။

ကျောင်းတက်စဉ်အချိန်ကာလတုန်းကတော့ ကိုကြီးတို့ စကားတွေကို နားထောင်ပြီး မေနှင်းဆီ အားကျရုံသာ။ အခု

www.burmeseclassic.com

www.burmeseclassic.com



လို ကျောင်းပြီးသွားသည့်အချိန်မှာတော့ အားကျရုံမက ကိုယ်တိုင်ပါ သူတို့နှစ်ယောက်နှင့်အတူ လုပ်ငန်းအကြောင်း နှီးနှောဖလှယ်ခွင့်ရသော သူတစ်ယောက် ဖြစ်ချင်ခဲ့လာသည်။ သူမ အလုပ် လုပ်ချင်နေရပါပြီ။ ထာဝစဉ် မေမေနှင့် အစ်ကို အစ်မဆီမှာ လက်ဖြန့်ခံ မုန့်ဖိုးတောင်းရခြင်းမှသည် ကိုယ်မှ ပြန်လည်၍ ကိုယ့်လုပ်အားခ လစာငွေကို မေမေ့ထံ စာအိတ်လိုက် အပ်ကာ ကျေးဇူးဆပ်ချင်သူ ဖြစ်ချင်ရပါပြီ။ ဤသို့စိတ်တွေ ခန္ဓာကို သွေးကြောထဲမှာ ပိုးမွှားများ စီးဆင်းဝင်နေသလို ရှုစိတတ် ဖြစ်နေရသည်ဆိုပါမှ တစ်ခါတည်းသာ Interview ခြင်း ခံရထားသော Royal Crown Hotel ဆိုသည့် Five stars Hotel ကြီးကလည်း ပြန်လည် အကြောင်းကြားမည်ဆိုကာ ယနေ့ထိတိုင် အကြောင်းကြားမလာတာ နှစ်ပတ်တောင် ရှိနေပြီ။ ထာဝစဉ် မြန်တတ်သော စိတ်တို့ကို တတ်နိုင်သမျှ ထိန်းချုပ်ပြီး ဒီ Hotel ကြီးထံ သွားရောက် မေးမြန်းချင်သောဆန္ဒတို့ကို ဘရိတ်အုပ်နေရသည်။ ကြားပါတော့လား အကြောင်းက ရ,ရတယ် မရ,မရဘူးပေါ့...။ ခုတော့ စောင့်မျှော်ရသူမှာ လည်ပင်းရှည်၍ ဆန့်တငင်ငင် ဖြစ်နေရသည်။

International (နိုင်ငံတကာ) တန်းဝင် Fiver Stars Hotel (ကြယ်ငါးပွင့်ဟိုတယ်) ကြီးတစ်ခု လုပ်နေပြီး အလုပ်လုပ်တာ သိပ်ကို နှောင့်နှေးကြန့်ကြာတယ်ဟု၍ စိတ်ထဲမှ အပြစ်တင်လိုက်မိ၏။

"နှင်း... ညည်း Hotel (ဟိုတယ်) ကကော အခုထိ ဘာ



အကြောင်းကြားမလာသေးဘူးလား... "

တိုက်ဆိုင်စွာပဲ ကိုယ့်အတွေးနှင့် ထပ်တူစွာ ကိုကြီးမေးလာတာမို့ မေနှင်းဆီ နှာခေါင်းရှုံ့ကာ ခေါင်းခါပြလိုက်သည်။

"အခုပဲ နှင်းလည်း အဲဒီကိစ္စ စဉ်းစားနေတာ... ဘာလို့များ အကြောင်းကြားမလာရသေးတာလဲ မသိဘူး... ပွင့်ပွင့်လင်းလင်းပဲ အကြောင်းပြန်လိုက်ရောပေါ့... ရ,ရတယ်... မရ,မရဘူးပေါ့... အခုတော့ ပေရှည်နေတာ... "

မကျေမနပ်ပင် ပွစိထိုးပြန်ပြောမိတော့ ကိုကြီးက ဖွန်းခက်ရင်းကို လက်မှချကာ ပါးစပ်ကို လက်သုတ်ပဝါဖြင့် သုတ်ပြီး...

"အေးဆေးပေါ့ ညီမလေးရာ... ညည်းအင်တာဗျူး ဝင်ထားတဲ့ ဟိုတယ်က နယ်နယ်ရရမှ မဟုတ်တာ... သူတို့လည်း အဆင့်ဆင့်နဲ့ ရွေးချယ်တာ စိစစ်တာ ကြာဦးမှာပေါ့... "

"အေး... မေမေလည်း အဲဒါကိုပဲ ပြောနေရတာ သားကြီးရေ... မင်းတို့မောင်နှမက တစ်နေကုန် အလုပ်သွားရတော့ ဘာမှမသိဘူး... မေမေ့မှာတော့ တစ်နေ့ တစ်နေ့ သူ နားပူတဲ့ဒဏ်ကိုပဲ ခံနေရတာ... ဆိုင်မသွားခင်လည်း မသွားခင်မို့လို့... သွားပြန်တော့လည်း ဖုန်းနဲ့ တကူးတကကို ဆက်ပြီး နားပူလို့နဲ့ကွယ်... "

ထိုစဉ် ဒေါ်ခင်ကြည်က ထမင်းစားခန်းထဲ ဝင်လာကာ ထမင်းစားပွဲမှ ခုံတစ်လုံး ဆွဲထုတ်ယူထိုင်ကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အငယ်မကလည်း ဘာဖြစ်လို့ အဲဒီလောက် လောနေရတာလဲ... သူ့ဘာသာသူ ရချင်တဲ့အချိန်မှ ရပါစေပေါ့... ကျောင်းကဖြင့် မနေ့တစ်နေ့ကမှ ပြီးထားတဲ့ဉစ္စာ... "

"အိမ်မှာ နေရတာ ပျင်းတယ်ကွ... "

"ပျင်းရင် မေမေနဲ့ ဆိုင်လိုက်သွားပေါ့... မေမေ့ကို ဈေးကူရောင်းပေါ့... "

"အာ... အဲဒါလည်း လူရှုပ်က ရှုပ်နဲ့ မျက်စိနောက် နားနောက်တယ်... "

"ဖြစ်ရပြန်ပြီ အမျိုးမျိုး... အိမ်မှာနေတော့လည်း ပျင်းလို့... ဆိုင်လိုက်သွားဆိုပြန်တော့လည်း မလိုက်ချင်ဘူး... "

"မဟုတ်ဘူး မေရ... သမီးက လစာလိုချင်တာ... "

"ဟယ် ဒီကလေးနှယ်... သမီးလေး ဆိုင်လိုက်လာတော့ကော မေမေက သမီးကို မုန့်ဖိုးမပေးဘဲ နေမလား... "

"အေးလေ... အခုလည်း မုန့်ဖိုးပေးနေတာပဲဉစ္စာ... မလေးနဲ့ကိုကြီးလည်း ညီမလေးကို ပေးနေတာပဲဉစ္စာ... ညည်းက ဘာတွေ လိုအပ်နေလို့လဲ အငယ်မရဲ့... "

"မဟုတ်ဘူး... နှင်းက အဲဒီမုန့်ဖိုးဆိုတာကြီးကို လိုချင်တာ မဟုတ်ဘူး... နှင်းလိုချင်တာ နှင်းရဲ့ကိုယ်ပိုင်လုပ်အားနဲ့ ရတဲ့ အခကြေးငွေကို လိုချင်တာ... လုပ်အားခကို ပြောတာ အဲဒီလုပ်အားခနဲ့ မေမေ၊ ကိုကြီးနဲ့ မလေးကို ပြန်ကန်တော့ချင်တာ ဒါပဲ... "



"သြော်... ဒါလား... "

မနှင်းဆီ၏ အပြောမှာ ခေါ်ခင်ကြည်၊ ကျော်ဝေလွှင်နှင့် ခိုင်သဇင်တို့ ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားရ၏။ အိမ်၌ ဖူးဖူးမှုတ် အလိုလိုက်ခြင်းခံရကာ ဆိုးနွဲ့နေသော အငယ်ဆုံး ဖြစ်သော်လည်း အိမ်အပေါ် ပြန်လည်သိတတ်ချင်သော မနှင်းဆီ၏ စိတ်ကလေးက လူကြီးသုံးယောက်၏ ရင်ထဲကို ပီတိတစ်ခု ဖြစ်ထွန်းစေသည်။

"တော်ပြီ... နှင်းတော့ သူတို့ရဲ့ response (တုံ့ပြန်မှု)ကို စောင့်မနေနိုင်တော့ဘူး... သတင်းစာထဲကခေါ်တဲ့ အလုပ်တွေကို လျှောက်ဖို့ ဆုံးဖြတ်လိုက်ပြီ... "

ဟူသော ပြတ်သားသော အပြောနှင့် ထိုင်ရာမှ ဝုန်းခနဲ ထကာ ထမင်းစားခန်းထဲမှ ထွက်သွားသော မနှင်းဆီကိုကြည့်ပြီး ခေါ်ခင်ကြည်၊ ကျော်ဝေလွှင်နှင့် ခိုင်သဇင်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိလိုက်ကြတော့သည်။

❀❀❀❀❀

"ဟာ... တွေ့ပြီ... "

ဆိုဖာဆက်တီပေါ်တွင် တင်ပလင်ခွေ ထိုင်ကာ Myanmar Times (မြန်မာတိုင်းမ်) စာစောင်ကို ဖတ်နေမိသော မနှင်းဆီမှာ Vacancies Announcement (အလုပ်လစ်လပ်သော

www.burmeseclassic.com

www.burmeseclassic.com



နေရာခေါ်ယူခြင်းကြော်ငြာ) ကို တွေ့လိုက်သည့်အခါ ဝမ်းသာ
အားရ ခုန်ထလိုက်ကာ ကြော်ငြာများကို သေသေချာချာ ဖတ်လိုက်
၏။ လျှောက်ထားခဲ့ဖူးသော အင်တာဗျူးနှင့် ပတ်သက်ပြီး စောင့်
ဆိုင်းရမည့်အလုပ်ကိုဆို ဘာတစ်ခုမှ မလုပ်ချင်သော မေနှင်းဆီ
မှာ ဒီမြန်မာတိုင်း(မ်)စာစောင်ထဲ၌ အလုပ်လျှောက်လွှာတင်စရာ
မလိုဘဲ လူကိုယ်တိုင်ဝင်တွေ့ အင်တာဗျူးခံရပြီး အဖြေကို တစ်ခါ
တည်း သိရမည်ဆိုသော ကုမ္ပဏီနှစ်ခု၏ ကြော်ငြာကို တွေ့လိုက်
ရသည့်အခါ ဝမ်းသာအားရ ဖြစ်သွားရ၏။ အင်း.. သူတို့၏ အ
အစဉ်လေးက သူမနှင့်ဆို သိပ်ကိုက်ညီတာပါပဲ။ တစ်ပါးသူ
စောင့်စားရခြင်းနှင့် ဒုက္ခမပေးသည့်အတွက် ဆက်လက်၍ အော
မြင့်ဖြစ်ထွန်းမည့်ကုမ္ပဏီဟု ပိုပိုသာသာလေး ဆုတောင်းပေး
လိုက်ကာ ကြော်ငြာထဲမှာပါသော ဖုန်းနံပါတ်နှင့်ပင် အလျင်ဦး
ရုံစမ်းမေးမြန်းမှဟုတွေးပြီး စာစောင်ကိုကိုင်လျက် ထိုင်ရာမှ ထ
ဖုန်းရှိရာသို့ လျှောက်သွားလိုက်၏။

ဖုန်းအနားသို့ ရောက်သည့်အခါ အထဲမှာ ပါသော
ဖုန်းနံပါတ် သေသေချာချ တ်ပြီး ဖုန်းခွက်ကို မယူဖို့ လက်လှ
ခိုက်...

"ကလင်... "

"အံမယ်လေး... ဗုဒ္ဓေါ... "

ကိုယ့်အာရုံနှင့်ကိုယ်မို့ တိုက်တိုက်ဆိုင်ဆိုင်
ထရက် ထမည်လိုက်သော ဖုန်းသံက ရင်ထဲ ဒိတ်ခနဲ ခုန်



ပါးစပ်မှ ယောင်ရမ်း မြည်တမ်းလိုက်မိသည်အထိ ထိတ်လန့်သွား
ရသည်။

"ဟာ.., သူများ ဆက်တော့မယ်ဆိုမှ အရေးထဲ ဒီဖုန်းက
လာနေသေးတယ်... "

သက်မဲ့ဖုန်းကို သက်ရှိလို မျက်စောင်းထိုးကာ
မကျေမနပ် ရေရွတ်ပြောဆိုပြီး နှုတ်ခမ်းဆူဆူဖြင့် မကိုင်နားထောင်
လိုက်သည်။

"ဟယ်လို... "

"ဖုန်းနံပါတ် × × × × × က ပါလားရှင်... "

မကျေမနပ်ဖြင့် ခပ်တောင့်တောင့်ဖြစ်သွားသော
အသံက တစ်ဖက်မှ ချိုသာယဉ်ကျေးသော အသံကို နားထောင်
လိုက်ရသည့်အခါ "ကုပ်" ကလေး ပု၍ "ဟုတ်ပါတယ်" ဟူ၍
တစ်ဖက်အသံနည်းတူ ပျော့ပျောင်းသော အသံဖြင့် ပြန်ပြောလိုက်
ရပါသည်။

"မမေနှင်းဆီ ရှိပါလားရှင်... "

"ရှင်... အခု ပြောတာ ဘယ်သူပါလဲ... "

တစ်ဖက်မှ သူမ တစ်ခါမှ မကြားဖူးသည့်အသံက
သူမ နာမည်ကို မေးလာတာမို့ စိတ်ထဲ ထူးဆန်းသွားရရင်း မဖြေ
ဖြစ်ဘဲ ပြန်လည်မေးခွန်းထုတ်လိုက်၏။

"ကျွန်မ Royal Crown (ရွှိုင်ရယ်ခရောင်း) ဆိုတယ်က
ဆက်နေတာပါ... ကျွန်မတို့ ဟိုတယ်မှာ မမေနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးဝင်ထားတာ ပထမအဆင့်အနေနဲ့ အောင်မြင်တယ်လို့ ပြောရင်းနဲ့... မနက်ဖြန် မနက်ဆယ်နာရီမှာ သူ အလုပ်ဝင်ရမဲ့ဌာနက လူကြီးနဲ့ တွေ့ရဖို့အတွက် လှမ်းအကြောင်းကြားတာပါ... အဲဒါ မမေနှင်းဆီ ရှိပါလားရှင်"

ရင်ထဲ တဒိတ်ဒိတ် ခုန်လာသည်အထိ ပျော်ရွှင်သွားရမယ့် ဆယ်ငါးရက်ကြာအောင် ကိုယ့်ကို မျှော်လင့်စောင့်စားရစေခြင်းဖြင့် ဒုက္ခပေးနှိပ်စက်ထားသော သူတို့အား ဝဋ်ပြန်လည်စေခြင်းအလို့ငှာ...

"နှင်း... အဲ သူ မရှိဘူး... အပြင်သွားတယ်... "

"သူ... အလုပ်များ ဝင်နေပြီလားရှင်... "

"အလုပ်လား... အင်း... အလုပ်တွေကတော့ သူ့ကို တစ်ခုပြီးတစ်ခုက ခန့်ချင်နေတာ... ဒါပေမဲ့ သူက မလုပ်ချင်သေးလို့ ငြင်းနေတယ်... "

"ဒါဆို ကျွန်မတို့ ဟိုတယ်မှာ အလုပ်အင်တာဗျူး ဝင်ထားတာကော သူ ဘယ်လိုဆုံးဖြတ်မလဲရှင်... "

"ဟင့်အင်း... ဒါတော့ ကျွန်မ မသိဘူး... သူ့ဘာသာ သူ ဆုံးဖြတ်ပါလိမ့်မယ်... "

"ဟုတ်ကဲ့ရှင်... ဘာပဲဖြစ်ဖြစ် မနက်ဖြန်မနက်ဆယ်နာရီမှာတော့ ဟိုတယ်ကို လာဖြစ်အောင် လာဖို့ ပြောပေးပါနော်"

"ကောင်းပါပြီ... ဘယ်ကိုသွားဖို့ ပြောလိုက်ရမလဲ... "

"H.R.D ကို လာခဲ့ဖို့ ပြောပေးပါ... "



"H.R.D! ... "

"Human Resources Department အင်း... ဟိုလေ... ဝန်ထမ်းရေးရာဌာနကို လာခဲ့ဖို့ ပြောပေးပါနော်... "

"ကောင်းပါပြီ... "

"ဟုတ်ကဲ့... သိုင်းကျူးပါ... "

တစ်ဖက်မှ ဖုန်းချသွားသည့်အခါမှာတော့ ခုနက အောင့်အည်းထားသမျှ စိတ်တို့ကို ဖွင့်ထုတ်၍ "ငါကွ" ဟု အော်ကာ ခုန်ထည့်လိုက်သူမှာ မေနှင်းဆီပင် ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ယူ သိပ်ကံကောင်းတယ် သိလား... ဆရာက အဲဒီနေ့မှာ လူငါးဆယ်ကို အင်တာဗျူးလုပ်တာကွ... ဒီအထဲမှာမှ ယူ တစ်ယောက်ထဲကို ရွေးခဲ့တာ... "

"အင်း... ဒါတောင် ဆယ့်ငါးရက်တိတိ စောင့်ရပါသေးတယ် ကျောင်းအစ်မရယ်... "

"ဩော်... ဒါကတော့ သူတစ်ယောက်တည်း ဆုံးဖြတ်လို့မှ မရတာ... အဖွဲ့အစည်းက ရွေးချယ်ဆုံးဖြတ်ရတာဆိုတော့ ဒီလောက်တော့ ကြာတာပေါ့... ဘာပဲဖြစ်ဖြစ် ယူသိတဲ့ အတိုင်း ကိုယ်တို့ ဟိုတယ်က ဝင်ဖို့ သိပ်ခက်တာ... အသိ အချင်းချင်းကိုပဲ သွင်းတာလေ... အဲဒီအထဲမှာမှ ယူက



ဘယ်သူ့အကပ်နဲ့မှ မဟုတ်ဘဲ အလုပ်ရခဲ့တာ ဆိုတော့..."

"ဟုတ်လား... ဒါဆို ကိုယ်က ကံထူးရှင်ပေါ့လေ... "

"ဒါပေါ့... ကံထူးရှင်မှ ရိုးရိုးကံထူးရှင် မဟုတ်ဘူး... မဟာ မဟာကံထူးရှင်... "

Royal Crown( ရွှိုင်ရယ်ခရောင်း) ဟူသောဟိုတယ်မှ အလုပ်ကို အခုတော့ မေနှင်းဆီ ရရှိခဲ့ပါပြီ။ ရခဲ့တာမှ ရိုးရိုးသာမန်ဝန်ထမ်းမျိုးမဟုတ်ဘဲ ဟိုတယ်တစ်ခုလုံး၏ Cost Controller(ငွေကြေးထိန်းချုပ်သူ)၏ Secretory(အတွင်းရေးမှူး) အဖြစ် အလုပ်ရခဲ့ခြင်း ဖြစ်၏။ လုပ်ငန်းအတွေ့အကြုံ တစ်ခါမှ မရရှိခဲ့ဘူးသော မေနှင်းဆီမှာ သူမ မျှော်လင့်ထားသလို ရိုးရိုးသာမန်ဝန်ထမ်းအဖြစ် အလုပ်ရခဲ့တာမျိုး မဟုတ်ဘဲ အခုလို ကွန်ထရိုလာတစ်ယောက်၏ အတွင်းရေးမှူးအဖြစ် အလုပ်ရရှိခဲ့ခြင်းမှာ အစကတော့ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်စွာ အိပ်မက်မှာ လို စမ်းတဝါးဝါး။ နောက်တော့လည်း အလုပ်ဝင်ဖို့ရာ အင်မတန်ကိုမှ တက်ကြွပြီး အလုပ်လုပ်ချင်ခဲ့သော သူမ၏စိတ်တို့ကို "ဖြစ်မှဖြစ်ပါ့မလား" ဟူသော စိုးရိမ်စိတ်တို့ကို အနိုင်ယူလွှမ်းမိုးသွားခဲ့ပြီး ဤဟိုတယ် ဤရာထူး၌ အလုပ်ဝင်ခဲ့သည်မှာ တစ်ပတ်ပင် ကျော်ခဲ့ပြီဖြစ်သည်။

စဝင်,ဝင်ချင်းမှာတော့ Cost Controller(ငွေကြေးထိန်းချုပ်သူ) ဟူသော သူမ၏ဘော့စ်က သူမကို အင်တာဗျူးခဲ့သူဖြစ်ပြီး သူ့နာမည်မှာ ဦးခန့်ထည် ဖြစ်သည်။ အမှန်တကယ်တမ်းမှာ ဟိုတယ်၏ထုံးစံအရ ဆရာနှင့် အတွင်းရေးမှူးက တစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာ အလုပ်လုပ်ရမည် ဖြစ်ပေမဲ့ ဦးခန့်ထည်က လုပ်ငန်း အတွေ့အကြုံမရှိသူ အထူးသဖြင့် ဟိုတယ်လုပ်ငန်း အတွေ့အကြုံ မရှိသူ သူမအား သူ၏လက်အောက်မှာရှိသော ဌာနခွဲများကို တစ်ခု လျှင် နှစ်ပတ်ဆီ သွားရောက်လေ့လာစေပြီး ထိုအချိန်တွင်း၌ သူမ ၏ အလုပ်စားပွဲကိုပါ ထိုဌာနခွဲတွေမှာပင် ထိုင်စေပြီး လေ့လာစေ ခဲ့သည့်အတွက် မေနှင်းဆီမှာ အလုပ်စဝင်သည့်အချိန်မှာ ဆရာ လုပ်သူနှင့် တစ်ခန်းတည်း နေရခြင်းနှင့် စိတ်ကျဉ်းကျပ်စရာ မလို ဘဲ လွတ်လပ်ပေါ့ပါးနေရတော့သည်။

အလုပ်စဝင်သည့်အချိန်မှာ မေနှင်းဆီအတွက် "ထူး" ဆိုသော ခင်ထူးဆွေ ဆိုသည့် သူငယ်ချင်းမတစ်ယောက် ရရှိခဲ့ပါ ၏။ ခင်ထူးဆွေက စာရင်းဌာန၏ ဝန်ထမ်းတစ်ယောက် ဖြစ်ပြီး မေနှင်းဆီ လေ့လာနေရသည့် ဌာနခွဲများထဲမှ ဌာနတစ်ခု၏ Incharge(ခေါင်းဆောင်) ဖြစ်သည်။ လုပ်ငန်းအတွေ့အကြုံ မရှိသော မေနှင်းဆီကို တစ်ခုချင်းဆီ အေးဆေးစွာ သင်ပြရှင်းပြကာ စိတ်ရှည် သဘောကောင်းသော သူတစ်ယောက် ဖြစ်သည်။ ထို့အပြင် မမာလာ၊ အသေးလေး၊ မငြိမ်း ဆိုသော အစ်မကြီးများကလည်း ခင်မင်ချင်စရာကောင်းသည့်သူများ ဖြစ်၏။ သို့သော် ခင်ထူးဆွေ နှင့်ကတော့ ရွယ်တူဖြစ်လို့လား မသိ... ပို၍ ပေါင်းသင်း ဖြစ်သည်။

"ဘာပဲပြောပြော... ကိုယ်က ခင်ဖို့ကောင်းတဲ့ မင်းလို သူငယ်ချင်းမျိုး ရတာကိုပဲ ဝမ်းသာကျေနပ်နေရတာ..."

"ကိုယ်က ခင်ဖို့ကောင်းသူလေးပေါ့လေ..."



"ဟုတ်တယ်... ဟုတ်တယ်..."

"ဟင်း ဟင်း... ဟင်း ဟင်း..."

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ သဘောတကျ ရယ်မိကြ၏။ တကယ်ကိုပဲ သူမသည် ရယ်လိုက်လျှင် မျက်လုံးလေး ပိတ်သွားသည်အထိ အားပါးတရ ရယ်မောတတ်သော ခင်ထူးဆွေကို မြင်မြင်ချင်းပင် ခင်မင်ရင်းနှီး မိပါသည်။

"ခင်ထူးဆွေ... အလုပ်ချိန်အတွင်းမှာ စကားမပြောရဆိုတဲ့ စည်းကမ်းကို မင်းမေ့နေပြီလား..."

ထိုအခိုက်မှာပဲ အပေါက်ဝမှာ ပြောလာသော အသံ တစ်သံကြောင့် မေနှင်းဆီနှင့် ခင်ထူးဆွေ ကိုယ်လေးတွေ တောင့် ခနဲ ဖြစ်သွားရပြီး မျက်နှာပိုးသတ်ကာ တည်ကြရလေသည်။ ခင်ထူး ဆွေက သူမထံ ဦးတည်ကြည့်ကာ ပြောလာသော ဦးခန့်ထည်ထံ လှမ်းကြည့်ကာ...

"ရှင်... ဆရာ ဟို... ကျွန်မ မမေ့ပါဘူး..."

ဟူ၍ ပြန်ဖြေသော ခင်ထူးဆွေ၏အသံက ကြောက် ကြောက်ရွံ့ရွံ့နှင့်...

"မမေ့ဘူးဆိုလည်း အဲဒီစည်းကမ်းကို သတိတရနဲ့ လိုက်နာ မှပေါ့... ဝန်ထမ်းအသစ်ကလည်း ဟိုတယ်ရဲ့စည်းကမ်း ချက်တွေကို ဖတ်ထားပြီးသားပဲ... အဲဒါကို အစကတည်းက လိုက်နာပါ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ကျွန်မ မှားသွားပါတယ် ဦးခန့်ထည်... နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်စေရပါဘူး... နောက်ပြီး ဦးခန့်ထည်ကို ကျွန်မ ပြောချင်ပါတယ်... မမှတ်မိသေးဘူးဆိုရင် ထပ်ပြောပြချင်တဲ့ ကျွန်မရဲ့နာမည်ပါ... ကျွန်မနာမည် မေနှင်းဆီပါ ဦးခန့်ထည်... "

မေနှင်းဆီ၏အပြောမှာ မျက်ခုံးတစ်ဘက်ကို တစ်ချက်ပင့်ကာ ကျန်တစ်ဘက်ရှိ မျက်ဝန်းက မေးစင်းသွားပုံက သူမပြောလိုက်တာကို သဘောမကျသည့် အရိပ်အယောင်တစ်ခုမို့ သူမပြန်လည်၍ပင် ထိုမျက်ဝန်းတစ်စုံကို ယှဉ်ပြိုင်ကြည့်လိုက်မိသည်။

ခန့်ထည်သည် သည်ဟိုတယ်တစ်ခုလုံး၌ သူ့ကိုဤကဲ့သို့ ပြန်ပြောမှုမျိုး တစ်ခါမှ မကြုံတွေ့ရသဖြင့် ပထမဦးဆုံးသော အတွေ့အကြုံအဖြစ် ဒီမိန်းကလေးဆီမှာ ရင်ထဲ အနည်းငယ်အံ့ဩသွားရသည်။ သို့သော် မျက်နှာပြင်ပေါ်မှာ ထိုအံ့ဩမှုကို ယောင်၍မျှပင် မပေါ်လွင်စေ။ သေချာတာတစ်ခုက ဒီမိန်းကလေး၏ ထိုသို့ ပြန်ပြောမှုမှာ မကြိုက်တာမျိုးဆိုတာ မဖြစ်လိုက်ရဘဲ သူမသည် အမှားကို ဝန်ခံရဲပြီး မဟုတ်မခံ ဆတ်ဆတ်ကြဲပဲ ဖြစ်ဦ်ဆိုတာလောက်သာပဲ မှတ်ချက်ချ‌ေ ိုက်တာပဲ ဖြစ်၏။ အခုလည်းပဲ သူ့မျက်ဝန်းထဲ စိုက်ကြည့်နေရာမှ လွှဲမသွားပြန်တာမို့ ကိုယ်ကပဲ လူကြီးပီပီ စတင်လွှဲဖြစ်ဖို့ ကြိုးစားလိုက်၏။

"ကောင်းပြီ ခင်ထူးဆွေ... သူ့ကို မင်းရဲ့ဆက်ရှင်အကြောင်း သေသေချာချာ အသေးစိတ်ရှင်းပြပါ... ကွန်ပျူတာထဲမှာ



ရှိတဲ့ ဒေတာ (data) တွေကိုလည်း အသေအချာ ပြထားလိုက်ပါ... မင်းတို့ရဲ့ စာရင်းဇယားတွေနဲ့ ဒေတာတွေ အကုန်လုံး သူသိနေမှ ဖြစ်မယ် ဟုတ်ပြီလား... "

"ဟုတ်ကဲ့ပါ... "

ခေါင်းတစ်ချက် ဆတ်ကာ အခန်းထဲမှ ပြန်ထွက်သွားသော ဦးခန့်ထည်၏ကျောပြင်ကို ကြည့်ပြီး ခင်ထူးဆွေက မျက်လုံးပြူးကာ အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သလို ပုံစံမျိုး လုပ်ပြသည့်အတွက် မေနှင်းဆီ ခေါင်းကို မော့ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိ၏။

"ရှားတယ်ကွာ... ယူကတော့ ကမ္ဘာ့အံ့ဖွယ်လူသားတစ်ဦးပဲ... "

"ဘာအတွက်ကြောင့်လဲ... ထူးရဲ့... "

"ဆရာ့ကိုဆို ကိုယ်တို့ အကောင့်ဆက်ရှင်တစ်ခုလုံးမကဘူး... ဟိုတယ်တစ်ခုလုံးက ဝန်ထမ်းတွေက သိပ်ကြောက်ကြတာ... သိပ်စည်းကမ်းကြီးပြီး သိပ်အပေါက်ဆိုးလွန်းလို့လေ... သူ့ကြောင့် အလုပ်ပြုတ်သွားတဲ့သူတွေ မနည်းဘူး... အသက်က ငယ်ပေမယ့် နိုင်ငံခြားမှာ နေလာတာကြာလို့လား မသိဘူး... ဘယ်သူနဲ့မှ သိပ်ရောရောနှောနှောကြီး မနေဘဲ အလုပ်လုပ်တာလည်း သိပ်ပြတ်သားတာ... ယူ့နေရာမှာအရင်တုန်းကလုပ်သွားတဲ့စက္ကူထရီတစ်ယောက်ရှိတယ်... အဲဒီသူကို သူ Fire (အလုပ်က ပြုတ်ပစ်လို့)

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်လို့ ဒီနေရာမှာ Vacant (လစ်လပ်) သွားတာလေ"

"ဟုတ်လား... "

"ဒါကြောင့် အဲဒီနေရာကို ယူ့ကို ခန့်တာပေါ့... ဆရာက သိပ်စည်းကမ်းကြီးသလောက် ဆရာရဲ့ Character(အကျင့်စာရိတ္တ)ကလည်း လေးစားစရာကောင်းလောက်အောင်ကို ပဲလေ အနေသိပ်မှန်တယ်ကွ... ဒီလို လူမျိုးကိုမှ ယူ့က ဒိုးခနဲ ဒေါက်ခနဲ ပြန်ပြောလိုက်တော့ ချီးကျူးမိတာပေါ့"

ဒီတော့မှ မေနှင်းဆီသည် ခင်ထူးဆွေ၏ သူမကို ချီးကျူးခန်းကို သိလိုက်ရပြီး ခေါင်းတ်စချက် ဆတ်လိုက်ကာ...

"ဘာကြောက်စရာရှိလဲကွာ... ဆရာနဲ့တပည့်မှာ လေးစားမှု ဆိုတာမျိုးက အဓိကပါ... ကြောက်ရွံ့နေဖို့ မလိုပါဘူး— ကိုယ့်ဘဝတစ်သက်မှာ ဘယ်သူ့ကိုမှ မကြောက်ခဲ့ရဘူး— ရှိသေလေးစားထိုက်တဲ့ သူကို ရှိသေလေးစားမယ်... ဒီ လောက်ပါပဲ... "

သူမကို အံ့သြစွာ ငေးမောကြည့်နေသော ခင်ထူး ဆွေကို တစ်ချက်ပြုံးပြလိုက်ရင်း ကွန်ပျူတာရှေ့မှာ မေနှင်းဆီ ဝင် ထိုင်လိုက်သည်။

"ကဲ ထူးရေ... ကိုယ့်ကို မင်းရဲ့ကွန်ပျူတာစစ်စတမ်တွေကို ပြပါဦးကွာ... ကိုယ်သိချင်လို့... "

✤✤✤✤✤



"စားတော့လေ မေရဲ့... နို့မို့ဆို ဆရာသမား လာရင် ကိုယ် တို့လက်ဖက်စားတာ တွေ့သွားရင် ပြောနေဦးမယ်... သူက ရုံးခန်းထဲမှာ အစားစားတာ မကြိုက်ဘူး... "

"အင်းပါကွာ... လာပါ့မယ်... ဒီမှာ ဒီစာရင်းလေး သွင်း လို့ မပြီးသေးတဲ့ဟာကို..."

"လာပါတော့ မေရယ်... ကျွန်မ တော့နော်... အသည်း ယားလာပြီ... "

"ကဲ... ကဲ ပြီးပြီ... လာပြီ... လာပြီ... "

ပြောပြောဆိုဆိုနှင့်ပင် ကွန်ပျူတာရှေ့မှ ထကာ လက်ဖက်သုပ်ထည့်ထားသည့် ချိုင့်ကို ကိုင်ထားသော ခင်ထူးဆွေ ရှိရာသို့ လျှောက်သွားလိုက်၏။

"မမာလာတို့ကော စားပြီးပြီလား... "

"ယူတစ်ယောက်ပဲ ကျန်တော့တယ်... ယူစားပြီးရင် ချိုင့်ကို အံဆွဲထဲမှာ ထည့်ထားလိုက်တော့ သိလား... ပြီးမှ ကိုယ် ဆေးမယ်... ဓာတ်ဘူးထဲမှာ ရေနွေးရှိတယ်နော်... "

"အိုကေ... သိုင်းကျူး... "

ထူးလက်ထဲမှ လက်ဖက်ချိုင့်ကို ပြောင်းယူကိုင်ကာ လက်ဖက်သုပ်ကို တစ်ဇွန်းခပ်စားလိုက်မိ၏။

"အားပါးပါး... ကောင်းမှကောင်း... ထူးလက်ရာက အပျံစားပါလား... "

"မေနှင်းဆီ... "

www.burmeseclassic.com

www.burmeseclassic.com



အခန်းပေါက်ဝမှ ခေါ်လိုက်သော လေသံပြင်းပြင်း
ကြောင့် နှုတ်ခမ်းနားရောက်နေသော လက်ဖက်နောက်တစ်ဇွန်းက
ရပ်တန့်သွား၏။ ရုံးခန်းတစ်ခန်းလုံးလည်း တိတ်ဆိတ်သွား၏။

"အလုပ်ခန်းထဲမှာ အစားစားခြင်းကို ရှောင်ကျဉ်ပါဆိုတဲ့
စည်းကမ်းချက်ကို မင်းဖတ်ထားလိုက်ပါတယ်နော်... "

"ဟုတ်ကဲ့... ကျွန်မ ဗိုက်ဆာလွန်းလို့ စားလိုက်မိတာပါ
ဦးခန့်ထည်... ကျွန်မမှာ အပြစ်ရှိပါတယ်... အဲဒီအပြစ်
အတွက် ဟိုတယ်ရဲ့ စည်းကမ်းချက်အတိုင်း ကျွန်မရဲ့
တစ်ရက်စာလစာ ဖြတ်နိုင်ပါတယ်... "

"ကိုယ့်အမှားကို ဝန်ခံတဲ့အတွက် သည်တစ်ခါ ပထမဆုံး
နောက်ဆုံးအဖြစ် ခွင့်လွှတ်လိုက်မယ်... နောက်တစ်ခါ
ဒါမျိုး မဖြစ်ပါစေနဲ့... "

အခန်းဝမှ ပြန်လည်ထွက်သွားသော ဦးခန့်ထည်
အရိပ်ပျောက်သွားသည်နှင့် မေနှင်းဆီ သက်မတစ်ချက်ကို ပြု
စေ့ဖြင့် ချလိုက်မိ၏။

"ကောင်းတယ်... စောစောက မြန်မြန်လာစားပါဆိုတော့
လာမစားဘူး... စားပြန်တော့လည်း တိုးတိုးတိတ်တိ
မစားဘဲ ဟောဇီဖွာဖွာ လုပ်ပြီးစားတော့ ဟိုက ကြားသွား
တာပေါ့... "

စောစောကတော့ အသံတစ်စက်ကလေးမှ မထွ
ခဲ့သော "ထူး" က ပြုံးစိစိနှင့် မေနှင်းဆီကို အပြစ်ပြောလာသည်



"ဟာ ဘာလဲ... ဒီက သူ့လက်ရာကောင်းလို့ အကောင်း
လည်း ချီးကျူးရသေးတယ်... သူက ဩဘာလာပေးနေ
တယ်... ဘယ်လိုသူငယ်ချင်းလဲကွယ်... "

"ဟင်း ဟင်း... ကျွန်မက ချစ်လို့စတာပါ မေရယ်... ဒါပေမဲ့
ထူးတော့ ထူးဆန်းတယ်ကွ... ယူ့ကို ဆရာ ဘာမှ pun-
ishment (အပြစ်) မပေးသွားဘူးနော်... အလျှင်တုန်းက
ဒါမျိုး ဘယ်ရမလဲ... ပွဲကြီးပွဲကောင်းပေါ့... "

"ဒါက မကောင်းတတ်လို့ ဖြစ်ပါလိမ့်မယ်ကွာ... "

ထူး၏ သတ်မှတ်ချက်ကို လက်မခံချင်စွာ ငြင်း
လိုက်မိသည့်အချိန်မှာပဲ "ခင်ထူးဆွေ" ဟူသော ခေါ်သံကြောင့်
"ရှင့်... ဆရာ" ဟူသော တုံ့ပြန်သံနှင့်အတူ အခန်းထဲမှ အပြေး
အလွှား ထွက်သွားသော ခင်ထူးဆွေ၏ ပုံစံကို ကြည့်ပြီး မေနှင်းဆီ
"ခစ်"ခနဲ ရယ်လိုက်မိပါသည်။

ထူးတို့ဆက်ရှင်မှာ နှစ်ပတ်အလုပ်လုပ်ပြီးနောက်
နောက်ဌာနခွဲလေးခုမှာတော့ ဦးခန့်ထည်က သူမကို တစ်ပတ်ဆီပဲ
သွားရောက် အလုပ်လုပ်စေတော့သည်။ မေနှင်းဆီက ဘယ်လောက်
ပဲ ထူး၏ အလုပ်ဌာနနှင့် ဝေးဝေး၊ ထမင်းစားချိန်မှာတော့ ထမင်း
စားဆောင်ကဲင်တင်းမှာ ဘယ်အချိန် ဆုံတွေ့မည်ဆိုတာ ထူးနှင့်
ချိန်းထားပြီး ထမင်းကို အတူစားဖြစ်ကြ၏။ တစ်နေ့တာအတွက်
ပြောချင်သမျှ စကားတို့ကို ထမင်းစားဖို့ အနားချိန်ရသော တစ်နာရီ
ခွဲဆိုသည့် အချိန်အတောအတွင်းမှာ စားရင်းသောက်ရင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ဖောက်သလို တွတ်ထိုးပြောနေခဲ့သောကြောင့် သူမတို့နှစ်ယောက်ကို မမာလာတို့က ထမင်းနှင်နေပါဦးမည်ဟုတောင် နောက်တတ်ခဲ့ပါ၏။

"ဟာ... ဝါးတီးဖွင့်နေကြပြီလား... နှင်းလာတာတောင် မစောင့်ကြဘူး... "

"အေး... ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်ဟာ... ကိုကြီးကော မလေးပါ ဗိုက်ဆာလာကြတယ်... အဲဒါကြောင့် စောစော စားလိုက်တာ... ငယ်လေးပါ တစ်ခါတည်း ဝင်စားချင် စားလေ... "

"အံမယ်လေး... နေပါဦး... ရေလေးဘာလေးတော့ ချိုးပါရစေဦး... "

အပြင်မှ ပြန်လာလျှင် ရေချိုးတတ်သည်မှာ မေနှင်းဆီ၏အကျင့်ပဲ ဖြစ်ပြီး Royal Crown ဟိုတယ်မှာ အလုပ်ဝင်တော့ အရှိန်အဟုန် မြင့်မားလှသော အဲကွန်းအခန်းထဲမှာ တစ်နေကုန် နေလာခဲ့ရသဖြင့် အိမ်ပြန်ရောက်လျှင် အနည်းဆုံး ဆယ့်ငါးမိနစ်မှ နာရီဝက်အထိ နားပြီးမှ ရေချိုးရမည်ဟု မှာထားသော မေမေ့စကားကြောင့် မေနှင်းဆီမှာ မလေးခေါ်သလို သူတို့



နှင့်အတူ ထမင်းဝင်မစားနိုင်ဘဲ ဖြစ်ရသည်။ သူမ၏ အကျင့်က လည်း ရေချိုးပြီးမှ ထမင်းစားတတ်၍ပဲ ဖြစ်၏။

"မေမေကော... "

"မေမေ... အန့်တီမြတို့အိမ် ခဏသွားတယ် အငယ်မ... ဘာဖြစ်လို့လဲ... "

"သြော်... ဘာမှမဟုတ်ပါဘူး... မွေးမိခင်ကြီးကို ရုံးက ပြန်လာလာချင်း မတွေ့ရတော့ မေးမိတာပါ... "

ကျောပိုးအိတ်ကို အခန်းထဲ ဝင်မထားဖြစ်သေးဘဲ နံရံခုံမှာ တင်ထားခဲ့ကာ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။ ခေါင်းကို ဘယ်ညာလှည့်ကာ လက်များကို တစ်ဖျောက်ဖျောက်ချိုးပြီး "အား... အခုမှပဲ အညောင်းပြေတော့တယ်" ပြောလိုက်၏။

"တော်တော်ပင်ပန်းလာတယ်ပေါ့ ဟုတ်လား... "

"အင်း... အဲဒီလောက်ကြီးတော့ မဟုတ်ပါဘူး... ဒါပေမဲ့ ကွန်ပျူတာ ရိုက်ရတာများတော့ ညောင်းတာပေါ့... "

"ကွန်ပျူတာကြည့်ရင် မျက်မှန်တပ်နော်... ကလေး နို့မို့ဆို မျက်စိ ပျက်စီးလိမ့်မယ်... "

"ဟုတ်ကဲ့ပါ... "

ကိုကြီးအပြောကို ခေါင်းညိတ်နားထောင်ပြီး ငါးခူကြော်တစ်ကောင်ကို နှိုက်စားလိုက်၏။

"ကဲ... အခု ဘယ်လိုလဲ General Store (အထွေထွေ သိုလှောင်ရုံ) မှာကော လုပ်ငန်းသဘောတရားတွေ သိပြီ

www.burmeseclassic.com

www.burmeseclassic.com



လား... ”

“ဘာမှ မခက်ပါဘူး... ပစ္စည်းအဝင်အထွက်နဲ့ လက်ကျန်ပစ္စည်း ဘယ်လောက်ရှိသလဲ... ဒီလောက်ပါပဲ... အဲဒါ ဦးခန့်ထည်တောင် နှင်းကို General Store (အထွေထွေသိုလှောင်ရုံ) အထိ လာပြောသွားတယ်... မနက်ဖြန်ကနေစပြီး နှင်းကို သူ့ရုံးခန်းထဲမှာပဲ ထိုင်ရတော့မယ်တဲ့... ဒီလောက် လေ့လာပြီးရင် တော်လောက်ပြီတဲ့လေ... စိတ်ညစ်စရာကြီး... ”

“ဘာလဲ... General Store (အထွေထွေသိုလှောင်ရုံ) မှာနေရမယ့်အချိန်က ပြည့်သွားပြီလား... ”

“ဘယ်ကလာ ပြည့်ရဦးမှာပဲ ကိုကြီးရဲ့... နောက်ထပ် နှစ်ရက်တောင် လိုသေးတာ... ”

“ဘာပဲဖြစ်ဖြစ်... သူက တော်လောက်ပြီဆိုလည်း ညည်းက တော်လိုက်တော့ပေါ့... အစကတည်းက ကိုယ့်ရာထူးက စက္ကူထဲရှိပဲ ဥစ္စာ... သူက လုပ်ငန်းသဘောကို နားလည်စေချင်လို့ ကိုယ့်ကို တခြားနေရာတွေဆီ အလှည့်ကျ ပို့ထားတာပဲ... အချိန်တန်တော့ ကိုယ့်နေရာမှာ ကိုယ်ပြန်နေရမှာပေါ့... ”

မနှင်းဆီရင်ထဲမှ ခံစားချက်ကို သိနေပုံနှင့် နိုင်သဇင်က ပြောလေသည်။ ဒီတစ်ဦးတည်းသော ညီမငယ်အကြောင်း နိုင်သဇင် သိပြီးသား။ မနေ့တစ်နေ့ကပင် ကျောင်းပြီးလို့ မကြာ



ခင်မှာ ဘွဲ့ရတော့မည်။ လုပ်ငန်းခွင်ဝင်လို့ လစာကောင်းကောင်းရသော ဝန်ထမ်းတစ်ဦး ဖြစ်နေပြီဖြစ်သော မနှင်းဆီဆိုသော ညီမလေးဟာ အင်မတန်ကို ကလေးဆန်ကာ လွတ်လပ်ပေါ့ပါးစွာသော ပျော်ရွှင်မှုကို နှစ်သက်ကာ ဘယ်သူ့ကိုမှ အကြောက်အရွံ့မရှိဘဲ သူ့စိတ်ထဲ မှန်သည်ထင်လျှင် ဘိုးခနဲ ဘတ်ခနဲ ပြန်ပြောတတ်တာ၊ မှားသည်ထင်လျှင်လည်း အမှားကို ဝန်ခံရဲပြီး သူများအမှားကိုလည်း ထောက်ပြပြောပြတတ်တာ၊ ဤသို့စိတ်သဘောရိုးနှင့် အကျင့်ရှိသော ညီမငယ်အတွက် စည်းကမ်းတွေနှင့်သာ အချိန်ကုန်ဆုံးခဲ့ရသော ဦးခန့်ထည်ဆိုသည့်လူတစ်ယောက်က စိတ်ဘျင်းကျပ်စရာ၊ ရွံ့တွန့်တွန့်ဖြစ်စရာ လူတစ်ယောက် ဖြစ်နေပါလိမ့်မည်။

မနှင်းဆီကလည်း သူမ၏အကျင့်အတိုင်း အစ်မဖြစ်သူကို သူမ၏ဟိုတယ်မှာ နိစ္စဓူဝ သူမ ပြုမူလုပ်ရှားပုံမှအစ နှင်းဆိုင်ကြုံတွေ့ရပုံအလယ် ဦးခန့်ထည်အကြောင်း အဆုံး၊ အစ ရှိသည်တို့ကို ဖြစ်ကြောင်းရယ်မှ ကုန်စင်ပြောပြခဲ့သည့်အတွက် Royal Crown (ရွှေရင်ရယ်ခရောင်း) မှာ ဖြစ်ပျက်သမျှ အရာအားလုံး (မနှင်းဆီနှင့် ပတ်သက်သမျှ အရာအားလုံး) ကို နိုင်သဇင် သိနေပြီ ဖြစ်သည်။ ထိုအထဲမှာမှ သူမ၏ဘော့(စ်) ဖြစ်ပြီး မကြာခင်သော အချိန်အခါမှာ နီးကပ်စွာ ဆက်ဆံရတော့မည် ဆိုသော ဦးခန့်ထည်၏စည်းကမ်းကြီးပုံ၊ အလုပ် အရမ်းလုပ်ပုံ၊ သူမ မရောက်ခင်က အရှေ့မှာ ဟိုတယ်မှ ဝန်ထမ်းများကို စည်းကမ်းများဖြင့်

www.burmeseclassic.com



တင်းကျပ်စွာ ဆက်ဆံတတ်ခဲ့သော ဦးခန့်ထည်၏ ဝန်ထမ်းများ အပေါ် အုပ်ချုပ်ပုံကို သူများတွေ ပြန်ပြောပြချက်အရ သိလာရပြီး ခိုင်သဇင်အား ပြန်ပြောလာတတ်ခဲ့သဖြင့် ညီမငယ်၏စကား အသွားအလာနှင့် လေယူလေသိမ်းကို ကြည့်ပြီး နှင်းတစ်ယောက် သူမ၏ဆရာအပေါ်မှာ ကြိုတင်၍ ရွံ့တွန့်တွန့်စိတ် ဖြစ်နေပြီဆို တာ ခိုင်သဇင် ခန့်မှန်းခဲ့မိ၏။ ဒါကြောင့်မို့ ကိုယ်က အားပေး အားမြှောက်နှင့် နားယောင်မိလျှင် "နှင်းကလေး" ယောင်ရမ်း၍ သူမ၏ဆရာအပေါ် ပိုတိုးစိတ်တစ်မျိုး ဖြစ်နေမည်စိုးသဖြင့် ဦးခန့် ထည်အကြောင်း နှင်းပြောလာလျှင် ခိုင်သဇင်က သူမဆရာဘက်မှ လိုက်လံဖေးမပြောပေးခြင်းသာ။

"အရင်တုန်းက လွတ်လပ်နေခဲ့သမျှ အခုလို ဦးစည်းကမ်း နဲ့ တစ်ခန်းတည်း နေရတော့မှာဆိုတော့ အင်း... မေနှင်း လေးတော့ သနားဖွယ်ရာ ဖြစ်တော့မှာပါပဲ... "

ထိုသို့လည်း သူမကိုယ်သူမ လောင်စိန်လုပ်၍ ပြော နေပြန်တာမို့ ခိုင်သဇင်မှာ ရယ်လိုက်မိချင်စိတ်ကို နှုတ်ခမ်းကို ထိန်းကာ...

"ထာဝစဉ် လွတ်လွတ်လပ်လပ် နေချင်ရင် ဝန်ထမ်း မလုပ် နဲ့ ညီမလေးရဲ့... ကိုယ်ပိုင်အလုပ်ပဲ လုပ်... "

ဟု ပြောလိုက်သည်။

"အောင်မယ်... ကိုယ်ပိုင်အလုပ်ဆိုတော့ကော လွတ် မယ် ထင်သလား... မယုံရင် မေမေ့ဆိုင် ညည်းလိုက်ထိုင်



ကြည့်... တစ်နေကုန်နေလို့မှ ပစ္စည်းတစ်ခု မရောင်းရင် မေမေ ဘာပြောမလဲဆိုတာ စောင့်ကြည့်ပေါ့... "

ကိုကြီး၏အပြောကို မျက်ခုံးပင့်ကာ ခေါင်းခါရင်း "အင်း... မလွယ်ပါလားကွယ်... " ဟု ရေရွတ်မိသည်။ ပြီးမှ တစ်စုံ တစ်ခုကို သတိရစွာဖြင့် မလေးဘက်သို့ လှည့်၍...

"မလေး... မစ္စတာတိုမိုကို ကော်ဖီတွေ ဘာတွေ ဖျော်ပေး ရသလားဟင်... "

"အင်း... အမြဲတမ်းတော့ မဟုတ်ပါဘူး... တစ်ခါတလေ တော့လည်း ဖျော်ပေးမိတာပေါ့... သူက ခိုင်းတာ မဟုတ် ပါဘူး... သူက ကိုယ့်ဆရာဆိုတော့ တစ်ခါတလေကျရင် သဒ္ဓါပေါက်ပြီး သောက်မလား မေးပြီး ဖျော်ပေးလိုက်တာ ပေါ့... များသောအားဖြင့် မစ္စတာတိုမိုက ရေနွေးကြမ်းပဲ သောက်တာကွ... ကော်ဖီသိပ်သောက်လေ့မရှိဘူး... ဘာ ဖြစ်လို့လဲ နှင်းရဲ့... "

"အင်... နှင်းတော့ ဦးခန့်ထည်ကို မဖျော်ပေးချင်ပါဘူး..."

"ဟဲ့... ဒီလိုကြီး တစ်သတ်မှတ်တည်း တွေးထားလို့ ဘယ် ရမလဲ ညီမလေးရဲ့... စက္ကထရီအလုပ်ထဲမှာ ဘော့(စ်)ကို ကော်ဖီဖျော်ပေးရတာမျိုး မပါပေမဲ့ တစ်ခါတလေ တိုက်ဆိုင် သွားတဲ့အခါမျိုးမှာ လုပ်ပေးရတာပေါ့... ဘာပဲ ဖြစ်ဖြစ် သူက ကိုယ့်လူကြီးလေ... ပေးသင့်တဲ့ respect(လေးစားမှု မျိုး)ကိုတော့ ပေးရမှာပဲ... မလေး ဒီလိုပြောလို့ ဦးခန့်ထည်

www.burmeseclassic.com

www.burmeseclassic.com



က ကော်ဖီဖျော်ပေးပါဆိုပြီး ခိုင်းမယ်လို့လည်း ကြံမြင်မထားနဲ့ဦး... သူလည်း မစွတာတိုမိုလို ကော်ဖီ သိပ်မသောက်တတ်တဲ့သူမျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့... ”

“အောင်မယ်လေး... သူက တစ်နေ့ကို ဆယ်ကြိမ်ထက်မနည်း ကော်ဖီသောက်တာတဲ့... ”

“ဘယ်သူပြောသလဲ... ”

“ထူးပြောပြတာ... ထူးကလည်း နှင်းရဲ့အရှေ့က စက္ကူထရီသီဂီပြောပြလို့ သိရတာတဲ့... အဲဒီသီဂီက တစ်နေ့တစ်နေ့ဘာအလုပ်မှ မလုပ်ချင်ဘဲ ဦးခန့်ထည်ကို ကော်ဖီဖျော်ပေးဖို့ အရေးက သူ့အရေးလိုပဲဖြစ်ပြီး ပျာယာတွေ ခတ်နေတာပဲတဲ့... ”

ခိုင်သဇင်မှာ ညီမဖြစ်သူ၏စကားကို နားထောင်ပြီး အစ်ကိုဖြစ်သူထံ တစ်ချက်ကြည့်ကာ မေနှင်းဆီ အတွေးမချော်စေရန် အစ်ကို့ကို အားနာနာနှင့်ပင် သူ့အရှေ့မှာ ပြောချလိုက်၏။

“ကျစ်... ဘေးစကားတွေ နားမထောင်စမ်းနဲ့ နှင်း... ညည်းကို မလေးက အလုပ်လုပ်ချင်စိတ် ရှိပြီး ကိုယ့်ဖာသာစဉ်းစားတွေးတော့ ဆုံးဖြတ်တတ်တဲ့ ဦးနှောက် ရှိလိမ့်မယ်လို့ ထင် ထားတာ... သီဂီသူ့ဘာသာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ကိုယ့်အလှည့် မှာ ဒါမျိုးဖြစ်မနေရင် ပြီးတာပဲပေါ့... ကဲအကယ်၍သာ သီဂီရဲ့ပျာယာခတ်မှုအပေါ် ဦးခန့်ထည်သာယာနေခဲ့ရင် သူ့ကို အလုပ်က ဖြုတ်ပစ်တဲ့အထိတောင်



ဖြစ်လာမှာ မဟုတ်ဘူး... သီဂီလည်း အပျို၊ သူလည်းလူပျိုပဲလေ... အေး ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလိုမျိုးလုပ်ငန်းရှင်တို့ ဘော့(စ်)တို့က ကိုယ့်ဝန်ထမ်းကို မရိုးမသားစိတ်နဲ့ ကြံစည်တာတို့၊ ဆရာနဲ့စက္ကူထရီနဲ့ ငြိစွန်းသွားတာမျိုးတို့သာပဲ အပြင်မှာ ရှိနေမယ်ဆိုရင် ဘာအလုပ်အကိုင်မှတောင် လုပ်စားလို့ရတော့မှာ မဟုတ်ဘူး... နေရာတကာတိုင်းမှာ ဒီလိုမျိုးချည်းပဲ ရှိနေတာ မဟုတ်ပါဘူးကွယ်...ညီမလေး သိထားဖို့က ကိုယ်ကောင်းရင် ခေါင်းမရွေ့သလိုလက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာတဲ့... အရှေ့ကလူဒီလိုဖြစ်သွားလို့ အနောက်ကလူ ဒီလိုဖြစ်လိမ့်မယ်လို့လည်းတစ်သမတ်တည်း တွက်ထားလို့ မရဘူး ဟုတ်ပြီလား...ကိုယ်လုပ်စရာရှိတာကို လုပ်... ကိုယ့်တာဝန် ကိုယ်ကျေပါစေ... ကိုယ် အနေအထိုင်မှန်ရင် ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး... ရိုသေသင့်တဲ့လူကို ရိုသေရမယ်... အဲဒီလိုပဲလေးစားသင့်တဲ့သူကို လေးစားရမယ်... ဟုတ်ပြီလား...”

“ရက်ဆား... ကဲ ဒေါ်ခိုင်သဇင်ရဲ့ ဆုံးမသြဝါဒစကားများကို နားထောင်ရင်း အချိန်ဖြုန်းလိုက်တာ ဆယ့်ငါးမိနစ်ပြည့်သွားပါပြီ... အချိန်ဖြုန်းခွင့် ပေးလိုက်တဲ့အတွက်ကျေးဇူးအထူးတင်ရှိပါကြောင်း... ”

ထိုင်ရာမှ ထကာ ပြောင်စပ်စပ်နှင့်ဦးညွတ်နှုတ်ဆက်...ပြောလိုက်တော့ မလေးက အောက်နှုတ်ခမ်းကိုက်ကာ “ကြည့်

www.burmeseclassic.com

www.burmeseclassic.com



စမ်း... ငါကတော့ အဟုတ်ကြီး မှတ်ပြီး ပြောလိုက်ရတာ... သူက အတည်ပေါက်နဲ့ ဟာသလုပ်သွားတာကို... ” ဟူ၍ မကျေမချမ်းနှင့် ပြော၍ ကျန်ရစ်ခဲ့လေတော့သည်။



၇

“ဒါက အင်ကမ်းအောတစ်ရဲ့ဖိုင်၊ ဒါက ဂျန်နရယ်(လ်)လယ်ဂျာဖိုင်၊ ဒါက ရစီ(ဗ်)အေးဘယ်(လ်)ဆက်ရှင်ရဲ့ဖိုင်၊ ဒါက ကော့(စ်)ကွန်ထရိုး(လ်)ဆက်ရှင်ရဲ့ဖိုင်၊ ကော့(စ်)ကွန်ထရိုး(လ်)ဆက်ရှင်မှာ ကစ်ချင်းရယ်၊ ဘောကရီရယ်၊ ဘွတ်ချရီရယ်၊ ဘန်းကွတ်ရယ်၊ ဂျန်နရယ်စတိုရယ်၊ ပူးလ်ဆိုဒ်ဘားရယ်ရှိတာ မင်းသိပြီးပြီနော်... အင်ကမ်းအောတစ်ရဲ့ တစ်နေ့စာ စာရင်းရယ်... ကော့စ်ကွန်ထရိုးဆက်ရှင်ရဲ့ တစ်နေ့စာ စာရင်းရယ်ကို သိရမှ ကော့(စ်)ရီပို့တစ်စောင်ကို တစ်နေ့စာအတွက် ထုတ်လို့ရမယ်... အဲဒီကော့(စ်)ရီပို့က တနင်္လာနေ့အတွက်ဆို အင်္ဂါနေ့မှ ထုတ်လို့ရတာယ်...

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ထုတ်ထားတဲ့ ဆောင်းပါးတွေက နောက်တစ်နေ့မှ ရတာကို... ဒါက ဒေးလီးကော့(စ်)ရီပို့လို့ ခေါ်တယ်... အဲဒီကော့(စ်)ရီပို့က ကိုယ့်ဆီကို တစ်စောင်၊ ဂျီအမ့်ဆီကို တစ်စောင်၊ ဖရန့်အော့ဖစ်က မန်နေဂျာဆီတစ်စောင်၊ ဒါရိုက်တာဆီ တစ်စောင် ပို့ပေးရတယ်... အဲဒီကော့(စ်)ရီပို့ကို ခင်ထူးဆွေ လုပ်ရတာ... ကိုယ်တို့က အဲဒီကော့(စ်)ရီပို့ကို ဖတ်ပြီးမှ ဟိုတယ်ရဲ့အရှုံးအမြတ်ကို သိရမှာ... အင်ကမ်းက နည်းပြီး အသုံးစရိတ်တွေများလို့ ကော့(စ်)တက်နေရင် ဟိုတယ်မှာ လော့(စ်) ဖြစ်နေပြီပဲ... ဒီတော့ကာ ကော့(စ်) မတက်အောင် ထိန်းသိမ်းဖို့ရာမှာ ကိုယ့်မှာ တာဝန်ရှိတယ် ဒါကြောင့်မို့... မင်းကို အလုပ်စဝင်ဝင်ချင်းမှာ အခြေခံသဘောတရားသိဖို့ ဆက်ရှင်တစ်ခုဆီမှာ လေ့လာခိုင်းထားတာ... နောင်ကျရင် လိုအပ်လို့ ကိုယ်နဲ့အတူ ဆက်ရှင်တွေမှာ ချက်ကင်လုပ်ရင် မင်းသိထားရအောင်လို့ပေါ့... သိထားရမယ်လို့တော့ မဟုတ်ဘူး... သိထားရင်တော့ ကောင်းမယ်ပေါ့... မင်းရဲ့တာဝန်ကတော့ ရောက်လာသမျှ စာရွက်စာတမ်းမှန်သမျှကို သက်ဆိုင်ရာ ဖိုင်တွေမှာ မမှားအောင် တွဲဖို့ရယ်... ကိုယ့်ကို ဒေးလီစကယ်ဂျူးထုတ်ပေးဖို့ရယ်... အပွိုင့်မန့်တွေရှိခဲ့ရင် ရီမိုင်းလုပ်ဖို့ရယ်၊ ဒါက အကြမ်းဖျင်း သိရမယ့်အလုပ်တွေပေါ့... နောက်ပိုင်းမှာတော့ အလုပ်လုပ်ရင်းနဲ့ မင်းကို အလုပ်က သင်သွားလိမ့်မယ် ဟုတ်ပြီလား"



"ဟုတ်ကဲ့... "

ရှည်လျားစွာသော စကားတို့ကို မနားစတမ်း ပြောကာ သူ့ခုံမှာ တည်တည်ငြိမ်ငြိမ်ပင် ပြန်သွားထိုင်နေသော ဦးခန့်ထည်ကို ကြည့်ပြီး မေနှင်းဆီ ငြိမ်သက်ကျန်ရစ်၏။ ဦးခန့်ထည်ကတော့ မေနှင်းဆီ၏အကြည့်ကို မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလားတော့ မသိ... အိပ်ဆောင်ကွန်ပျူတာကို ဖွင့်ကာ ဘာတွေမှန်း မသိ၊ တစ်ချောက်ချောက်နှင့် ရိုက်နေတော့တာပါပဲ။ သူမ ကြုံတွေ့ခဲ့ရသော "ထူး" တို့ ရုံးခန်းတွေနှင့် မဆိုင်စွာ ဦးခန့်ထည်၏ရုံးခန်းက ဟိုတယ်၏ဒုတိယထပ်မှာ ဖြစ်ပြီး ဟိုတယ၏ အကြီးဆုံးဖြစ်သော ဂျန်နရယ်မန်နေဂျာ၏ ဘေးချင်းကပ်လျက်အခန်း ဖြစ်သည်။

ဆရာနှင့် အတွင်းရေးမှူး တစ်ခန်းတည်းအတူ နေရသည်ဆိုပေမဲ့ နှင်း၏ရုံးခန်း အဲ... (ဦးခန့်ထည်၏ရုံးခန်း) က လူဆယ့်တစ်ယောက်ရှိသော ထူးတို့ အကောင့်(စ်)ရုံးခန်းထက်ပင် ကျယ်ဝန်းကာ များစွာကြီးကျယ်ခမ်းနားလှသေးတော့... ။ထူးတို့ ရုံးခန်းထက်ပင် များစွာ အရှိန်မြင့်မားလွန်းလှသော အအေးဒဏ်ကြောင့် ယူနီဖောင်းချုပ်ဖို့ သူမကို ကိုယ်တိုင်းတုန်းက ကုတ်အင်္ကျီသုံးထည်စာ ပါပြီး ဟိုတယ်ကြီးပေါ်မှာနေရသော စက္ကူထရီတိုင်းဟာ ကုတ်အင်္ကျီလက်ရှည်တွေ ဝတ်ထားရတာ ဖြစ်မည်ဟု ယခုမှ ပင် နားလည်သဘောပေါက်စွာ တွေးမိ၏။

ဒီဟိုတယ်မှာက "နှင်း" လေ့လာမိသလောက် ပြော

www.burmeseclassic.com



ရမည်ဆိုလျှင် ယူနီဖောင်းတွေက ရာထူးအဆင့်အတန်းလိုက် ကွဲသွားတာမျိုး ဖြစ်သည်။ ဟိုတယ်၏ မိန်းရုံးချုပ်က ဩစတြေးလျမှာ ရှိတာဖြစ်ပြီး များသောအားဖြင့် အရာရှိတော်တော်များများဟာ နိုင်ငံခြားသား ဖြစ်နေခဲ့သည်။ ထိုအထဲမှ နိုင်ငံခြားမှ လာပြီး တာဝန်ထမ်းဆောင်တာ မြန်မာဆိုလို့ ဦးခန့်ထည်တစ်ယောက်သာ ရှိပြီး မြန်မာပြည်မှ မြန်မာလူမျိုးအရာရှိကတော့ သုံးယောက်ပဲ ရှိ၏။ နိုင်ငံခြားမှ ရုံးအခြေခံကာ လာရောက်ဖွင့်လှစ်သော ဟိုတယ်တစ်ခုဖြစ်ပေမယ့် Front Office ဟု ခေါ်သော ဟိုတယ်၏ အရှေ့ပိုင်းမှာ တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများက လည်ပင်းစေ့ ခါးရှည်အင်္ကျီလက်ရှည်ကိုယ်ထည်နှင့်အတိကို ခြေမျက်စိတိုင်အောင်ရှည်သော စကပ်အရှည်ဝတ်ရကာ အဆင်အသွေးက "ချိတ်" ဒီဇိုင်းပုံစံ ဖြစ်သည်။ သက်ဆိုင်ရာ ဘားတွေနှင့် စားသောက်ဆိုင်တွေမှာ တာဝန်ထမ်းဆောင်ရသော စားပွဲထိုးများနှင့် ကောင်တာထိုင်ကာ ငွေရှင်းပေးရသူများကတော့ လည်ပင်းမှာ ကော်လာအပြားကြီးပါသော လက်ဖောင်းလက်ရှည်အင်္ကျီကို ခြေသလုံးတစ်ဝက်အထိရှည်သော စကပ်များနှင့်တွဲဖက် ဝတ်ဆင်ရသည်။ ဤနေရာမှာ (ဟိုတယ်ဝန်ထမ်းယောကျ်ားများက ဥရောပစတိုင်ရှပ်လက်ရှည်၊ နက်တိုင်နှင့် ဘောင်းဘီရှည်ဝတ်ကာ လိုအပ်လျှင်ကုတ်အင်္ကျီလက်ရှည်ပါဝတ်ရသော ပုံစံတူအနေအထားများဖြစ်၏။

စက္ကုထရီများကတော့ ဒူးခေါင်းနှင့်အတိရှိသော စကပ်ကို ဝတ်ရပြီး အပေါ်မှ လည်ပင်းကော်လာကြယ်သီးအစေ့တပ်



အင်္ကျီ အဖြူပေါ်မှာ ဘိုးတိုင်(လ်)အမဲလေးကို ချိတ်ရပြီး ထိုအပေါ်မှ စကပ်နှင့် အဆင်အသွေးတူ ကုတ်အင်္ကျီလက်တိုနှင့် လက်ရှည်ကို ကြိုက်နှစ်သက်ရာ ထပ်ဝတ်ခွင့်ရှိပြီး ကိုယ်ထည်မှာတော့… ကုတ်အင်္ကျီကို ကြယ်သီးအစေ့ တပ်ရလေ၏။ စကပ်က ဒူးခေါင်းနှင့်အတိဖြစ်နေတာမို့ အသားကပ်ခြေအိတ်ကို အမြဲစွပ်ထားရကာ အောက်မှလေဒီရှူးဖိနပ်ကိုသာ အမြဲစီးခွင့်ရှိသည်။

"ထူး" တို့လို Back Office(ဟိုတယ်အနောက်ပိုင်းရုံးခန်း) မှာ အလုပ်လုပ်ရသူများက အဖောင်းမပါသော လက်ရှည်အင်္ကျီကို ခြေသလုံးတစ်ဝက်ထိ ရှည်သော စကပ်များ တွဲဖက်ဝတ်ဆင်ရ၏။ အရာရှိယောကျ်ားများအတွက်ကတော့ ယူနီဖောင်းလို ပုံစံမျိုး ကန့်သတ်ထားတာမျိုး မရှိပေမဲ့ ရှပ်အင်္ကျီအဖြူလက်ရှည်ကို အောက်မှ စတိုင်(လ်) ဘောင်းဘီအနက်၊ နက်ပြာ၊ မီးခိုး၊ ခိုပြာ၊ စိမ်းပြာ အစရှိသဖြင့် တွဲဖက် ဝတ်ဆင်ရသည်။ ကုတ်အင်္ကျီဝတ်သည့်အခါဆိုလျှင်တော့ ဘောင်းဘီနှင့် အဆင်အသွေးတူ ကုတ်အင်္ကျီကိုသာ ဝတ်ဆင်ရသည်။ အရာရှိအမျိုးသမီးများအတွက် စကပ်ရှည်နှင့် တစ်ထပ်တည်းဝတ်ရသော ကုတ်ပုံစံအင်္ကျီလက်ရှည်ကိုသာ ဝတ်ဆင်ရသည်။

နိုင်ငံတကာအဆင့်အတန်းမီ ဟိုတယ်တစ်ခုဖြစ်သည့်အတွက် "သန့်ရှင်းခြင်းနှင့် သပ်ရပ်ခြင်း" ဟူသော ဆောင်ပုဒ်တစ်ခုကို လက်ကိုင်ထားကာ ဟိုး… အမြင့်ဆုံး ရာထူးအဆင့်မှစ၍ အောက်ဆုံးရာထူးအဆင့် အဆုံး ဝတ်စားဆင်ယင်မှုကို အဓိကထား

www.burmeseclassic.com

www.burmeseclassic.com



ကာ အစဉ်အမြဲ သန့်ရှင်းသပ်ရပ်စေရသည်။

လောလောဆယ်မှာတော့ "နှင်း" က ယူနီဖောင်း မရသေးသဖြင့် အပြင်အဝတ်အစားနှင့်သာ အလုပ်ဆင်းနေရချိန် ဖြစ်၏။ တခြားစက္ကူထရီများကို ကြည့်ရတာ သူတို့ဝတ်စုံနှင့် သူတို့ လိုက်ဖက်ကြည့်ကောင်းကာ အစဉ်အမြဲ "စမတ်" ဖြစ်နေတာကို သဘောကျနေမိသော "နှင်း" မှာ ကိုယ့်အလှည့်ကျလျှင်တော့ သူတို့ လို ကြည့်ကောင်းပါ့မလားဟူ၍ တွေးမိကာ ရင်ထဲ စိုးထိတ်မိသား။

"မင်း... ယူနီဖောင်း မရသေးဘူးလား... "

ဖိုင်များကို စင်ပေါ်မှာ သေသေသပ်သပ် ပြန်စီရင်း အတွေးနယ်ချဲ့နေမိသော နှင်းမှာ ဦးခန့်ထည်၏ အမေးစကား ကြောင့် လက်ရှိပစ္စုပ္ပန်ကို လမိုင်းပြန်ကပ်သွားရသည်။ ကြည့်စမ်း။ ဦးခန့်ထည်နှင့် သူမက အတွေးချင်း တိုက်ဆိုင်တူညီသွားတာ။ နှင်းက ယူနီဖောင်းအကြောင်း တွေးနေတုန်း သူကလည်း ယူနီ ဖောင်းအကြောင်း မေးလာတာ။

"ဟင်... မေနှင်းဆီ... "

ဦးခန့်ထည် ထပ်မေးမှပင် ကိုယ့်ရဲ့အတွေးတစ်ထောကို ရပ်ပစ်ရင်း...

"ရှင် ဟုတ်ကဲ့... ကိုယ်တိုင်းတော့ ယူထားပြီးပါပြီ... ဒါပေမဲ့ အခုထက်ထိတော့ မရသေးဘူး... "

"အေးလေ... မရသေးလို့ မင်းမဝတ်ရသေးတာပေါ့... ဘာကြောင့် မရသေးတာလဲဆိုတာ ကိုယ်သိချင်တာ... "



သူတို့ဖာသာ သူတို့ မရသေးတာ သူမက ဘယ်လို လုပ် သိနိုင်ပါ့မလဲ... ဘာကြောင့် မရသေးသလဲဆိုတာ မဖြစ်မနေ သိချင်ရင်တော့ ကိုယ့်ဖာသာကိုယ် ယူနီဖောင်းချုပ်သော ကုလား ကြီးထံ သွားမေးပေတော့ဟူ၍ စိတ်ထဲမှ ရူပွပွဖြင့် ပြောမိပြီး ဖိုင် များကို ဆက်လက်စီနေလိုက်သည်။

"တကယ်ဆို မင်းအလုပ်ဝင်တာ ရက်ပေါင်း လေးဆယ့် နှစ်ရက် ရှိပြီပဲ... အခုလောက်ဆို ယူနီဖောင်း ရသင့်ပြီ... ကိစ္စမရှိဘူး... ကိုယ် အိတ်(ချ်)အာဒီက ဒေါ်တင်မျိုးသန့် ကို မေးလိုက်မယ်... "

ဖိုင်စီနေသော မေနှင်းဆီ၏ လက်ချောင်းများက အလိုလို ရပ်တန့်သွား၏။ အံ့ဩသည် မဟုတ်ပေမဲ့ သူမရင်ထဲ ထူးဆန်းမှုတစ်ခုလေး ဝင်ရောက်၏။ သူမကိုယ်တိုင်တောင် ကာယကံရှင် ဖြစ်နေပါလျက် ကိုယ် အလုပ်ဝင်တာ ဘယ်နှစ်ရက် ရှိနေပြီမှန်း "မှတ်" မထားခဲ့မိတာ... ကာယကံရှင်မဟုတ်သော ဦးခန့်ထည်က သူမအလုပ်ဝင်သည့်ရက်ပေါင်းကို အတိအကျ ပြော လာတာဆိုတော့... ။ တကူးတက ပြောလာတာမျိုး မဟုတ်ဘဲ ပေါ့ပေါ့ပါးပါးနှင့် သူပြောသွားပုံက သူမ အလုပ်ဝင်သည့်ရက် ပေါင်းကို သူသိနေခြင်းမှာ သူကိုယ်တိုင်မပြောနှင့် သူမကိုတောင် မထူးဆန်းစေသည့်သဘော။ အင်းပေါ့လေ... သူက သူမကို အလုပ်ခန့်ထားသူဆိုတော့လည်း မှတ်မိချင် မှတ်မိနေမှာပေါ့... သူမ အလုပ်ဝင်သည့်ရက်နှင့်အညီ သူမ အလုပ်လုပ်ကိုင်မှု အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအောက်မှာရှိခဲ့ရှိ သူ မသိမသာ အကဲခတ်ချင်ခတ်နေမှာပေါ့... ။

ဘာ့ပဲဖြစ်ဖြစ် လူဆိုသည်မှာ ဥပေက္ခာပြုခြင်းနှင့် **အလေးအနက်ထား** အသိအမှတ်ပြုခြင်းကို ဆိုလျှင် ကိုယ့်ကို **အလေးအနက်ထား** အသိအမှတ်ပြုခြင်းကိုသာ ခံယူလိုတာ မမွှတာမို့ မေနှင်းဆီသည်လည်း ထိုသို့သော ခံစားချက်မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ထားခဲ့သည့် လူတစ်ယောက်မို့ ဦးခန့်ထည်၏ သူမအပေါ် အသိအမှတ်ပြုခြင်းကို တဒင်္ဂမှာ စိတ်ချမ်းမြေ့ကျေနပ်သွားရသည်။

"ဪ... မေနှင်းဆီ... ခုနက ကိုယ်ပြောဖို့ မေ့သွားတယ် Every Monday(တနင်္လာနေ့) နံနက်တိုင်းမှာ ဂျီအမ်နဲ့ အတူ အစည်းအဝေးရှိတယ်... အရာရှိ ဆယ်ယောက်စလုံးနဲ့ပေါ့... အဲဒီအစည်းအဝေးက တစ်ကြိမ်ကို ဟိုတယ်ရဲ့ restaurent (စားသောက်ခန်း)တစ်ခုဆီမှာ လုပ်တယ်... လာမယ့် အစည်းအဝေးက ဘယ်မှာလုပ်မလဲဆိုတာ ဂျီအမ့်စက္ကထရီဆီမှာ မင်း စုံစမ်းထားရမယ်... အဲဒီအစည်းအဝေးမှာ ဆွေးနွေးနိုင်ဖို့ လိုအပ်တဲ့ ပြင်ဆင်မှုမျိုး မင်းပြင်ဆင်ထားရမယ်....အဓိကကတော့ ဘော့(စ်)နဲ့ ပတ်သက်ပြီး ကိုယ် ဆွေးနွေးရမှာပေါ့... ဒါက ပထမအချက်...

ဒုတိယအချက်က... ကိုယ့်လက်အောက်မှာရှိတဲ့ ဌာနခွဲတိုင်းကို Tuesday (အင်္ဂါ)က စပြီး Friday(သောကြာ)အထိ နံနက်ကိုးနာရီကနေ ဆယ်နာရီခွဲအထိ ကိုယ် discussion



(ဆွေးနွေးမှု)လုပ်လေ့ရှိတယ်... အဲဒီတော့ မင်းက ကိုယ်နဲ့ ဆွေးနွေးမယ့်ဌာနတိုင်းကို အလှည့်ကျ စီစဉ်ပေးရမယ်... သူတို့ဆီကို ဖုန်းဆက်အကြောင်းကြားရမယ်... ဟုတ်ပြီလား... "

ပြောပြီးသည်နှင့် မာဘိုရိုစီးကရက်ဖင်စီခံ အဖြူ...သိပ်ကို ထုတ်ကာ မီးညှိသောက်လိုက်တာမို့ အင်း... ဒီနေ့နံနက်...ပေါ်ကို တက်တက်ချင်း လေ့ကားမှာကတည်းက စီးကရက်အနံ့...င်းထောင်းထအောင် နံနေတာ ဒီကျေးဇူးရှင်ကြောင့်ဟုဆိုတာ...ရားခံကို မေနှင်းဆီ သိလိုက်ရသည်။ မီးကုန်ယမ်းကုန် ဖွင့်ထား...သာ ဒီအေးအေးစိမ့်စိမ့် အဲကွန်းခန်းထဲမှာ သူမို့လို စီးကရက်...သာက်ရက်လေခြင်းဟု စိတ်ထဲမကျေမနပ် ပြောမိပြီး ဦးစည်းကမ်း...ယောက် ဒီနေရာမှာတော့ ကိုယ့်ကိုကိုယ် စည်းကမ်းမလုပ်နိုင်ဘူး...ဟု၍ လည်း ထောက်ပြပြောလိုက်ချင်စိတ်က လျှာဖျားတွင်...နေကာ ဪ... ငါ့နှယ်နော်... ငါ့ကို အလုပ်ဝင်သည့်ရက်က...သိကာ အရေးအရာထား အသိအမှတ်ပြုထားသော ဆရာသမား...မှ စိတ်ထဲက ဆရာလုပ်မိလေခြင်းဟု ကိုယ့်ကိုကိုယ် ပြန်လည်...န်းသိမ်း ဆင်ခြင်လိုက်ရသည်။

စီးကရက်ကို စိတ်ပါလက်ပါ ရင်ထဲထိ ရှိုက်သွင်း...အေးဆေးစွာ ရှူထုတ်လိုက်သော ခန့်ထည်မှာ မီးခိုးများကြား...မှာ သူ့ကို တွေတွေကြီး စိုက်ကြည့်နေသော မေနှင်း...၏...လုံးဝိုင်းကြီးများကို တွေ့လိုက်ရ၍ မျက်ခုံးပင့်ကာ ...ဆတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး "အာလဲ မေနှင်းဆီ... ဘာမရှင်းတာ ရှိသလဲ... " ဟု မေးလိုက်၏။ ထိုအခါမှ မေနှင်းဆီလည်း အတွေးတွေ တစ်ထပ်ကြီးဖြင့် စိတ်ထဲ တစ်ယောက်တည်း စကားပြောနေမိသော ကိုယ့်အဖြစ်ကို ပြန်လည်ထိန်းသိမ်းဆင်ခြင်ကာ...

"ဟင့်အင်း မရှိပါဘူး... သိုင်းကျူးပါ... "

ဟု ပြောပြီး ကိုယ့်စားပွဲမှ ဆုံလည်ဆိုဖာခုံမှာ ထိုင်ချလိုက်ပြီး သူမ၏ပြုံးစိစိ ဖြစ်သွားမည်ထင်ရသော မျက်နှာကို ဦးခန့်ထည် မတွေ့စေလိုခြင်းငှာ ဆုံလည်ဆိုဖာကို ကွန်ပျူတာထံ လှည့်ထိုင်ပြီး ဦးခန့်ထည်အား ကျောပေးလိုက်မိတော့၏။

ဒီတစ်ခါမှာတော့ မေနှင်းဆီ၏ ကျေးဇူးတင်ခြင်းကို ဘုမသိဘမသိဖြင့် သူရလိုက်ရခြင်းမှာ အူကြောင်ကြောင် ဖြစ်သွားရသူက ခန့်ထည် ဖြစ်ပြီး ထိုနားမလည်မှုနှင့်အတူ စီး[illegible]ကို သာ ပိုတိုးရှိုက်ဖွာလိုက်တော့သည်။

"ဘယ်လိုလဲ မေ... အဆင်ပြေရဲ့လား... ပထမဦးဆုံး ဆရာသမားနဲ့ ပြောဆိုဆက်ဆံရသော အခြေအနေ... "

"အခုထိတော့ အားလုံး ဖိုင်းတာပဲ ထူးရဲ့... သိုင်းကျူး ဦးလေးကြီး... "

ထူး၏အမေးကို ပြန်ဖြေရင်းနှင့်မှ ဟင်းထည့်ပေးသော ဦးလေးကြီးကို ကျေးဇူးတင် စကားပြောပြီး ထမင်းပန်းကန်၊ ဟင်းပန်းကန်ကိုယ်စီကိုင်ကာ ထမင်း စားပွဲရှိရာဆီသို့ လျှောက်သွားလိုက်၏။ ထမင်းစားပွဲသို့ရောက်တော့ ကိုယ့်ကိုယ်တာ အသားဟင်းပန်းကန်၊ အရည်ဟင်းပန်းကန်နှင့် ထမင်းပန်းကန်တို့ကို ကိုယ့်ရှေ့ စားပွဲပေါ်ချကာ ဇွန်းခက်ရင်းကို တစ်သျှူးနှင့် သုတ်လိုက်ပြီး ဆာနေပြီဖြစ်သည့်အတွက် ထမင်းကို အားပါးတရ စားဖို့ ပြင်ဆင်လိုက်၏။ ထမင်းကို တစ်ဇွန်းနှစ်ဇွန်းစားပြီး အရည်ဟင်းကို ရှုတ်ခနဲ သောက်လိုက်ပြီးမှ ဇွန်းခက်ရင်းကို ချကာ အနည်းငယ် ကိုက်ချင်သလိုရှိလာသော ခေါင်းကို နားထင်ထိပ်နားဖိလိုက်ရင်း မျက်စိမှိတ်ထားလိုက်၏။



"ဘာဖြစ်လို့လဲ မေ... နေမကောင်းဘူးလား... ခေါင်းကိုက်လို့လား... "

"နေကတော့ ကောင်းပါတယ်... ခေါင်းက နည်းနည်းကိုက်နေတယ်... "

"ဆရာ့အနားမှာ နေရတော့ မေ အတန်းရှင်း များသွားတယ်နဲ့ တူပါတယ်... အဲဒါကြောင့် မေ ခေါင်းကိုက်တာ ထမင်းစားပြီး ဆေးသောက်လိုက်လေ... "

"အလုပ်ဂုပ်ရလို့ အတန်းရှင်းများသွားတာ မဟုတ်ပါဘူး ထူးရယ်... ကိုယ်က စီးကရက်အနံ့ဆို သိပ်မခံနိုင်ဘူး... ဦးခန့်ထည်က စီးကရက်သိပ်သောက်တာ... ကိုယ်ထင်တယ် ဒီတစ်မနက်မှာ သူ ဆယ်လိပ်ထက်မနည်းဘူး

www.burmeseclassic.com

www.burmeseclassic.com



သောက်ထားတာ… အဲဒီအနံ့က ကိုယ့်ခေါင်းကို ကိုက်စေတာ ထူးရဲ့…"

"အဲဒါဆိုရင် ပြဿနာပဲ မေရေ… ဆရာက စီးကရက်ကို ဖင်က မီးခိုးထွက်အောင်အထိ သောက်တာ… ရှင် ဒီလို ခေါင်းကိုက်ပုံမျိုးနဲ့ဆို မလွယ်ဘူး မေရေ… ဆရာက စီးကရက်သောက်တာမှာ နာမည်ကြီး…"

"အင်း… အင်တာဗျူးဝင်ခဲ့စဉ်က သူ့ကို စီးကရက် သောက်တတ်သလား မမေးခဲ့မိတာကပဲ ကိုယ့်အမှားထင်တယ်…"

မေနှင်းဆီက ပြောင်စပ်စပ်နှင့် ပြောပြီး မျက်လုံးဖွင့်ကာ ထမင်းကို ဆက်စားလိုက်၏။ သူမတို့ဟိုတယ်မှာက နေ့လယ် ဆယ့်နှစ်နာရီကနေ တစ်နာရီခွဲအထိက ထမင်းစားချိန်၊ နားနေချိန်အတွက် ပေးထားပြီး နံနက်စာ၊ နေ့လယ်စာနှင့် ညစာကို ဟိုတယ်မှ ကျွေး၏။ စက္ကူထရီများ အပါအဝင် ဝန်ထမ်းများက ဤ Staff Mess ဟု ခေါ်သော ဝန်ထမ်းများ စားသောက်ဆောင်မှာ စားသောက်ရပြီး အရာရှိများကတော့ Officer Meal Room ဟုခေါ်သော အရာရှိများအတွက် သီးသန့်စီစဉ်ပေးသော ဟိုတယ်အဆောက်အအုံရှိ စားသောက်ခန်းမှာ စားသောက်ရသည်။

ထမင်းကို အသားဟင်းနှစ်မျိုး အရည်ဟင်းတစ်ခွက်နှင့် အသီးအနှံကြော်တစ်ခွက်စီ ဝန်ထမ်းများအတွက် စီစဉ်ပေးပြီး ထမင်းစားပြီးလျှင်လည်း အချိုတည်းစရာ ကိတ်မုန့်၊ ရာသီပေါ်အသီးအနှံ၊ လက်ဖက်ရည်၊ ကော်ဖီနှင့် အချိုရည်တို့ကို ကြိုက်ရာ



သုံးဆောင်နိုင်ရန် စီစဉ်ပေးထားသည်။ ထူးကတော့ ပြောပါသည်။ အရာရှိများအတွက် ဟင်းလျာများက Buffet (ဘူဖေး) ဟုခေါ်သော အမယ်မျိုးစုံ ဟင်းချက်ထားပြီး ကြိုက်နှစ်သက်ရာ စားသောက်နိုင်ကာ အဆများစွာ ကောင်းမွန်သာလွန်သည့် အပျံစားဟင်းများနှင့် ယှဉ်လျှင် သူမတို့ မက်စ်မှ ဟင်းလျာများက "ပမွှား" ဖြစ်သွားတတ်သည်ဟူ၍… ။ ဘယ်လိုပဲဖြစ်ဖြစ် သူမကတော့ သူမတို့ မက်(စ်)မှ ဟင်းလျာများကိုလည်း သဘောကျနှစ်မြို့က်စွာ စားသောက်နိုင်ကာ ဝန်ထမ်းများအတွက် အဆင်ပြေစေရအောင် အစစအရာရာ စီစဉ်ပေးထားနိုင်သော ဤ Royal Crown(ရွှိုင်ရယ်ခရောင်း) ဟိုတယ်ကြီးကို ကျေးဇူးတင်နေရတာပါပဲ။ ထမင်းစားချိန်ကို မိနစ်နှစ်ဆယ်လောက်သာ အချိန်ယူပြီး မက်စ် အပေါ်ထပ်ရှိ အဝတ်လဲသည့်အခန်းမှ ခုတင်တို့မှာ အညောင်းအညာဖြေရန် အချိန်ယူခဲ့ရသည်မှာလည်း အမြဲလိုပင်။

"အခန်းထဲ ဝင်လာရင် စီးကရက်အနံ့ရလိုက်တာနဲ့ ဆရာရောက်လာပြီဆိုတာ အားလုံးသိနိုင်တယ်… ဆရာက ခြေသံသိပ်လုံတယ်လေ… တစ်ခုခု ခိုးလုပ်ချိန် ခြေသံစောင့် နားထောင်ပြီး ပြေးမယ်ဆိုလို့ကတော့ ဘယ်တော့မှ ပြေးလွတ်မှာ မဟုတ်ဘူး… ဒါပေမဲ့ စီးကရက်နံ့ရရင်တော့ မကြာခင်မှာ ဆရာရောက်လာတော့မယ်မှတ်… ဆရာ့ရဲ့ Trade Mark (အမှတ်အသား)က စီးကရက်အနံ့ပဲ…"

အဲဒီလောက်တောင် စီးကရက်သောက်လှတာ

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဖြစ်မှာ မကြောက်ဘူးလား မသိဘူးဟူ၍ ထမင်းစားရင်းမှ တွေးမိ၏။

"ဟယ်လို မေနှင်းဆီ... ဆရာသမားနဲ့ အိုကေလား... "

ထိုအခိုက်မှာပဲ ရီဆက်ပရှင်မှ အစ်မကြီးအုပ်စုက မေနှင်းဆီကို သူမတို့စားပွဲဘေးမှ ဖြတ်အသွား နှုတ်ဆက်ရင်း မေးတာမို့ မေနှင်းဆီမှာ ပြုံးပြကာ ခေါင်းညိတ်ရင်း ဖြေလိုက်သည်။

"ပြေပါတယ် မမ... "

"Take care (သတိထား) နော် မေနှင်းဆီ... ကိုယ်တို့ Royal Prince ရှိုင်ရယ်ပရင့်စ် (တော်ဝင်မင်းသား) လေးက လူကလေး ချောသလောက် စိတ်က လက်တစ်ဆစ်ပဲ ရှိတာ... သူ့ရှေ့မှာ ယောင်လို့တောင် အမှားမလုပ်မိစေနဲ့... မေနှင်းဆီက Hotel Life (ဟိုတယ်လုပ်ငန်း)အကြောင်း ဘာမှ အတွေ့အကြုံမရှိသေးတော့ ကိုယ်တို့က စေတနာနဲ့ သတိပေးရတာ... "

"ဟုတ်ကဲ့ပါ... သိုင်းကျူးပါ... "

ထိုအစ်မကြီးများက ပြောချင်တာ ပြောပြီး သူမတို့မျက်စောင်းထိုးက စားပွဲမှာ သွားရောက်ထိုင်နေပြီဖြစ်သည့်အတွက် ထူးထံ ခပ်တိုးတိုးမေးမိ၏။

"ထူးရေ... အခုက သူတို့ပြောသွားတဲ့ ရှိုင်ရယ်ပရင့်စ် ဆိုတာ ဦးခန့်ထည်ကို ပြောသွားတာလား... "

"အသေအချာပေါ့ဟယ်... ရှင့်ဆရာက ကိုယ်တို့ဟိုတယ်



မှာကော တခြားဟိုတယ်မှာပါ ရှိုင်ရယ်ပရင့်စ်ဆိုပြီး နာမည်ကြီးတယ်ကွ... သူ့ကို မဒီတော်တော်များများက ခိုက်ကြတယ်... ရှင့်ဆရာကလည်း ခိုက်ချင်စရာကောင်းအောင် ရုပ်ကလည်း ချောမောလှပခန့်ညား... တံကယ့်ကို ဂျန်တဲ(လ်)မန်းလေ... အဲဒါအပြင် ကာရိုက်တာကလည်း အလွန်ကောင်းဆိုတော့... "

"ဒါပေမယ့် ဦးခန့်ထည် အပေါက်ဆိုးတာတော့ သူတို့ သိတယ်နော်... "

ထိုအခါမှာတော့ ထူးက မျက်လုံးမှေးမှိတ်သွားသည်အထိ နှာခေါင်းရှုံ့ကာ ခေါင်းခါပြီး သူမအနား ခေါင်းငုံ့ကာ ခပ်တိုးတိုး ပြော၏။

"ဘယ်ကလာ... အဲဒီအပေါက်ဆိုးတာကိုပဲ သူတို့က ကြွေကြွေဂမုန်းတွေ ဖြစ်နေကြတာ... သိဂီနေရာမှာ ပေကန့်ဖြစ်တယ်ဆိုတာလည်း သိရော သူတို့လည်း အပြေးအလွှားလျှောက်လွှာတင်ကြတာလေ... အခွင့်အရေးသာရရင် ဆရာရဲ့စက္ကထရီဖြစ်ရဖို့အတွက် သူတို့ အားကြိုးမာန်တက်ကြိုးစားကြတာပဲ... ဆရာကွယ်ရာမှာသာ ဆရာ့အတင်းပြောနေတာ... အရှေ့မှာဆိုရင်တော့ ပျားအုံပေါ် ထန်းလျက်ရည်ပုံး လောင်းချထားတဲ့ မျက်နှာမျိုးနဲ့ပေါ့... ရှင်က သူတို့ကို သိပ်ကျေးဇူးတင်မနေနဲ့... ရှင့်ကို စေတနာနဲ့ သတိပေးသလိုလိုနဲ့ သက်သက်နှိမ်ပြီး ဆော်သွားတာ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့မလား ထူးရယ်... "

"ဩော်... ကဲ ဒီကလေးမ... ဘာလို့ ဒီလောက်တောင် ရှုံးသားနေရတာလဲ... သိင်္ဂီနေရာမှာ ယူ့ကို ရွေးလိုက်ပြီ လည်းဆိုရော... အိတ်(ချ်)အာဒီ (H.R.D) ကို အရင်ဆုံး ရောက်လာတာ သူတို့အုပ်စုပဲ... "

"ဘာလို့လဲ... "

"ယူ့ရဲ့ ပါဆန်နယ်(လ်)ဒေတာကို လာကြည့်တာလေ... ဆရာ ရွေးချယ်ရလောက်အောင် ယူ့မှာ ဘာအရည်အချင်း တွေ ရှိလို့လဲ... သိင်္ဂီထက် အထူးသဖြင့် သူတို့ထက် ဘာ များ အားသာသလဲပေါ့... အဓိကကတော့ ယူ့ရဲ့ပါဆန် နယ်(လ်)လတီကို ကြည့်ချင်ကြတာပေါ့ကွာ... ယူက ချော သလား မချောသလားပေါ့... "

"ကိုယ့်ရုပ်ကို တွေ့တော့ သူတို့ သိပ်ပျော်ရွှင်သွားကြမှာ ပေါ့နော်... ကိုယ်က လှမှမလှတာကိုး... "

"ယူက ဘာလို့ ဒီလိုပြောနိုင်ရတာလဲ မေရဲ့... ယူ့ဆီမှာ သိပ်ချောမောလှပနေတာမျိုး မဟုတ်ပေမဲ့ ထူးထင်းတဲ့ ဆွဲဆောင်မှုမျိုး ရှိတယ်... မြင်မြင်ချင်း ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းနဲ့လည်း ပြည့်စုံတယ်... အထူးသဖြင့် ဒီလို တဖျပ်ဖျပ်လက်နေတဲ့ မျက်ဝန်းတစ်စုံက ယူ့ကို မေနှင်းဆီ အဖြစ် တစ်ခါတွေ့ပြီးရင် မေ့လို့မရနိုင်တဲ့ ထူးဆန်းတဲ့ အချက်ပဲ... "



ထူး၏အပြောကြောင့် မေနှင်းဆီမှာ ထမင်းသီး မတတ်ပင် ရယ်ချလိုက်မိသည်။ ရယ်ရင်းနှင့်မှလည်း...

"ဟုတ်မှလည်း ပြောပါ ထူးရယ်... ယူက ကိုယ့်ကို ခင် လို့ လှတာမျိုး ဖြစ်နေမှာပေါ့... အင်း ပြောမယ့်သာ ပြော ရတာပါ... ကိုယ် ချောတာ မချောတာ သူတို့ကိုယ့်အပေါ် မှာ နာလိုတာ မနာလိုတာ ကိုယ် ဂရုမစိုက်ပါဘူး... ကိုယ် ဂရုစိုက်တာ စိတ်ဝင်စားတာ အလုပ်ပဲ... အဓိက,က ကိုယ် က အလုပ်လုပ်ချင်တာ... သူတို့ဘာသာ သူတို့ ဦးခန့်ထည် ကို သဘောကျလို့ သူတို့ရဲ့ ပရင့်စ်အဖြစ် ဘယ်လိုပဲ ချီးမြှောက်ထား ကိုယ် စိတ်မဝင်စားဘူး... အဲ ဦးခန့်ထည် သာ စိတ်ဝင်စားလို့ လိုအပ်တယ်ဆိုရင်တော့ တာဝန်နှင့် ဝတ္တရားရှိသည်တို့နှင့်အညီ သူ့စက္ကထရီ ပီသစွာ အောင် သွယ်ပေးရင် ပေးရမှာပေါ့... ဒါပေမဲ့ တစ်ခုတော့ ရှိတယ် ကွ... ကိုယ်က ဦးခန့်ထည်ရဲ့ Personal Secretary (ကိုယ်ရေး အရာရှိ) မဟုတ်ဘဲ၊ Royal Crown ဟိုတယ် (ရွှေရင်ရယ် ခရောင်း) ရဲ့ Cost Controller (ငွေကြေးထိန်းချုပ်သူ) ရဲ့ Secretary(အတွင်းရေးမှူး) ပဲလေ... ဦးခန့်ထည်နေရာမှာ အခြားသော အခြားသောသူတွေ ပြောင်းသွားရင်လည်း ကိုယ်က ဒီအလုပ် လုပ်နေရမှာ... ဒီတော့ကာ ခုနက ပြောသလို Personal Secretary(ကိုယ်ရေးအရာရှိ) အဖြစ် အောင်သွယ်ပေးစရာမှ မလိုတာနော်... အဲဒီတော့ သူတို့

www.burmeseclassic.com



ဘာသာ ဦးခန့်ထည်ကို သဘောကျလို့ လိုချင်ရင် သူတို့ အရည်အချင်းနဲ့ ကြိုးစားပေါ့ မဟုတ်လား… ဟဲဟဲ… ”

“ဟယ် မေရယ်… ယူကတော့လေ… တကယ့်ကို လောင်စိန်ပဲ… ”

“မလွဲမသွေ ကိုယ်လုပ်ရမယ့်ကိစ္စတစ်ခုကတော့ ရှိနေတယ် ထူးရဲ့… အဲဒါဘာလဲဆိုရင် သူတို့က ကိုယ့်ရဲ့ကိုယ်ရေးရာဇဝင်ကို သိပြီးပြီဆိုတော့ ကိုယ့်မှာ လုပ်ငန်းအတွေ့ အကြုံ မရှိတာ၊ အထူးသဖြင့် ဟိုတယ်လုပ်ငန်းအတွေ့အကြုံ မရှိတာ သူတို့ သိသွားပြီလေ… ဒီတော့ကာ သူတို့စိတ်ထဲမှာ ကိုယ့်ကို အထင်သေးရင် သေးနေမှာ… အဲဒီတော့ သူတို့ အထင်သေးတာ မခံရဖို့အတွက် ကိုယ်ကြိုးစားမှ ဖြစ်မယ်… ကိုယ် ကြိုးစားပြီး အမှားမပါအောင် အလုပ်လုပ်ရင် ကိုယ်လည်း အင်ပရက်ရှင်အဒေါင်းမခံရဘူး… ကိုယ့်ကို အလုပ်ခန့်လိုက်တဲ့ ဦးခန့်ထည်လည်း မျက်နှာပျက်ဖို့ မလိုတော့ဘူးပေါ့… ဟုတ်တယ်… ကိုယ် ကြိုးစားဖို့ လိုတယ်.. ကြိုးစားရမယ်… နိုင်ငံတကာမှာ အလုပ်လုပ်လာခဲ့တဲ့ ဦးခန့်ထည်ရဲ့အရည်အသွေးကို မမီရင်တောင် Follow up (အနောက်ကအမီ)လိုက်နိုင်ဖို့ ကြိုးစားရမယ်…ဒါက ကိုယ် မလွဲမသွေ လုပ်ရမယ့်ကိစ္စတစ်ခုပဲ… ထူးရဲ့… ”

မေနှင်းဆီဟု လူတကာ အသိအမှတ်ပြုစေနိုင်သော ထူးခြားသည့် မျက်နှာက်ဝန်းတစ်စုံက အရည်ကြည်လဲ့လဲ့ ဖုံးလွှမ်း



ကာ တဖျတ်ဖျတ် တောက်ပလင်းလက်လို့ နေ၏။

ထူးသည် ငယ်ရွယ်သော အသက်ပင် ရှိလင့်ကစား လုပ်ငန်းအပေါ်မှာ ဒီလောက်တောင် စိတ်အားထက်သန်တက်ကြွနေသူ မေနှင်းဆီကို ကြည့်ပြီး Cost Controller (ငွေကြေး ထိန်းချုပ်သူ)၏ Secretary (အတွင်းရေးမှူး) အဖြစ် မေနှင်းဆီကို ဆရာဦးခန့်ထည် ရွေးချယ်ခန့်ဖြစ်လိုက်သည့် သဘောကို အလိုလိုနားလည် သဘောပေါက်လိုက်ရပါတော့သည်။

အင်းပေါ့လေ… မေနှင်းဆီအပြောနှင့်ဆိုလျှင်တော့ ဦးခန့်ထည်က နိုင်ငံတကာမှာ အလုပ်လုပ်လာခဲ့ကာ အတွေ့အကြုံရှိခဲ့သူပဲ… ။ ဒီလောက်တော့ သူလည်း လူကဲခတ်ကျွမ်းကျင်ပါလိမ့်မည်ဟူ၍… ။

www.burmeseclassic.com

www.burmeseclassic.com



# ၄

"ဟယ်လို... ဂွဒ်မောနင်း မေနှင်းဆီ... "

"ဂွဒ်... မောနင်းပါ ဦးခန့်ထည်... "

တူးပြောထားခဲ့ဖူးသလို လူမရောက်ခင်ကတည်းက
စီးကရက်နံ့ အရင်ရောက်လာနှင့်သောကြောင့် မကြာခင်မှာ
အခန်းထဲ ဦးခန့်ထည် ရောက်လာမည်ဆိုတာ ကြိုတင်သိနှင့်
နေသော မေနှင်းဆီမှာ ဝတ်ဆင်ထားသော ဝတ်စုံကို သေသပ်
အောင် ပြင်ဆင်ပြီး သူ၏စားပွဲပေါ်မှ ထရေး(လင်ဗန်း)ထဲမှ စာရွက်
များကို ရှင်းနေသလိုနှင့် မယောင်မလည် ရပ်ကာ ဦးခန့်ထည်ကို
စောင့်နေလိုက်သည်။ ထုံးစံအတိုင်းပင် ဦးခန့်ထည်က အခန်းထဲ
ဝင်,ဝင်လာချင်း နှုတ်ခွန်းဆက်သည်မို့ မေနှင်းဆီ ကလည်း



ခန့်ထည်ဘက် လုံးလုံးလှည့်လိုက်ကာ ယဉ်ကျေးသော အပြုံးနှင့်
နှုတ်ခွန်းဆက်လိုက်၏။

"အို... မဲရီးနိုက်(စ်)ပါပဲလား... ယူနီဖောင်းရပြီပေါ့...
ဟုတ်လား... "

ဦးခန့်ထည်က မေနှင်းဆီကို ကြည့်ကာ ယူနီဖောင်း
ဝတ်ထားတာကို ချက်ချင်းပင် မြင်တွေ့သွားပြီး ချီးကျူးလေ၏။
မေနှင်းဆီသည် ဦးခန့်ထည်၏ အသိအမှတ်ပြုခြင်းကို ရရှိလိုက်
ခြင်းမှာ သဘောကျ ကျေနပ်သွားပြီး "ဟုတ်ကဲ့... မနေ့ညနေကပဲ
ရပါတယ်... " ဟု ပြောပြီး ထရေးထဲမှ စာရွက်တစ်ထပ်ကို ဦးခန့်
ထည်ရှေ့ချပြီး သူမ၏စားပွဲရှိရာသို့ ပြန်လျှောက်သွားကာ တစ်နေ့
တာလုပ်ငန်း လုပ်ဖို့အတွက် ကွန်ပျူတာကို ဖွင့်လိုက်၏။

ခန့်ထည်ကလည်း မေနှင်းဆီ ချပေးသွားသော ဝင်
စာများကို တစ်ခုချင်းဆီ သေသေချာချာ ဖတ်ကာ ဆိုင်းထိုးသင့်
တာ ထိုး၊ တခြားဌာနသို့ လွှဲရမည့်စာရွက်ဆိုလျှင် စာရွက်ပေါ်မှာ
လွှဲရမည့် ဌာနမှ အရာရှိနာမည်ကို ရေးပေးကာ၊ ဖိုင်တွဲရမည့် စာရွက်
ဆိုလျှင်တော့ ဘယ်ဖိုင်မှာ တွဲရမည်ဆိုတာ စာရွက်ပေါ်မှာ ချရေး
ရင်းမှ အသံတိတ်တိတ်ဆိတ်ဆိတ်နှင့် အလုပ်လုပ်နေသော
မေနှင်းဆီ,ဆီသို့ သူ၏အကြည့်က ရောက်ရှိသွား၏။

ဟိုတယ်၏ အတွင်းရေးမှူး ယူနီဖောင်းဝတ်စုံနှင့်
အပေါ်မှာ ဆံပင်ရှည်ရှည်တို့ကို သေသပ်စွာ ထုံးဖွဲ့ထားသော
ဆံထုံးကို ကျော့ကျော့ကော့ကော့နှင့် စမတ်တကျ ပြင်နေသော

www.burmeseclassic.com

www.burmeseclassic.com



မေနှင်းဆီ၏ပုံစံကို ကြည့်မြင်ရသည်မှာ သူ့ရင်ထဲ ချမ်းမြေ့ခြင်း တစ်ခု ဖြစ်ထွန်း၏။

ဝန်ခံရလျှင် ဒီမိန်းကလေးကို သူ အင်တာဗျူးစဉ် အချိန်အခါကတည်းက သတိထားခဲ့မိတာ။ အလုပ်လိုချင်သည့် သူမ၏ အဓိကရည်ရွယ်ချက်က အမေကို လုပ်ကျွေးချင်သည်ဆို တာ၊ မိသားစုကို ကျေးဇူးဆပ်ချင်သည်ဆိုတာ သူသိလိုက်ရသည့် အချိန်မှာ ဒီမိန်းကလေးဟာ သူ့အသိအာရုံထဲမှာ အထင်ကြီးမှုနှင့် အတူ မှတ်မှတ်ထင်ထင် ဖြစ်သွားခဲ့ရသည်။

ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်ပြီး ဘာဗဟုသုတ မှ မရှိပါဘူး၊ လေ့လည်း မလေ့လာထားပါဘူး၊ စိတ်ဝင်တစား လေ့လာရအောင်လည်း လုံလောက်တဲ့အချိန် မရှိခဲ့ပါဘူး ဟူ၍ ပထမဆုံး အင်တာဗျူးချိန်မှာတွင် အထင်ကြီးလောက်စရာ မရှိ သော သူမ၏ လုပ်ငန်းအတွေ့အကြုံဗလာက ထိုသို့သော သူမ၏ ပွင့်လင်းစွာ အမှန်အတိုင်း ဝန်ခံရဲမှုနှင့်အတူ သူမကို ရိုးသားသူအဖြစ် သူ့ရင်ထဲမှာ ထပ်ဆင့်အထင်ကြီးမှုတစ်ခုကို ဖြစ်စေခဲ့ရသည်။ ထိုသို့ သော အချက်နှစ်ချက်ကြောင့် လူအမြောက်အမြားထဲမှ သူမကို ရွေးချယ်နေ့ဖြစ်ခဲ့သလား ဆိုတော့လည်း ထိုသို့ မဟုတ်ပြန်။ ဟိုတယ်လုပ်ငန်းကို လေ့လာထားရအောင် လုံလောက်တဲ့အချိန် မရှိခဲ့သော သူမက လုပ်ငန်းခွင် ဝင်လျှင် အဆင်သင့်ဖြစ်နေစေ သော လုပ်ငန်းခွင်တွင် လိုအပ်သော သင်တန်းမျိုးစုံကိုတော့ ပြီးစီး အောင်မြင်စွာသင်ကြားထားတာ၊ ထို့အတူ တဖျပ်ဖျပ် လင်းလက်



တောက်ပနေသော မျက်နက်ဝန်းတစ်စုံက မဟုတ်မခံ ဆတ်ဆတ် ကြဲ စိတ်ဖြစ်ကာ တကယ့်ကို အလုပ်လိုချင်သည့်စိတ်နှင့် ဒီအလုပ် ကို လာလျှောက်တာ ဖြစ်ပြီး တခြားသော သူများလို ဘာလူမှုရေး ပယောဂမှ မပါဝင်ဘဲ ရိုးရိုးသားသား လာလျှောက်သည်ဆိုတာ အလုပ်ဝင်လျှင်လည်း တက်တက်ကြွကြွနှင့်ပင် အချိန်တိုလေး အတွင်း လုပ်ငန်းအကြောင်း နားလည်ပြီး ကောင်းစွာ အလုပ်လုပ် နိုင်မည့်သူဆိုတာ စသဖြင့်သော မြင်မြင်ချင်းပင် လေ့လာ၍ ကောက် ချက်ချနိုင်သည့် ဟန်ဆောင်မှုကင်းသော အရိုးခံမျက်နှာ ကြောင့်ပင် လျှောက်ထားသူ လူများစွာထဲမှာမှ သူမကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သူ၏ ရွေးချယ်မှု မှန်ခဲ့သည်ဆိုရမှာပင်။ မေနှင်းဆီ ဆိုသော ဒီမိန်းကလေးဟာ မဟုတ်မခံ ဆတ်ဆတ်ကြဲ ဖြစ်ပြီး ကိုယ့် အမှားကိုလည်း ဝန်ခံရဲကာ တာဝန်ယူရဲသူ ဖြစ်၏။ သူ့အနီးအနား စတ်ဝန်းကျင်ရှိ လူများနှင့် ဘာမှမဆိုင်စွာ သူ့ကိုလည်း ခန့်ထည် ဆိုသော လူသားတစ်ဦးအဖြစ် သိပ်ကြီး ဦးစားပေးအလေးထား ခြင်းလည်း မရှိစွာ၊ ကြောက်ရွံ့ခြင်းလည်း မရှိစွာ သူ့ကို သာမန် ပုံစံ အေးအေးဆေးဆေးနှင့် ဆက်ဆံခဲ့ကာ လက်တွေ့ကြုံဆုံခဲ့ရ ခြင်းဖြင့် သူသိခဲ့ရပါပြီ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မေနှင်းဆီ ကို Secretary (အတွင်းရေးမှူး) တစ်ယောက်အဖြစ် ခန့်ခဲ့ခြင်းမှာ သူ လုံးဝ မမှားတော့ဟူ၍ လုံးဝဥသုံ ယုံကြည်ခဲ့ရပြီး ထို့ကြောင့် သူမနှင့် ပတ်သက်ပြီး သူ့ဆီမှာ စိတ်ကျေနပ်ခြင်းတို့သည်သာ စိုးမိုး ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးခန့်ထည်… ဒီတစ်ခေါက် မောနင်းဘာရီဇင်ကို… "

ကွန်ပျူတာကို ဦးခန့်ထည်အတွက် တစ်နေ့တာ အချိန်ဇယား ထုတ်ပေးနေရင်းမှ ခုနက ဂျီအမ့်စက္ကူထရီဥမ္မာထံ လာမည့်တနင်္လာနေ့ ဘယ်မှာ အစည်းအဝေးလုပ်မည်လဲဆိုတာ မေးထားတာကို လှည့်ပြောလိုက်သည့် မေနှင်းဆီမှာ စားပွဲပေါ် ဘယ်ဖက်လက်ကို တင်ကာ ခရော့(စ်)ဘောပန်အနက်ကို လက်မှ ကိုင်ရင်းဖြင့် သူမကို ကြည့်နေသော ဦးခန့်ထည်၏ မျက်ဝန်းတစ်စုံ ကို မြင်တွေ့လိုက်ရတော့ စကားမဆက်နိုင်ဘဲ တစ်ဝက်တစ်ပျက် ဖြစ်သွား၏။

"ပြောလေ မေနှင်းဆီ… ဘယ်မှာလုပ်မယ်တဲ့လဲ… "

မျက်ခုံးပင့် မေးဆတ်ကာ ပြောလာသည့်အတွက် မျက်လွှာတစ်ချက်ချကာ မေနှင်းဆီ ဆက်ပြောဖြစ်၏။

"Lake View (ကန်ရေပြင်ရှုခင်း) ရက်စတောရင့်မှာ လုပ် မယ်လို့ ပြောပါတယ်… မနက်ရှစ်နာရီအတိမှာ စမယ်လို့ ပြောပါတယ်… "

"အိုကေ… သိုင်းကျူး… "

"ဝဲ(လ်)ကမ်းပါ… "

သူက သိုင်းကျူးပြောပြီး စားပွဲပေါ်မှ စာရွက်ပေါ် အကြည့်ပြန်ရောက်သွားတာမို့ မေနှင်းဆီလည်း တုံ့ပြန်ပြောပြီး နှုတ်ခမ်းတင်းတင်းစေ့ကာ ကွန်ပျူတာဘက် လှည့်လိုက်၏။

လူက ကွန်ပျူတာဘက်လှည့်ကာ ထိုင်လိုက်ပေမဲ့



မျက်စိထဲမှာတော့ ခုနက သူမကို ကြည့်နေသော ဦးခန့်ထည်၏ မျက်ဝန်းတစ်စုံကို ပြန်မြင်နေရ၏။ စိတ်ထဲမှာ ဦးခန့်ထည်၏ ထို အကြည့်ဟာ သူမ စကားပြောလိုက်သည့်အတွက် ကြည့်လာသည့် အကြည့်မျိုး မဟုတ်ဘဲ အစောကြီးကတည်းက ကြည့်နေခဲ့သည့် အကြည့်ဆိုတာ တစ်ထစ်ချ သေချာနေရသည်။ သူမ စကားပြောပြီး လှည့်ကြည့်လိုက်သည့်အချိန်မှ အစောကတည်းက ကြည့်နေခဲ့ဟန် ဖြစ်သော သူ၏အကြည့်ငေးက ရုတ်တရက် အသက်ဝင်ကာ နက်ဆဲရွှေ့လျားသွားတာ… ဒါကို အသေအချာ မြင်တွေ့လိုက်ရသူ မေနှင်းဆီအတွက် ဦးခန့်ထည်၏အကြည့်ဟာ စောစောကတည်း က ကြည့်နေသည့်အကြည့်ဆိုတာ တစ်ထစ်ချ တွေးထင်လိုက်နိုင် ၏။ သူ ဘာလို့များ သူမကို ကြည့်နေရတာပါလိမ့်။ ယူနီဖောင်း ဝတ်ထားသော သူမ၏ပုံစံကပဲ ကိုရိုကားယားဖြင့် အချိုးမကျ ဖြစ် နေလို့လား။ ထိုသို့ တွေးမိလိုက်ပြန်တော့ ကြက်သီးမွေးညင်းများ ပင် ဖြန်းခနဲ ထကာ ကျောတွန့်သွားရသည်။ သို့သော် ဒါဟာ အစ်ခဏတာပင်။

အလုပ်ကိုသာ ဦးစားပေးကာ၊ အလုပ်အကြောင်းကို သာ ခေါင်းထဲ ထည့်ထားခဲ့သော မေနှင်းဆီက ယူနီဖောင်းဝတ် တာ အချိုးမကျလည်း ဘာဖြစ်သလဲ။ ကိုယ်က ဒီဟိုတယ်မှာ အလုပ်လာလုပ်တာ ရုပ်ရှင်လာရိုက်တာ မဟုတ်ဘူးဟု ကိုယ့်ကိုယ် ကို သက်သာစေမည့် အတွေးအား ချက်ချင်းတွေးပြီး ဦးခန့်ထည် ၏ မျက်ဝန်းတစ်စုံကို မေ့ပစ်လိုက်၏။ သူ့မှာ မျက်စိရှိလို့ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



တာ ကြည့်ပစေပေါ့။ ပွဲပါမသွားပါဘူး... ဟွန်း... ။ နှာခေါင်းရှုံ့လိုက်ကာ ကိုယ့်အလုပ်ကို ဆက်လုပ်လိုက်၏။

ခဏအကြာ အနောက်မှ ဦးခန့်ထည်စားပွဲဆီမှ လှုပ်ရှားသံကို ကြားရသည်။ ကွန်ပျူတာမော်နီတာပေါ်မှာ ဦးခန့်ထည်ကို ထိုင်ရာမှ ထပြီး အနောက်မှာ ဖိုင်အဟောင်းများ ထားရာ အခန်းထဲ ဝင်သွားတာကို တွေ့ရ၏။ ထိုအခန်း၏ဘေးဘက်မှာ အိမ်သာနှင့် လက်ဆေးကန် ရှိပြီး ကော်ဖီ ကြိုက်တတ်သော ဦးခန့်ထည်အတွက် ကော်ဖီဖျော်ရန် ရေနွေးကြိုစရာ မီးဖိုနှင့် စတီးခရုး တစ်ခု ရှိသည်။ ထိုနံဘေးမှာတော့ ရေခဲသေတ္တာဝမ်းဒိုးအသေး တစ်လုံးရှိပြီး ထိုရေခဲသေတ္တာအပေါ်မှာ ဦးခန့်ထည်အတွက် သီးသန့်သောက်စရာ ကြွေမတ်ခွက်၊ နက်(စ်)ကော်ဖီပုလင်းတစ်လုံး၊ သကြားထုပ်ဗူး၊ နို့မှုန့်ထုပ်ဘူးနှင့် တစ်သျှူးစက္ကူဘူးတစ်ဘူး တင်ရှိထားသည်။ ဒါတွေဟာ သူမ ပြင်ဆင်ထားခဲ့တာမျိုး မဟုတ်ဘဲ အရှေ့ စက္ကထရီသီဂီ၏ ဦးခန့်ထည်အတွက် တစ်ဦးတစ်ဖျား- သီးသန့်ပြင်ဆင်ခဲ့ခြင်းများပင်။ အင်းပေါ့လေ... သီဂီကတော့ သူ မြတ်နိုးလေးစားသော ဆရာသမားကို တယုတယလေးတွေ လုပ်ပေးချင်သည့်စိတ်နှင့် ဒါတွေ ပြုလုပ်ထားမှာပင်။ မစ္စတာခန့်ထည်ကလည်း ကော်ဖီကိုဆို ထမင်းမစား ဟင်းမစားဘဲနှင့်ပင် တစ်နေ့ကို ခြောက်ကြိမ်ထက် မနည်း သောက်တတ်ခဲ့တာတဲ့။ ထိုခြောက်ကြိမ်စလုံးမှာ သီဂီဟာ ရှိသမျှ အကြင်နာစီးဆင်းမှုဖြင့် ကော်ဖီကို ကြည်ကြည်နူးနူး ဖျော်ပေးခဲ့မှာ... ။



အင်း... ယောကျ်ားလေးက မချစ်ဘဲ မိန်းကလေးက ချစ်ရသည့်ဘဝက သိပ်ကို မျက်နှာငယ်ကာ သနားစရာ ကောင်းလှသည်။ အထူးသဖြင့် သီဂီကိုပဲ ကြည့်။ "ထူး" ပြောပြသမျှဆိုလျှင် သီဂီဟာ လုပ်ငန်းပိုင်းဆိုင်ရာမှာကော အင်္ဂလိပ်စကားပြောမှာကော လူမှုဆက်ဆံရေးမှာပါ သိပ်ကို တော်လွန်ထက်မြက်ခဲ့သည့် မိန်းကလေး ဖြစ်ခဲ့သတဲ့။ ဦးခန့်ထည် အပေါ်မှာလည်း "ဆရာ"၊ "ဆရာ" နှင့် အရိပ်ကြည့်ကာ အလိုက်သိတတ်ခဲ့သည့် မိန်းကလေးလည်း ဖြစ်ပြန်သတဲ့။ ထို့အတူ ရုပ်ရည်ကလည်း "သီဂီ ရှုရည်" ဆိုသော နာမည်နှင့် လိုက်ဖက်စွာ ရွှေအဆင်းကဲ့သို့ ဝင်းပသည့် အသားအရည်နှင့် မြင်သူတကာ ငေးစေရသည့် ကြွေရုပ်လို လှပသည့်မျက်နှာရှင့်တဲ့... ။ ထိုသို့သော မိန်းကလေးကိုမှ ဦးခန့်ထည်က မချစ်နိုင်ကာ သူမ၏လိုက်လျောမှုတွေနှင့် သိသာစွာ ရေလာမြောင်းပေးမှုတို့မှာ သည်းမခံနိုင်တော့သည့်အဆုံး လုပ်ငန်းကိစ္စနှင့် ပတ်သက်ပြီး အမှတ်မထင် မှားယွင်းခဲ့သော သီဂီမှားယွင်းမှုကို အခွင့်ကောင်းယူကာ အလုပ်ဖြုတ်ပစ်လိုက်သတဲ့။ တော်တော်ကိုမှ မလှပခဲ့သော သီဂီ၏အဖြစ်အပျက်တစ်ခုပင်။ ဒါလည်း သီဂီ့ထံမှာ ဦးခန့်ထည်နှင့် ပတ်သက်ပြီး ဟိုဘဝက ဝဋ်ကြွေးရှိခဲ့လို့ပဲ ဖြစ်မည်ဟု သီဂီဘက်မှ ငဲ့ညှာစွာ တွေးပေးပြီး ဦးခန့်ထည်ဖက်မှ ခံစားမှုကိုတော့ဖြင့် မေနှင်းဆီ ဘာမှမသိချင်ကာ လျစ်လျူရှုပေးလိုက်ချင်မိ၏ ။

အမြင်အာရုံထဲမှာ မရှိတော့သော ဦးခန့်ထည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အနောက်ထဲမှာ ကော်ဖီဖျော်ဖို့ ရေနွေးတည်နေပုံဖြင့် ရေပိုက်ဖွင့်ပြီး ရေဆေးသံ၊ ရေခဲသေတ္တာလှပ်သံ၊ မီးခလုပ်ဖွင့်သံ တို့ကို မေနှင်းဆီ ကြားနေရ၏။

အင်း... ဦးခန့်ထည်တစ်ယောက်တော့ သူမကို စက္ကထရီအဖြစ် အလုပ်ခန့်ထားခြင်းမှာ နောင်တရချင်နေပြီလား မသိ။ အဖက်ဖက်က ပြည့်စုံနေသော သိဂီလိုလူမျိုးကတောင် သူ့ကို ကော်ဖီဖျော်ပေးခဲ့တာ ဘာမှမပြည့်စုံသေးသော မလောက်လေး မလောက်စားစရာ သူမကတော့ ယနေ့ထိတိုင် သူ့ကို ကော်ဖီ မဖျော်ပေးခဲ့စဖူး။ သူကလည်း ဖျော်ပေးပါလို့ မတောင်းဆိုခဲ့ဖူးသလို သူမကလည်း ဖျော်ပေးရမလားဟူ၍ တစ်ခါမှ မမေးခဲ့ဖူး၊ သူက လည်း သူမ၏အလိုက်မသိမှုမှာ သူ့နှုတ်က နိုင်းလိုက်ရမှာ အားနာ ၍လား မသိပါ။ ရေကိုတောင် သူ့ဖာသာ သူ ထသောက်၏။ သူမ ဆိုသော သူမကလည်း သူ့စားပွဲ ရှင်းပေးခြင်း၊ စာအုပ်ဗီဒို ရှင်းပေးခြင်း၊ သူလစ်လျှင် ဆေးလိပ်ခွက်ထဲမှာ ရှိနေသော အစီခံ စီးကရက်များကို အမှိုက်ပုံးထဲ သွန်ပစ်ခြင်း၊ အခန်းထဲ လတ်ဆတ် စေရန် သင်းပျံ့သော ပန်းသီးနံ့စပရေး ဖျန်းပေးခြင်းတို့ကို လုပ်ပေး ခဲ့ပေမယ့် ကော်ဖီကိုတော့ ဘာကြောင့်မှန်းမသိ ဖျော်ပေးရမှာ လက် တွန့်နေမိသည်။ သူမအရှေ့မှ သိဂီက သူ့အပေါ် စေတနာသဒ္ဒါ တရားတွေပိုကာ ကော်ဖီကို အကြိမ်ကြိမ်အခါခါ စပါယ်ရှည် ဖျော် ပေးခဲ့ခြင်းကို သိ၍ကြောင့်ပဲလား... ဒါမှမဟုတ် မလေး ပြောဖူး သလို မလေးလို သူ့ဆရာအပေါ် တစ်ခါတလေ စေတနာသဒ္ဒါ



တရား မပေါက်ခဲ့လို့ပဲလား မသိ။ မေနှင်းဆီဆိုသော သူမသည် သူဆိုသော ဦးခန့်ထည်ကို ကော်ဖီဖျော်ပေးရမှာ ကျားဖင်ကို လက် နှိုက်ရမှာထက် လက်တွန့်ခဲ့သူတည်း။

အင်းလေ... ကိစ္စမရှိပါဘူး။ သူမကို အလုပ်ခန့်ခဲ့ စဉ်က လိုက်နာဆောင်ရွက်ရမည့် အချက်တွေထဲမှာ ဆရာကို ကော်ဖီဖျော်ပေးရမည်ဆိုတဲ့အချက်မှ မပါခဲ့တာပဲ ခပ်ဖော့ဖော့ တွေးလိုက်ပြီး ကွန်ပျူတာကို ပရင့်အောက် လုပ်လိုက်၏။

ထိုစဉ်မှာပဲ နက်(စ်)ကော်ဖီအနံ့က မွှေးကြိုင်သင်းပျံ့ မှာ လွင့်ခနဲ အရှေ့သို့ ရောက်လာတာမို့ မနက်က အိပ်ရာထ နောက်ကျသည့်အတွက် ဖယ်ရီလာကြိုသည့်အချိန်မှာ ဝရုန်းသုန်း ကား ထွက်ခဲ့ရခြင်းဖြင့် ဘရိတ်ဖက်(စ်) ဘာမှ မစားခဲ့ရတာကို သတိရလိုက်မိ၏။ ဦးခန့်ထည်၏ ကော်ဖီအနံ့က ဝမ်းဗိုက်ထဲမှာ "ဂွီ" ခနဲ မြည်သွားသည်အထိ စွမ်းဆောင်နိုင်သည်။ ဆာလောင် စိတ်ကို ဖိနှိပ်မျိုသိပ်ကာ ဆယ့်နှစ်နာရီ မထိုးခင် ဆယ့်ငါးမိနစ် လောက်ကတည်းက အိမ်သာသွားသလိုနှင့် မယောင်မလည် အခန်း ထဲမှ ထွက်ကာ ထမင်းစားဆောင်မှာ ထမင်း စောစော သွားစား ရည်ဟု ကျိတ်တွေးထားလိုက်၏။

"ရော့ မေနှင်းဆီ... ကိုယ့်လက်ရာကော်ဖီကို မြည်းကြည့် ပါဦး... "

"ရှင်... "

ကွန်ပျူတာနံဘေးစားပွဲခုံပေါ်မှာ လာတင်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ကြီးကြီးပါ "၁၈၇၉" စာတန်းနှင့် မြို့ပောင်းပုံစဉ်မတ်ခွက်ထဲမှ အငွေ့တထောင်းထောင်းထ ကော်ဖီနှင့်တကွ ပြောလာသော ဦးခန့်ထည်ကြောင့် သူမ "ရှင်"ခနဲ ဖြစ်သွားရကာ သူ့ထံ မျက်လုံးဝိုင်းကြီးဖြင့် ကြည့်လိုက်မိ၏။

ဦးခန့်ထည်က သူမအကြည့်ကို ပြုံးရိပ်ထင်သော မျက်ဝန်းဖြင့် ပြန်ကြည့်ပြီး နှုတ်ခမ်းကို စေ့ပိတ်ကာ ခေါင်းညိတ်ပြ၏။ ပြီးနောက် ကော်ဖီခွက်ထံ မေးထိုးပြပြီး...

"အားပေးပါဦး... ကိုယ့်လက်ရာကို အကောင်းဆုံး ဖြစ်အောင်တော့ ကြိုးစားဖျော်ထားတယ်ကွာ... ဒါပေမဲ့ ဟိုတယ်က Cheaf (စာဖိုမှူး)တွေလောက်တော့ မီမယ် မထင်နိုင်ဘူး... သည်းခံပြီး သောက်ပေးပါ ဟုတ်လား"

ဦးခန့်ထည်၏အပြောမှာ သူ့ကို မျက်နှာပူ အားနာစိတ်ဖြင့် ထိုနေရာမှာပင် အငွေ့ပျံကာ ကိုယ်ပေျာက်ဖျောက်ချင်စိတ်တောင် မေနှင်းဆီထံမှာ ဖြစ်ပေါ်သွားရ၏။ အခုနေမှာ လက်ထရိန်သို့ သွားလျှင် လက်ထရိန်ထဲက မှန်ထဲမှာ သူမ၏ ရဲပဒေါင်းခတ်နီနေသော မျက်နှာပျက်ပျက်တွေ့ရမှာ အမှန်။ ကြားဖူးကြပါရဲ့လား အရပ်ကတို့ရယ်။ သော့(စ်)က အတွင်းရေးမှူးကို ကော်ဖီဖျော်တိုက်ရတယ်လို့... ။

"ကိုယ်တော့ မနက်က ဘာမှ မစားခဲ့ရဘူး... ညစတြေးလျှက အီးမေး(လ်) ဝင်နေလို့ သူတို့မေးထားတာတွေ ပြန်ဖြေနေရလို့ ရုံးခန်းကိုတောင် အချိန်မီ အပြေးလာရတာ... "



ဦးခန့်ထည်က သူ့စားပွဲဆီသို့ ပြန်လျှောက်သွားကာ ပြောလေသည်။

ဪ... ဒါကြောင့် ဒီနေ့ သူနောက်ကျတာ ဖြစ်သည်ဟု တွေးမိပြီး သူမ၏ ဆံုလည်ကုလားထိုင်ကို ဦးခန့်ထည်၏ စားပွဲဖက် လှည့်လိုက်ရင်းနှင့်မှ...

"ဒါဆို ဦးခန့်ထည်ပဲ သောက်ပါ... ကျွန်မက... "

ဆိုသော... သူမ၏စကားက ဝါကျမဆုံးခင်မှာ စကားတစ်ပျက်နှင့် ရပ်တန့်သွားရ၏။ ဦးခန့်ထည်၏စားပွဲပေါ်မှာ အငွေ့ထောင်းထောင်းထ ကော်ဖီပူပူကို ထည့်ထားသော သူမကို ပေးသည့် မတ်ခွက်နှင့် ပုံစံတူမတ်ခွက်က ရှိနေ၏။

"ဒီမှာလေ ကိုယ့်အတွက်က... မင်းကိုပါ သောက်စေချင်လို့ ကိုယ် အစကတည်းက နှစ်ခွက်စာ ဖျော်ထားတာ... အိမ်က တစ်ခုခုစားလာလို့ ဗိုက်တင်းနေတယ်ဆိုလည်း အရည်လောက်တော့ မင်းဗိုက်က သွင်းနိုင်ပါသေးတယ်ကွာ မဟုတ်ဘူးလား... "

ဦးခန့်ထည်က ခုံမှာထိုင်ရင်း လက်ဝါးဖြန့်ကာ ပြောသဖြင့် သူမလည်း ဆက်လက်ငြင်းဖို့ရာ အားနာစွာနှုတ်ခမ်းစေ့ပြုံးရင်း ဦးညွှတ်ကာ...

"သိုင်းကျူးပါ... ဦးခန့်ထည်... "

ဟု ပြောပြီး သူမကိုတာ ကော်ဖီမတ်ခွက်ကို လှမ်းယူပြီး အငွေ့ပူပူများကို မှုတ်ကာ တစ်ငုံသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား... သိပ်ကောင်းတဲ့လက်ရာပဲ... ဘယ်လိုလုပ် Cheaf ကို မမီနိုင်ရမှာလဲ... Cheaf ကတောင် ဆရာကြီး ပြန်ခေါ်ရမယ့်လက်ရာပဲ... "

မျက်ခုံးတစ်စုံကို ပင့်ကာ ပြုံးပြုံးလေးပြောပုံက သူ့ကို ကလေးတစ်ယောက်လို ချီးကျူးမြှောက်ပင့်ပြောလာပုံမို့ ထိုပုံစံကပဲ ချစ်ချင်စရာကောင်းသော ကလေးငယ်ပုံစံနှင့် ဖြစ်နေသော မိန်းကလေးကို သူ ခင်မင်စိတ်နှင့် ပြုံးကြည့်နေမိသည်။

"အဟင်း... မှန်တာကို ဝန်ခံရရင် ကျွန်မလည်း မနက်ကဘာမှ မစားလာခဲ့ရဘူး ဦးခန့်ထည်ရဲ့... မနက် နောက်ကျတော့ ဖယ်ရီလာတဲ့အချိန်မှာ ဝရန် ထွက်လာခဲ့ရတာ ဦးခန့်ထည်ကော်ဖီဖျော် ဗိုက်ထဲမှာ ပွဲကနဲတောင် မြည်သွားတာ... ဒါ မတ်ခွက်က တစ်ခွက်တည်း ရှိတာ သိထ ထည် အရင်သောက်ချင်သောက်ပါဆိုပြီး မသောက်ချင်လို့ ငြင်းတာ မဟုတ်ပါဘူး..."

ထိုသို့လည်း သူမ၏ငြင်းဆိုမှုမှာ သူတ ရအောင် အားတုံ့အားနာ ရှင်းပြပြန်သည်။ ဟန်ဆောင်မှုကင်းသော သူမ၏မျက်နှာကို ကြည့်ပြီး သူလည်း ဟန်မဆောင်လိုက်ချင်စွာ

"မနေ့ညက ကိုယ် အောက်ထပ်က Souvenir (အမှတ် တရ) ပစ္စည်းအရောင်းဆိုင်တွေဖက်ကို ရောက်တယ်... အဲဒီ မှာ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်မှာ ဒီစဉ့်မတ်ခွက်လေး



နှစ်ခွက်ကို ဆင်တူတွေ့တာနဲ့ ကိုယ်လည်း သဘောကျတာနဲ့ ဝယ်လာခဲ့တာ... "

ဟူ၍ ကော်ဖီမတ်ခွက် တစ်ခွက်တည်းရှိတာ သိထားတော့ ဟူသော သူမစကားကို ဖြေရှင်းမိ၏။

"ဩော်... ဒါဆို မတ်ခွက်ဖွင့်ပွဲအနေနဲ့ ကော်ဖီတိုက်တာပေါ့... "

ထိုအခါ မတ်ခွက်ကို အရှေ့သို့ တိုးပြကာ ခေါင်းလေးဆတ်ပြောပုံက ပီတိကလေးတစ်ယောက်အသွင် ဖြစ်နေတာမို့ သူမအလိုကျ ခေါင်းညိတ်ပြဖြစ်သည်။ ခန့်ထည်သည် သူမ၏ ပြုမူလှုပ်ရှားမှုမှန်သမျှကို အပြုံးဖြင့် ကြည့်နေရင်းမှ ကော်ဖီကို တစ်ကျိုက်သောက်လိုက်ကာ ကိုယ့်ကိုကိုယ် အံ့ဩနေမိသည်။ သူ့ဘဝမှာ သူစိမ်းမိန်းကလေးတစ်ယောက်ကို ကော်ဖီဖျော်တိုက်ခြင်းဟာ ဒါပထမဆုံးသော အကြိမ်ပါပဲ။ သိင်္ဂီရှိစဉ်တုန်းက သူက ပြောစရာတောင် မလိုဘဲ စားပွဲပေါ် ကော်ဖီဖျော်ပြီးသား အဆင်သင့် တင်ပေးခြင်းဖြင့် ကော်ဖီသောက်ခဲ့ရသော သူက အခုတော့ မနေ့ဆိုဆိုသော ဒီကလေးမကိုတော့ဖြင့် သူကိုယ်တိုင်ကပင် လိုလိုချင်ချင် ကော်ဖီဖျော်တိုက်ခဲ့မိပြီ။ တကယ်ဆို အလုပ်လုပ်ခဲ့ခြင်းဖြင့် ညက အိပ်ရာဝင်နောက်ကျခဲ့သောသူဟာ မနက်အိပ်ရာထတော့လည်း အီးမေး(လ်)တစ်ပုံတစ်ပင်နှင့် အလုပ်ရှုပ်နေခဲ့ခြင်းဖြင့် စိတ်ထဲ မကြည်မလင် အာရုံနောက်နေတာ... ။ ထိုသို့သော စိတ်အခြေခံမှာမှ ကိုယ့်အတွက်သာမက သူမအတွက်ကိုပါ ကော်ဖီ

www.burmeseclassic.com

www.burmeseclassic.com



ပိုဖျော်ခဲ့ပေးခြင်းဖြင့် သူမကို ကော်ဖီတိုက်မိလိုက်ခြင်းမှာ ကိုယ်ကပဲ သူမကို ထူးဆန်းစွာ ခင်မင်နေမိလို့လား ဒါမှမဟုတ် သူမကပဲ ထူးဆန်းစွာ ခင်မင်ချင်စရာ ကောင်းနေသလားဆိုတာ မဝေခွဲနိုင်။ သေချာတာတစ်ခုကတော့ သူဖျော်ထားသော ကော်ဖီကို မက်မက်မောမောပင် သောက်နေပုံက အထူးပင် စိတ်ချမ်းသာစရာ ကောင်းသေးတော့... ။

"မနေ့ညက အောက် Souvenir (အမှတ်တရ) ပစ္စည်း အရောင်းဆိုင်တွေကို ရောက်တယ်ဆိုတော့ ဦးခန့်ထည်က အိမ်ပြန် မိုးချုပ်လို့လား... "

"အင်း... ဆိုပါတော့... "

"ဦးခန့်ထည်အိမ်က ဘယ်မှာလဲဟင်... ဟိုတယ်နဲ့ နီးလား"

ဟူသော အရိုးခံအမေးတစ်ခုမှာ သူမလေး ဘာမှ သိမထားပါလားဆိုတာ သိရပြီး သူ့ကို ကြည့်လာသော မျက်လုံးဝိုင်းလေးကို 'စ' လိုက်ချင်စိတ်ဖြင့် ပြန်ပြောလိုက်သည်။

"အင်း... ဟိုတယ်နဲ့ အနီးဆုံးပဲ... "

"ဒါဆို ဘယ်မှာလဲ ဟင်... "

"အင်း... တစ်နေ့ကျ ကြုံရင် ပြောပြမှာပေါ့... ကိုယ့်အိမ် ဘယ်မှာ ရှိသလဲ ဆိုတာ... "

ဟု ပြောလိုက်သည့်အချိန်မှာ မျက်ဝန်းလေးလက်ကာ သိချင်စိတ်ကို ထိန်းသိမ်းလိုက်ပုံနှင့် ထပ်စပ်စုလိုက်ရမှာ အားနာသွားပုံ၊ တစ်ဖက်ကလည်း ဒါလေးပြောရတာများ မပြော



နိုင်ဘူးလားဟူ၍ စူပွပွ ဖြစ်သွားပုံတို့ကို သူမ၏မျက်ဝန်းထဲမှာ အဓိအရ ဖတ်လိုက်နိုင်ကာ စိတ်ထဲ နောက်ကျိမကြည်မလင် ဖြစ်ခဲ့သမျှ အားလုံး ကင်းစင်ပပျောက်ပြီး ကြည်လင်လန်းဆန်းကာ ရယ်မောလိုက်ချင်သည်မှာ သူ့အတွက် ထူးဆန်းစရာပင် ကောင်းသေးတော့။

"အမေရေ... အမေ့သမီးအငယ်မကတော့ တကယ့်ကို စံပါပဲ... "

မေနှင်းဆီ ပြောသမျှကို နားထောင်ပြီး ခိုင်သဇင်က သဘောတကျ ရယ်ကာ မိခင်ဖြစ်သူကို လှမ်း၍ တိုင်တည်လိုက်သည်။

"ဟဲ့ သမီးလတ်နဲ့ သမီးငယ် ဘာတွေများ သဘောတကျ ဖြစ်နေကြတာလဲ... "

"နှင်းက ဖြစ်တာ မဟုတ်ပါဘူး မေမေရာ... မလေးက သူ့ဘာသာ သဘောတကျ ဖြစ်နေတာ... "

"ငါဖြစ်တာ ဆန်းသလား အငယ်မရဲ့... ကြည့်ပါဦး မေမေရယ်... ဦးခန့်ထည်က သူ့ကို ကော်ဖီဖျော်တိုက်တယ်တဲ့လေ... သဖြင့် ကြားဖူးပေါင်... ဆရာက တပည့်ကို ကော်ဖီဖျော်တိုက်ရတယ်လို့... "

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများ မဆန်းပါဘူး မလေးရဲ့... သူ့ဖာသာသူ ဖျော် တိုက်ချင်လို့ ဖျော်တိုက်တာပဲဥစ္စာ... နှင်းကလည်း သူ့ကို သောက်ချင်တယ်လို့ သွားပူဆာတာလည်း မဟုတ်... "

"အေး... အဲဒါကြောင့် ပြောတာပေါ့... စက္ကထရီဆိုတဲ့ တာဝန်ဝတ္တရားထဲမှာ ကိုယ့်ဆရာကို ကော်ဖီဖျော်ပေးရမယ် ဆိုတာ မပါပေမယ့် စက္ကထရီတိုင်းဟာ ကိုယ့်ဘော့စ်ကို အလိုက်တာသိ ကော်ဖီဖျော်ပေးရမှာ understood (နား လည်မှု) ပဲ... ဘာမှ ကပ်သပ်စရာအကြောင်း မရှိဘူး အခု ဦးခန့်ထည်က ညည်းကို ဖျော်ပေးတယ်ဆိုတာ ညည်း က တခြားသူတွေလို အလိုက်သိတတ်မှု မရှိတော့... သူက တမင်ရွဲ့ပြီး ဖျော်ပေးတာလည်း ဖြစ်ချင် ဖြစ်မယ်... မင်းက စက္ကထရီဖြစ်ပြီး ငါ့ကို ဖျော်မပေးချင်ပေမဲ့ ငါကပဲ မင်းကို ဖျော်ပေးပါတယ်ဆိုတဲ့ သဘောမျိုးပေါ့... "

မလေး၏အပြောမှာ သူမ မျက်လုံးလေး ငေးစိုက် သွားရ၏။ ဦးခန့်ထည် ဖျော်ပေးသော ကော်ဖီကို သောက်ရ[illegible] အချိန်အခါတုန်းက သူမက သူ့ကို ဖျော်မပေးရဘဲ သူက သူမ[illegible] ဖျော်ပေးခြင်းဟူသော ပြောင်းပြန်ဖြစ်ရပ်တစ်ခုမှာ မျက်နှာပူ အား[illegible] စွာ ရယ်ချင်မိတာသာ ရှိလျက် မလေးပြောသလို အတွေးမျိုး[illegible] လုံးဝ မဝင်ခဲ့တာ အမှန်။ တကယ်ပဲ ဦးခန့်ထည်က အဲဒီလို သ[illegible] မျိုးဖြင့် သူမကို ကော်ဖီဖျော်တိုက်ခဲ့တာလား။ ဒါဆိုရင်တော့ သူ[illegible] ၏အဖြစ်ဟာ ခေတ်တော်ကို ရှက်စရာ ကောင်းလိမ့်မည်။ အို[illegible]



ဘာလို့ ရှက်စရာကောင်းရမှာလဲကွယ်... ။ သူကလည်း ကော်ဖီ ဖျော်ပေးပါလို့ မတောင်းဆိုဖူးသလို သူမကလည်း မဖျော်ပေးချင် ပါဘူးဟု ငြင်းခဲ့တာမျိုးမှ မဟုတ်တာ။ ကိုယ်တစ်ပိုင်တစ်နိုင် ထလုပ် နိုင်တဲ့ အလုပ်မျိုးမို့ ကော်ဖီကို ကိုယ့်ဖာသာ ဖျော်၍ သောက်ရခြင်း မှာ ဦးခန့်ထည်အတွက် ခဲယဉ်းခြင်း မရှိသလို သူမကလည်း ကော့(စ်)ကွန်ထရိုလာ၏ စက္ကထရီပီပီ လုပ်ငန်းပိုင်းဆိုင်ရာမှာ ပြောနေစရာမလိုအောင် အလုပ်ကြွေး ကျန်ခြင်းမရှိစွာ လုပ်နိုင်ခဲ့ လျှင် သူမအတွက် တာဝန်ကျေပြီပဲပေါ့။ ကော်ဖီဖျော်ပေးခြင်း၊ မဖျော်ပေးခြင်းက သိပ်ပြီး အဓိက မကျလှပါဘူးဟု စိတ်ထဲမှ ဆင်ခြေကန်ကန်ဖြင့် ပြောနေမိ၏။

"အင်း... သမီးလတ်ပြောတဲ့ သဘောမျိုးဖြစ်နေမယ်ဆိုရင် တော့ ဒီလိုဖြစ်ရတာ ဘယ်ကောင်းမလဲ သမီးငယ်... "

ဒေါ်ခင်ကြည်က သမီးငယ်၏ ခပ်တွေတွေမျက်နှာ ကို ကြည့်ပြီး ကြားမှ ဝင်ပြောမိ၏။

"ဟာ မေကလည်း... အဲဒီသဘောမျိုး မဖြစ်နိုင်ပါဘူး... သမီးကို ဦးခန့်ထည် ကော်ဖီဖျော်တိုက်တဲ့အချိန်မှာ သူ့ ပုံစံက လုံးဝအေးဆေးပဲ... ဘာမှ သမီးကို လှောင်ရိပ်တွေ၊ သရော်ရိပ်တွေ၊ အရွဲ့တိုက်ပြီး လုပ်ပြတဲ့ပုံစံမျိုး လုံးဝ မပါ ဘူး... အဲဒါကိုတော့ သမီး သေသေချာချာ သိတယ်... ဒါပေမယ့် သူ့စိတ်ထဲကတော့ မလေးပြောသလို စိတ်တွေးနေရ ပြီး... မျက်နှာပြင်က မပေါ်လွင်အောင် ထိန်းသိမ်းထားတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ တစ်မျိုးပေါ့လေ… ဒါဆိုရင်လည်း သမီး ဂရုမစိုက်ပါဘူး… ဒါက လုပ်ငန်းနဲ့ ပတ်သက်တဲ့ ချို့ယွင်းချက်မှ မဟုတ်တာ… ”

“တွေ့လား မေ… မေ့သမီးက လုံးဝကို မလျှော့ဘူးဆိုတဲ့ အစားထဲကပဲ… သက သူ့ကို အကောင်းစေတနာနဲ့ သူတွေးတတ်မြင်တတ်အောင် ပြောပြနေတဲ့ဥစ္စာ… ”

“မလေးက အဲဒီကော်ဖီဖျော်မပေးတာကိုပဲ ပြဿနာ လုပ်နေတာကိုး… လုပ်ငန်းကိစ္စနဲ့ ပတ်သက်တဲ့အရာတွေမှာ နှင်းတာဝန်မကျေရင် မလေးကြိုက်သလို ပြောလို့ရတယ်… ကြိုက်သလို သင်ပေးလို့ရတယ်… ဒီကော်ဖီကိစ္စကိုတော့ လာမပြောနဲ့… မဖျော်ပေးဘူးဆို မဖျော်ပေးဘူးပဲ… ”

ကိုယ့်စိတ်ထဲမှာ ရှိနေတာကို ပြောချင်တာ ရအောင် ပြောခဲ့ပြီး ထိုင်ရာမှထကာ မေနှင်းဆီ အိပ်ခန်းထဲ ဝင်ခဲ့တော့၏။ တစ်ရှုတ်ထိုးနိုင်ကာ ခေါင်းမာလှသော ညီမငယ်ကို ကြည့်ပြီး ခိုင်သဇင်မှာ မေမေ့ထံ ပြုံးရင်းနှင့် ခေါင်းရမ်းပြလိုက်မိသည်။

“ကဲပါ သမီးရယ်… သူ မဖျော်ပေးဘူးဆိုလည်း မဖျော်ပေးနဲ့ပေါ့… သူ မလုပ်ချင်တဲ့အလုပ်ကို ဘယ်သူနိုင်းနိုင်း သူလုပ်မှာ မဟုတ်ဘူး… သမီးညီမအကြောင်း သမီး သိတယ် မဟုတ်လား… ”

“မဟုတ်ပါဘူး မေရယ်… သမီးက သူ့ကိုလူကြီးနဲ့ ပြေလည်ပြီး အလိုက်သိတတ်တဲ့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ဖြစ်



စေချင်တာပါ… ဖားတယ် မဟုတ်ပေမဲ့လည်း ကိုယ်က အလိုက်တသိလေးတွေ မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး လုပ်ပေးနေရင် လူကြီးက သဘောကျတာပေါ့… သူ့အတွက်လည်း အမှတ်ပိုရစရာ ဖြစ်တာပေါ့… ယဉ်ကျေးမှုလည်း ရှိတယ်ပေါ့… ”

ဒေါ်ခင်ကြည်က သမီးလတ်ဖြစ်သူ ခိုင်သဇင်၏ သူ့ညီမအပေါ် ဖြစ်စေချင်စိတ် စေတနာတစ်ခုကို သဘောပေါက်နားလည်စွာ ခေါင်းညိတ်နားထောင်ဖြစ်သည်။

“နောက်ပြီး သူတို့က သတို့ရုံးကလိုပဲ ဘော့(စ်)နဲ့ စက္ကထရီက တစ်ခန်းဆီနေရတာ မဟုတ်ဘူး… သကမှ မလုပ်ပေးချင်ရင် မသိချင်ယောင်ဆောင်နေလို့ ရသေးတယ်… မစ္စတာ တိုမိုနဲ့က တစ်ခန်းဆီ သပ်သပ် နေရတာကိုး… အခု မေ့သမီးက သူ့ဆရာနဲ့ တစ်ခန်းတည်း အတူနေရတာ သူ အလိုက်တသိလေးတွေ လုပ်ပေးနေတော့ ဘာဖြစ်မှာမို့လဲ အသက်ကြီးကြီး၊ ငယ်ငယ်၊ နိုင်ငံခြားသားဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ် ကိုယ့်ကို အလေးတထားနဲ့ ဂရုတစိုက် လုပ်ပေးရင် ကျေးဇူးတင်ကျေနပ်နေကြတာပဲလေ… ခေါ်တော့လည်း ဆရာလုပ်တဲ့သူကို ဦးခန့်ထည်တဲ့… မေ့သမီးက ဘယ်လိုလေးမှန်း မသိပါဘူး… ”

“အေးလေ… သူကလည်း ဒီကော်ဖီဖျော်ပေးဖို့အတွက်ကို စိတ်ထဲမှာ ဘာအလှာ့ဂျီဖြစ်နေသလဲမှ မသိတာ… ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ သမီးရယ်… သူ့ဘာသာ ပြေလည်နေရင် အလုပ်လုပ်ရတာ အဆင်ပြေနေရင် ပြီးတာပဲ… သမီးလည်း ခေါင်းထဲ မထားနဲ့… ”

ဒေါ်ခင်ကြည်က ခိုင်သဇင်ကို ပြေရာပြေကြောင်း ပြောပြီး သမီးငယ်၏အိပ်ခန်းရှိရာဆီသို့ လှမ်းကြည့်လိုက်၏။ သူမက သားသမီးရတာ ကံကောင်းပါသည်။ သားကြီးကော သမီးနှစ်ယောက်ပါ ကိုယ့်အသိစိတ်နှင့်ကိုယ် လိမ္မာခဲ့ကြတာချည်း။ မလိုအပ်ဖူးဆိုပေမယ့်လည်း ကိုယ့်တာဝန်နှင့်ကို မိဘကို လုပ်ကျွေးချင်သည့်စိတ်က ဆန္ဒတူညီစွာ သုံးယောက်စလုံးမှာ ရှိကြသည်။ ဒေါ်ခင်ကြည့်အနေနှင့်ကတော့ သူမတို့လင်မယား စုထားဆောင်းထားခဲ့သော ပစ္စည်းဥစ္စာနှင့် ငွေကြေးရယ်၊ အိမ်ထောင်တစ်စုကို တင်ကျွေးထားနိုင်ဖို့ ဖူလုံသည့်အပြင် စုဆောင်းဖို့ရာပါ ရရှိခဲ့သော သူမ၏ဆိုင်မှ ဝင်ငွေနှင့် အချမ်းသာကြီးမဟုတ်တောင် ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားနှင့် လူ့အဆင့်အတန်းမီမီ နေနိုင်ခဲ့သော်လည်း သူတို့ဖာသာသူတို့ အလိုက်သိစွာပင် လကုန်လျှင် စာအိတ်ကလေးတွေ ကိုယ်စီဖြင့် သူတို့လစာကို ကန့်တော့လာခဲ့သော သားသမီးသုံးယောက်၏ ကန်တော့ငွေအား သူတို့တွေ စိတ်ချမ်းသာအောင် ယူထားခဲ့သည်ကလွဲလျှင် တစ်ပြားတစ်ချပ်မှ မသုံးစွဲခဲ့။ ဘဏ်မှာ သုံးယောက်နာမည်နှင့် စာအုပ်ခွဲဖွင့်ကာ စုဆောင်းပေးခဲ့သည်။ အချိန်တန်လို့ အဖော်ရှာတွေ့ကာ သူတို့အိမ် သူတို့ယာအဖြစ် သူမ ရင်ခွင်ထဲမှ ခွဲထွက်သွားလျှင် အဆင်သင့်ဖြစ်နိုင်အောင် ကြိုတင်ပြင်ဆင်



ဆွေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ မိဘကို လုပ်ကျွေးကျွေးမွေးဆပ်ချင်သော ဆန္ဒများ တက်ညီလက်ညီဖြစ်ခဲ့သော သားသမီးသုံးယောက်မှာ သားကြီးနှင့်သမီးလတ်ကတော့ လူကြီးစိတ်ကိုယ်စီဖြင့် လိမ္မာပါးနပ်ကာ သူတို့၏လုပ်ငန်းခွင်မှာ အဆင်ပြေပြေ ဖြစ်ခဲ့တာ သူမ စိတ်ချမ်းသာရသည်။

သူမ စိတ်မချရသည်မှာ သမီးငယ်ကိုပင် သမီးငယ်သည် မလိမ္မာသော ဆိုးသွမ်းသော မိန်းကလေး မဟုတ်ပေမဲ့ ယောက်မခံ ဆတ်ဆတ်ကြဲကာ စိတ်မြန်လက်မြန်နှင့် ထာဝစဉ် ဆန္ဒစောခဲ့သူတည်း။ စိတ်ထဲ ခံစားရလျှင် မြိုမထားတတ်သော ယောခံ့ ဒိုင်းခနဲ ပြောချတတ်သော အကျင့်က ရိုးသားဖြူစင်သော သူ၏စိတ်ကို မီးမောင်းထိုးပြသလို ဖြစ်တာ မှန်ပေမဲ့ သူ့အစ်ကို နှင့်အစ်မလို အလိမ္မာသုံးကာ ပြောဆိုတတ်ခြင်းနှင့် လူမှုဆက်ဆံရေး ကျွမ်းကျင်မှုကြောင့် သမီးငယ် အလုပ်လုပ်လျှင် လုပ်ငန်းခွင်မှာ အဆင်ပြေပါ့မလား သူစိမ်းတာရုံများနှင့် ပေါင်းတတ်သင်းတတ်ပါ့မလား ဟူသော ပူပန်စိတ်တစ်ခုက ရှိနေခဲ့သည်။

သမီးငယ်၏လိုအင်ဆန္ဒ ပြည့်ဝခဲ့သည်ဆိုရမှာပင် သူ ဆန္ဒကြီးစွာ လုပ်ချင်ခဲ့သော အလုပ်ကို ရရှိခဲ့သည့်အခါမှာတော့ သမီးငယ်က သိတတ်စိတ်လေးတစ်ခုနှင့် မိမိနှင့် သူ့အစ်ကိုအစ်မတို့ကို ပြန်လည်ကျွေးမွေးဆပ်ခွင့်ရသည့်အရေးမှာ အပျော်ကြီး ပျော်နေခဲ့ပေမယ့် သူမကတော့ လုံးဝဥဿုံ စိတ်မချမ်းသာနိုင်အား။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာအဆင့်မီဟိုတယ်၏ အရာရှိများထဲမှ အရာရှိတစ်ယောက်၏ အတွင်းရေးမှူးဟူသော ရာထူးဖြင့် လုပ်ငန်းခွင် ဝင်ရမည်ဟု သိရသောအခါ... ဆရာနှင့် တစ်ခန်းတည်း၌ စားပွဲ သာ ခြားကာ အလုပ်လုပ်ရမည်ကို သိရသောအခါ... သမီးငယ်၏ ဆရာက အသက်သိပ်မကြီးသေးသော အလွန်ဆုံးရှိမှ သမီးငယ် ထက် ခြောက်နှစ်ကြီးသူ သားကြီးတို့အရွယ်လောက်သာပဲ ရှိသေး သည်ဆိုတာ သိရသောအခါ...အိမ်ထောင်မရှိသော လူပျိုတစ် ယောက်ဖြစ်နေသည်ကို သိရသောအခါ... စသဖြင့်သော သိရခြင်း မျိုးစုံဖြင့် အရွယ်ရောက်သော်လည်း ကလေးစိတ်မကုန်ချင်သေး သောသမီးပျိုတစ်ယောက်၏ မိခင်ဖြစ်သူပီပီ ဘာကိုပူမှန်း မသိသော စိတ်က သူမရင်ကိုရတက်မအေးနိုင် ဖြစ်ခဲ့ရသည်။

ဒါကို သိသော သမီးလတ်က သူ့ဘာသာသူ အလိုက်တသိပင် လမ်းကြောင်းခြင်းတူကာ လုပ်ငန်းခြင်း သိပ်မကွာ ခြားသော သူ၏လုပ်ငန်းနှင့် စပ်ဆက်ကာ သမီးငယ်တို့ ဟိုတယ် အကြောင်းကို စုံစမ်းနိုင်ကာ တစ်ပါတည်းမှာလည်း သမီးငယ်၏ ဆရာဖြစ်သူ ဦးခန့်ထည်ဆိုသော လူ၏အကြောင်းကို စုံစမ်းနိုင်ခဲ့ ၏။ ဒေါ်ခင်ကြည်တို့မိသားစု၏အဓိကထား တန်ဖိုးထားခဲ့သည့် အရာမှာ "ငွေကြေးဥစ္စာ စည်းစိမ်ကြွယ်ဝချမ်းသာတာမျိုး" မဟုတ် ဘဲ အကျင့်စာရိတ္တပိုင်းဆိုင်ရာကိုသာ အထူးပြုခဲ့သည့်အရာဖြစ် သည့်အတွက် သမီးလတ် စုံစမ်းခဲ့သော ဦးခန့်ထည်၏ စာရိတ္တ ပိုင်းဆိုင်ရာများကတော့ သူမရင်ကို ရတက်အေးအောင် သမီးငယ်



ကို စိတ်လက်တချဖြင့် အလုပ်လုပ်ဖို့ ခွင့်ပြုပေးနိုင်လောက်အောင် စိတ်တိုင်းကျ ယုံကြည်နိုင်စရာ ဖြစ်ခဲ့သည်။

ထို့အပြင် မနက်မိုးလင်း ဟိုတယ်သို့ ထွက်သွား ချိန်မှစ၍ ညနေဟိုတယ်မှ ပြန်လာသည့်အချိန်အထိ ဖြစ်ပျက်ခဲ့ သော တစ်နေ့တာအဖြစ်အပျက်များကို အိတ်သွန်ဖာမှောက် ပြောပြ တတ်သော သမီးငယ်၏စကားတွေကို သူ့အလိုကျ နားထောင်ပေး ရင်းမှ ထိုစကားတွေထဲမှာ ပါသော ဦးခန့်ထည်အကြောင်း တစ်ခု တလေကို ကြားရသည့်အခါ ဒေါ်ခင်ကြည့်အနေဖြင့် ပို၍ စိတ်ချ လက်ချ ဖြစ်ခဲ့တော့သည်။ သမီးငယ်၏ဆရာသည် သမီးငယ်၏ မိခင်ကို ရင်ပူအောင် လုပ်မည့်သူမဟုတ်ဆိုတာကို လုံးဝယုံကြည် လိုက်ခြင်း ဖြစ်၏။

မလေးနှင့် မေမေပြောသည့်စကားကို နားထောင် ပြီး အိပ်ခန်းထဲတွင် ခုတင်ထက်၌ မှောက်လျက် အိပ်ကာ နှုတ်ခမ်း စူမိသူမှာ မေနှင်းဆီပင်။ အဲဒီမလေးက ကော်ဖီမဖျော်ပေးတာကိုပဲ ဦးကာချဲ့ပြီး သူမျှားကို အပြစ်ပြောနေတာ... ။ သူမကလည်း "ဆရာ ကို ကော်ဖီဖျော်ပေးခွင့်ရဖို့အရေးကိုပဲ စောင့်နေတာ... "ဟူသော ထူးပြောပြသည့် ဦးခန့်ထည်နှင့် သိဂီ၏ ရာဇဝင်ကို သိလိုက်ရပြီး ကတည်းက သူမ၏အလှည့်မှာတော့ ထိုသို့ လုံးဝမဖြစ်စေရဟု သော စိတ်က ခိုင်မာစွာ ရှိနေခဲ့တာမို့ ဦးခန့်ထည်ကို လုံးဝ ကော်ဖီ ဖျော်မပေးတာ။

တကယ်ဆို သူမသည် ကိုယ်တိုင်က ကော်ဖီကို

www.burmeseclassic.com



ကြိုက်နှစ်သက်သူပီပီ ကော်ဖီဖျော်ရာမှာလည်း အထူးပင် ကျွမ်းကျင်သေးတော့။ သူမ ဖျော်သော ကော်ဖီကို သောက်ဖူးသူတိုင်း နောက်တစ်ခွက်သောက်ချင်စိတ် ဖြစ်ကြသူများပင်တည်း။ သူစိမ်း၊သူကျက်မရွေး တိုက်ဆိုင်လျှင် သူမလက်ရာကော်ဖီကို ဖျော်တိုက်ဖို့ ဝန်မလေးတတ်သူ မေနှင်းဆီဟာ ထူးဆန်းစွာ ဦးခန့်ထည် ဆိုသော လူတစ်ဦးကိုဖြင့် ကော်ဖီဖျော်ပေးဖို့ ဝန်လေးခဲ့ခြင်းမှာ ဦးခန့်ထည် ၏ ဆိုးဝါးလှသော ကံကြမ္မာကြောင့်ပဲ... ဖြစ်မည်ဟု စိတ်ပေါက်ပေါက်ဖြင့် တွေးမိပြီး ကိုယ့်အတွေးကို သဘောတကျဖြင့် မအောင့်နိုင်စွာ တစ်ခစ်ခစ်ဖြင့် ပါးစပ်မှ ဖွင့်ထုတ်ရယ်လိုက်မိသည်။

"ဟဲ့ အငယ်မ... တစ်ယောက်တည်း ရယ်နေတာ စိတ်မှ ကောင်းသေးရဲ့လား... "

ထိုစဉ်မှာပဲ အခန်းထဲသို့ မလေးက ဝင်လာကာ သူမ ရယ်နေတာကို တွေ့ပြီး ပြောလေသည်။

"ဩော်... ရွှေသခင်မလေး မေနှင်းဆီရဲ့ကော်ဖီဖျော်ပေးခြင်းကို မခံရရှာသော ဦးခန့်ထည်ရဲ့ ကုသိုလ်ကံကြမ္မာဆိုးဝါးလှပုံကို တွေးပြီး ရယ်မိတာပါ... "

"တယ်... ဒီကောင်မလေး အရူးမဟုတ် အကောင်းမဟုတ် ဟိုမှာ ရန်မင်းဆီက ဖုန်းလာနေတယ်... "

"ဟယ်... ဟုတ်လား... "

ခုတင်ထက်မှ ဝုန်းခနဲ ဆင်းကာ သူမကို တွန်း



တိုက်၍ အပြင်ဖက်ထွက်သွားသော ညီမငယ်ကို ကြည့်ပြီး နိုင်သခင်မှာ အပြုံးဖြင့် ခေါင်းခါလိုက်မိပါတော့သည်။

"ဟော့ ဒီနေ့တော့ နင်တို့စားသမျှဟာ ငါရှင်းမယ်နော်... "

"အေးပါ... နင်ပဲ ရှင်းရမှာပါ... ငါတို့စကတည်းက နင့်ကို ညှဉ်းဖို့ အစီအစဉ်နဲ့ စုခဲ့တာပဲ... "

"ဩော်... ဟော်... စကတည်း ရည်ရွယ်ချက်ကြီးတွေနဲ့ လာကြတာပေါ့လေ... ကျွေးချင်တဲ့စိတ်ကလေးတောင် ဘယ်ရောက်သွားမှန်းမသိ... "

"ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ စားဦးမှာ... "

"အရေးထဲမှ... ဒီခေါ်ပိုက်က တစ်မျောင့်... "

စားပွဲမှာ ထိုင်လိုက်သည်နှင့် ဆူညံသွားသော မေနှင်းဆီတို့အုပ်စုအသံက ကျောင်းတုန်းက ပုံစံအတိုင်းပင်။

"အောင်မယ်လေးလေး... ငါ့ရဲ့ပိုက်ဆံလေးတွေတော့ ဒီကျေးစူးရှင်တွေရဲ့လက်ချက်နဲ့ တက်တက်ပြောင်မှာမြင် ယောင်သေး... "

မေနှင်းဆီက မျက်ခုံးပင့် ပခုံးစုံတွန့်ကာ ပြောသည်ကို ရတနာက...

"ငါတို့အဖွဲ့ထဲမှာ ပထမဆုံးအလုပ်ရတဲ့ နင့်ကို ဂုဏ်ပြုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ ညှင်းမှာ နှင်းရဲ့... နှင်က လာပြီး ကပ်စီးကုတ်မနေနဲ့... ကိုယ်ပိုင်ဝင်ငွေ ပထမဆုံးရထားတဲ့သူအဖြစ် ကိုယ့်ကိုကိုယ် ဂုဏ်တင်လိုက်ပါဦး... ”

“အောင်မယ်... ခေါ်ဗိုက်... ညည်းက ကျုပ်ကို ပြောတယ် ကျုပ်လိုပဲ ကိုယ်ပိုင်ဝင်ငွေရအောင် အတူတူ အလုပ်ရှာရအောင် ဆိုတော့ တော်ပါပြီ... ယောကျ်ားလုပ်စာကလေးကိုပဲ သက်တောင့်သက်သာနဲ့ ထိုင်စားတော့မယ်ဆိုတာ ဘယ်သူလဲ... နောက်ဘယ်လိုမှ ဆွဲခေါ်လို့ မရအောင် ဒီဗိုက်ကြီးကို ဆူထွက်လာအောင် လုပ်တာ ဘယ်သူလဲ ပြောအခုမှ ကျုပ်ကို လာမခနဲ့မနေနဲ့... ဟင်း... ”

မေနှင်းဆီ၏အပြောမှာ ဗိုက်ဖုံးအင်္ကျီပန်းရောင်လေး ဝတ်ထားသော ရတနာက အင်္ကျီနှင့်အပြိုင် မျက်နှာမှာ ပန်းနုရောင် သန်းသွားပြီး မေနှင်းဆီ၏လက်မောင်းကို ဖျတ်ခနဲ ရိုက်ကာ သူမ၏ ဆူပုံ့ပုံ့ဗိုက်ကို ညင်သာစွာ ပွတ်လေသည်။

“ကဲ ကဲ... ငါပဲ မှာလိုက်ရမလား... နှင်တို့ကော ဘာစားမှာလဲ... ”

“ရတယ်... ကြိုက်ရာသာမှာ... ဒါပေမဲ့ ရတနာ့ကို မေးဦးနော်... သူက မတည့်တာတို့ စားလို့မရတာတို့ ရှိနေဦးမယ်... ”

“ရတယ် ရတယ်... ငါ အကုန်လုံးနဲ့ တည့်တယ်... စားလို့လည်း ရတယ်... ကျော်ထိုက် နှင်ကြိုက်တာသာ မှာလိုက်”



“အေး... ငါသိပါတယ်... နှင်က နှင်အရသာရှိရှိ စားရဖို့အတွက်ဆို နှင့်ဗိုက်ထဲက ကလေးကိုတောင် မညှာမှာ... ”

“အောင်မယ်... ကျော်ထိုက်နော်... ”

“မလုပ်နဲ့ ရတနာ... နှင် အစားသောင်းကျန်းတာ ငါတို့ ကိုယ်တွေ့... ကိုယ်တွေ့... ”

ရန်မင်းကပါ ဝင်စတာမို့ ရတနာ ရှုမှုပ်မှုန်နှင့် တဟဲဟဲ ယ်လေသည်။

“ဘာဖြစ်လို့ နှင့်ယောကျ်ားကိုပါ ခေါ်မလာရတာလဲ ရတနာ သူ့ကို ခေါ်လာခဲ့ဖို့ ပြောထားတဲ့ဥစ္စာ... ”

“အံမယ်လေး မလိုက်ပါဘူးအေ... ငါတို့အုပ်စုနဲ့ဆိုရင် သူက ဘေးရောက်သွားတယ်ဆိုတာ သူ့ဟာသာ သူသိပြီးသား ငါခေါ်စရာမလိုအောင်ကို အစောကြီးကတည်းက ပွဲရုံ ထွက်သွားတာ... အဲဒီတော့ ငါလည်း အားနာပါးနာနဲ့ ခေါ်စရာ မလိုတော့ဘူးပေါ့... ”

“ဩော်... ယော် တော်တော်လိမ္မာပြီး ချစ်ဖို့ကောင်းတဲ့ နေးကလေးပဲ... ”

မေနှင်းဆီ၏ ကောင်းချီးပြဘာဝေးမှုမှာ ရတနာက ကလေး ပုဂ္ဂ တဟက်ဟက်နှင့် ရယ်လေသည်။

တက္ကသိုလ်တုန်းက တွဲခဲ့သော သူငယ်ချင်း ငါး က်အုပ်စုမှာ မေနှင်းဆီနှင့် ရတနာက စတိတ်ကျောင်းကတည်း သူငယ်ချင်း ဖြစ်ပြီး ကျော်ထိုက်၊ ရန်မင်းနှင့် အောင်မင်းညို

www.burmeseclassic.com



ဂ္ဂာ တက္ကသိုလ်ရောက်မှ ခင်ခဲ့သော သူငယ်ချင်းများ ဖြစ်သည်။ တက္ကသိုလ်ရောက်မှ ခင်ကာ တွဲဖြစ်ကြပေမဲ့ တကယ့်ငယ်ပေါင်း တွေလို သူတို့အုပ်စုက ခင်ခင်မင်မင်နှင့် ပျော်စရာ ကောင်းခဲ့၏။

ဒုတိယနှစ်ရောက်သည့်အခါမှာတော့ ရတနာ သူချစ်သူနှင့် လက်ထပ်လိုက်ကာ အိမ်ထောင်သည်တို့၏ ထုံး အတိုင်း ကျောင်းကို တက်တစ်ရက်၊ မတက်တစ်ရက်နှင့် ဖြစ်ခဲ့တာ မို့ ရန်မင်းတို့ သုံးယောက်သည်သာ မေနှင်းဆီအတွက် တိုးတိုး သူငယ်ချင်း ဖြစ်ခဲ့ရ၏။ ရန်မင်းတို့ကလည်း ရတနာကလွဲလျှင် တခြားမိန်းကလေးသူငယ်ချင်း ဘယ်သူမှမရှိသော မေနှင်းဆီ အဖော်လုပ်ပေးကာ ဂရုတစိုက် ရှိခဲ့ခြင်းဖြင့် ကောင်းခဲ့ကြပါသည်။

မေနှင်းဆီတို့ လေးယောက်ကောင်းမှုနှင့် ပရ တီကယ်(လ်)အချိန်ပြည့်နှင့် ကျူတိုရီယမ် တစ်ခါမှ မလွတ်ခဲ့ သော ရတနာမှာ နောက်ဆုံးနှစ်စာမေးပွဲကိုလည်း မေနှင်းဆီတို့ ကောင်းမှုဖြင့် လွတ်လွတ်ကျွတ်ကျွတ် ဖြေနိုင်ခဲ့သည်။ ကျောင်းပြီး အလုပ်ရှာသည့်အခါ ယောကျ်ားလေးသုံးယောက်မှာ ကျော်ထို က နိုင်ငံခြားသင်္ဘောတက်ချင်ပြီး ရန်မင်းနှင့် အောင်မင်းညို နိုင်ငံခြားထွက်ကာ အလုပ်လုပ်မည်ဟု ရည်ရွယ်ထားသဖြင့် သူ သွားလျှင် အထောက်အကူပြုနိုင်စရာ သင်တန်းအသီးသီး တက်နေကြသည့်အချိန်မှာ အဖော်မရှိတော့သော မေနှင်းဆီ ရတနာအား သူမနှင့်အတူ အလုပ်လျှောက်ရန် ဆွယ်ပါသေးသည် ဘုရင့်နောင်၌ ပွဲရုံရှိသော ယောကျ်ား၏ စီးပွားအားကိုးဖြင့် ရတ



တ မေနှင်းဆီ၏ ဆွယ်ခြင်းကို ခါးခါးသီးသီး ငြင်းကာ ထိုစဉ်မှ စ၍ ကလေးယူလိုက်သည်မှာ အခုလို ငါးလတောင် ရောက်နေ ပြီ ဖြစ်သည်။

ကျောင်းပြီးကတည်းက ရတနာကလည်း သူ့အိမ် ထောင်နဲ့သူ၊ ယောကျ်ားလေးတွေကလည်း သူတို့သင်တန်းနှင့် သူ တို့ အလုပ်ရှုပ်နေပြီး မေနှင်းဆီကလည်း အလုပ်ဝင်ခဲ့တာမို့ တကွဲ တပြားစီ ဖြစ်ခဲ့ရသော သူငယ်ချင်းအုပ်စုမှာ အခုတော့ တကူးတက ကို စီစဉ်ခြင်းမျိုးဖြင့် မေနှင်းဆီ အလုပ်နားရက်ဖြစ်သော တနင်္ဂနွေ နေ့မှာ စုဆုံဖြစ်ကြခြင်း ဖြစ်၏။

“ဟဲ့... ဘာမှရွေးမနေနဲ့ အောင်မင်းညို... အသားစုံ ငါး ယောက်စာလို့သာ ပြောလိုက်ဟာ... ဒီမိန်းမ စားလို့ရတယ် ဆိုလည်း ပြီးတာပဲ... ”

သူမတို့ စုဆုံသည့်နေရာက ယုဇနပလာဇာ၏ ဟော့ပေါ့ဆိုင်မှာမို့ မေနှင်းဆီက မန်ချူးကြည့်ကာ ရွေးချယ်နေသော အောင်မင်းညိုကို ပြောလိုက်သည်။ အောင်မင်းညိုက မေနှင်းဆီ အားကို ခေါင်းညိတ်လက်ခံပြီး စားပွဲထိုးထံ ကြည့်ကာ “ညီလေး အစုံသာချကွာ... ” ဟု ပြောလိုက်၏။

“နင့်ဗိုက်ကို အိုကျဲအပ်ပြီးပြီလား ရတနာ... ”

မေနှင်းဆီက ဆူပုံ့ပုံ့ ထွက်နေသော ရတနာဗိုက် ကို ကြည့်ကာ မေး၏။

“အေး... အပ်ပြီးပြီ... ”

www.burmeseclassic.com

www.burmeseclassic.com



"နင် အာ(လ်)ထရာဆောင်း မရိုက်နဲ့နော်... ဘာလေးမွေး မလဲဆိုတာ ဆာ့ပရိုက်(စ်)အနေနဲ့ မွေးတော့မှ သိရအောင် လို့... "

"အေး... ငါ့ကို ကိုမိုးကလည်း ပြောတယ်... အာ(လ်)ထရာ ဆောင်း မရိုက်ချင်ဘူးတဲ့... မွေးတဲ့အချိန်ကျမှ ဘာလေး ဆိုတာ သိရတာဟာ အကောင်းဆုံးပဲတဲ့... စိတ်ဝင်စားပြီး ရင်ခုန်စရာလည်း ကောင်းတယ်တဲ့... ငါကတော့ အခု ကတည်းက ဘာလေးလဲဆိုတာ သိချင်လို့ ရိုက်ကြည့် ချင်တာ... "

"နင်ကလေ စပ်စုစရာ မရှိ... ကိုယ့်ဗိုက်ထဲက ကလေးကို ဘာလဲဆိုတာတောင် ကြိုသိချင်ပြီး ကြံဖန်စပ်စုချင်နေတာ"

"ဟဲ့ ဒါကတော့ စပ်စုချင်တာပေါ့ဟဲ့... "

"ကဲ ကဲ... နေစမ်းပါဦးဟာ... နင်တို့နှစ်ယောက်ကလည်း တွေ့လိုက်တာနဲ့ တကျက်ကျက်နဲ့... ငါ မေးစမ်းပါရစေ ဦး... နင် အလုပ်လုပ်ရတာ အဆင်ပြေလား နှင်း... "

ကျော်ထိုက်က ကြားဖြတ်ဝင်ပြောမှပင် မေနှင်းဆီ နှင့် ရတနာခေါင်းသည်လည်း ခွာကာ မေနှင်းဆီအကြည့်က ကျော် ထိုက်ထံ ရောက်၏။ ကျော်ထိုက်အမေးကို ခေါင်းညိတ်ကြရင်း ပြန်ဖြေဖြစ်သည်။

"အေး... ပြေပါတယ်... "

"နင်က အခု ကော့(စ်)ကွန်ထရိုလာရဲ့ စက္ကူထရီနော်... နင့်



စက္ကူတေးရိုးယယ်(လ်)ကို(စ်)တွေ ဘာတွေ မတက်ဖူးဘဲနဲ့ အခုလို ရှိုင်ရယ်ရောင်းဟိုတယ်မှာ ကွန်ထရိုလာရဲ့စက္ကူ ထရီ ဖြစ်တာ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူးဟ... "

"ကဲ မောင်လေး အောင်မင်းညို... အခု ယုံပြီ မဟုတ်လား မမရဲ့ကုသိုလ်ကံကို... "

ကိုယ့်ကိုကိုယ် လက်မထိုးကာ ပြောလိုက်သော မေနှင်းဆီ၏ ဓမြာက်ကြွကြွ စကားကြောင့် အောင်မင်းညိုက သူ့နှုတ်ခမ်းများ သူဆလုရိုက်ကာ "မှားပါတယ်" ဟု ပြောလေသည်။

"နင့်ဘော့(စ်)က မြန်မာလား... နိုင်ငံခြားသားလား... "

"မြန်မာ... ဒါပေမယ့် နိုင်ငံခြားကလာတဲ့ ဟိုနိုင်ငံမှာပဲ နေ တဲ့ ဩစတြေးလျရုံးချုပ်က ခန့်ထားတဲ့ မြန်မာ... "

"ဪ... ဒါဆို ဟိုမှာပဲ နှစ်တွေ အကြာကြီးနေခဲ့တဲ့ မြန်မာ ဖြစ်မှာပေါ့နော်... "

"အင်း... ဟုတ်မယ် ထင်တယ်... "

"မြန်မာလိုကော ကောင်းကောင်းပြောနိုင်ရဲ့လား... "

"ဟိုတယ်မှာရှိတဲ့ မြန်မာလူမျိုးအားလုံးကိုတော့ မြန်မာလို ပြောတာပဲ... ဒါ ကောင်းကောင်း ပြောနိုင်တာလား... မပြော နိုင်တာလားဆိုတာ ငါလည်း မပြောတတ်ဘူး... "

"ကြည့်... နှင်း နင်ဟာလေ စကားကို ကပ်သီးကပ်ဖဲ့"

ရတနာက မေနှင်းဆီ လက်မောင်းကို ဆွဲတ်ခနဲ ဆိတ်ကာ ပြောတာမို့ နာသွားသော လက်ကို ပွတ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီနေ့အဖို့ ငါ့လက်မောင်းပုပ်ဖို့ရာပဲ ရှိတော့မယ်"

ဟု ရတနာ့ကို မျက်စောင်းထိုးကာ ပြောဖြစ်သည်။

"အေး... နင် အဆင်ပြေတယ်ဆိုလည်း ပြီးတာပဲလေ... ငါက နင့်စက္ကူစားရီးယယ်(လ်)ကို(စ်)တွေ ဘာတွေ မတက်ထားတော့ အဆင်ပြေပါ့မလားဆိုပြီး စိတ်ပူနေတာ... "

"ဒါတွေက အေးဆေးပါ... ဦးခန့်ထည်က သိပ်ယော့(တ်)တဲ့ လူမျိုး မဟုတ်ဘူးဟ... စလိုအန်စတယ်ဒီပဲ... အင်း မနေ့ကအထိ ပြောရရင်တော့ အဆင်ပြေတယ်ပေါ့... "

"ဦးခန့်ထည်တဲ့လား နာမည်က အဖျံစားပဲနော်... "

"အေး... လူကလည်း အပျံစားပဲ ရတနာရဲ့... တွေ့လိုက်ရင်ကို သင်းပျံ့လတ်ဆတ်၊ သန့်ရှင်းသပ်ရပ်၊ ချောမောကျော့ကော့... နေတာပါပဲလားဆိုပြီး ဖွင့်ထုတ်ချီးကျူးရမယ့်အစားထဲက... "

"ဟဲ့ အဲဒီလောက်တောင်ပဲလား... "

"လိုတောင် လိုနေသေးတယ်... "

"အသက်ကြီးပြီလား နင်း... "

ရတနာ့အမေးကို ရန်မင်းကလည်း စိတ်ဝင်စားကာ ယောပေါ့အိုးထဲ အသီးအနှံတွေ ထည့်နေရင်းမှ မေနင်းဆီထံ ကြည့်သည်။

"ကိုကြီးတို့လောက်ပေါ့... ငါ့ထက် အလွန်ဆုံးကြီး ငါးခြောက်၊ တစ်ဆယ်ပေါ့ဟာ... "



"အိမ်ထောင်ရှိလား... "

"ဟင့်အင်း မရှိဘူး... သူ့ကို မိန်းမတော်တော်များများက ကြွေကြတယ်ဟ... ငါတို့ဟိုတယ်ကတင်မကဘဲ တခြား အပြင်က ဟာတွေပါ ကြွေကြတယ်ဆိုပဲ... ဘာတဲ့ နာမည် တောင် ပေးထားကြသေးတာ... ရှိုင်ရယ်ပရင့်(စ်) ဆိုပြီး..."

"ဟီးဟီး... ငါတောင် စိတ်ဝင်စားလာပြီ... ငါတော့ အကြောင်းပြချက်တစ်ခုခုနဲ့ နင့်ဆီကို မကြာခင်မှာ လာဖြစ်မယ် ထင်တယ်... "

"မိန်းမ... ဗိုက်ထဲက ကလေးကိုလည်း အားနာဦး..."

"အေးပါဟဲ့... နင်ကလည်း ငါက နောက်တာပါ..."

ရတနာက စပ်ဖြီးဖြီးနှင့် ပြောပြီး...

"ဘာပဲဖြစ်ဖြစ် နင်ကတော့ မျက်နှာပြဿနာဖြစ်စရာနဲ့ အလုပ်လုပ်ရတာ အဆင်ပြေနေမှာပေါ့... "

ဟူ၍ ရုပ်ရည်ချောမောလှပသူများဆို ရှိုးသားစွာ အဘောကျ နှစ်သက်တတ်လေ့ရှိသော သူမတို့နှစ်ယောက်၏ အကျင့်အတိုင်း ပြောခဲ၏။

"အံမယ်လေး... ပြဿနာ မဖြစ်လည်း ကိစ္စမရှိပါဘူး... ငါ့မှာ လူတကာက ပရင့်(စ်)နေကြတဲ့လူဆီမှာ စက္ကူထရီ လုပ်နေရတာ နည်းနည်း အသက်ရှူတော့ ကျပ်တယ်ဟ... ဒါပေမယ့် ငါ ဂရုမစိုက်ပါဘူး... ငါက ကိုယ့်အလုပ်ကိုယ် လုပ်တာပဲ... "

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီမှာ ပြဿနာတစ်စုံတစ်ရာ ရှိလို့လား နှင်း... "

ရန်မင်းက ခုနက အိုးထဲ ထိုးနေသော တူနှစ်ချောင်းကို ပန်းကန်လုံးပေါ် တင်ရင်း မေး၏။

"ဦးခန့်ထည်နဲ့တော့ ပြဿနာ မရှိပါဘူး... ဒါပေမဲ့ ငါ့အရှေ့ စတ္တုထရီတုန်းက သူနဲ့ ပြဿနာလေးတွေက ရှိခဲ့တာဆိုတော့ ငါ့အလှည့်မှာတော့ တစ်မျိုးပေါ့ဟာ... "

"ဘယ်လိုတစ်မျိုးလဲ... "

ကျော်ထိုက်က မျက်ခုံးပင့်ကာ မေးလာသည့်အခါ မေနှင်းဆီလည်း ပြောထွက်ဖြစ်တော့မည် ကိုယ့်ပါးစပ်ကို အလျှင်အမြန် ဘရိတ်အုပ်ရသည်။ မကောင်းပါဘူးလေ... သိဂ်ိဆိုတာ မိန်းကလေးမို့ မိန်းမချင်း ကိုယ်ချင်းစာစွာ သူ့သိက္ခာတစ်ခုအတွက် ကိုယ့်နှုတ်ကို စည်းစောင့်ရမှာပေါ့။ ဘယ်လောက်ပဲ ခင်မင်ရင်းနှီးသည့် သူငယ်ချင်းပဲပြောပြော ရန်မင်းတို့ ကျော်ထိုက်တို့ဟာ ယောကျ်ားလေးတွေလေ။ သူတို့စိတ်ထဲ သိဂ်ိကို တစ်မျိုး မြင်သွားရင် မကောင်းပါ။

"ဘာမှ မဟုတ်ပါဘူး... ဒါကလည်း ဦးခန့်ထည်နဲ့ မဆိုင်ပါဘူးဟာ... နင်တို့ခေါင်းထဲ ဘာမှမထားနဲ့... ကဲ ရလောက်ပြီ ထင်တယ်... စားရအောင်... "

အတင်းပင် စကားဖြတ်၍ လွှဲပြောင်းပြောကာ နှင့် ကြွေပန်းကန်လုံးကို ကိုင်မစားဖို့အတွက် ပြင်ဆင်လိုက် အငွေ့တထောင်းထောင်း ထနေသော ဟော့ပေါ့အိုးထဲ တူနှင့်



လိုက်သည်။

"ဝေါင်း(လ်)အူ... ကောင်းမှကောင်း ရန်မင်းက လီမွှာတယ် ကြည့်စမ်း... အစုံကို ထည့်ပြုတ်ပေးထားတာ... "

"ဟုတ်ပါတယ် အစ်မရယ်... အစ်မတို့ ကြိုက်တာ စားလို့ရအောင် ကျွန်တော် လုပ်ထားပေးတာပါ... "

"မဆိုးဘူး... မောင်လေးတော်တယ် တစ်မှတ်... "

ဟု ပြောပြီး မေနှင်းဆီမှာ သူမကြိုက်သော မှိုနှံတုတ်ကွေးကွေးလေးကို တူဖြင့် ဆယ်ယူလိုက်၏။

"မေနှင်းဆီ... "

ထိုစဉ်မှာပဲ ခေါ်သံတစ်ခုကြောင့် အိုးထဲမှ မှိုနှံတုပ်ကွေးကွေးသေးကို ဆယ်ယူနေသော မေနှင်းဆီမှာ ခေါ်သံလာရာဘက်ဆီ လှည့်ကြည့်လိုက်မိသည်။

"ဪ... အစ်မ... "

ဟိုတယ်မှ ရက်ဆက်ပ်ရှင်တွင် တာဝန်ကျသော အစ်မကြီး ဖြစ်နေသည်မို့ လက်ထဲမှ ပန်းကန်နှင့်တူကို ချကာ ပြုံး၍ နှုတ်ဆက်ဖြစ်သည်။

"ဒီနေ့ အော့(ဖ်)လား အစ်မ... "

"ဟုတ်တယ်... အဲဒါကြောင့် ဈေးပတ်ပြီး ဒီပေါ်တက်လာတာ... အတော်ပဲ မေနှင်းဆီနဲ့ မိတ်ဆက်ပေးရဦးမယ်... "

ဟု ပြောပြီး သူမနံဘေးမှ အမျိုးသမီးနှင့်အတူ နှင်းဆီတို့ စားပွဲရှိရာ လျှောက်လာတာမို့ မေနှင်းဆီမှာ မတတ်

www.burmeseclassic.com

www.burmeseclassic.com



သာစွာ ထိုင်နေရာမှ ထရပ်လိုက်ရသည်။

"သူက အခု မေနှင်းဆီနေရာက ဦးခန့်ထည်ရဲ့စက္ကထရီ သီဂီပေါ့... သီဂီ ဒါ မေနှင်းဆီလေ... "

ရှိဆက်ပရှင်းနစ် အစ်မကြီး၏ မိတ်ဆက်ပေးမှုကြောင့် မေနှင်းဆီမှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံရသော သီဂီကို ပြုံးပြနှုတ်ဆက်ဖြစ်၏။ သီဂီကလည်း အကဲခတ်သော အကြည့်မျိုးနှင့် ကြည့်လာကာ မေနှင်းဆီထံ ပြုံးပြလာသည်။

"တွေ့ရတာ ဝမ်းသာပါတယ်... အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား... "

"ဟုတ်ကဲ့... ပြေပါတယ်... "

"ဆရာက နည်းနည်းတော့ ဇီဇာကြောင်တယ်နော်... နောက် သူ့ရဲ့ဗာဟီရကလည်း အများသား... တို့ဆို ဆရာ့မျက်နှာကိုပဲ ကြည့်ပြီး အရိပ်ကြည့်နေရတယ်လေ... မေနှင်းဆီ ဒီဒဏ်တွေကို ခံနိုင်ရဲ့လား... "

အပြုံးတစ်ခုကို နှုတ်ခမ်းမှာ တင်လျက် မျက်လွှာဝင့်ကြည့် မေးလာပုံက မေနှင်းဆီ ရင်ထဲတစ်မျိုး ဖြစ်စေသည်။ အသာအယာပင် ခေါင်းညိတ်ကာ ပြန်ပြုံးပြဖြစ်၏။ ဒါကို ချောအောလှပကာ ကြည့်ကောင်းသူ သီဂီက ကျေနပ်ပုံ မပေါ်။ မျက်ခုံးထင့်ကာ ဆက်ပြောလာပြန်သည်။

"မေနှင်းဆီ ဆံပင်က အရှည်ကြီးပဲနော်... အင်း ဆရာက ဘယ်တော့များ ဒီဆံပင်ရှည်ကြီးကို ညှပ်နိုင်းမလဲ မသိဘူး...



ဆရာက တို့နည်းနည်း ဆံပင်ရှည်တာနဲ့ ညှပ်ညှပ်ခိုင်းတာနော်ပြီး ယူ့ကို ကော်ဖီကော ဖျော်ခိုင်းသေးလား... တို့တုန်းကဆို တစ်နေ့ကို ခြောက်ကြိမ်ထမက်မနည်း ဖျော်ပေးရတာ... "

ပြောလာသည့် စကားများက သာမန်မဟုတ်သော အောင်လွှတ်စကားများမို့ နဂိုကတည်းက စိတ်ဆတ်သော အခြေခံသူပီပီ ပြုံး၍ နားထောင်နေသော မေနှင်းဆီ၏ မျက်နှာမှာ မဆိုစလောင်ပင် မာသွားပြီး... လက်လက်တောက်သော မျက်ဝန်းအစုံက သီဂီထံ စိုက်စိုက်ကြည့်လျက်...

"ကျွန်မ ရှိုင်ရယ်ခရောင်းဟိုတယ်မှာ ကော့(စ်)ကွန်ထရိုလာရဲ့စက္ကထရီအဖြစ် အလုပ်ဝင်လုပ်တာ... ဦးခန့်ထည်ရဲ့ ပါဆန်နယ်(လ်)စက္ကထရီ မဟုတ်တဲ့အတွက် အခု မသီဂီ ပြောတဲ့ ကိစ္စတွေနဲ့ ဘာတစ်ခုမှ မကြုံခဲ့ရဖူးပါဘူး... လုပ်လည်း မလုပ်ပေးရပါဘူး... ရုံးအလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဦးခန့်ထည် ကျွန်မအပေါ် Satisfy(စိတ်ကျေနပ်မှု) မရမှာကို စိုးရိမ်တာကလွဲရင် မသီဂီ ခုနက ပြောတဲ့အဖြစ်မျိုးတွေအတွက် တစ်ခါမှစိတ်မပူသလို ကြုံလည်း မကြုံဖူးပါဘူး..."

ဟူ၍ အေးဆေးညင်သာစွာဖြင့် တစ်လုံးချင်းဆီ ကျကျ ပြောလိုက်သည်။ မေနှင်းဆီ၏ စကားလုံးများက အပြုံးတုဖြင့် မာယာကြွယ်ကာ လှပနေသော သီဂီမျက်နှာမှာ ချက်ချင်းပင် ထိုအပြုံးတု ကွာကျကာ ရန်လိုခြင်းဟူသော မာန်ဖွဲ့

www.burmeseclassic.com



မျက်နှာကို ထင်းထင်းကြီး ပေါ်စေ၏။

"ကဲ သီဂီနဲ့မေနှင်းဆီက ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တော့ တစ်ယောက်နဲ့တစ်ယောက် မြင်ဖူးသိဖူးသွားကြတာပေါ့... ဟုတ်ပါပြီ မေနှင်းဆီလည်း စားလက်စနဲ့ ဆက်စားပါ... တို့တွေကို ခွင့်ပြုဦး... "

"ဟုတ်ကဲ့ပါ... "

သိပ်မကောင်းလှသော အခြေအနေကို သဘောပေါက်ဟန်တူသော ရီဆက်(ပ်)ပုရှင်းနှစ်အစ်မကြီးက ကြားဝင်၍ စကားကို အတင်းဖြတ်ကာ နှုတ်ဆက်၏။

"သွားမယ်နော် မေနှင်းဆီ... လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ... တို့ အချိန်မရွေး ကူညီနိုင်တယ်... "

"ဟုတ်ကဲ့ သိုင်းကျူးပါ... မသီဂီလည်း အားလပ်တဲ့တစ်နေ့ ကြုံကြိုက်ရင် ကျွန်မတို့ဟိုတယ်ကို လာလည်ပါဦး..."

ဆက်လက်၍ပင် အပေါ်စီးမှ နှုတ်ဆက်နေသူ သီဂီအား ပြန်လည်၍ ရွဲ့ပြောလိုက်မိသည့်အဖြစ်အပေါ် တိုယ့်ကိုကိုယ် သဘောတကျ ဖြစ်သွားရသော မေနှင်းဆီမှာ ခုနက မျက်နှာထားပင် ပို၍ ပျက်ယွင်းကာ အနားမှ ထွက်သွားသော သီဂီအား ကြည့်ပြီး ထပ်မံ၍ အားရဝမ်းသာ ဖြစ်သေးတော့...။ ထိုင်ခုံမှာ ပြန်ထိုင်ပြီး သူငယ်ချင်းများအား ကြည့်မိတော့ မျက်ဝန်းလေးစုံက သူမထံ ကျရောက်လျက်... ။

"ဟား... သိပ်ကောင်းတဲ့ ခံတပ်ပဲ နှင်း... နင့်ကို ငါ



တကယ်ပဲ ဘရာဗိုပေးတယ်... "

ရတနာက ပြုံးစပ်စပ်နှင့် ဝမ်းပန်းတသာ ချီးကျူး၏။

"ဟဲ့ တိုးတိုးပြောလေ ရတနာ... ကြားသွားဦးမယ်... "

အောင်မင်းညိုက သီဂီတို့ထံ လှမ်းကြည့်ကာ ပြောသည်။ ရတနာက နှုတ်ခမ်း၏ညာဘက်ကို အတွင်းဘက် ချိုင့်ဝင်အောင် စေ့ပိတ်ပြီး မျက်ခုံးပင့်ကာ ညာဘက်မျက်စိ တစ်ဘက်မှိတ်ပြပြီး...

"ကြားတော့ ပိုကောင်းတာပေါ့... သူတောင် အလကားနေရင်းနဲ့ လာတိုက်ခိုက်သွားသေးတာပဲ... "

မေနှင်းဆီမှာ မကြာခင်မှာ ကြိမ်းသေပေါက် အမေ(မင်)တစ်ယောက် ဖြစ်တော့မည်ဆိုသော်လည်း ယခုထိတိုင် သူမနည်းတူ မဟုတ်မခံ စိမ်းဆတ်ဆတ် စိတ်ရှိသူ ရတနာအား အပြုံးနှင့် ကြည့်မိ၏။

"ငါ သဘောပေါက်ပြီ နှင်း... ခုနက နင်ပြောတဲ့ မျက်စိပသာဒမဖြစ်ချင်နေပါစေဆိုတဲ့ စကားရဲ့အဓိပ္ပာယ်အပေါ်..."

"အေး... ငါလည်း သဘောပေါက်လိုက်တယ်... သူ ခုနက မပြောချင်တဲ့ တစ်မျိုးပေါ့ဟာဆိုတဲ့ကိစ္စအကြောင်း..."

ရတနာနှင့် ကျော်ထိုက်တို့ကို ဘာမှပြန်မပြောဖြစ်ဘဲ နှုတ်ခွက်ထဲ ထည့်ထားသော စကားကိုလာအချိုရည်ကို တစ်ငုံ သောက်လိုက်သည်။

www.burmeseclassic.com



"သူက အလုပ်က ထွက်သွားတာလား... ဘာဖြစ်လို့ ထွက်သွားတာလဲ... "

ဟူသော ရန်မင်း၏ မေးခွန်းကို...

"မဟုတ်ဘူး... အလုပ်ဖြုတ်ခံရတာ... ဦးခန့်ထည်က သူ့ကို အလုပ်ဖြုတ်ပစ်တာလေ... "

ဟု ပြန်ဖြေပြီး သူမ ပန်းကန်လုံးထဲမှာ ဘယ်သူ ထည့်ပေးထားမှန်း မသိသော ငုံးဥကို တူဖြင့် ဆယ်ကာ စားလိုက်ပါတော့သည်။

ဆော်ရီးပါ မသီဂီ။ တတ်နိုင်သလောက် ရှင့်ကို ကျွန်မ ကာကွယ်ပါသေးတယ်။ ဒါပေမယ့် ရှင်က ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်လောက်အောင် ယောကျ်ားတစ်ယောက်အတွက်နဲ့ မိန်းမသားအချင်းချင်း တိုက်ခိုက်ရန်စောင်လာခဲ့တာဆိုတော့...။



# ၅

"ဂွဒ်မောနင်း ဦးခန့်ထည်... "

"မောနင်း... "

အဝတ်လဲပြီးပြီးချင်း ရုံးခန်းသို့ သွားရန် အဝတ်လဲဆောင်ပေါ်မှ အောက်ထပ်သို့ ဆင်းလာသော မေနှင်းဆီမှာ အဆောက်အဦရှေ့ အပြင်ဘက်မှ လမ်းမပေါ်မှာ ကြွေရောင်အကျီ လက်ရှည်ကို အောက်မှ ပျော့အိသော ဘောင်းဘီအနက်ရောင် ပွပွဖြင့် တွဲ၍ ဝတ်ဆင်ထားသော ရုံးတက်ပုံစံ ဝတ်စုံပြည့်နှင့် စမတ်ကျကျ ရှိနေသော ဦးခန့်ထည်ကို မြင်တွေ့လိုက်ရသည့်အခါ အံ့သြစိတ်ဖြင့် မျက်ခုံးလေးပင့်ကာ နှုတ်ဆက်လိုက်သည်။ သူကလည်း မျက်ခုံးပင့် မေးဆတ်ကာ ပြန်နှုတ်ဆက်လာ၏။

"ဦးခန့်ထည် ဘယ်သွားမလို့လဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှ မသွားဘူး... နည်းနည်း ညောင်းသလိုရှိလို့ ဒီဘက်တွေမှာ ခဏလမ်းလျှောက်နေတာ... "

"ဩော်... ဒါဆို မနက်အစောကြီးကတည်းက ဒီကို ရောက်နေတာပေါ့... "

သူမ၏အပြောကို ဦးခန့်ထည်က ပါးစပ်မှ မဖြေဘဲ မျက်စုံးမဆိုသယောင် ပင့်ကာ ခေါင်းညိတ်ယောင် ပြု၏။ ထိုစဉ်မှာပဲ ဦးခန့်ထည်၏အကြည့်က သူမ၏နှုတ်ခမ်းပေါ်ရောက်လာကာ မျက်ခုံးကျုံ့ရင်း မေးသည်။

"နှုတ်ခမ်းက ဘာဖြစ်တာလဲ... "

"ရေယုန်ပါ... "

"ဘာလဲ ရေယုန်... "

မွေးကတည်းက နိုင်ငံရပ်ခြားမှာနေခဲ့ကာ ကြီးပြင်းလာသူအတွက် "ရေယုန်" ဟူသော ရောဂါနာမည်တစ်ခုကို မကြားဖူးသလို မျက်ခုံးကျုံ့လျက်နှင့်ပဲ ပြန်မေးလာသည့်အခါ မေနှင်းဆီ ဘာပြန်ဖြေရမှန်းမသိဘဲ ရုတ်တရက် ကြောင်သွားရသည်။ နောက်တော့ စက္ကန့်ဝက်ပင် မစဉ်းစားလိုက်ရဘဲ သူ့ကို ပြောစရာ အတွေးတစ်ခုက ပါးစပ်ထဲ ရောက်လို့ သွား၏။

"ကျွန်မက- စိတ်လှုပ်ရှားရင် ပင်ပန်းရင် ဒီလိုပဲ ရေယုန်ပေါက်တတ်တယ်... ရေယုန်ဆိုတာ ဆေးပညာအနေနဲ့ ဘာခေါ်သလဲ မသိဘူး... အင်း ဦးခန့်ထည်အနေနဲ့ လွယ်လွယ်နဲ့ သဘောပေါက်အောင် ကျွန်မ ရှင်းပြရရင်တော့ Water



Rabbit (ရေယုန်)လို့ပဲ ကျွန်မ ပြောပါရစေ... "

"ဟင်... Water Rabbit (ရေယုန်) ဟုတ်လား... နေပါဦး ဒါ အရေပြားပေါ်မှာ ဖြစ်တာ... စိတ်လှုပ်ရှားရင် ဖြစ်တတ်တယ်ဆိုတာ ဆေးပညာအခေါ်အရသာဆိုရင် မင်းဖြစ်နေတာက Herpes ပဲပေါ့... မင်းပြောလိုက်မှ Water Rabbit (ရေယုန်) ရယ်လို့ ထူးထူးဆန်းဆန်းကွာ... "

"ကျွန်မ ပြောပြီးပါပကော... ဆေးပညာအခေါ်အဝေါ်နဲ့ ဘယ်လိုခေါ်သလဲ ကျွန်မ မသိဘူးဆိုတာ... "

သူမ၏အပြောကို ရယ်ချင်သလို မျက်ဝန်းရိပ်နှင့် ပြောလာသော သူ့အား နှုတ်ခမ်း မသိမသာ စူကာ ပြောလိုက်မိသည်။ ထိုအချိန်မှာပဲ ဦးခန့်ထည်၏ မျက်ဝန်းအရိပ်က ရယ်မြူးရိပ်များ ပိုမိုထင်ဟပ်လာကာ...

"ကိုယ်တော့ ထင်တယ်... မင်းရဲ့ Herpes က မင်း အစားသောင်းကျန်းလွန်းလို့ ဖြစ်တာပဲ နေမှာ... ဒါမှမဟုတ်ရင် အစာစားပြီး ညက ပါးစပ်ကို မသန့်စင်ခဲ့တဲ့အတွက် မင်းကို ကြွက်ကိုက်လိုက်တာပဲ ဖြစ်မယ်... "

ဟု ပြောပြီးချင်း သူမ အနားမှ လှစ်ခနဲ ထွက်သွားသောကြောင့် ဘာမှတုံ့ပြန်မပြောလိုက်နိုင်သော မေနှင်းဆီမှာ ဦးခန့်ထည် ပြောသွားသော စကားများအတွက် နှုတ်ခမ်းကို ထော်၊ ဒေါသတကြီး ကျန်ခဲ့ပါတော့သည်။

"မေ... "

www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ အဝတ်လဲပြီး ဆင်းလာသည့် ခင်ထူးဆွေကို ပြုံးစိစိ မျက်နှာထား နှင့် တွေ့လိုက်ရ၏။

"ရှင်က ဘာပြုံးစေ့စေ့ ဖြစ်နေရတာလဲ... ကြားလိုက်တယ် မဟုတ်လား... သူများသားသမီးကို ပြောသွားတာ... "

"အဟင်း... ခင်လို့ နောက်သွားတာ နေမှာပါ မေရယ်— အမှန်တော့ ဆရာကဲ ကွန်ထရိုလာသာ ဖြစ်နေတာ ငယ်ငယ် လေးပဲ ရှိသေးတဲ့ဥစ္စာ... မမာလာတို့ မလတ်တို့ကျတော့ သူနဲ့ရွယ်တူတွေလို ဖြစ်နေတယ်လေ... ကျန်တဲ့သူတွေဆို သူ့ထက် အကုန်ကြီးကြတာ... အဲဒီတော့ သူ့ထက် တော်တော်ငယ်တဲ့ မေ့ကို တွေ့တော့ ကလေးတစ်ယောက် ကို စသွားသလိုပုံစံမျိုးနဲ့ စသွားတာ... ခွင့်လွှတ်လိုက်ပါ ကွာ... "

"ဟွန်း... သူပြောတာနဲ့ ကိုယ်ကပဲ အစားပုပ်မကြီး ဖြစ်ပြီး ကြွက်ကိုက်တာတောင် ခံလိုက်ရသေးတယ်... "

"ဟီး ဟီး... ဆရာသမားက စတာပဲ မေရယ်... ခွင့်လွှတ် လိုက်... ခွင့်လွှတ်လိုက်... "

"ဆရာသမားဆို ကိုယ့်ဝန်ထမ်းကို တွေ့တွေ့ချင်း ဘယ် တော့မှ ဒီလိုမပြောရဘူး ထူးရဲ့... အထူးသဖြင့် ဒီလို မနက် စောစောမျိုးမှာပေါ့... ကိုယ်တော့ တကယ်စိတ်တိုတယ် အဟုတ်... သူများသားသမီးကို ပြောချင်ဆိုချင်လို့ကို တကူး



တက အိမ်က အိပ်ရာအစောထပြီး ဒီကိုရောက်လာသလား မှတ်ရတယ်... သူ ဒီလို အစောလာချင်တိုင်း လာလို့ရ အောင်... ညဆိုလည်း ပြန်ချင်တဲ့အချိန်မှ ပြန်လို့ရအောင် သူ့အိမ်ကလည်း ဒီဟိုတယ်နဲ့ တော်တော်နီးနေသလား မသိဘူး... "

ထူးနှင့်အတူ ဟိုတယ်ဘက် လျှောက်လာရင်းမှ ပွစိ ပွစိ ပြောမိ၏။

"ဟင် မေ... ယူ ဘာကို ပြောလိုက်တာလဲ... "

"ဩော်... ဦးခန့်ထည်ကို ပြောပါတယ်... သူ့အိမ်က ဒီ ဟိုတယ်နဲ့များ တော်တော်နီးနေသလားလို့... "

"ယူ တကယ်ကိုပဲ မသိဘူးလား မေ... "

"ဘာကိုလဲ ထူးရဲ့... ဘာကိုသိရမှာလဲ... "

"ဦးခန့်ထည် ဘယ်မှာနေသလဲဆိုတာလေ... "

"ဩော်... ဒါများ အဆန်းလုပ်လို့... သူ့အိမ်မှာပဲ သူနေမှာ ပေါ့ ထူးရဲ့... သူ့အိမ်က ဟိုတယ်နဲ့နီးနီးလေး မဟုတ်လား"

"အေး... အဲဒါကိုက ဆန်းနေတာ... ကိုယ်က အဆန်းလုပ် နေတာ မဟုတ်ဘူး မေရဲ့... ယူက ဆန်းနေတာ... ဆရာက ဒီ ရှိုင်ရယ်(လ်)ခရောင်းဟိုတယ်မှာပဲနေတာပဲ ဥစ္စာ... ယူက အဲဒါကို မသိဘူးလား... "

"ဟင်... ဟုတ်တယ်... ဒါဆို ကိုယ့်ကို သူတစ်ခါတုန်းကပဲ ပြောဖူးတဲ့ဥစ္စာ တကယ်မဟုတ်ဘူးပေါ့... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောဖူးလို့လဲ... မေရဲ့... "

မေနှင်းဆီမှာ မျက်လုံးလေးပြူးပြူးဖြင့် တစ်ခါတုန်းက ဦးခန့်ထည် သူမကို ကော်ဖီဖျော်ကိုက်ရင်းမှအစ ဟိုတယ်၏ အမှတ်တရ အရောင်းဆိုင်မှာ ခေတ်ပေါင်းမတ်ခွက်ကို ဝယ်တာမှအလယ် သူမက ဟိုတယ်မှ ပြန့်တာ မျိုးချုပ်တာ သူ့အိမ်က ဟိုတယ်နှင့် နီးလို့လားဟူ၍ စပ်စုမိတာမှ အဆုံး ဦးခန့်ထည်နှင့် ပြောခဲ့ကြသည်များကို ခင်ထူးဆွေအား ပြောပြဖြစ်သည်။ ထိုအခါ ထူးက ပြုံးဟဟဖြင့်...

"မဟုတ်ဘူး မေရဲ့... ဆရာက ဒီဟိုတယ်မှာပဲ နေတာ... သူ့ကို အခန်းတစ်ခန်းပေးထားတယ်လေ... ကျန်တဲ့နိုင်ငံခြားသားတွေကတော့ အပြင်မှာ လုံးချင်းအိမ်သပ်သပ်နဲ့ နေကြတယ်... သူတို့က **မိသားစုနဲ့**ကိုး... ဆရာလည်း နေချင်တယ်ဆိုရင် လုံးချင်းအိမ်သပ်သပ်နဲ့ နေလို့ရပါတယ်... ဒါပေမဲ့ ဆရာက ဟိုတယ်က အခန်းကိုပဲ ယူထားလိုက်တာ... ဆရာ့အခန်းက သဲ(ဒ်)ဖလောမှာလေ... သီဂီရီတုန်းကဆို ဆရာ့အခန်းကို သွားလည်ချင်ကြောင်း ခဏခဏပြောတာ... ဆရာက လုံးဝ အလှာမခံဘူးတဲ့... "

"သြော်... သူက သီဂီရီလို ကိုယ့်ကို သတ်မှတ်ပြီး အမှန်အတိုင်း မပြောတာပေါ့... "

ထောင်းခနဲ ဒေါသထွက်ကာ အံကြိတ်သံဖြင့် ပြန်ပြောမိ၏။



"အို... နိုးနိုး မေ... Way(လမ်းကြောင်း)ချင်း မတူဘူးလေ ဆရာက ဒီလိုပုံစံမျိုးနဲ့ ရှင့်ကို မပြောတာမှ မဟုတ်တာ... သီဂီရီနဲ့ ယူက ဘာဆိုင်လို့လဲ မေရယ်... ဆရာက ယူ့ကို သူ ဘယ်မှာနေတယ်ဆိုတာ သိမနေတာမှာ တအံ့တဩနဲ့ စလိုက်တာပဲ ဖြစ်မယ်... ဆရာ့ပုံစံကြည့်ရတာ ယူ့ကို တကယ့်ကို ရင်းနှီးစွာ ကလေးတစ်ယောက်လို စနောက်ပြီး ကျီစယ်နေတာပါ... နောက်ပြီး ကိုယ်တော့ တကယ့်ကို အံ့တာပဲ သိလား... ယူ့ကို ကော်ဖီဖျော်တိုက်တာကိုလေ... ဒါ ဆရာ့ဘဝမှာ တကယ့်ကို အထူးအဆန်းပဲ သိလား..."

"ဒါများ အထူးအဆန်း မဟုတ်ပါဘူး... လာပြန်ပြီ မလေးတစ်ယောက်" ဟု စိတ်ထဲမှ ပြောပြီး ပါးစပ်မှတော့ ဖွင့်ထုတ်မပြောဖြစ်။ နို့မို့ဆို "ထူး" က သူမကို "ဂုဏ်" လုပ်တတ်သူဟူ၍ ထင်သွားမှာစိုး၍ ဖြစ်၏။ တကယ်တော့လည်း သူမအတွက်က ဒီကိစ္စကို အထူးအဆန်းရယ်လို့ ထင်ထားမိတာမှ မဟုတ်တာလေ။

"စ,စရာလား... သူ ဒီလို စ,စနေရအောင် ကိုယ်က သူငယ်နှပ်စားမှ မဟုတ်တာ... အခုတော့ သူ့ပါးစပ်ထဲမှာ ကိုယ်က အစားပုပ်မကြီး ဖြစ်လိုက်... သူပြောချင်တာ ပြောခွင့်ရအောင် အ,အမကြီး ဖြစ်လိုက်နဲ့... ဖြစ်ချင်တိုင်း ဖြစ်နေတာ... နောက်ပြီး ကြွက်ကိုက်တာလည်း ခံလိုက်ရသေးတယ်... "

www.burmeseclassic.com

www.burmeseclassic.com



မေနှင်းဆီ၏ ပွစိပွစိအပြောကို ခင်ထူးဆွေက မအောင့်နိုင်တော့သလို အော်ရယ်လိုက်သည့် အခါမှာတော့— မေနှင်းဆီ၏ မျက်စောင်းက ခင်ထူးဆွေထံ ကျရောက်ကာ စိတ်တို တိုဖြင့် ဆောင့်ဆောင့်လျှောက်နေသော သူမ၏ လေဒီရှူးဒေါက် အချွန်၏ ဖိအားက ကွန်ကရီလမ်းပေါ်သို့ လုံးလုံးကျရောက်သွား ပါတော့၏။

စိတ်ထဲ၌ မှုံးနောက်ရှုပ်ထွေးကာ အမြင်အာရုံက ဝေဝါးနေသည်။ ဒေါသများက ရင်ထဲ၌ တစ်လိပ်လိပ်တက်ကာ ရင်မှာ ဆို့နင့်နေရသည်။ သို့သော်လည်း ထိုဒေါသများ၏ ဦးတည် ရာက ကိုယ့်ဆီကိုသာ... ။ လိုအပ်သေးသော အရည်အချင်းနှင့် မပြည့်စုံသေးသော လုပ်ငန်းနှင့် ပတ်သက်သည့် အတတ်ပညာ များအတွက် ကိုယ့်ကိုကိုယ်ပဲ ဒေါသဖြစ်မိလျက် ဝမ်းနည်းစိတ် ရှက်စိတ်များက သူမ၏အသိအာရုံကို ဝါးမျိုလျက် ရှိသည်။

"စိတ်လျှော့ပါ မေရယ်... ဆရာ့က မေ့ကို တတ်စေချင်လို့ သိစေချင်လို့ ဖြစ်မှာပါ... "

"ကိုယ် နားလည်တယ်... ဦးခန့်ထည်ရဲ့သဘောထားကို ကိုယ် သဘောပေါက်တယ်... သူက ကိုယ့်ကို နေရာရစေ ချင်တော့ ဂျီအမ်ကြီးရဲ့ ချီးမွမ်းခြင်းကို ရစေချင်တော့ ကိုယ့် ကို ရီး(လ်)တင်ပြီး ဒီကိစ္စ ရှင်းခိုင်းလိုက်တာ... သူ့စေတနာ



ကို ကိုယ်သဘောပေါက်တယ်... ကိုယ် သေသေချာချာ မရှင်းနိုင်တော့လည်း သူ ကြားက ဝင်ပြီး ရှင်းပေးသွားတာ ပဲလေ... အခုဟာက ကိုယ့်ဖာသာကိုယ်ပဲ ဒေါသဖြစ်နေတာ သိလား... လုပ်သက် ဒီလောက်အတွင်းမှာ ကိုယ်ဟာ လုပ်ငန်းအကြောင်းကို ဆယ်ပုံပုံရင် တစ်ပုံတောင် နား မလည်သေးတော့ ကိုယ့်လောက်အသုံးမကျတဲ့သူ၊ နုံအတဲ့ သူ ရှိပါ့ဦးမလား... ဂျီအမ်ကြီးလည်း ကိုယ့်ကို ဘယ် လောက် အထင်သေးသွားမလဲ... ဦးခန့်ထည်လည်း ကိုယ် နဲ့ပတ်သက်ပြီး ဘယ်လောက်မျက်နှာပျက်စရာ ဖြစ်သွား မလဲ... အဲဒါကိုပဲ ကိုယ် မျက်နှာပူ အားနာတာ... "

"Nobody blame on you (ဘယ်သူမှ မင်းကို အပြစ်မတင် ဘူး) Nobody lookdown on you (ဘယ်သူမှ မင်းကို အထင်မသေးဘူး) မေနှင်းဆီ... "

ဟူ၍ ဘိုလိုဖြင့် အနောက်မှ ပြောလိုက်သော အသံ ကြောင့် မေနှင်းဆီနှင့် ခင်ထူးဆွေ လှည့်ကြည့်လိုက်သည့်အခါ ဦးခန့်ထည်ကို တွေ့လိုက်ရသည်။

"အလုပ်အကြောင်း နားမလည်သေးကဲ့သူကို အလုပ် အကြောင်း နားလည်အောင် သင်ပြရှင်းပြပေးဖို့ကလွဲရင် မင်းကို ဘယ်သူကမှ အထင်မသေးဘူး... အထင်သေးစရာ လည်း ဖြစ်မလာဘူး... နောက်ပြီး ကိုယ်လည်း ပင်းနဲ့ ပတ်သက်ပြီး မျက်နှာပျက်စရာ ဖြစ်မလာဘူးဆိုတာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်… ”

“……… ”

“ကဲ… မနက်ဖြန်ကစပြီး မင်းကို လုပ်ငန်းရဲ့တစ်စိတ်တစ်ဒေသအကြောင်း နည်းနည်းချင်းဆီ ရှင်းပြသွားမယ်… မင်း စိတ်ပါဝင်စားစွာ လေ့လာလိုက်စားမယ်ဆိုရင် ဘာမှ ခက်ခဲစရာ မရှိဘူး… စာရင်းသွားလာပုံတွေကို သေသေချာချာ နားမလည်သေးတာကလွဲရင် မင်းရဲ့မခံချင်စိတ်နဲ့ ကြိုးစားအားထုတ်ချင့်စိတ်ကို ကိုယ် အသိအမှတ်ပြုပါတယ်… ”

“ကျေးဇူးအရမ်းတင်ပါတယ် ဦးခန့်ထည်… ကျွန်မကို နားလည်ပေးတဲ့အတွက်ကိုပါ… ”

“ကိုယ့်ကို မင်းနားလည်ပေးတယ်ဆိုရင်လည်း ရုံးခန်းကို ပြန်လာခဲ့ပေါ့ ဟုတ်လား… အိုကေ… ”

မျက်ဝန်းမှာ ကရုဏာပြုံးနှင့် ခေါင်းညိတ်ပြောကာ ထူးတို့ အခန်းထဲမှ ထွက်သွားသော ဦးခန့်ထည်ကို ကြည့်ပြီး ခုနက ရင်ထဲမှာ ပြည့်ကျပ်နေသော ဒေါသအပူမီးက ရုတ်ချည်း ပျောက်ငြိမ်းအေးသွားသလို ခံစားရ၏။ ထိုခံစားချက်ကို ကိုယ့်ဘာသာလည်း အံ့သြတကြီးဖြစ်ရကာ ထိုင်ရာမှ ထ၍ ရုံးခန်းဆီသို့ ပြန်သွားရန် ပြင်ဆင်လိုက်သည်။



“ဦးခန့်ထည်လား… ”

“ဟုတ်ပါတယ်…မေနှင်းဆီလား… မင်း အခုထိ ရောက်မလာသေးလို့ ကိုယ်မျှော်နေတာ… ”

“ဟုတ်ကဲ့… ဒီနေ့ ကျွန်မ ခေါင်းတွေ သိပ်ကိုက်နေလို့ ရုံးမတက်ဖြစ်တာကို ခွင့်တိုင်ချင်လို့ပါ… ”

“ခေါင်းကိုက်တယ် ဟုတ်လား… ဖီဗာတော့ ရှိလား… ”

“ဖီဗာတော့ မရှိပါဘူး… မျက်လုံးကိုက်လာတာကနေ ခေါင်းပါ ကိုက်လာလို့ပါ… ”

“ရတယ်လေ… ခွင့်ဘယ်နှစ်ရက် လိုချင်သလဲ… ”

“ကျွန်မ ဒီနေ့တစ်ရက်ပဲ လိုချင်ပါတယ်… ”

“အိုကေ… ကိုယ် ခွင့်ပြုပါတယ်… ”

“ကျေးဇူးတင်ပါတယ် ဦးခန့်ထည်… ”

“ကိုယ်ကလည်း မင်း အမြန်ဆုံး ခေါင်းကိုက်သက်သာပါစေလို့ ဆုတောင်းပေးနေပါမယ်… ”

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးစုံမှိတ် ခဏနားပြီး ပြန်ဖွင့်လိုက်သည့် အချိန်မှာ Monitor Screen (မော်နီတာစကရင်(န်))မှ ပေါ်နေသည့် အရိပ်တစ်ရိပ်ကြောင့် မနှင်းဆီ အနောက်သို့ လှည့်ကြည့်လိုက်၏။

"မနေ့ကပဲ ခေါင်းကိုက်လို့ ခွင့်ယူထားတာ... ကွန်ပျူတာကို မကြည့်နဲ့လေ... "

"ရပါတယ်... မနေ့က ကျန်ခဲ့တဲ့ အလုပ်ကြွေးလေးတွေ လုပ်ချင်လို့ပါ... "

"အရင်ဦးဆုံး Manual (လက်နဲ့ပဲ)နဲ့ပဲ အရင်လုပ်ပါလား မနှင်းဆီ မနက်ဖြန်ကျမှ ကွန်ပျူတာထဲ ထည့်ပေါ့... ဒါမှ မင်း သက်သာမယ်... "

"ရပါတယ် ဦးခန့်ထည်... မနေ့ကနဲ့ ဒီနေ့နှစ်ရက်ဆိုရင် ကျွန်မမှာ အလုပ်ကြွေးတွေ သိပ်များသွားမယ်... အဲဒါမျိုး ကျွန်မ မဖြစ်ချင်ဘူး... မျက်လုံးက ခဏနားလိုက်ရင် သက်သာသွားမှာပါ... "

"မင်း ခေါင်းသိပ်မာပါလား မနှင်းဆီ... တကယ်ဆို ကွန်ပျူတာနဲ့အလုပ်လုပ်ရင် မင်းရဲ့မျက်မှန်ကို မင်းတပ်ထား သင့်တယ်... အဲဒါကိုကော မင်း နားလည်ရဲ့လား..."

"မျက်မှန်တပ်ရင် နှာခေါင်းနာတယ် ဦးခန့်ထည်ရဲ့... အဲဒါကြောင့် ကျွန်မ မတပ်တာ... "

"ကျစ်... မင်းက တကယ့်ကို ခေါင်းမာပြီး ရိုက်ချင်စရာ



ကောင်းတဲ့ မိန်းကလေးပဲ မနှင်းဆီ... "

ပြတ်တောင်းတောင်း ရေရွတ်လျက် သူမအနားမှ ည့်ထွက်ပြီး အပြင်သို့ ထွက်သွားသော ဦးခန့်ထည်ကို ကြည့် ပြုံးမိသူမှာ မနှင်းဆီပင်။

တကယ်တော့ သူမ မနေ့က ခေါင်းကိုက်သည် သည်မှာ ကွန်ပျူတာကို ကြည့်ရ၍ မဟုတ်။ တစ်နေ့ တစ်နေ့ ထုံနေသော စီးကရက်နံ့ လွှမ်းခြုံနေသည့် ဤအဲယားကွန်း န်းထဲမှာ နေခဲ့ရ၍ အသက်ရှူကျပ်ကာ ခေါင်းကောင်း နေ ာင်းခဲ့ဆိုတာသာ သူသိခဲ့လျှင် ဤကဲ့သို့ စိတ်ပူစကား ပြော လားဆိုတာ မနှင်းဆီ သိချင်လှသည်။ ဘာကြောင့်ဆိုလျှင် တစ်ယောက်ဟာ စီးကရက်ကို ခန္ဓာကိုယ်မှ အငွေ့ထွက်လုနီး အချိန်ပြည့်သောက်နေတတ်ခဲ့သည့် စီးကရက်ကို တော်တော် တ်မက်မောမော ကြိုက်နှစ်သက်တတ်ခဲ့သည့် သူတစ်ယောက် နေခဲ့သောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



# ၆

အရောင်းဆိုင်များ ရှိသည့် အခန်းထဲကို ဝင်လာ... သည့် အချိန်ကတည်းက ထူးထင်နေသော သူ့ကို မေနှင်းဆီ မြင်... ပြီးသား။ သူ့နံဘေးမှာ ပါလာသော အမျိုးသမီးတစ်ယောက်... လည်း ချောမောလှပကာ ငေးကြည့်ချင်စရာ ကောင်းသော အ... အဆင်မျိုးနှင့်မို့ သူတို့အတွဲဟာ ဒီအမ်ပိုရီယမ်အခန်းထဲမှာ လူ... သတိထားမိစရာ ဂရုတစိုက် ကြည့်စရာ စုံတွဲတစ်တွဲလို ဖြစ်... သည်။

အစကတော့ မေနှင်းဆီလည်း သူ့ကို မြင်မြင်ချင်း... လှမ်းခေါ် နှုတ်ဆက်မိဦးမလို...။ သို့သော်လည်း သူတို့ကိုငေး... နေသော တခြားဆိုင်များမှ လူများကြောင့်ရယ် ဘာကြောင့်မှန်း... ဒီလိုငေးကြည့်ခံနေရသည့် သူတစ်ယောက်ကို ကိုယ်က လှမ်း...



...နှုတ်မဆက်လိုက်ချင်တာရယ်... ကိုယ်က သဘောရိုးဖြင့် သူ့ကို နှုတ်ဆက်လိုက်သည် ထားဦးတော့... ကိုယ့်ဆိုင်မှ ပစ္စည်းကို ရောင်းချင်လို့ အတင်းကာရော နှုတ်ဆက်လိုက်သည်ဟု ဘေးလူတွေ ...မျိုးမြင်သွားမှာ စိုးသည့်စိတ်ရယ်ကြောင့် ခင်းထားသော ရတနာ ...များကို ဆိုင်စေ့ကြည့်နိုင်မှ သူမတို့ဆိုင်ကို ရောက်လာနိုင်မည် ...သော ဦးခန့်ထည်ကို နှုတ်မဆက်တော့ဘဲ မှန်ဗီရိုပုံး၏ ...ကွယ်ကွယ်တွင် ထိုင်ကာ ဖတ်လက်စ ပရိတ်ကြီးဆယ့်တစ်သုတ် ...များကို ဆက်ဖတ်နေလိုက်သည်။ အကယ်၍ ဆိုင်စေ့မကြည့် ...ဘူးဆိုလျှင် ဦးခန့်ထည်လည်း သူမတို့ဆိုင်ဘက် ရောက်မလာ ...သော သူမကို မြင်တွေ့စရာ အကြောင်းမရှိတော့ဘူးပေါ့လေ။ ... သူမ နှုတ်မဆက်လည်း ဘာမှအပြစ်ဖြစ်နိုင်စရာ အကြောင်း ...။ သို့သော် ရာသီဥတုက မေနှင်းဆီဘက်မှ မရှိခဲ့ပါလေ။

"ဘာကြည့်မလဲ... ကြည့်ပါကွယ်..."

ဆိုသော မေမေဖော်ရွေသော ဖိတ်ခေါ်ကမ်းလှမ်း ...နှင့်အတူ

"ခန့်... ဒီမှာကြည့်စမ်း... ကိုယ်ပြောတာ ဒီလိုဆိုက်(စ်)မျိုး ပေါ့... အန်တီ ဒါ အကွာမရင်းကျောက်ပါနော်..."

ဟူသော ဦးခန့်ထည်နှင့် အတူပါလာသော အမျိုး ...အသံချိုချိုကြောင့် သူမ၏ကိုယ်လုံးက ကျုံ့သွားရ၏။ ဘေး... ...မေမေ့ကို ကူသော နီလာကလည်း အခုအချိန်မှ လက် ...သွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... အကွာမရှင်းပါ... ကြည့်မလား သမီး"

ဟူသော ဖော်ရွေမေးမြန်းမှုနှင့်အတူ...

"သမီးငယ် မေမေ့ကို ဒီအကွာမရှင်းလော့ကတ်လေး ထုတ်ပေးပါ... ဒီက မမတို့ကို ပြရအောင်လို့..."

ဟူ၍ သူမကိုပါ တစ်ဆက်တည်း ခိုင်းလိုက်သည့် မေမေ့အသံကြောင့် ဆက်လက်ကွယ်ဝှက်၍ ထိုင်နေစရာ မရှိတော့ဘွာ မေနှင်းဆီ မတ်တတ်ရပ်၍ ဗီရိုကို သော့ဖွင့်လိုက်၏။

"မေနှင်းဆီ..."

ခန့်ထည်မှာ ရတနာဗီရိုထားရာ အနောက်မှ ဆံပင်ရှည်ရှည်များ ဘေးတစ်ဖက်တစ်ချက်မှာ ကျလျက် ထိုင်ရာမှ ထလိုက်သော ကောင်မလေးကို တွေ့လိုက်ရသည့်အခါမှာတော့ မျက်ခုံးတစ်စုံ ပင့်တက်ကာ အံ့ဩသွားရ၏။ သူ၏ခေါ်သံကြောင့် သူ့ထံကြည့်လာသော မျက်နက်ဝန်းတစ်စုံက သူ့ကို တွေ့လိုက်ရ၍ အံ့ဩဟန်လည်း မပြ၊ ထူးဆန်းသွားပုံလည်း မရှိကာ အစကတည်းက သူ့ကို တွေ့ထားပြီးသူလို တကယ့်ကို အေးအေးဆေးဆေးနှင့် သာမန်ပုံစံနှင့်မို့ အံ့ဩသွားမှုကို သူကသာပဲ မထိန်းလိုက်နိုင်ဖြစ်သွားရကာ အရှေ့သို့ တိုးသွားပြီး ထပ်မံ မေးလိုက်၏။

"ဒါ မင်းရဲ့ဆိုင်လား..."

"ဟုတ်ကဲ့ပါ... မေမေ ဒါ ဦးခန့်ထည်လေ... ဦးခန့်ထည် ဒါ ကျွန်မမေမေ ဒေါ်ခင်ကြည်ပါ..."



ဦးခန့်ထည်၏ တအံ့တဩအမေးကို ခေါင်းညိတ်ဖြေကာ တစ်ဆက်တည်းမှာလည်း မေမေနှင့် မိတ်ဆက်ပေးလိုက်သည်။

"သြော်... သမီးရဲ့ဆရာကိုး... တွေ့ရတာ ဝမ်းသာပါတယ်ကွယ်..."

"ဟုတ်ကဲ့... ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ် အန်တီ... ကျွန်တော် တော်တော် အံ့ဩသွားတယ်... ဘာလို့လဲဆိုတော့ မေနှင်းဆီက သူ့မှာ ဒီလိုဆိုင်ရှိတာ တစ်ခါမှ မပြောပြဖူးဘူး..."

"ဒါ ကျွန်မဆိုင်မှ မဟုတ်တာ... မေမေ့ဆိုင်ပဲ..."

မေနှင်းဆီ၏ မပွင့်တပွင့်အပြောကို ဒေါ်ခင်ကြည်က ရယ်မောကာဖြင့် ဖာထေးပြော၏။

"ဒါကိုသာ ကြည့်တော့ မောင်ခန့်ထည်ရေ... အမေ့ရဲ့ဆိုင်ကို သူတို့ရဲ့စီးပွားလို့ သတ်မှတ်တာ မဟုတ်ဘူး... အန်တီ့မှာ သားသမီးသုံးယောက် ရှိတယ်... သူ အပါအဝင် အထက်က အကြီးနှစ်ယောက်လည်း သူတို့ဒူး သူတို့ချွန်ပြီး အပြင်မှာ အလုပ်လုပ်ကြတာ..."

ဦးခန့်ထည်က မေမေ့အပြောကို အပြုံးဖြင့် ခေါင်းညိတ်နားထောင်ကာ သူနှင့်အတူပါလာသော အစ်မကြီးထံ ကြည့်၏။ ပြီးနောက် သူမထံ ပြန်ကြည့်လာကာ...

"မေနှင်းဆီက ကိုယ့်စက္ကူထရီလေ နဒီ..."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သိဂ္ဂီ မဟုတ်တော့ဘူးလား... "

"မဟုတ်တော့ဘူး... မေနှင်းဆီ ကိုယ့်ဆီ ရောက်တာ တော်တော်ကြာပြီ... မေနှင်းဆီ ဒါ ကိုယ့်သူငယ်ချင်း ခင်မြနန္ဒီ သူက ဩစတြေးလျမှာ နေတာ... အခု ဒီကို ရောက်နေတာ တစ်ပတ်ပဲ ရှိသေးတယ်"

ဦးခန့်ထည်၏ မိတ်ဆက်ပေးမှုဖြင့် မေနှင်းဆီမှာ ခင်မြနန္ဒီဆိုသော သူ၏သူငယ်ချင်းကို မိတ်ဆက်ပြုံးပြဖြစ်၏၊ ခင်မြနန္ဒီကလည်း သူမကို ပြန်လည်ပြုံးပြနှုတ်ဆက်လာသည်။

"တွေ့ရတာ တကယ့်ကိုပဲ ဝမ်းသာပါတယ် အန်တီ... ဘာလို့လဲဆိုတော့ ကျွန်တော့်မာမာက ဂျူဝဲယ်(လ်)လာရီကို သိပ်ဝါသနာပါပါတယ်... ကျွန်တော့်ဆီကို လှမ်းလှမ်းမှာတဲ့အတွက် ကျွန်တော့်မှာ နားမလည်ဘဲနဲ့ ဆိုင်ကညွှန်းတဲ့ဟာတွေပဲ ဝယ်ပေးခဲ့ရတာ... အခုတော့ ကိုယ်နဲ့သိတဲ့ လူတွေဖြစ်နေတော့ မေနှင်းဆီနဲ့ အန်တီတို့ကိုပဲ အားကိုးရတော့မှာပဲ... "

"အန်တီကလည်း ဝမ်းသာရမှာပေါ့ကွယ်... ဘာလို့လဲဆိုတော့ ကာစတာမ်မာတစ်ယောက် တိုးလာလို့လေ... "

"အခုလောလောဆယ်မှာတော့ ကျွန်မက ဒီအကွာမရင်းကို တော်တော်ကြိုက်နေပြီရှင်... အန်တီ ရီဆန်နဘယ်(လ်) ပရိုက်(စ်)လေး ပြောပါနော်... "

"အဟင်း စိတ်ချ... စိတ်ချ ဈေးကို အဆင်ပြေနိုင်ဆုံးဖြစ်



အောင် အန်တီ လုပ်ပေးမယ်... ပစ္စည်းကိုသာ အရင်ကြည့်လိုက်ပါဦး... သမီး ဒီက အစ်မကို ထုတ်ပြဦးလေ... "

မေနှင်းဆီ ဆတ်ခနဲ ခေါင်းညိတ်ကာ ဗီရိုထဲမှ အကွာမရင်းကျောက်လော့ကတ်လေးကို ထုတ်ယူလိုက်သည်။

"အို... ဆိုးဆွိပဲ ခန့်... ကိုယ်တော့ တော်တော်လေး သဘောကျနေပြီ... အရည်ကလည်း တော်တော်ကောင်းတယ်နော်... "

အခြားဆိုင်တွေမှာဆိုလျှင်တော့ ဒီလိုဈေးဝယ်သူသာ ရောက်လာလျှင် စိတ်ကြိုက်ဈေးတင်လို့ရမည့် အနေအထားင်။ ကပ်ထားသည့် ဈေးနှုန်းထဲက ဈေးထက် လုံးလုံးမလျှော့ဘဲ ရောင်းချနိုင်သည့်အဖြစ်မျိုးပေါ့။ မေနှင်းဆီ၏ဆိုင်ဆိုလျှင်လည်း အခြားဈေးဝယ်သူသာဆိုလျှင် ထိုသို့ရောင်းနိုင်မည်ဖြစ်သော်လည်း အခုကတော့ ဦးခန့်ထည်နှင့် သူ၏သူငယ်ချင်းဖြစ်နေသည့်အတွက် ယ်ဖြစ်ခဲ့လျှင် တော်တော်လေး လျှော့ပေးဖို့ မေမေ့ကို ပြောရန် နှင်းဆီ စိတ်ထဲ တေးထားမိသည်။

"ဒါက Silver (ငွေထည်) လား... White gold(ရွှေဖြူ)လား အန်တီ... "

ခင်မြနန္ဒီက အကွာမရင်းကျောက်ကို အထည်ခတ်ထားသည့်ဘောင်မှ အသားပွတ်ကြည့်ရင်း မေး၏။

"ဒီကောင်က အရည်အသွေး သိပ်ကောင်းတယ်လေ... အဲဒါကြောင့် အန်တီက ဝိုက်ဂိုးလ်(ဒ်)နဲ့ပဲ ခတ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ… ဝိုက်ကိုးလ်(ဒ်)နဲ့ဆိုတော့လည်း ဈေး
ဒီလောက် ဖြစ်မှာပေါ့ ခန့်… ယူကော ဘယ်လိုသဘော
ရလဲ… အိုင်နဲ့ လိုက်မယ် ထင်ရဲ့လား… "

"လိုက်ပါတယ်… အရောင်က တကယ့်ကို ဖန်စီအရောင်ပဲ
နဒီက ဒါမျိုးလေးတွေ ကြိုက်တတ်တာဆိုတော့ အဆော
ပဲပေါ့… "

"အင်း… ဒီလို ဆိုက်(စ်) ကို ရှာနေတာ ကြာပြီ… ခန့်
တော့ ထားပါတော့… အိုင့်အကြိုက်ကို သိနေတော့ လိုက်
တယ်လို့ ပြောနိုင်တာ… ဒီက ညီမကိုပဲ မေးတော့မယ်
သူက လူငယ်ဆိုတော့ ခေတ်အမြင် ရှိတာပေါ့… ဘယ်
လဲဟင်… ဒီဟာလေးက ကိုယ်ဆွဲမှာဆိုရင် လိုက်ပါ့မလား
သိပ်များ ကြီးနေမလား… "

လော့ကတ်ကို လည်ပင်းအောက် ရင်ဘတ်မှာ ကပ်
လျက်က သူမကို မေးလာသောကြောင့် သူမအပြုံးဖြင့် ခေါင်းညိတ်
ပြီး…

"သိပ်ကို လိုက်ပါတယ် အစ်မ… ဒီအကွာမရင်းကို နိုင်ငံ
ခြားသားတော်တော်များများ ကြိုက်ကြတယ်… တချို့
ဒီထက်ပြူးတဲ့ဟာကြီး ဝယ်သွားကြတာ… ဒါပေမဲ့ သူတို့
ဝတ်လိုက်ရင် မကလက်ဘူး… ဒီအပြာရောင် အကြည်သား
က အသက်အရွယ်မျိုးစုံကို ဆိုက်(စ်)မျိုးစုံနှင့် ဝတ်လို့ရ
အောင် ထိန်းပေးထားတာလေ… ကျွန်မလည်း သိပ်ကြိုက်



လွန်းလို့ နားကပ်၊ လော့ကတ်၊ လက်စွပ်တစ်စုံ လုပ်ထား
တယ်… "

"ဟာ… အပြောလေးက ကောင်းတယ်ရှင်… ဒီက အန်တီ
တော့ ဒီသမီးကို ခေါ်လာရင် တော်တော်ဈေးရောင်းကောင်း
မှာပဲ… ခန့် ယူ့တပည့်က Sales (အရောင်း) မှာလည်း
အိတ်စပတ်ပါလား… "

"နိုး… ဒီနေရာမှာ ကိုယ်က သူ့ကို ဆရာတင်ရမှာ… "

"အင်း… ဒါ သူ့ဆရာသမားရဲ့သူငယ်ချင်းမို့ စိတ်လိုလက်ရ
ပြောတာနော်… အရင်တုန်းကဆို မေနှင်းဆီက လိုက်ရင်
လိုက်တယ်… မလိုက်ရင် မလိုက်ဘူးလို့ ဘွင်းဘွင်းကြီး
ပြောတတ်လွန်းလို့ အန်တီ့မှာ သူပါလာရင် တစ်ခါတရံ
ကာစတမ်မာ လွတ်သွားတာမျိုး ရှိတယ်… "

"ဩော်… ဒီလိုလား… ဒါဆို မေနှင်းဆီရဲ့ recommedation
(ထောက်ခံအားပေးမှု) ကြောင့်ပဲ ဒါလေးကို စိတ်ချလက်ချ
ဝယ်ရတော့မှာပေါ့… "

"ဒါက အစ်မကိုယ်တိုင် ဆန္ဒရှိမှ ဝယ်ပါရှင်… "

"အိုးအို… ဆန္ဒကတော့ ပါ(သ်)က ထွက်လာကတည်းက
ဝယ်ဖြစ်အောင် ဝယ်လာခဲ့ဖို့အတွက် ရှိလာတာ… ဟိုမှာဆို
ရှားတယ်လေ… "

"ကဲ အဲဒါသာ ကြည့်တော့ကွယ်… အန်တီ့သမီးကတော့
အဲဒီလောက်အထိ ဈေးဝယ်သူကို ဆွယ်တတ်တာ… "

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အန်တီ... သူ ဘယ်လိုပဲပြောပြော ကျွန်မက ဝယ်ဖြစ်ဖို့အတွက် အာရုံကျထားပြီးပါပြီ... ဟင်း ဟင်း..."

ဒေါ်ခင်ကြည်နှင့် ခင်မြနဒီက အတိုင်အဖောက်ညီစွာ ပြောဆိုနေကြသည့်အချိန်မှာ ခန့်ထည်က မည်းနက်ဖြောင့်စင်းသော ဆံပင်ရှည်ရှည်များနှင့် မိန်းကလေးကို မသိမသာ ကြည့်လိုက်မိသည်။ ဆေးကူပြုပြင်ထားခြင်း ကင်းမဲ့သော မျက်လုံးဝိုင်းကြီးက ရွှန်းလက်တောက်ပကာ သူမ၏ ဘုဘောက်ပြောဆိုတတ်သော အပြောတစ်ခု၏ ဟိုး... အတွင်းနက်နက်တစ်နေရာမှာ ရှိုးသားဖြူစင်ခြင်းဟူသည့် အမိပ္ပာယ်တစ်ခုကို သိသာမြင်သာစေသည်။ ဒါဟာ ဘာကြောင့်မှန်းမသိ ဒီမိန်းကလေးအပေါ်တွင် ကျွမ်းဝင်မိခြင်း အသိအမှတ်ပြုခြင်းတစ်ခုပင် ဖြစ်၏။ နိုင်ငံတကာ အသိအမှတ်ပြု ကျောက်မျက်ရတနာပြခန်းလိုနေရာမှာ မြောက်မြားလှစွာသော တန်ဖိုးရှိ ရတနာပစ္စည်းများ အစုံအလင်ကို ရောင်းချသော ဆိုင်တစ်ဆိုင် ရှိနေခဲ့ပါလျက်နှင့် "မိသားစုကို လုပ်ကျွေးချင်သည်"၊ "အမေကို ကျေးဇူးဆပ်ချင်သည်" ဆိုသော ရည်ရွယ်ချက်နှင့် သူ့ထံမှာ အင်တာဗျူးဝင်လာခဲ့သော ပကာသနကင်းသည့် နှိမ်ချတတ်မှုတစ်ခုကို သူ ချီးကျူးမိသည်။ အင်း.. တကယ့်ကိုပဲ သူ့အတွက်ကတော့ မေနှင်းဆီဟာ ချီးကျူးစရာ အသိအမှတ် ပြုစရာနှင့် ကျွမ်းဝင်ပြီးရင်း ကျွမ်းဝင်နေမိတော့၏။

"ကဲ... သမီးဆရာရဲ့သူငယ်ချင်းမို့ ဘယ်သူ့ကိုမှ မပေးနိုင်တဲ့ဈေးနဲ့ ပေးလိုက်ပြီနော်... နောက်လည်း ကြုံကြိုက်ရင်



အားပေးလှည့်ပါ... "

"သိုင်းကျူးဇူးတင်ပါတယ်... မတ်(ချ်)ပါ အန်တီ... "

"သိပ်ကို ကျေးဇူးတင်ပါတယ် အန်တီ... "

"အန်တီက မောင်ခန့်ထည်ကို ကျေးဇူးတင်ရမှာပါကွယ်... အန်တီ့သမီးလေးကို သူ သိပ်ကို စိတ်အားထက်သန်စွာ အလုပ်လုပ်ချင်တဲ့ ဟိုတယ်မှာ အလုပ်ခန့်လိုက်တဲ့အတွက်ပါ... "

"ဟာ... ဒါက မေနှင်းဆီရဲ့ကုသိုလ်ကံနဲ့ အရည်အချင်းကြောင့်လည်း ပါပါတယ် အန်တီ... ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး... "

"ဒါပေမယ့် အန်တီ အပ်ပါတယ်... သူ့ကို မသိတာ၊ မတတ်တာရှိရင် သင်ပြပေးပါ... ပြောစကား နားမထောင်ရင် ကြိုက်သလို ဆူနိုင်ပါတယ်... ဆုံးမနိုင်ပါတယ်... အမှန်ကို ပြောရရင် မေနှင်းဆီက သိပ်စိတ်မြန်တယ်... စိတ်ကလည်း လက်တစ်ဆစ်ပဲ ရှိတာ... နောက် ဘုဘောက်ကလည်း ပြောတတ်သေးတာ... အဲဒီပုံစံမျိုးဆိုတော့ သူ အလုပ်ဝင်ခါစက အဆင်မှ ပြေပါ့မလားလို့ အန်တီက တွေးပူနေရတာကွဲ... "

"အလုပ်မှာတော့ အားလုံးနဲ့ လိုက်လျောညီထွေစွာ သူနေတတ်ပါတယ် အန်တီ... အင်း ဒါပေမဲ့ တစ်ခုတော့ ရှိတယ်... "

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနှင့်မှ သူမထံ ပြုံးရိပ်ထင်သော မျက်ဝ... နှင့် ကြည့်လာတာမို့ မေနှင်းဆီမှာ ဦးခန့်ထည်ကို ပြုံးကြောင်... ပြန်ကြည့်မိသည်။ အင်း... သူမကို ဘာတွေများ ချွန်တွန်းလုပ်... မလဲ။ သည်လူကြီးက ယုံရတာ မဟုတ်။

"တစ်ခါတစ်ခါကျရင် သူ ခေါင်းမာတယ်နော် အန်တီ... ဥပမာ သူ့က မျက်စေ့ ကိုက်တတ်၊ ခေါင်းကိုက်တတ်တ... ဆိုလို့ ကွန်ပျူတာသုံးရင် မျက်မှန်တပ်ပါလို့ ပြောတာ... မထောင်ဘူး အန်တီ... မျက်မှန်တပ်ရင် နှာခေါင်းနာလို့... ပြီး မတပ်တာလေ... ဘယ်လိုပြောပြော မတပ်ဘူး..."

"အဲဒါတော့ မပြောနဲ့တော့ကွယ်... ပေတဲ့တေတဲ့နေရာ... တော့ မေနှင်းဆီကို ဘယ်သူမှ မီနိုင်မယ် မထင်ဘူး... ... တစ်ခါကလည်း အသက်ရှူကျပ်ပြီး... အဆုပ်ပွလို့ ခွ... တောင် ယူလိုက်ရသေးတာလေ... အဲဒါ အန်တီက သူ... ကုတ်လက်ရှည် ဝတ်ခိုင်းတာ... ဝတ်ကော ဝတ်ရဲ့လာ... မသိပါဘူး..."

ဒေါ်ခင်ကြည့်စကားမှာ ခန့်ထည်၏ မျက်ဝ... ပြုံးရိပ်များ ရုတ်တရက် ပျောက်ကွယ်ကာ မျက်ခုံးတွန့်ခနဲ ဖြစ်သွ... ၏။ အလုပ်စလုပ်သည့်အချိန်က စပြီး သူမ ခွင့်ယူတာ တစ်ခါ... ရှိသေးတာ... ။ ဒီတစ်ခါကလည်း "ခေါင်းကိုက်လို့" ဆိုသော... အကြောင်းပြချက်နှင့်မို့ ထိုအကြောင်းအရာကို အခြေခံပြီး ကွန်... တာကို ကြည့်တာမှာ မျက်မှန်မတပ်တာကို သူပြောဖြစ်တာ။ အ...



...တော့ သူမ ခွင့်ယူခဲ့ရခြင်းအကြောင်းက အသက်ရှူကျပ်ပြီး ...ဆုပ်ပွလို့ ဆိုတာပါလား... ။ သူ မေနှင်းဆီထံ ကြည့်မိတော့ ...ဝင်ရှည်များနှင့် မျက်နှာကို ကွယ်ကာ ဗီရိုထဲမှာ သူ့နေရာနှင့် ...အစဉ်တကျ ရှိနေသော ပစ္စည်းများကို ဟိုရွှေ့ဒီရွှေ့လုပ်နေတာ ...တွေ့ရသည်။ ဒါဟာ သူနှင့် မျက်လုံးချင်းဆုံရမှာစိုးလို့ သူမ၏ ...သာဝါဒကို ပေါ်မှာစိုးလို့ အလုပ်မရှိ အလုပ်ရှာခြင်းတစ်မျိုးပေါ့။ ...ကြည်စင်သော မျက်နှာပါးပါးလေးကို ကြည့်ပြီး သူ့ရင်ထဲမှာ ...ရှုအားသက်ခြင်းနှင့်အတူ ကြီးမားလှစွာသော အားနာမှုတစ်ခု ...ထွန်း၏။

"မောင်ခန့်ထည်ကို အပ်ရတော့မှာပဲ... သူ့ကို ကုတ်အင်္ကျီ လက်ရှည်နဲ့ အင်္ကျီလည်ပင်းအံစေ့တပ်ဖို့ကို သတိပေး ပေး ပါနော်... ပြောမရင် ငေါက်သာ ငေါက်လိုက်ပါ... "

"ဟုတ်ကဲ့ပါ အန်တီ... "

ထိုမျှလောက်သာပဲ ပြောပြီး နဒီ ပိုက်ဆံပေး ငွေ ...ကာ ဘောင်ချာယူပြီးသည့်အချိန်မှာ မေနှင်းဆီတို့သားအမိကို ...ဆက်ပြီး ကျောက်မျက်ရတနာအရောင်းဆိုင်များရှိရာ အခန်းထဲ ...ထွက်ခဲ့တော့သည်။

"ဘယ်လိုလဲ ခန့်... ကိုယ် ပါ့(သ်)ကို ရောက်ရင် အန်တီ နဲ့အန်ကယ်ကို သတင်းထူးတစ်ခု ပြောရတော့မလား..."

"ဘာကိုလဲ နဒီ... "

ကားပေါ်ရောက်ရောက်ချင်း မေးလာသော နဒီ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ နားမလည်စွာ ပြန်မေးမိ၏။ နဒီက ပြုံးတေ့တေ့ဖြင့် သူ့ထံ ပြန်ကြည့်လာကာ...

"မသိချင်ယောင် မဆောင်ပါနဲ့ ခန့်ရာ... ယူနဲ့အိုင်က တစ်ယောက်ရင်ထဲမှာ တစ်ယောက် ဘာဖြစ်နေသလဲဆို တာ မြင်ကြည့်နိုင်တဲ့ သိနေနိုင်တဲ့ သူငယ်ချင်းတွေဆိုတာကို လည်း ယူ မေ့မနေနဲ့ဦးလေ... "

"အေးလေ... ကိုယ် ဘာကိုဖြစ်နေသလဲ... ကိုယ့်ဘာသာ မသိတော့ မင်းကို မေးတာပေါ့ နဒီရာ... "

"အိုကေ... ဒါဆို ကိုယ်ပြောပြနိုင်တယ်... တကယ်ကိုဲ ယူ့ဘာသာယူ မသိနိုင်ခဲ့ဘူးဆိုရင်ပေါ့... "

"အင်း ဟင်... "

"ယနေ့ထိတိုင် ကိုယ့်ကို ချစ်တတ်လာအောင် ဆွဲဆောင် နိုင်တဲ့မိန်းကလေး မရှိသေးဘူးဆိုတဲ့ ယူ့ရဲ့အဆိုပြုချက် တစ်ခု... အခု မဟုတ်သေးရင်တောင် မကြာခင်မှာ သိသာ စွာ ပြောင်းလဲတော့မယ် ခန့်... ယူ မေနှင်းဆီကို ချစ်နေပြီ"

"ဘယ်လို... "

"ဟုတ်တယ် ခန့်... ချစ်နေပြီဆိုတာ ယူ့ကို ယူ အခု လက် မခံနိုင်သေးရင်တောင် နောင်တစ်ချိန်မှာ ဒီအရာက ထိန်း သိမ်းလို့ဝှက်လို့ မရနိုင်အောင် ယူ့ဆီမှာ ပေါ်ပေါက်လာ လိမ့်မယ်... ကိုယ် အတပ်ပြောရဲတယ်... ဘာလို့လဲဆိုတော့ မေနှင်းဆီ ယူ့စိတ်ကို ကောင်းကောင်း influence(လွှမ်းမိုးနိုင်)



ဖြစ်နေပြီ... "

"ချစ်တာ မချစ်တာတော့ ကိုယ်မသိဘူး နဒီ... ဒါပေမဲ့ ဒီကောင်မလေးရဲ့ လှုပ်ရှားပြုမူပုံ အရာရာတိုင်းက ကိုယ့် စိတ်ထဲကို အသိအမှတ်ပြုဖို့ချည်းပဲ ဖြစ်လာတယ်... "

ဝန်ခံခြင်း မမည်သော ဝါကျတစ်ကြောင်းကိုတော့ ခန့်ကန်စွာ ဖွင့်ထုတ်ပြောဖြစ်၏။

"ဒါပဲပေါ့... ယူက မချစ်ဘူးတော့ ကိုယ့်ကိုကိုယ် သတိ မထားမိဘူး ဖြစ်နေတာပေါ့... အိုကေ ကိုယ်ပြောတာ မှန် မမှန် ဆိုတာ စောင့်ကြည့်တာပေါ့ ဟုတ်လား... "

နဒီ့စကားကို ပြန်မပြောဖြစ်တော့ဘဲ ကားမောင်း ထွက်ခဲ့တော့သည်။ ရင်ထဲမှာတော့ သူ စီးကရက်တွေ တစ်ချိန် လုံး သောက်နေခဲ့၍ မေနှင်းဆီများ အသက်ရှုကျပ်ခဲ့သလားဆိုတာ တွေးမိသည့်စိတ်နှင့် ရင်ထဲ လုံးလုံးမကောင်းဘဲ ရှိနေတော့သည်။

"Please, Wait a minut Sir (ကျေးဇူးပြုပြီး စောင့်ပါ) I will be searching for him (သူ့ကို သွားရှာလိုက်ပါဦးမယ်)... "

ဟု ပြောကာ တယ်လီဖုန်းကို တီးလုံးခလုတ် သွင်း ဆေးကာ ခဏချခဲ့ပြီး ခုနလေးတင် အခန်းထဲမှာ ရှိနေသော ဦးခန့် သည်ကို လိုက်ရှာလိုက်၏။ အနောက်ခန်းထဲမှာလည်း မရှိသောမို့ အခန်းပြင်ထွက်လာကာ ခြေလှမ်းကျဲကျဲဖြင့် သူ့ကို လိုက်ရှာမိ သည်။ စာရွက်စာတမ်းတွေ တစ်ပုံတစ်ပင်နှင့် သူက စားပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေခဲ့သော ဦးခန့်ထည် ဘယ်များသွားနေပါလိမ့်။ ဖုန်းကလည်း ဩစတြေးလျရုံးချုပ်မှ လာသည့်ဖုန်း ဖြစ်နေတာမို့... ထို့အပြင် တွေ့ **အောင်ရှာပေးပါ စကား**ပြောချင်ပါသည်ဟု ပြောလာသည့်အတွက်**ကြောင့် မေနှင်းဆီမှာ**လေဒီရှူးသံတဒေါက်ဒေါက်ဖြင့် သူမတို့ အပေါ်ထပ်**တစ်**ထပ်လုံးမှာ ရုတ်ချည်းကိုယ်ယောင်ပျောက်သွားသော ဦးခန့်ထည်ကို လိုက်ရှာနေရသည်။

"မဥမ္မာ... ဦးခန့်ထည် ဂျီအမ်နဲ့ စကားပြောနေလားဟင်"

ထိုစဉ် ဂျီအမ့်အခန်းထဲမှ ထွက်လာသော ဂျီအမ့်စက္ကထရီကို တွေ့၍ မေးလိုက်၏။

"ဟင့်အင်း... မရှိဘူး... ဘာဖြစ်လို့လဲ မေနှင်းဆီ... "

"ဩစတြေးလျက ဖုန်းလာနေလို့ လိုက်ရှာနေတာ သိုင်းကျူး မဥမ္မာ... ဟိုဘက် သွားရှာလိုက်ဦးမယ်... "

ဟု ပြောပြီး သူမတို့ အခန်း၏ဘယ်ဘက်က ကော်ပီကူးသော အခန်းဘက် လျှောက်သွားလိုက်၏။

"ဦးမြင့်... ဦးခန့်ထည်ကို တွေ့မိလား... "

"ဟော့အေး... ဒီမှာ ကော်ပီဆွဲစရာ စာရွက်တွေ ပုံနေလို့ အပြင်ကို မကြည့်မိဘူး... "

"အိုကေ... သိုင်းကျူး... "

ထို့နောက် သူမတို့အပေါ်ထပ်သို့ တက်စရာ ဟို... သည် ဘေးဘက်လှေကား၏ နဘေးအခန်းသို့ လျှောက်ခဲ့၏။ ထို အခန်းထဲမှာ ရှိသော ဒါရိုက်တာတစ်ယောက်ထံ ဦးခန့်ထည်က



သွားစကားပြောတတ်၍ပဲ ဖြစ်သည်။

"မေနှင်းဆီ ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်သလဲ... "

ထိုစဉ်မှာပဲ ဘေးဘက်လှေကားမှတစ်ဆင့် အပေါ်တက်လာကာ မေးလာသော ဝန်ထမ်းတစ်ယောက်ကြောင့် "ဦးခန့်ထည် ပျောက်လို့ လိုက်ရှာနေတာ ရုံးချုပ်က ဖုန်းလာနေလို့" ဟု ပြောပြီး အခန်းထဲ ဝင်မည် ပြုစဉ်...

"ဟာ... ဆရာ့ကို အောက်မှာတွေ့ခဲ့တယ်... ဘေးဘက်ပေါ်တီကိုအောက်မှာ စီးကရက် သောက်နေတယ်... "

"ဟင်... ဟုတ်လား... "

ချက်ချင်းပင် အခန်းထဲ ဝင်ဖြစ်တော့မည့် ခြေလှမ်းကို နောက်ပြန်ဆုတ်ကာ လှေကားထစ်များမှ လျင်မြန်စွာ အောက်ကို ဆင်းခဲ့၏။ ဝန်ထမ်းများသာလျှင်ပဲ သွားလာဝင်ထွက်ခွင့်ရှိသော သူမတို့ ရုံးခန်းရှိရာ အပေါ်ထပ်သို့ လာရသည့် တံခါးဝရောက်သော့ အနည်းငယ် ကျပ်ချင်သလို ရှိနေသော တံခါးကို အင်အားသုံး၍ ဆွဲဖွင့်လိုက်သည်။ အင်း... တွေ့ရပါပြီ.. မစ္စတာခန့်ထည်ကို ဘယ်ဘက်ရှေ့ဘောင်းဘီအိတ်ထဲ ဘယ်လက်မကို ထည့်ကာ စီးကရက်ကို ညာလက်ဖြင့် ကိုင်သောက်နေပုံက တကယ့်ကို ခန့်မက်စက်စက်... ။ သူမ လာရာဘက်ကို ကျောပေးရပ်နေတာမို့ အနောက်မှာ သူမ ရှိနေတာ မသိသော ဦးခန့်ထည်၏ ကျောပြင်ကို စက္ကန့်ဝက်မျှ မှင်သက်စွာ သူမ ငေးကြည့်ဖြစ်သည်။ ဘာမှ မပြောလိုက်ရပါဘဲနှင့် အခြေအနေရပ်ရပ်ကို သူမ သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



နားလည်သွားပြီ ဖြစ်၏။ သို့သော် သူ့ကို စောင့်နေသော ဖုန်းက ရှိနေတာမို့ ဆက်လက်မင်သက်မနေနိုင်တော့ဘဲ ခေါ်လိုက်မိ၏။

"ဦးခန့်ထည်... "

"ဟင်... "

နောက်ပြန်ခေါင်းငဲ့ကြည့်ကာ မျက်ခုံးပင့်ထူးလာသော သူ့ကို ခေါင်းညိတ်ကာ...

"ရုံးချုပ်က ဖုန်းလာနေပါတယ်... "

"ဩော်... ဟုတ်လား... "

ဟု ပြောပြီး လက်မှာ ကိုင်ထားသော စီးကရက်ကို အောက်သို့ ပစ်ချ... ခြေထောက်မှ နင်းချေကာ ပါးစပ်နှင့် နှာခေါင်းမှာ ထွက်နေသော အငွေ့များကို လက်ဖြင့် ဝေ့ယမ်းဖယ်ရှားပြီး သူမကို ရှောင်၍ အပေါ်ထပ်သို့ အပြေးတက်သွားသော ဦးခန့်ထည်ကို လိုက်ကြည့်ပြီး ထိုနေရာမှာပဲ မရွေ့မလျားဘဲ တွေတွေကြီး ရပ်ကျန်ခဲ့သူမှာ မနှင်းဆီပင် ဖြစ်တော့သည်။

ဩော်... ဒါကြောင့်မို့ ဒီတစ်မနက်လုံး သူ့စားပွဲမှ ဆေးလိပ်ပြာခွက်ထဲမှာ သောက်ပြီးသည့် စီးကရက်ဖင်စီခံများကို မတွေ့ရသလို တစ်မနက်လုံး စီးကရက်နံ့ မရတာဟု တွေးမိပြီး သူမရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားကာ ပြောပြလို့ မရတတ်သည့် ခံစားမှုတစ်ခုက လျှပ်တပြက် ဖြစ်ထွန်းသွားရ၏။



# ၇

"Excuse me (ဝင်ခွင့်ပြုပါ)... "

ညစကြေးလျှသို့ E-mail (အီးမေး(လ်)) ပို့နေသော မနှင်းဆီမှာ အပေါက်ဝမှာ ရပ်ကာ ပြောလာသော ခွင့်တောင်းသံကြောင့် ခေါင်းငဲ့ကြည့်လိုက်မိ၏။ အပေါက်ဝမှာ လှပသော ပြင်ဆင်မှုနှင့် Front Office (ဟိုတယ်၏အရှေ့ရုံး)မှ အစ်မကြီးတစ်ယောက်။

"ဟုတ်ကဲ့ အစ်မ... ရပါတယ် ဝင်ခဲ့ပါ... "

ချိုမြသော အပြုံးတစ်ခုနှင့်အတူ ကွန်ပျူတာ ထိုင်ရိုက်နေရာမှ ထကာ ထိုအစ်မကြီးအား နှုတ်ဆက်လိုက်သည်။

"အချိန်တော့ သိပ်မရဘူး... ညှော်သည်ပါးတုန်း ထက်လာတာ... ယူ့ဆရာကော... "

www.burmeseclassic.com

www.burmeseclassic.com



“General Store (အထွေထွေသိုလှောင်ရုံ)ဖက်ကို သွားနေတယ် မမ... ဘာဖြစ်လို့လဲ မမ... ”

“တော်သေးတာပေါ့... သူမရှိတဲ့အချိန်မှာ အိုင်ရောက်လာလို့... မေနှင်းဆီ ယူ့ကိုပဲ အိုင် အကူအညီတောင်းရတော့မှာပဲ... ယူ့ဆရာကို ဒါလေး ပေး... ပေးပါနော်... ”

“ရှင်... ”

လက်ထဲ ထိုးထည့်ပေးလာသည့် အကောင်းစားပက်ကင်စက္ကူနှင့် ထုပ်ပိုးထားသည့် အထုပ်တစ်ခု... ။ မေနှင်းဆီသည် ဘုမသိ ဘမသိနှင့် ထိုအစ်မကြီးအား မျက်လုံးအပြူးသားပြန်ကြည့်နေမိသည်။

“ယူ ဒီလိုကြည့်နေတာနဲ့တင် ကိုယ့်ရှေ့မှာ ဒီလို လာပေးတာ ဘယ်သူမှ မရှိသေးဘူးဆိုတာ ကိုယ်သိလိုက်ပြီ— ဒီလိုဆို ဒီတစ်ခါတော့ ကိုယ် ပထမ ဖြစ်သွားပြီပေါ့... ကဲ ဘာမှ surprise (တအံ့တသြ) ဖြစ်မနေနဲ့... မနက်ဖြန်တော့ ယူ သဘောပေါက်သွားလိမ့်မယ်... ကိုယ် သွားတော့မယ်— ဒါလေးကိုတော့ ယူ့လက်ထဲ ထားခဲ့ပြီနော်... ယူ့ဆရာ လက်ထဲ ရောက်ဖို့က ယူ့တာဝန်ပဲ... ကဲ သွားပြီ... သိုင်းကျူး... ”

ဟု ပြောချင်တာ ပြောကာ သူမလက်ထဲ ထိုအထုပ်ကို ထည့်ပေးပြီး အခန်းထဲမှ ခပ်သွက်သွက် ပြန်ထွက်သွားသော အစ်မကြီးကိုကြည့်ပြီး မေနှင်းဆီမှာ ကြောင်နနနှင့်ကျန်ရစ်ခဲ့ရသည်။



သို့သော်လည်း ထိုအစ်မကြီး၏အထုပ်က သူမလက်ထဲမှာ ကျန်ခဲ့ပြီးပြီမို့ ဘာမှမတတ်နိုင်တော့စွာ ကိုယ်နားမလည်လိုက်မမီသော အဖြစ်တစ်ခုကို ပခုံးတွန့်လိုက်ရင်း ထိုအထုပ်ကို ဦးခန့်ထည်၏စားပွဲပေါ်သို့ တင်ထားလိုက်၏။ ပေးဆိုတော့လည်း သူလာလျှင် ပေးလိုက်ရုံပေါ့။ မေနှင်းဆီသည် ပို့လက်စ E-mail ကို ပို့ရန် စာသားတချို့ကို ကွန်ပျူတာ ဆက်ရိုက်နေ၏။ သိပ်မကြာသောအချိန်မှာ အခန်းတွင်းမှာ မသောက်တော့သော်လည်း အပြင်မှာ တစ်ဝကြီး သောက်ခဲ့ဟန်တူသော ပိုက်မာလ်ဘိုရို(လိုက်)စီးကရက်အနံ့ ပျံ့လွင့်လာခြင်းနှင့်အတူ ခြေသံလုံလုံနှင့် ဦးခန့်ထည် အခန်းတွင်းသို့ ပြန်ရောက်လာ၏။

“E-mail ပို့ပြီးပြီလား မေနှင်းဆီ... ”

“သ,ရိုက်နေတုန်းပဲ... ပြီးခါနီးပါပြီ... ”

“အိုကေ... ”

ဦးခန့်ထည်က ထိုမျှသာ ပြောပြီး သူ့စားပွဲမှာ ဝင်ထိုင်သည်။ မေနှင်းဆီသည် ကီးဘုတ်လက်ကွက်ခလုတ်များပေါ်ထက်ဆယ်ချောင်းကို တင်ထားရင်းမှ ကိုယ်ကို အနည်းငယ် လှည့်ကာ ဦးခန့်ထည်ကို ကြည့်လိုက်သည်။ စားပွဲအလယ်တည့်တည့် သူ့အရှေ့မှာ တင်ထားသော ဒီဇိုင်းလှလှ၊ အရောင်အဆင်းလှလှ ကောင်းစက္ကူဖြင့် ထုပ်ပိုးထားသော အထုပ်တစ်ခုကို တွေ့မြင်လျှက်နှင့် ဘာမှ မမေးလာတာမို့ ကိုယ့်မှာ တာဝန်ဝတ္တရား ရှိသည့်အညီ သူ မမေးသော်လည်း ကိုယ်ကပဲ မနေနိုင်စွာ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။

"အဲဒီမှာ Front office က မန်နေဂျာ မမတင်မိုးသွယ်က ဦးခန့်ထည်အတွက် လာပေးသွားပါတယ်... "

"အင်း ဟင်း... ကောင်းပြီ... "

ဟူသော စကားတစ်ခွန်းက သူမအတွက် အ စကားမှ ဆက်ရန်မရှိတော့တာမို့ ကိုယ့်တာဝန်ကျေပြီဟု သတ်မှ ကာ ကွန်ပျူတာဘက် ပြန်လှည့်လိုက်သည်။ ကွန်ပျူတာဘ ပြန်လှည့်ကာ ရိုက်လက်စစာကို ဆက်ရိုက်နေလိုက်သည် ဆို ဘာကြောင့်လဲဆိုသည့် အနည်းငယ် ထူးဆန်းစိတ်နှင့် နားမလ စိတ်တို့က ကွန်ပျူတာမော်နီတာဖန်သားမှတစ်ဆင့် အနောက် မြင်နေရသော ဦးခန့်ထည်၏ လှုပ်ရှားမှုကို မသိမသာ ကြည့်လို မိ၏။ ဦးခန့်ထည်သည်ကား စားပွဲအလည်တည့်တည့်မှာရှိ သော အထုပ်ကို ဘေးသို့ ရွှေ့လိုက်ကာ သူ၏ညာဘက်ဘေး ရှိနေသော ဖိုင်(လ်)စင်ပေါ်မှ ဘောက်(စ်)ဖိုင်(လ်)တစ်ခုကို ဆွဲ လေသည်။ ပြီးနောက် ထိုဖိုင်(လ်)ကိုဖွင့်၍ ကြည့်နေတာမို့ မေနှင်း မှာ လှပသော လက်ဆောင်ထုပ်လေးကို အနည်းငယ်မျှတော့ အဖက်လုပ် စိတ်ဝင်စားခြင်း မရှိသော ဦးခန့်ထည်ပုံစံကို ကြည့် အများကြီးကိုပဲ ထူးဆန်းအံ့သြသွားရကာ စိတ်ထဲ၌ Question Ma (?) များစွာ ရှိသွားတော့သည်။

သူမစိတ်ထဲ၌ များစွာ ရှိသွားရသော Ques Mark (?) များစွာကို ဖြေရှင်းပေးခဲ့သူမှာ ထုံးစံအတိုင်း ခင်



ဆွေပဲ ဖြစ်ခဲ့၏။ နေ့လယ်ထမင်းစားချိန်ရောက်သည့်အခါမှာ သူမ က မနေနိုင်လွန်းစွာ ဖွင့်ဟမေးမိ၍ ခင်ထူးဆွေက ပြောပြလာခြင်း ဖြစ်သည်။ ခင်ထူးဆွေက အပြုံးတစ်ခု နှုတ်ခမ်းပေါ်တင်ရင်း...

"သြော်... ဒေါ်တင်မိုးသွယ်ပဲ လာပေးသေးတာပေါ့ ဟုတ် လား... နောက်ထပ် အထုပ်တွေလည်း မကြာခင်မှာ ရောက်လာလိမ့်မယ် မေ... ဒီနေ့ ညနေပိုင်း မဟုတ်ရင် မနက်ဖြန် နံနက်ပေါ့... ယူ မယုံရင် စောင့်ကြည့်နေ... "

"ဘာဖြစ်လို့လဲ ထူးရဲ့... "

ထူး၏အပြောကို နားမလည်စွာဖြင့် ပြန်မေးမိ၏။ ထူးက သူမအား ထုံးစံအတိုင်း ရယ်ဟဟနှင့် ကြည့်၍...

"သြော်... ဘယ်လိုစက္ကထရီလဲ မေရယ်... ယူ ကိုယ့်ဆရာ ရဲ့ date of birth (မွေးနေ့)ကိုတောင် သိမထားဘူးလား"

"ဘုရားရေ... ဒီနေ့ ဦးခန့်ထည်ရဲ့မွေးနေ့လား... "

မေနှင်းဆီ မျက်လုံးပြူးသွားရ၏။ မေနှင်းဆီ၏ မျက်လုံးပြူးနှင့် တအံ့တသြ ပုံစံကို ကြည့်ပြီး ခင်ထူးဆွေ နှာခေါင်း ရှုံ့ကာ စိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြောသည်။

"ယူကတော့ တကယ့်ကို စံပါပဲ မေရယ်... ဆရာတော့ ယူ့လိုလူမျိုးကို စက္ကထရီခန့်လိုက်ရတာမှာ အရင်တုန်းက သိဂီနဲ့ စိတ်ညစ်ခဲ့ရသမျှအတွက် စိတ်တိုင်းပဲ ကျမလား... ဒါမှမဟုတ် ယူ့ရဲ့ neglect (ဥပေက္ခာ) အတွက်ကို စိတ် ထိခိုက်မလား မသိဘူး... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ ထူးရဲ့..."

ခင်ထူးဆွေ၏ အပြောတစ်ခုကို သဘောမကျစွာ မျက်ခုံးခပ်ရှုံ့ရှုံ့ဖြင့် ပြန်ပြောမိ၏။

"ဩော်... ဆိုင်သော်ကော မေရယ်... ယူက ကွန်ထရိုလာရဲ့ စက္ကထရီတစ်ယောက် လုပ်နေပြီး ကိုယ့်ဆရာရဲ့မွေးနေ့ကိုမှ မှတ်မှတ်ရရ မရှိတာကိုး... ဆရာ့မွေးနေ့က ဒီနေ့မဟုတ်ဘူး မေရဲ့... မနက်ဖြန်ပဲ..."

"ဒါများ ထူးရယ်... အထူးအဆန်းလုပ်လို့ စက္ကထရီဖြစ်နေတိုင်းနဲ့ ကိုယ်က သူ့မွေးနေ့ကို သိရမှာလား... ကိုယ်က သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စ ဘာတစ်ခုကိုမှ မလုပ်ပေးရဘူးလေ... သူကလည်း ကိုယ်ရောက်ကတည်းက Home Leave (ခွင့်) မပြန်သေးတဲ့အတွက် ပတ်စပို့ကိစ္စ ဘာဘာညာညာလည်း မလုပ်ရတော့ ဘယ်လိုလုပ် သိရမှာလဲ..."

"ဆရာက မြန်မာပြည်မှာ တာဝန်ကျတာ နှစ်နှစ်ခွဲရှိပြီ တစ်ခါမှ Home Leave (ခွင့်) မပြန်သေးဘူး မေရဲ့... သီဂီတုန်းကလည်း ပတ်စပို့ကိစ္စ မလုပ်ပေးခဲ့ပါဘူး... ဒါပေမဲ့ သီဂီက ဆရာ့မွေးနေ့ကို သိနေတယ် မေ... မွေးနေ့မတိုင်ခင် တစ်လလောက် အလိုကတည်းက ဘယ်လိုလက်ဆောင်အကောင်းစားကို ပေးရမလဲဆိုတာ လူတကာနဲ့ တိုင်ပင်ပြီး ရွေးချယ်နေတာ... သီဂီတင် မကပါဘူး... ဒီဟိုတယ်က အထင်ကရ မမများလည်း အပါအဝင်ပေါ့



ဥပမာ ဒေါ်တင်မိုးသွယ်တို့လို ဒေါ်ဝင်းဝင်းနွယ်တို့လိုမျိုးပေါ့..."

"ဘာလဲ... ဦးခန့်ထည်က သူ့ဘာ(သ်)ဒေးပါတီကို celebrate (ကျင်းပ)လို့လား..."

"နိုး နိုး... ဒီလို ထင်ရင် မှားသွားမှာပေါ့ မေရယ်... ယူကလည်း ကိုယ့်ဆရာအကြောင်းတောင် အခုထိ မသိသေးဘူးလား... မွေးနေ့ပွဲ ကျင်းပဖို့နေနေသာသာ သီဂီတို့ ဒေါ်တင်မိုးသွယ်တို့လို ပိုးကြေးပန်းကြေးအနေနဲ့ ပေးတဲ့ မွေးနေ့လက်ဆောင်တွေ မပြောနဲ့... သူ့ကို ချစ်ခင်လေးစားပြီး ကိုယ်တို့ ဝန်ထမ်းတွေက စုပြီး ရိုးသားစွာ လက်ဆောင်ပေးရင်တောင် လက်ခံတာ မဟုတ်ဘူး... မသိဘဲနဲ့ လက်ခံလိုက်ရတာမျိုးနဲ့ ဇွတ်ပေးလို့ လက်ခံလိုက်ရတာမျိုးနဲ့သာ သူ့လက်ထဲ အဲဒီပစ္စည်းတွေ ရောက်သွားရတာ... နောက်ကျ ကျေးဇူးရှင်က ဘာလုပ်ပစ်တယ် မှတ်သလဲ..."

"ဟင့်အင်း..."

"အားလုံးကို အမှိုက်ပုံးထဲ ထည့်ပစ်တာ..."

"အို့ အိုး..."

ကြားရတာ မသက်သာစွာ မရိုမဆုံ့ရေရွတ်မိ၏။ ...ဟာ သူမထံ ကြည့်လာပြီး မျက်ခုံးပင့်ကာ ခေါင်းဆတ်ပြရင်း ...တ်တယ်" ဟူ၍ သူ့စကား မှန်ကန်ကြောင်း ထပ်မံ အတည်ပြု ...ည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုးကြေးပန်းကြေးဖြစ်နိုင်တဲ့ ပစ္စည်းမျိုးကို လက်မခံတာ
တော့ ထားပါတော့... ထူးတို့လို ဆက်ရှင်အလိုက် သူ
စေတနာရှိပြီး ပေးတဲ့ ပစ္စည်းတွေကို သူ ဒီလိုလုပ်ပစ်
လားကွယ်... ဘယ်လိုလူလဲ မသိဘူး... "

"အဲဒါ မစ္စတာခန့်ထည်ရဲ့သဘောထားပဲကွဲ... ဒါ
ကြောင့်ပဲ Royal Prince အဖြစ် မိန်းမအတော်များများ
admire (ကြည်ညိုခြင်း) ဖြစ်ခြင်းကို ခံနေရတာပေါ့
ကိုယ်တို့ကတော့ ပထမတစ်ခါ ပေးပြီးကတည်းက အဲဒီ
လုပ်ပစ်လိုက်မှန်းလည်း သိရော ဒီနောက်ပိုင်းမှာ လုံး
မပေးဖြစ်တော့ဘူး... သူ မယူတော့လည်း ကိုယ့်ပိုက်
ကို အလဟဿအဖြစ်မခံတော့ဘူးပေါ့... ဒါပေမဲ့ ပေး
ခြင်းဖြင့်သာ အချစ်သံသရာတောထဲ ဝဲဂယက်လည်ချင်
သော မမများကတော့ နှစ်စဉ်နှစ်တိုင်း မပျက်မကွ
သူ့ထက်ငါ အလုအယက် ပေးကြဆဲပေါ့... "

ထူး၏ အပြောကြောင့် "ဒီလိုဆို ဒီတစ်ခါတော
ကိုယ် ပထမ ဖြစ်သွားပြီပေါ့... " ဟူသော ဆယ်ကျော်သက်လေး
မြူးကြွရင်ခုန်စွာနှင့် ပြောသွားသော ဒေါ်တင်မိုးသွယ်၏ စကား
ပြန်ကြားယောင်မိ၏။

"သူ ဒီလို လွှင့်ပစ်တာ ထူးတို့က ဘယ်လိုသိလဲ... "

"သိဂိပြောတာလေ... "

"ဟင်... သူက သိရက်နဲ့ ပေးနေတာပဲလား... "



"ဒါပေါ့ကွယ်... မွေးနေ့တွင်မက ခရစ်စမတ်ဆိုလည်း ခရစ်
စမတ်အချိန်မို့... နယူးရီးယားဆိုလည်း နယူးရီးယားအချိန်
မို့... သင်္ကြန်ဆိုလည်း သင်္ကြန်အချိန်မို့လို့ အထိမ်းအမှတ်
တိုင်းမှာ အမှတ်တရ ပေးနေကျ... ခေါင်းစဉ်တစ်ခုပြီး တစ်ခု
တပ်လို့ပေါ့... ဒါကို ဆရာကလည်း မပျက်မကွက်စွာ
သူ့ထုံးစံအတိုင်း လုပ်ဆဲပေါ့... "

"ဪ... ဪ... "

ခပ်ညည်းညည်း ရေရွတ်ပြီး သူမမျက်နှာမှာ ပူထူ
သွားသလို ခံစားရသည်။ ရှက်စရာကွယ်...။ လက်မခံချင်သူကို
ဘာလို့များ အားကြိုးမာန်တက် လက်ဆောင်တွေ ပေးချင်၊ အမှတ်
တရတွေ ဖြစ်ချင်နေကြရတာလဲ... ။ ကိုယ်ကတော့ အမြတ်တနိုး
နှင့် အမှတ်တရ ပေးတာ... ဒါကို သူက လက်မခံဘဲ အမှိုက်ပုံးထဲ
ပစ်လိုက်သည်ဆိုတော့ ဘယ်လောက်တောင်များ မခံမချင်နှင့် ရင်နာ
စရာကောင်းလိုက်သလဲ... ။ ဘိုး, ဘွား, ဘီ, ဘင်က ရှိခဲ့သော
မိန်းမတို့ ဣန္ဒြေဆိုတာ သနားစရာကောင်းလောက်အောင် တန်ဖိုးမဲ့
လို့ သွားရသည့် အဖြစ်တစ်ခုပါပဲ။ ရှိသင့်ရှိထိုက်သော မိန်းမတို့
ဣန္ဒြေဆိုတာကို တစ်ကမ္ဘာလုံးနှင့် တိုင်းထွာ မပြောချင်ပေမယ့်—
မြန်မာမိန်းကလေးများအတွက်ကိုတော့ အပြည့်အဝကြီး မဟုတ်
တောင် အနည်းအကျဉ်းတော့ ကျန်ရှိစေချင်မိသည်။

နောက်ပြီး... ဦးခန့်ထည်ဆိုသော ယောက်ျားတစ်ဦး
၏ စိတ်ဆတ်မာကြောပြတ်သားလှပုံကိုလည်း သိခြင်ရ၏။ ဦး

www.burmeseclassic[illegible]

www.burmeseclassic.com



ကြေးပန်းကြေးပေးသော ပစ္စည်းပဲဖြစ်ဖြစ်၊ ရိုးသားစွာ ချစ်ခင်လေးစား၍ ပေးသော ပစ္စည်းပဲ ဖြစ်ဖြစ်... တကယ်တမ်းမှာ အခြေခံသဘောတရားက သူ့ကို ချစ်၍သာ သဒ္ဓါသဖြင့် ပေးကြသည်မို့ တကယ်ဆို သူ့အနေဖြင့်ကလည်း မတတ်သာလို့ လက်ခံလိုက်ရသည့်အခြေအနေမှာ အမှိုက်ပုံးထဲထိ ပစ်ကာ မာကြောပြတ်သား ပြစရာမလိုဘဲ ထိုပစ္စည်းတွေကို တစ်နေရာရာမှာ သိမ်းဆည်းလိုက်လျှင် မကောင်းဘူးလား။ ဒါမှမဟုတ် ဟိုတယ်မှ ချို့တဲ့သော ဝန်ထမ်းများကို ပြန်လည်လက်ဆောင်ပေးလျှင်ကော မဖြစ်နိုင်ဘူးလား။ အခုတော့ ပေးသူ၏စေတနာမှာ သဒ္ဓါမမြောက်နိုင်စွာ အမှိုက်ပုံးထဲ ရောက်ရခြင်းဖြင့် စေတနာအလဟဿ ဖြစ်ရခြင်းဟု တွေးမိပြီး ကိုယ့်ဣန္ဒြေ၊ သိက္ခာကို တန်ဖိုးမထားချင်သော မိန်းမတချို့နှင့် သူတစ်ပါး၏စေတနာကို ရိုင်းပြစွာ စော်ကားလိုခြင်းဟူ၍ ဦးခန့်ထည်ကို ယိုးစွပ်ချင်ပြီး... သိလိုက်ရသည့် ကြားလိုက်ရသည့် အခြေတစ်ခုမှာ အလိုမကျခြင်းများစွာဖြင့် မေနှင်းဆီ မျက်နှာမှာ မှုန်ကုတ်ကုတ်နှင့် ဖြစ်နေရပါသည်။

စောင့်ကြည့်စရာ မလိုပါဘဲ နောက်တစ်ရက် ဦးခန့်ထည်၏မွေးနေ့မှာ ပက်ကင်လှလှများဖြင့် ထုပ်ပိုးထားသော လက်ဆောင်ပစ္စည်း အရွယ်အစားမျိုးစုံကို မေနှင်းဆီ ရုံးလာချိန် ဦးခန့်ထည်၏စားပွဲပေါ်မှာ တွေ့လိုက်ရ၏။



သူမတို့ရုံးခန်းက သော့ခတ်မထားခဲ့သောကြောင့် အမြဲတမ်း တံခါးဖွင့်ထားသော အခြေအနေတစ်ခုက စေတနာသဒ္ဓါတရား ထက်သန်သူတို့အတွက် ရုံးခန်းထဲ ဝင်၍ လက်ဆောင်ထားနိုင်စရာ အခွင့်အရေးတစ်ခုပဲ ဖြစ်နေသည်။ ဘယ်အချိန်ကများ ဒီပစ္စည်းတွေကို လာထားကြပါလိမ့်။ တော်တော်လည်း ဝီရိယ ကြီးကြသားဟူ၍ ချီးကျူးမိပြီး သူတို့၏ ဦးခန့်ထည်အပေါ် ထားသည့် လေးနက်စိတ်ကို ကရုဏာသက်သွားရ၏။ သူတို့က လေးနက်သလောက် ဦးခန့်ထည်ဆိုသော သူက...

"ဟော... မေနှင်း... "

စားပွဲပေါ်မှ လက်ဆောင်ထုပ်များကို ကြည့်ပြီး ခေတ္တတွေဝေသွားရသူ မေနှင်းဆီမှာ အနောက်ခန်းထဲမှ ထွက်လာသော ဦးခန့်ထည်၏ နှုတ်ဆက်မှုကြောင့် ကြည်ကြည်လင်လင် မဖြစ်မှာ သေချာသော အပြုံးနှင့်ပင်...

"ဂွဒ်မောနင်းပါ... "

ဟူ၍ မပွင့်တပွင့် ပြန်ပြောမိပြီး လွယ်ထားသော အလှပိုးအိတ်လေးကို ညာပခုံးမှ ဖြုတ်ကာ သူမ၏စားပွဲပေါ် တင်လိုက်သည်။ ခန့်ထည်က မသိမသာ တည်နေသော မေနှင်းဆီ မျက်နှာကို ကြည့်ပြီး...

"ဒီနေ့ နောက်ကျတယ်နော် မေနှင်းဆီ... "

ဟူ၍ ပြောလိုက်မိ၏။ ထိုအခါ စားပွဲကို ကြက်မွေးဖြင့် ဖုန်သုတ်နေသော မေနှင်းဆီက ညာလက်မှာ ကိုင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



နာရီကို ကြည့်ကာ သူ့ထံ ပြောလာသည်။

"ခါတိုင်းလည်း ကျွန်မလာတဲ့အချိန်က ဒီအချိန်ပဲ ဦးခန့်ထည်ရဲ့... နောက်မကျပါဘူး... Time Card တောင် အမှီရိုက်ခဲ့နိုင်တာပဲဥစ္စာ... "

မနှင်းဆီ၏ ခပ်တည်တည် အပြောတစ်ခုမှာ ခန့်ထည်သည် ကိုယ့်ဖာသာ ကိုယ့်ရုံးခန်းထဲ စောစီးစွာ ရောက်၍ သူမအလာကို စောင့်မျှော်နေသည့်အဖြစ်မှ စိတ်လောစွာ ပြောမိသွားရခြင်းမှာ မနှင်းဆီကို အားတုံ့အားနာ ဖြစ်သွားရသည်။ အရွယ်လေးနှင့်မလိုက်အောင် တည်ငြိမ်ပုံစံနှင့် သူမအား "ရှိန်" စွာ နှုတ်ဆိတ်ငြိမ်သက်နေလိုက်၏။

ခန့်ထည်သည် ကိုယ့်ကိုကိုယ်လည်း အံ့ဩရပါသည်။ အရင် အရှေ့... အရှေ့တုန်းက ကိုယ့်အတွက်ဆို ဘယ်တုန်းကမှ ထုံးစံမရှိခဲ့ဖူးသော မွေးနေ့ပွဲကျင်းပခြင်းဆိုတာ ကိုယ် စိတ်ဝင်တစားပြုလုပ်စရာကိစ္စတစ်ခု မဟုတ်ခဲ့ပါဘဲနှင့် ယခုနှစ်ကျမှ ထူးဆန်းစွာ ထူးထူးခြားခြားလေး ပြုလုပ်ချင်မိတာ... ။

ထိုသို့ ထူးထူးခြားခြား ပြုလုပ်ချင်မိသည့် စိတ်တစ်ခုကတော့ဖြင့် အသက်ကလေး ငယ်သော်လည်း လူကြီးတစ်ယောက်၏ ကျွန်တော်သိက္ခာအပြည့်အဝဖြင့် တည်ငြိမ်ရင့်ကျက်သော "မနှင်းဆီ" ဆိုသော စက္ကူထရီမလေးကိုသာ... ။ သိပ်ကို အံ့ဩထူးဆန်းစရာကောင်းသည့် စိတ်ဆန္ဒတစ်ခုသာတည်း။

အရင်တုန်းကဆို ကိုယ်က ပြောမထားရပါဘဲ ကိုယ့်



ွေးနေ့ကို အလိုလိုသိသွားကြကာ သီဂီဆိုသော စက္ကူထရီမှစ၍ ဟိုတယ်အတွင်းမှာမက ဟိုတယ်အပြင်ကပါ ကိုယ့်ကို သိသော ူများက ကိုယ့်မွေးနေ့ကို သိကာ မွေးနေ့ဆုတောင်းပေးခြင်း၊ မွေး ့လက်ဆောင်ပေးခြင်းတို့မှာ စိတ်ကျဉ်းကျပ်ကာ လက်မခံခဲ့သမျှ။

ဒီတစ်ခါမှာတော့ ဘာကြောင့်မှန်းမသိ မနှင်းဆီ မှ ကိုယ့်အတွက် မွေးနေ့ဆုတောင်းပေးခြင်းနှင့် ကိုယ်ကလည်း မကို ကိုယ့်မွေးနေ့အတွက် အသေးစားမွေးနေ့ပွဲလေးတစ်ခု ပ်ပေးလိုက်ချင်တာ... ။ ဒါဟာ သူမနှင့် ကိုယ်နှစ်ယောက်တည်း ာရှိမည့် မွေးနေ့ပွဲလေးသာတည်း... ။

ထိုသို့ စိတ်ဆန္ဒတစ်ခုဖြင့် ညကလည်း ကောင်း ာင်း အိပ်မပျော်နိုင်ခဲ့... ။ မနက်စောစောမှာလည်း မြန်မာ က်ချိန်နှင့် ကိုက်၍ ပါပါနှင့်မာမာက ဩစတြေးလျမှ လှမ်း၍ (ဆုတောင်း) လုပ်ပေးသည်ကို စိတ်လှုပ်ရှားခြင်းများစွာဖြင့် ပြောခဲ့မိခြင်းမှာ ပါပါနှင့်မာမာတောင် သူ့အဖြစ်ကို ရိပ်မိသွား ည်။ သို့သော် မာမာကတော့ သုံးနှစ်တာ ဝေးကွာနေရသည့် ွက်ကြောင့် သူတို့နှင့်အတူ မရှိသော သူ၏မွေးနေ့မှာ သူ့ တစ်မျိုး ဖြစ်နေတာ ဟူ၍ သားကို ချစ်သော မိခင်ပီပီ စိတ် ာင်းဖြစ်သွားပုံနှင့် ဖုန်းထဲမှာ တလွမ်းတဆွတ် ဖြစ်သွားသေး ည်။

ကိုယ်ကတော့ ကိုယ့်အတွေးနှင့်ကိုယ်... ၊ ကိုယ့် စဉ်နှင့်ကိုယ်... ၊ ခုနစ်နာရီခွဲထဲက ရုံးခန်းထဲ လာရောက်ထိုင်မိ

www.burmeseclassic.com



နေသူမို့ စိတ်လောကြီးစွာ ပြောလိုက်မိခြင်း ဖြစ်သည်။

စိတ်ကူးထဲမှာ မွေးနေ့ပွဲအသေးစားလေး လုပ်၍ စိတ်ကူးတွေ တစ်ထောကြီး ယဉ်ခဲ့သမျှ မေနှင်းဆီ၏မျက်နှာတည်တည်လေးကို ကြည့်ပြီး သူ့ပါးစပ်မှ ဘာဆိုဘာမှ ထွက်လို့မရအောင် စေ့ပိတ်နေရ၏။ မေနှင်းဆီသည် ကွန်ပျူတာ၊ စားပွဲနှင့် ထိုင်ခုံတို့ကို ဖုန်သုတ်နေရာမှ "ဒီနေ့ နောက်ကျတယ်နော်... " ဟူသော ဦးခန့်ထည်၏ စကားကို ပြန်ကြား၊ သတိရလိုက်မိကာ သူမကို ဘာများ ခိုင်းစရာရှိလို့လဲဆိုသော အတွေးဖြင့် ဖျတ်ခနဲ ဦးခန့်ထည်ရှိရာသို့ ခေါင်းလှည့်ကြည့်လိုက်၏။

အမ်... မစ္စတာခန့်ထည်က သူ့ရှေ့စားပွဲကို ငေးငေးကြီး စိုက်ကြည့်နေသည့်အတွက်ကြောင့် မေနှင်းဆီ ခေါင်းလေးငဲ့ကာ မျက်ခုံးလေး ပင့်သွားရသည်။ သူ့အကြည့်က စားပွဲပေါ်ရှိနေသော လက်ဆောင်ထုပ်များဆီသို့လည်း မဟုတ်ပြန်။ ဘာမှမရှိသော စားပွဲပြောင်ရှင်းမျက်နှာပြင်ကိုသာ ကြည့်ပြီး အကြည့်သာ ထိုသို့ ရောက်နေတာ စိတ်အာရုံက အကြည့်နှင့် ထပ်တူရှိမနေတာ သေချာလှ၏။ မေနှင်းဆီ ပခုံးလေး စုံတွန့်ပြီး ကိုယ့်စားပွဲဖက် ပြန်လှည့်လိုက်သည်။ သူ့အတွေးတွေကို အနှောင့်အယှက်မပေးတော့ပါဘူးလေ... ။

ဖုန်သုတ်ပြီးသည့်အချိန်မှာ ကွန်ပျူတာကို ဖွင့်ထားလိုက်ပြီး မနေ့က ဂျီအမ့်စက္ကူထရီ လာယူသွားသော ဖိုင်(လ်)ကို ပြန်ယူရန် အခန်းထဲမှ ထွက်ခဲ့၏။ ဂျီအမ့်စက္ကူထရီ မဥမ္မာက စ[illegible]



အနည်းအကျဉ်း ပြောနေသည်မို့ သူနှင့် ပြန်စကားပြောပြီး ခဏနေတော့ သူမတို့ ရုံးခန်းထဲကို ပြန်ဝင်ခဲ့သည်။ သူမ ပြန်ဝင်လာသည့်အချိန်မှာ ဦးခန့်ထည်က စားပွဲပေါ်မှ အထုပ်များကို အိတ်တစ်လုံးထဲ ထည့်နေတာမို့ သူမလည်း မနေတတ်စွာ ကိုယ့်စားပွဲပေါ် ဖိုင်(လ်)အရင်တင်ပြီး သူ့စားပွဲဆီ လျှောက်ပြီး ပြောလိုက်၏။

"ဘာလုပ်မလို့လဲ ဦးခန့်ထည်... ကျွန်မ လုပ်ပေးမယ်လေ"

"ရတယ်... "

"ခုနက ကျွန်မကို နောက်ကျတယ်လို့ ထင်နေတာ... ဘာခိုင်းစရာရှိလို့လဲ ဦးခန့်ထည်... ခိုင်းစရာရှိလို့ အစောကြီးကတည်းက ကျွန်မကို စောင့်နေတာလား... "

မျက်လုံးဝိုင်းကြီးနှင့် ကြည့်ကာ ပြောလာသော [illegible]နှ်းကလေးကို တစ်ချက်ကြည့်လိုက်ရင်းမှ...

"ခိုင်းစရာရှိလို့တော့ မဟုတ်ပါဘူး... "

"ခိုင်းစရာရှိလို့တော့ မဟုတ်ဘူးဆိုတော့ တခြားကိစ္စတော့ ရှိလို့ပေါ့... ပြောပါ ဦးခန့်ထည်... ကျွန်မ ဘာလုပ်ပေးရမလဲ... "

မေနှင်းဆီ၏အမေးကို ဘာပြန်ဖြေရမှန်းမသိ စိတ်[illegible]ကိ်နေဆဲ ဖုန်းသံက မြည်လာတာမို့ မေနှင်းဆီ ကောက်ကိုင်[illegible]ထောင်လိုက်သည့်အချိန်မှာ သူဆုံးဖြတ်ချက်ကို တစ်ခုခုချနိုင်ဖို့ [illegible]ယ့်ကိုကိုယ် သတိပေးခိုင်းစေလိုက်၏။

"မင်္ဂလာပါ ရှိုင်းရယ်ခရောင်းဟိုတယ်... "

www.burmeseclassic.com

www.burmeseclassic.com



"............ "

"ဟုတ်ကဲ့ ရှိပါတယ်... ခဏလေးပါနော်... "

မေနှင်းဆီက ခေါင်းညိတ်နားထောင်ပြီး သူ့ထံ ကြည့်ကာ ဖုန်းခွက်ကို လှမ်းပေးတာမို့ သူ မျက်ခုံးပင့်ကာ ဖုန်းကို ယူနားထောင်လိုက်သည်။

"ဟုတ်ကဲ့... "

ဦးခန့်ထည်ကို ဖုန်းပေးပြီး မေနှင်းဆီမှာ ကိုယ့် စားပွဲဖက်သို့ ပြန်လှည့်လိုက်သည်ဆိုပေမဲ့ ခုနက ဖုန်းထဲမှ အသံ ကို ပြန်ကြားနေမိသည်။ သူမကို စတွေ့တွေ့ချင်းမှာပင် စိတ်ထဲ တကယ်နှစ်လိုမှု မရှိဘဲ ဟန်ဆောင်ပြုံးနှင့် ကြည့်ခဲ့သောသူ– ထို့အတူ ဘောင်လွတ်သော စကားတို့ကို ပြောဆိုခဲ့သောသူ– သူဟာ သီဂီဆိုသော အမျိုးသမီးပဲပေါ့... ။ သူ့အသံကို သူ ကောင်းကောင်းကြီး မှတ်မိနေပါသည်။

"ကျေးဇူးပဲ သီဂီ... "

ဩော်... ။ သူကလည်း ဦးခန့်ထည်ကို Birth Wish (မွေးနေ့ဆုတောင်းခြင်း) လုပ်သတဲ့လား။ အင်းပေါ့လေ– သူ့အတွက်ကတော့ ဒီကိစ္စက အထူးတလည် အရေးတကြီး ပြုရ စရာကိစ္စတစ်ခုပဲပေါ့။ ကိုယ့်အတွေးကိုယ် သဘောတကျ ဖြစ်သွား ရကာ ပခုံးတွန့်ရင်း ပြုံးလိုက်မိသည်။

"ရတယ် သီဂီ... ဘာမှပို့စရာ မလိုပါဘူး... "

"............ "



"အဆင်ပြေပါတယ်... ကိုယ့်ကို သူ ကောင်းကောင်းကြီး ကူညီနိုင်ပါတယ်... ကဲ ကိုယ် အလုပ်ကလေး ရှိသေးလို့"

"............ "

"အိုကေ... သိုင်းကျူး... "

ဘာရယ်မဟုတ်ဘဲ မေနှင်းဆီသည် စကားသိပ် ရှည် ဆေးစွာ မပြောဘဲနှင့် စကားဖြတ် ဖုန်းချလိုက်သော ဦးခန့်ထည်ကို သဘောတကျ ဖြစ်သွားရသည်။

"မေနှင်းဆီ... "

"ရှမ်... "

လုံးဝ မထင်လိုက်ပါ။ ဖုန်းချပြီး စဉ်းစားခန်းလေး များ ဝင်နေပြီး စက္ကန့်အနည်းငယ်ကြာ ငြိမ်နေမလားလို့... အခု တော့ ချက်ချင်းကြီး ခေါ်လိုက်သည့်အသံက နှုတ်မှ "ရှမ်"ခနဲ ထွက်သွားမိကာ ကိုယ်လေးတောင် ဆတ်ခနဲ တုန်သွားရသည်အထိ။ ချက်ချင်းပင် ကိုယ့်ဖာသာကိုယ် ပြန်လည်ထိန်းသိမ်းဆင်ခြင်ကာ လှက ဦးခန့်ထည်စားပွဲရှေ့ ရောက်သွားသည်။

"ဒီနေ့ ကိုယ့်မွေးနေ့ မေနှင်းဆီ... "

"ဟုတ်ကဲ့... စားပွဲပေါ်မှာ ဒီအထုပ်တွေ မြင်ကတည်းက ကျွန်မ သဘောပေါက်ပါတယ်... "

"ကိုယ့်မွေးနေ့အတွက် မင်းကို မနက်စာကျွေးချင်တယ် မေနှင်းဆီ... "

"ရှင်... "

www.burmeseclassic.com

www.burmeseclassic.com



ထိုရှင်ကတော့ အပြင်သို့ ထွက်မကျပါ။ မေနှင်းဆီ
မှာ အံ့သြစွာနှင့်ပင် ဦးခန့်ထည်ကို မျက်လွှာပင့်ကြည့်မိသည်
ဦးခန့်ထည်က သူ့စကားကို အတည်ပြုသည့်အနေဖြင့် ခေါင်းညိတ်
ပြ၏။ မေနှင်းဆီသည် ဦးခန့်ထည်ထံ ကြည့်မိနေသော သူ့
အကြည့်ကို စားပွဲပေါ်ရှိ အိတ်တစ်လုံးထဲ ရောက်ရှိနေသော လက်
ဆောင်ထုပ်များအား ပြောင်းရွှေ့ကြည့်ပြီး...

"အဟင်း... ဘာမွေးနေ့လက်ဆောင်မှ မပေးတဲ့သူ
ဦးခန့်ထည်က ကျွေးမယ်လို့... အထူးအဆန်းပဲ... "

"ကိုယ့်မွေးနေ့မှာ မေနှင်းဆီကို အမှတ်တရ တစ်ခုခု ကျွေး
ချင်စိတ်သက်သက်ပါ... မွေးနေ့လက်ဆောင်ရမှရယ် ဘာ
ရယ် မဟုတ်ဘူး... နောက်ပြီး ဒီပစ္စည်းတွေကို ကိုယ်လက်
မှာမှ မဟုတ်တာ... "

"ဟင်... လက်မခံတော့ ဦးခန့်ထည်က ဘာလုပ်မလို့လဲ"

"ဒီလိုပဲ ခဏစုသိမ်းထားပြီး တစ်ရက်နှစ်ရက်လောက်
*တော့ တခြားတစ်နေရာ ပို့လိုက်ရုံပေါ့... "*

ထူးပြောသလို သူ့ထုံးစံလိုပဲ လုပ်ဦးမှာပါလား
သိလိုက်ရသည့်အခါ မေနှင်းဆီမှာ သူ့အပေါ် စေတနာထား
သော သူများအပေါ် တော်တော်ကရုဏာ သက်သွားရ၏။ ထို့အ
သူတို့အတွက်လည်း မခံချင် ဖြစ်မိသည်။ ဦးခန့်ထည်က ဘယ်
များ မေတ္တာတရား ခေါင်းပါးသည့်လူစားမျိုးပါလိမ့်။

"တစ်နေရာဆိုတာ အမှိုက်ပုံးထဲလား ဦးခန့်ထည်... "



ထင်မှတ်မထားသော မေနှင်းဆီ၏ မေးခွန်းကြောင့်
ခန့်ထည်မှာ ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။ သူ့ထံ ကြည့်
သော စူးဟောက်ရဲရင့်သည့် မျက်ဝန်းတစ်စုံကို ပြန်ကြည့်မိဆဲ

"ကိုယ့်ကို စေတနာမေတ္တာထားပြီး လာပေးတဲ့ပစ္စည်းတွေ
ကို အမှိုက်ပုံးထဲ ထည့်ပစ်မယ်ဆိုရင်... သူတို့ရဲ့ စေတနာ
မေတ္တာကိုလည်း ဦးခန့်ထည်က လုံးဝအသိအမှတ်မပြုတဲ့
သဘောပေါ့နော်... ဒါဆို သူတို့အတွက် တော်တော် စိတ်
မကောင်းဖြစ်စရာပဲ... "

"မဟုတ်ဘူး မေနှင်းဆီ... ကိုယ်က သူတို့ကို အသိအမှတ်
မပြုတာ မဟုတ်ဘူး... သူတို့ပေးတဲ့လက်ဆောင်ပစ္စာကို
လက်မခံချင်တာ... "

"လက်ဆောင်ပေးတယ်ဆိုမှတော့ မုန်းလို့မှ မဟုတ်ဘဲ
ဦးခန့်ထည်ရယ်... စေတနာမေတ္တာကို အခြေခံပြီးတဲ့
လက်ဆောင်ပဲမို့ ဘယ်လိုပဲဖြစ်ဖြစ် ဦးခန့်ထည် လက်ခံ
သင့်ပါတယ်... "

"ဒါကတော့... "

"ကျွန်မက ကျွန်မစိတ်နဲ့ ခံစားပြီး ပြောမိတာပါ ဦးခန့်ထည်
ကျွန်မသာဆိုတော်တန်ရုံစေတနာလောက်နဲ့လူတစ်ယောက်
ကို လက်ဆောင်မပေးဘူး... ပေးမိရင်လည်း အဲဒီပေးခြင်း
တဲ့သူက ကိုယ်တော်တော်ရင်းနှီးခင်မင်တဲ့သူတစ်ယောက်ပဲ
ဖြစ်လိမ့်မယ်... ကိုယ် တန်ဖိုးထားပြီးပေးတဲ့လက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်ပေးလိုက်တဲ့ သူကလည်း တကယ့်ကို တန်ဖိုးတထားနဲ့ အသိအမှတ်ပြုမှ ကြိုက်တယ်... အဲဒီလို မဟုတ်လို့ကတော့... "

"အိုကေ... ကိုယ့်အယူအဆတွေ မှားသွားခဲ့ကယ်ပဲ ထားပါ... အခု သူတို့လက်ဆောင်ကို ကိုယ်... ကိုယ့်ဆီမှာပဲထား,ထားမယ်ဆိုရင် မင်းကျေနပ်မလား မေနှင်းဆီ... "

"ကျွန်မ ကျေနပ်တာ မကျေနပ်တာထက် ပေးတဲ့သူတွေတော့ တော်တော်လေးကို ဝမ်းသာကြည်နူးသွားကြမှာ အမှန်ပဲ ဦးခန့်ထည်... ဒီထက် ပိုပျော်သွားနိုင်တာတစ်ခုက သူတို့ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဦးခန့်ထည်က ကိုယ့်မွေးနေ့အတွက် Celebrate လုပ်ပေးဖို့ပဲ... "

"မင်းဆိုလိုတာက... "

"ကျွန်မကို မွေးနေ့အတွက် မနက်စာ ကျွေးမယ့်အစားဦးခန့်ထည်ရဲ့မွေးနေ့ကို အမှတ်တရနဲ့ တန်ဖိုးထားကြတဲ့သူအားလုံးကို တစ်ခုခု စီစဉ်ပေးလိုက်ပါလား... ဟိုထမင်းကျွေးရမှ မဟုတ်ပါဘူး... Birthday cake ဖြစ်ဖြစ်ဘာဖြစ်ဖြစ်... "

ထင်မှတ်မထားသော မေနှင်းဆီ၏တောင်းဆိုမှုခန့်ထည်၏မျက်ခုံးတစ်စုံကို ပင့်တက်သွားစေ၏။ သူ့ထံမှ အဖြေကို မျှော်လင့်နေပုံနှင့် စောင့်ကြည့်လာသော မေနှင်းဆီ၏အကြည့်မှာ ဘယ်လိုဆုံးဖြတ်ရန် မသိအောင်ပင်။ မွေးနေ့ဆိုတာကို မွေး



ကတည်းမှစ၍ ယခုအချိန်ထိတိုင် မကျင်းပဖူးသော သူ့အတွက်ကတကယ့်ကို အခက်အခဲ ဖြစ်စရာပါပဲ။ ဒီလို စိတ်ခံစားမှုရှိသောသူ့လိုလူတစ်ယောက်က ဒီနေ့မှာမှ ထူးထူးခြားခြား သူမကို သူ့မွေးနေ့အတွက် မနက်စာကျွေးခြင်းဖြင့် ဧည့်ခံကျင်းပချင်မိတာ...။ အခုတော့ သူမက သူ့ကို တခြားသူများအား (အထူးသဖြင့် သူ့မွေးနေ့ကို အမှတ်တရ ရှိနေသောသူများအား) သူ့မွေးနေ့အတွက်တစ်ခုခု ကျွေးခြင်းဖြင့် ပြန်လည်စီစဉ်ခိုင်းနေတာ... ။

"ဆောရီးပါ ဦးခန့်ထည်... လူကြီးကို ကျွန်မက ဆရာလုပ်သလို ဖြစ်သွားတယ်... တကယ်တော့ ကျွန်မက... "

"Birthday cake ကို မင်း ဘယ်လိုစီစဉ်မလဲ မေနှင်းဆီ"

သူမစကားမဆုံးခင် ဖြတ်ပြောလိုက်သော ဦးခန့်ထည်ကြောင့် မေနှင်းဆီ၏ မျက်လုံးက လက်ခနဲ တောက်ပသွား၏ ။

"ဟင် ဦးခန့်ထည်... တကယ်ကိုပဲ လုပ်တော့မှာလား... "

ဦးခန့်ထည်က နှုတ်ခမ်းစေ့ပိတ်၍ မျက်ခုံးပင့်ကာခေါင်းညိတ်ပြလာသည်။

"Cake ကို ဘယ်လိုစီစဉ်မလဲ မေနှင်းဆီ... နောက် ဘယ်မှာ လုပ်မလဲ... ဒီအခန်းထဲတော့ မဖြစ်ဘူးနော်... သိပ်ပြီးလူသိသွားစေမယ့်ဟာမျိုးလည်း မဖြစ်စေချင်ဘူး... ကိုယ့်မွေးနေ့ကို သိထားတဲ့လူတွေလောက်ပဲ... "

"ဟာ အိုကေ... အိုကေ ရတယ်... ဟိုတယ်က Bakery

www.burmeseclassic.com

www.burmeseclassic.com



shop ကို ဘယ်မှာသွားထားမလဲ ဦးခန့်ထည်ရဲ့... အဲဒီမှာ Cake တွေဖြင့် ပေါမှပေါ... နေရာကိုတော့ နည်းနည်းလုံတဲ့ Accounts အခန်းမှာပဲ စီစဉ်လိုက်မယ်... အကောင့်(စ်)က လူတွေအားလုံးက ဦးခန့်ထည်မွေးနေ့ကို သိထားကြတယ်လေ... Front Office က ဆိုရင်တော့ အခု ဦးခန့်ထည်ကို Birthday present လာပေးတဲ့ မမတွေကို ခေါ်လိုက်ရုံပေါ့... သိပ်မများပါဘူး... အလွန်ဆုံးရှိလှမှ လူအယောက်နှစ်ဆယ် အစိတ်ပေါ့... "

"ကောင်းပြီ... အဲဒါဆို မင်းလက်ထဲ အပ်လိုက်ပြီ... မင်းကောင်းသလိုသာ ကြည့်စီစဉ်တော့ ဟုတ်ပြီလား... "

"ရက်ဆား... "

"ဒါဆို မင်းကို ကိုယ် မနက်စာကျွေးဖို့က... "

"အားလုံးကို Cake ကျွေးတာ ကျွန်မကို မနက်စာကျွေးတာထက် ပိုပြီး တန်ဖိုးရှိပါတယ် ဦးခန့်ထည်... "

မေနှင်းဆီ၏အပြောကို မျက်ခုံးဆတ်ကနဲ ပင့်ကာခေါင်းငုံ့ရုံလောက် အသိအမှတ်ပြုပြီး ကော်ဖီဖျော်ရန်အတွက် အနောက်တဲသို့ ဝင်ခဲ့၏။ အံ့သြစရာပဲ... ။ ကိုယ့်ကိုကိုယ်တောင် မယုံနိုင်လောက်အောင် အံ့သြမိတာ။ အရင်တုန်းက ခန့်ထည်နှင့် အခု ခန့်ထည်က လုံးဝကို ကွဲပြားခြားနားသွားသလိုပင်... ။ ဒါဟာ ဘာကြောင့်ဖြစ်မလဲ... ။ ရင်ခွင်ထဲမှာ ငြိမ့်ခနဲ ဖြစ်သွား၏။

"ဟယ်လို လူးရေ... အကောင့်(စ်)က ဝန်ထမ်းတွေအားလုံး



ကို ပြောထားပေးပါနော်... Lunch time ကျရင် Staff mess ကို မသွားကြပါသေးနဲ့ဦးလို့... ဆယ့်ငါးမိနစ်လောက် ဦးခန့်ထည်က အဲဒီမှာ meeting လုပ်ချင်လို့လို့ ပြောပေးထားပါနော်... "

"ဟယ်လို မမရေ... ဆယ့်နှစ်နာရီကျရင် Lunch သွားမစားသေးဘဲ Accounts အခန်းကို ခဏလာခဲ့ပါနော် ဦးခန့်ထည် meeting လုပ်ချင်လို့ပါ... "

ရွှင်လန်းတ... ့သော အသံလေးနှင့် တစ်နေရာကို ဖုန်းဆက်ကာ သူ့ခ... ာသူ အစီအစဉ် လုပ်နေသော ...င်းဆီ၏အသံကို နားထေ... ပြီး ကော်ဖီဖျော်ဖို့ ပြင်ဆင်နေရာ ...သူ ပြုံးလိုက်မိ၏။ သူ... ...ဘူး ထင်ပါရဲ့... ။ သူ့ရဲ့ လိုက် ...မှုက သူမကို ပျော်ရွှင်ကြည်နူးစေတာလေ... ။ သူမကတော့ ... သူမအပေါ် ပျော်ရွှင်ကြည်နူးစေခြင်းတို့ကို အများသူငါ ...တွက် ဖြန့်ဝေပေးနေတာ။ ဘာပဲဖြစ်ဖြစ် သူ ကျေနပ်ပါ၏။

ထိုကျေနပ်မှုနှင့်အတူ ကော်ဖီကို သူမအတွက်ပါ ...ယောက်စာ ပိုဖျော်မိလိုက်ခြင်းမှာ နောင်တမဲ့စွာ... ။ ဒါဟာ ...က်စာကျွေးခြင်းဖြင့် သူ၏မွေး... သီးသန့်ကျင်းပခြင်းကို ...ာ်မခံခဲ့သော သူမအတွက် သီးသန့်ဖျော်ပေးသော ကော်ဖီ ...ခွက်အဖြစ်သာ သူ့ဘက်က အမှတ်တရအဖြစ် ရည်ရွယ်ခြင်း ...ါ။သူ၏ စေတနာမေတ္တာကို တန်ဖိုးထားတတ်ဖို့ လမ်းညွှန်ပေး ...သာ ဆရာမလေး... ။ သူမအပေါ် ထားရှိသော သူ့စေတနာ

www.burmeseclassic.com



မေတ္တာကိုကော နားလည်ခံစားမိရဲ့လားဆိုတာ တဆိတ် သိချင်မိတော့သည်။

❀❀❀❀❀

"ဘာလဲ မေနှင်းဆီ... "

သူ့ရှေ့စားပွဲပေါ် လာတင်ပေးသော အဖြူရောင်စာအိတ်လေးတစ်အိတ်ကြောင့် သူ မေနှင်းဆီကို မော့ကြည့်မေးလိုက်မိ၏။

"မွေးနေ့ပြီးမှ ပေးရတဲ့အတွက် စိတ်တော့ မကောင်းပါဘူး ဦးခန့်ထည်... ဒါပေမယ့် ဦးခန့်ထည်အတွက် အမှတ်တရပေါ့နော်... "

ဦးခန့်ထည်အတွက် အမှတ်တရပေါ့နော်... ဟူသော စကားသံလေးက နားစည်ထဲ ပဲ့တင်ထပ်ကာ ဝင်ရောက်၏။ ဘာများလဲဆိုသည့်အတွေးတစ်ခုဖြင့် စာအိတ်ကိုလျင်မြန်စွာကောက်ယူကာ အထဲမှ စာရွက်ကို ထုတ်လိုက်သည်။

"အို... "

Very amazing ပါပဲ။ သူ၏မွေးနေ့ဖြစ်သော မနေ့က အတွက် နေ့စွဲဖြင့် ရွှေတိဂုံဘုရား ရင်ပြင်တော်တစ်ခုလုံး အတွက် ညလုံးပေါက် မီးပူဇော်ခြင်းဟူသော အလှူခံဖြစ်ပိုင်းလွှာက သူ့နှလုံး အိမ်အတွင်းသို့ အမြင်အာရုံမှ တစ်ဆင့် နူးညံ့ညင်သာစွာ စီးဆင်းဝင်ရောက်၏။ အလှူရှင်အမည် နေရာမှာ... ဦးခန့်ထည်၊ ရက်စွဲနေရာမှာ... မနေ့က ရက်စွဲ... ၊ လှူဒါန်းရခြင်းရည်ရွယ်ချက် နေရာမှာ... သုံးဆယ်နှစ်ပြည့်မွေးနေ့မင်္ဂလာ အမှတ်တရ... ။



ဒါဟာ မေနှင်းဆီဆိုသော ချာတိတ်မလေး၏ သူ့အတွက် အမှတ်တရတဲ့.. ။ ဘယ်သူတစ်ဦးတစ်ယောက်ကမှ သူ့ကို မပေးခဲ့ဘူးသော သူ့အတွက် မစီစဉ်ပေးခဲ့ဘူးသော သူကိုယ်တိုင်တောင် ထိုသို့ပြုလုပ်ရန် စိတ်ကူးစိတ်သန်းမရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် သူ့အတွက် မွေးနေ့လက်ဆောင်ကို ရွှေတိဂုံဘုရား ရင်ပြင်တော်တစ်ခုလုံးတွင် ဆီမီးထွန်းပူဇော်ပေးခြင်းဖြင့် အမှတ်တရဖြစ်အောင် သူမက ပြုလုပ်ပေးခဲ့သတဲ့။ သူ့ရင်ထဲမှာ ကြည်နူးကျေနပ်မှုက ပြောမပြတတ်လောက်အောင်... ။

"သိပ်... အရမ်း... ဟား ဘယ်လိုပြောရမှန်းတောင် မသိပါဘူးကွာ... တကယ့်ကို ကျေးဇူးတင်ပါတယ် မေနှင်းဆီ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး ဦးခန့်ထည်... ဦးခန့်ထည်အတွက် အမှတ်တရဖြစ်ရင်ပဲ လုံလောက်ပါပြီ... "

"ဟာ သိပ်ဖြစ်တာပေါ့... ကိုယ့်ဘဝမှာ အနှစ်သုံးဆယ်လုံးလုံး လူ့လောကကြီးထဲ ရပ်တည်ရှင်သန်ခဲ့ရသမျှ ဒီဖြတ်ပိုင်းလေးက အမှတ်တရအဖြစ်ဆုံးနဲ့ အဆန်းသစ်ဆုံးပဲ... ဘယ်သူမှ ကိုယ့်ကို ဒီလို မစီစဉ်ပေးနိုင်ခဲ့ဘူး... ဖေဖေါနဲ့ မာမာကတော့ ထားပါတော့ နိုင်ငံခြားမှာ နေနေလို့... ကိုယ်က မြန်မာပြည်မှာ နေနေတာ သုံးနှစ်နီးပါး ရှိတော့မယ်...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ်တောင် ဒီလိုစီစဉ်ဖြစ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့မိဘူး… မင်းအတွက်က မလိုဘူးဆိုပေမယ့် ကိုယ်ကတော့ မင်းကို လှိုက်လှဲစွာ ထပ်ပြောချင်ပါတယ် မေနှင်းဆီ… မင်းပေးတဲ့လက်ဆောင်ဟာ ကိုယ့်အတွက် တန်ဖိုးမဖြတ်နိုင်အောင် အမှတ်တရ ဖြစ်စေတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်လို့… ”

သူပြောသမျှကို သူမျက်ဝန်းထဲ စိုက်စိုက်ကြည့်ကာ နားထောင်ပြီးနောက် ဘာမှအထွေအထူး ပြောစရာ၊ လုပ်စရာ မရှိတော့သည့်ပုံနှင့် သူမစားပွဲရှိရာသို့ အေးဆေးစွာပြန်လှည့်သွားသည့် မေနှင်းဆီကို ကြည့်ကာ ကြည်နူးမှုနှင့်အတူ ရင်ထဲ လှိုက်ခုန်နေရသူမှာ ခန့်ထည်ပင် ဖြစ်ပါသည်။

လက်ထဲမှာ ကိုင်ထားဆဲဖြစ်သော သူမ၏ သူ့အတွက် အမှတ်တရလက်ဆောင်လေးကို ထပ်မံ၍ ကြည့်လိုက်မိ၏။ သေချာတာတစ်ခုက ဒီအလှူခံဖြတ်ပိုင်းလွှာလေးဟာ မနက်ဖြန်ဆိုလျှင် ထုထည်နိုင်ခန့်သော မှန်ဘောင်တစ်ခုအတွင်းမှာ သပ်ရပ်ခန့်ညားစွာ ရောက်ရှိစေရပြီး သူနှင့် အနီးစပ်ဆုံး နေရာမှာ ထာဝစဉ်အမြဲတမ်း ဝင့်ဝင့်ထည်ထည် ရှိနေရမည်ဆိုတာ သူမလွဲ၍ မည်သူမှ သိနိုင်လိမ့်မည် မဟုတ်ပါ။



# ၈

“မေနှင်းဆီ… ယူ့ဆရာကိုတော့ ယူပဲ တာဝန်ယူခေါ်ရမှာနော်… ကိုယ်တို့က နှစ်အဆက်ဆက်က သာမကေ ရှိခဲ့ပြီးပြီဆိုတော့ ယူ့ဆရာ နေမကောင်းဘူးဆိုတာ အာပလာပဲ ဖြစ်မယ်ဆိုတာ ကြိုမြင်ထားတယ်… ”

“မဟုတ်ပါဘူး မမရဲ့… တကယ်ကို နေမကောင်း ဖြစ်နေတာပါ… ဒီနေ့မှ မလာတာ မဟုတ်ဘဲ… ရုံးမတက်နိုင်တာလေးရက်တောင် ရှိပြီပဲ ဥစ္စာ… ”

“သူ့ နေမကောင်းဖြစ်နေတာကို ယူ လက်တွေ့မြင်ရသလားပြော… ”

“ဖုန်းနဲ့ပြောတော့ အသံကြားရတာလေ… အသံက အက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်... နာသံပါတယ်... ဒါ တကယ်ပဲ နေမကောင်း ဖြစ်နေတာ နေမှာပါ... ”

“ဩော်... ရိုးသားလှတဲ့ မေနှင်းဆီကလေးရယ်... ယူက ယူ့ဆရာအကြောင်းဆို ဘာမှသိပ်မသိသေးဘဲကိုး... ဒီမှာ ကိုယ်ပြောမယ် သိလား... ယူ့ဆရာကလေ ဘာကြောင့်မှန်း မသိဘူး ပွဲလမ်းသဘင်ဆို သိပ်ရှောင်တယ်... အပြင်က ဖိတ်တဲ့ပွဲဖြစ်ဖြစ် ကိုယ်တို့ဟိုတယ်က လုပ်တဲ့ ပွဲပဲဖြစ်ဖြစ် သူ ဘယ်တော့မှ မတက်ဘူး... သူ့ကို မရမက ခေါ်မှာစိုးလို့ ပွဲရှိတဲ့နေ့ဆို ရုံးမတက်တော့တာ... ရောဂါတစ်ခု ကောက်ခါ ငင်ကာ ထဖြစ်ပြီး နေထိုင်မကောင်းဖြစ်တတ်တာ... ဒါ ယူ့ဆရာရဲ့ မရိုးနိုင်တဲ့ ဖော်မြူလာတွေပဲ... အဲဒီနေ့မှာ ဘယ် လောက်ကြီးပဲ သူ့အခန်းတံခါးကို သွားခေါက်ခေါက် ဘယ် တော့မှ ဖွင့်မပေးဘူး... အတင်းဆွဲခေါ်မှာ စိုးလို့နဲ့ တူပါ တယ်... အဲဒီလောက်အထိ ပွဲကြောက်တာ... ဒီတစ်ခါ မေနှင်းဆီအားကိုးနဲ့ ကိုယ်တို့တော့ သူ့ကို အတင်းမရမက ခေါ်တော့မှ ထင်တယ်... ဘာလို့လဲဆိုတော့ မေနှင်းဆီ ကျေးဇူးနဲ့ သူ့ရဲ့ birthday cake ကိုလည်း ကိုယ်တို့ စားဖူး ပြီးပြီလေ... ”

“အို မဟုတ်တာ မမရယ်... ဘယ့်နှယ့် ကျွန်မရဲ့ကျေးဇူး ဖြစ်ရမှာလဲ... ဒါ ကာယကံရှင်ရဲ့စိတ်စေတနာပါ... ”

ဒေါ်တင်မိုးသွယ်၏အပြောမှာ မျက်ဝန်းလေး



မှာယာဖြင့် သူမခေါင်းခါ ငြင်းဆန်မိပါ၏။

“ဘာပဲဖြစ်ဖြစ် ဒီလိုကျွေးမွေးချင်တဲ့စိတ်စေတနာဖြစ်အောင် တရားဟောလမ်းပြခဲ့တာ မေနှင်းဆီပဲလေ... ယူ ဟောပြော ခဲ့လို့ သူ့မှာ ဒီလိုစိတ်စေတနာမျိုး ပေါ်ပေါက်ခဲ့တာပေါ့... ဒါကို ဘာမှ ငြင်းဆန်ဖို့ ယူ မကြိုးစားနဲ့တော့... ယူ ရောက် လာပြီးကတည်းက ယူ့ဆရာ အများကြီး ပြောင်းလဲသွား တာ တစ်ဟိုတယ်လုံးအသိ... ”

ဒေါ်တင်မိုးသွယ်၏စကားက မေနှင်းဆီ၏မျက်ဝန်း ကို ထပ်မံ၍ ငေးကန် ဖြစ်သွားရပါသည်။ ချီးကျူးတာလား အသိ အမှတ်ပြုပုံနှင့် ဝေဖန်တာလားဆိုတာ ဒေါ်တင်မိုးသွယ်မှ သိမည် ဖြစ်သော်လည်း သူမကတော့ သူမ၏စကားတို့မှာ ရင်ထဲ တစ်မျိုး လေး ဖြစ်သွားရတာကတော့ အမှန်။

သူမရောက်လာကတည်းက ဦးခန့်ထည် အများကြီး ပြောင်းလဲသွားသတဲ့လား... ။ ဒီစကားကို ထူးသည်လည်း ပြောခဲ့ ဖူးပါသည်။ အခု ဒေါ်တင်မိုးသွယ် ပြောသည်။ နောက်ထပ် ဘယ် သူတွေကရော ပြောကြဦးမည်လဲ။ ဒေါ်တင်မိုးသွယ်အပြောကတော့ တစ်ဟိုတယ်လုံးအသိဆိုပဲ... ။

“ကဲ ဒေါ်မေနှင်းဆီလေး... ကျေးဇူးတင်လက်စနဲ့ ကျွန်မတို့ ဆက်လက်ကျေးဇူးတင်ပါရစေတော့... ညနေငါးနာရီမှာ ယူ့ဆရာ အောက်ကို ကြွမြန်းလာဖို့ တာဝန်ကို ယူ့ကိုပဲ လုံးလုံးလွှဲအပ်ပါတယ်နော်... ”

www.burmeseclassic.com

www.burmeseclassic.com



Front office မှ မမများနှင့် Accountsမှ မမ များက ပြောချင်တာ ပြောပြီး ရုံးခန်းထဲမှ ထွက်သွားကြတာမို့ မေနှင်းဆီမှာ အတွေးတစ်ထောနှင့် အူလည်လည် ကျန်ရစ်ခဲ့ရပါ သည်။

ဒီနေ့ ဒီဇင်ဘာ (၃၁) ရက်နေ့။ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုခြင်း အထိမ်းအမှတ်ရယ်... ဟိုတယ် ဝန်ထမ်းများ မိတ်ဆုံစားပွဲ အထိမ်းအမှတ်အဖြစ် ညနေခြောက်နာရီမှာ ဟိုတယ်ရှိ မြက်ခင်းပြင်၌ မီးများ ထွန်း၍ ကျင်းပကြမည် ဖြစ်သည်။

ဒီပွဲသည် မေနှင်းဆီ မရောက်ခင် အရှေ့ နှစ်တွေတုန်းကတည်းက လုပ်ခဲ့တာ ဖြစ်ပြီး အဲဒီတစ်ညမှာတော့ ဟိုတယ်ရှိ ဝန်ထမ်းများအားလုံးဟာ ရာထူးကြီးကြီးငယ်ငယ်မရွေး တန်းတူညီမျှစွာ ပျော်ရွှင်ခွင့် ရှိသည်ဟူ၍လည်း ထူးပြောပြ၍ မေနှင်းဆီ သိခဲ့ပြီး ဖြစ်သည်။

BURMESE CLASSIC

ကစားခြင်းမျိုးစုံ၊ စားသောက်စရာများမျိုးစုံအပြင် ဂျီအမ်ကြီး စီစဉ်ပေးသော ဗလာမပါ ကံစမ်းမဲ အစီအစဉ်ကလည်း အထူးသီးသန့်အဖြစ် ပါဝင်ခြင်းကြောင့် ဟိုတယ်ဝန်ထမ်းများမှာ ဒီနေ့ဒီရက်ကို စောင့်မျှော်ကာ တစ်နှစ်တာပတ်လုံး ပင်ပန်းထားခဲ့သမျှ အတိုးချ၍ ပျော်ရွှင်ခဲ့ကြသည်ဟူ၍လည်း ပြော၏။

သူမအနေဖြင့်လည်း ထိုသို့ ပျော်ရွှင်မှုကို ရယူခံစားချင်ပါ၏။ ကျောင်းသူဘဝက သူငယ်ချင်းများ၏ မွေးနေ့နှင့် ကိုယ့်မွေးနေ့တွင် မုန့်ဆိုင်၊ စားသောက်ဆိုင်သို့ သွားကာ စားသောက်ခဲ့



မိတာက လွဲလျှင် ထူးခြားစွာသော ပျော်ရွှင်မှုမျိုး မရရှိခဲ့သော သူမသည် ထူး၏အပြောနှင့်ပင် လွန်ခဲ့သည့် တစ်လလောက်ကတည်းက ဒီဇင်ဘာ (၃၁) ရက်နေ့ဟူသော ဤနေ့ကို ရင်တခုန်ခုန်ဖြင့် မျှော်လင့်စောင့်စားခဲ့ရသည်။

ဒီပွဲကျင်းပဖို့ကို သက်ဆိုင်ရာဆက်ရှင်များမှ မန်နေဂျာများနှင့် **Supervisor** များက စီစဉ်ကြပြီး လိုအပ်လျှင် **Secretary** များက ဝင်ရောက်ကူညီပေးကြရကာ ပွဲဖြစ်မြောက်ဖို့အတွက် တစ်လလောက်ကတည်းက ကြိုတင်စီစဉ်ခဲ့ကြသည်။ လိုအပ်လျှင် ကူညီပေးရသော **Secretary**ထဲမှာ မေနှင်းဆီကတော့ မပါဝင်ပါ။ ဘာကြောင့်ဆိုလျှင် **Accounts section** မှ ဦးခန့်ထည်၏ အလုပ်များ ဆက်တိုက် ကျလာသောကြောင့် ဖြစ်၏။ ဦးခန့်ထည် အလုပ်ရှုပ်တော့ သူမလည်း အလုပ်ရှုပ်ရကာ ထမင်းစားချိန်မှာ လွဲလျှင် စာရင်းဇယားများကြားထဲမှာ တစ်ချိန်လုံး အာရုံစူးနှစ်စွာ လုပ်ကိုင်ခဲ့ရသည်မှာ အိုဗာတိုင်တောင် ဆင်းရသည်အထိ။ သို့ပေမယ့်လည်း သူမ အလုပ်ရှုပ်သည်ဆိုရာဝယ် ဦးခန့်ထည်၏ အပျားအနှားလောက်သာ အလုပ်ရှုပ်ရခြင်း ဖြစ်သည်။ ဂဏန်းပေါင်းစက်၊ ကွန်ပျူတာတို့ဖြင့် တချောက်ချောက် နှိပ်ကာ စဉ်းစားတွက်ချက်သော ဦးခန့်တည်၏ ကယ်လ်ကူလေးရှင်းစာရင်းများကို သူမက ကွန်ပျူတာထဲ ထည့်ပြီး ပရင့်အောက် လုပ်ရုံပင်။ Excel ဘွက်ထဲတွင် ဖော်မြူလာများ တစ်ခုပြီးတစ်ခု သွင်းကာ တွက်ချက်ရသည်၊ စာရွက်တို၊ ပုံစံအမျိုးမျိုးဖြင့် စာရင်းဇယားများ ပြုလုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သော ဦးခန့်ထည်၏လက်ချောင်းများသည် စီးကရက် အင်မတန် သောက်သူ၏ လက်ချောင်းများ မဟုတ်သလိုပါပဲ။ ညိုမဲခြင်း ကင်းစင်ကာ ရှင်းသန့်ဖြူစင်ပြီး ရှည်သွယ်နေတာမို့ သူ့နံဘေးတွင် ထိုင်ကာ သူပေးလာမည့် အကြမ်းဖယားကို စောင့်နေရသည့် မေနှင်းဆီမှာ ဦးခန့်ထည်၏ အနုပညာဆန်လှသော လက်ချောင်း သွယ်သွယ်များကို ကြည့်ပြီး ဦးခန့်ထည်ဟာ အပြင်ပန်းကသာ စိတ်မာတက်မာကြောချင်ယောင်ဆောင်နေတာ၊ တကယ်တမ်း သူ့ရင် ထဲမှာတော့ နူးညံ့ညင်သာစိတ် ကြင်နာစိတ် ရှိလိမ့်မည်ဟု ခန့်မှန်း မဒေင်ပေဘာမိသည်။

BURMESE CLASSIC

ဦးခန့်ထည်ကို ကြည့်မြင်သမျှ အရာရာအားလုံး ဟာ ကြည့်ကောင်းသည်ထက်သာ လွန်နေတာမို့ သူ့ကို အမျိုးသမီး အပေါင်း ကြွေခကာ ရှိုင်ရယ်ပရင့်(စ်)အဖြစ် သတင်းကြီးခြင်းက မဆန်းဟူ၍လည်း သတ်မှတ်မိ၏။ တကယ့်ကို ပြည့်စုံခြင်းများစွာ ဖြင့် အကျိုးပေးကောင်းစွာ လာခြင်းကောင်းသောသူဟူ၍ စိတ်ထဲ တိတ်တိတ်ကလေး အားကျနေခဲ့မိသည့်မေနှင်းဆီမှာ ဦးခန့်ထည် ၏ အရေးကြီးသော စာရင်းဖယားများ ပြီးသွားချိန်က သောကြာ နေ့ ညရှစ်နာရီမှာမို့ ထိုနေ့ညက အိမ်ကို ပြန်ရောက်လျှင် ရေမိုး ချိုးပြီး ထမင်းတောင် မစားနိုင်ဘဲ အိပ်ရာတန်းဝင်ကာ စနေ၊ တနင်္ဂနွေနှစ်ရက်စလုံး ဘယ်မှ မသွားမလာဘဲ ပင်ပန်းခဲ့သမျှ အပြည့် အနားယူကာ တနင်္လာနေ့ ရုံးသို့ ပြန်တက်သည့်အခါမှာတော့ ဦးခန့်ထည် နေမကောင်း၍ ရုံးမတက်နိုင်ဟူသော အဖြစ်တစ်ခုကို



ရင်ဆိုင်လိုက်ရသည့်အခါ တစ်ယောက်ထဲ တိတ်တိတ်ကလေး ပြုံး မိပြန်ပါသည်။

လူတိုင်း Perfect ဆိုတာမျိုး ဘယ်ရှိမလဲနော်...။ တစ်ခုမဟုတ် တစ်ခုကတော့ လိုအပ်နေမှာပေါ့...။ ရုပ်ရည်မှအစ ချွန်ထက်မြက်ခြင်းအလယ် ပစ္စည်းဥစ္စာအဆုံး ဘာတစ်ခုမှ ပြော ရာမလိုအောင် ရာပြည့်ထက်တောင် ကျော်လွန်နေမည်ဟု ယူဆ သော ဦးခန့်ထည်သည်လည်း ကျန်းမာရေးချို့တဲ့ခြင်းဖြင့် အရာ အားလုံးမှာ Perfect မဖြစ်နိုင်သေးတာ။

ဤသို့ဖြင့် လိုအပ်လျှင် သူမက ဦးခန့်ထည်အခန်း သို့ ဖုန်းဆက်ကာ အလုပ်အကြောင်း မေးမြန်းရပြီး တတ်နိုင်သမျှ တော့ နေမကောင်းသော သူ့ကို အနှောင့်အယှက် မပေးချင်စွာ ကိုယ်ဘာသာပဲ ကြိုးစားကာ အလုပ်လုပ်ခဲ့သည်။ ဦးခန့်ထည်က တော့ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေ ရုံးဆင်းခါနီး တစ်ကြိမ် သုံးကြိမ်မှန်မှန် ဖုန်းဆက်လေ့ရှိပြီး သူမထံမှာ ဘာအခက် အခဲတွေ ရှိနေသလဲဆိုတာ လှမ်းမေးခဲ့သည်။ ထို့အတွက်ကြောင့် မေနှင်းဆီမှာ ပွဲအတွက် ကူညီပေးရသော လူစာရင်းထဲတွင် မပါ ဘဲ ပွဲရှိသည့် ဒီနေ့မှာမှ ဟိုတယ်ဝန်ထမ်းတစ်ဦးအနေဖြင့် ပါဝင် ခဲ့ပို့ ထိုင်ရှုနေမျှော်လင့်နေသည့်အချိန်မှာ ဦးခန့်ထည်ကို ချစ်လှ သော "မမ" များ၏ သူမ ရုံးခန်းထိတိုင် လာရောက်၍ တွေ့ဆုံ မှုတစ်ခုကြောင့် စိတ်ထဲ နှောက်ကျိုကာ ခေါင်းရှုပ်သွားရတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုရက်တွေက ပင်ပန်းကာ တကယ့်ကို နေမကောင်း ဖြစ်နေသူကို ဒီပွဲမှာ ပါဝင်ပျော်ရွှင်ဖို့အတွက် သူမ ဘယ်လိုပုံစံနှင့် ခေါ်ရမည်လဲ။ တကယ်တမ်း ရုံးမတက်တာ လေးရက်မှာ ဒီနေ့ပဲ နေပြန်ကောင်းပြီး ဒီပွဲကို မဆင်နွှဲချင်လို့ (သူတို့ပြောသလို) ဆက်လက် နေမကောင်းချင်ယောင်ဆောင်ကာ ရှောင်နေဦးတော့ ဒါဟာ သူ့စိတ်ကြိုက် လုပ်ပိုင်ခွင့်ရှိသော သူ့ Right(အခွင့်အရေး) တစ်ခုပင်။ သူမ အပါအဝင် ဘယ်သူမှ ဘာမှဝင်ရောက် စွက်ဖက်ခွင့်မရှိဟူ၍ ယူဆမိသည်။ ထို့အတူ ခုနက ဆက်လာသော ဖုန်းထဲက အသံမှာ အက်တက်တက်နှင့် နှာသံပေါက်နေတာမို့ တကယ် နေမကောင်းနေဆဲပဲ ဖြစ်မှာပါ ဟူ၍လည်း ထင်ထားမိ၏။

"သိပ်ပျော်စရာကောင်းတာ မေရဲ့... အဲဒီနေ့ဆို ဘယ်သူမှ ဆယ့်နှစ်နာရီမထိုးခင် အိမ်မပြန်ဘူး... ဆယ့်နှစ်နာရီ ထိုးတာနဲ့ နာရီသံ ဆယ့်နှစ်ချက် မြည်ပြီးရင် ဟိုတယ်တစ်ခုလုံး မီးမှိတ်ပစ်လိုက်ပြီး Happy New Year လို့ အားလုံးဝိုင်းအော်ကြတာ... မီးပြန်ဖွင့်တဲ့အချိန်မှာ အားလုံး တွေးနေအောင် ကကြတော့တာ... ဂျီအမ်ကြီးကအစ သီလားအဲဒီအချိန်မှာ ဂျီအမ်လည်း ဝိတ်တာတွေနဲ့တွဲကကြ သီချင်းတွဲဆိုကြနဲ့ ဘဲ(လ်)ဘွိုင်တွေနဲ့အတူ ကောက်တေး(လ်) သောက်တာ ဓာတ်ပုံတွေ တွဲရိုက်၊ သီချင်းတွေ တွဲဆိုကြနဲ့ ဘယ်သူမှ ဘာမှဟိတ်ကြီးဟန်ကြီးတွေ မရှိဘူး... လူသားအချင်းချင်း ပျော်ရွှင်ကြတဲ့ပွဲ... ဒီပွဲမှာ ကိုယ်တို့ဆရာ မဆင်



နွှဲပဲနေနိုင်တာကတော့ တကယ့်ကို အံ့သြစရာပဲ... တကယ်ဆို သူ လူငယ်တစ်ယောက်ပဲ... လူငယ်ပီပီ လူသားဆန်ဆန် ပျော်ရွှင်တတ်ရမှာပေါ့ဟယ်... သူများတွေက ဒါကို အထာပေးတယ် ကြီးကျယ်တယ်လို့ ထင်ကြတယ်... "

BURMESE CLASSIC

အထာပေးတာ၊ ကြီးကျယ်တာ မဟုတ်မှန်းတော့ သူနှင့်အတူ အလုပ်လုပ်လာခဲ့ရသည့်အတွေ့အကြုံအရ မေနှင်းဆီ ကောင်းကောင်းကြီး သိပါသည်။ အဓိကကတော့ ဦးခန့်ထည်၏ အကျင့်စရိုက်က "သီးခြား" ဆန်သော အကျင့်စရိုက်ပင်။ ဒါဟာ သူ့မွေးရာပါ ဗီဇဟာစိတ်ဆိုလျှင် ဖျောက်ဖျက်ပစ်နိုင်ဖို့က ခဲယဉ်းလှပါ၏။ ထိုမွေးရာပါဗီဇကိုတော့ အထာပေးတယ်၊ ကြီးကျယ်တယ်ရယ်လို့ဖြင့် ရက်စက်စွာ မယိုးစွပ်ချင်ပါ။ သို့သော် ထူး ပြောသော လူသားအချင်းချင်း ပျော်ရွှင်ကြတဲ့ပွဲကလေးတစ်ခုကို သူ့ကို အနည်းအကျဉ်း မြည်းစမ်းခံစားစေချင်ကာ Cost Controller ၏ Secretory တစ်ယောက် စိတ်စေတနာဖြင့် သူ့ကို ခေါ်ကြည့် ရန် ကြိုးစားကြည့်ချင်သည်။ လာလိုလာ[illegible]ပေါ့လေ။

ဤတွင် မေနှင်းဆီ[illegible]ကျမ်းကျိန်ပြောရဲပါသည်။ ဦးခန့်ထည်ကို ခေါ်ကြည့်မည်ဆိုရာမှာ ခုနက ဒေါ်တင်မိုးသွယ် ပြောသလို သူတို့၏ကျေးဇူးတင်ခြင်းက သူမကို ဆက်လက် တင်စေ ချင်လို့... သူမခေါ်လိုက်လျှင် ဦးခန့်ထည် လာကို လာမှာပဲဆိုသည့် သူမကို သူမ ယုံကြည်မှု အပြည့်အဝ ရှိနေလို့ သူမရောသော ဦးခန့်ထည် အများကြီး ပြောင်းလဲသွားတာ တစ်ဟိုတယ်လုံး အသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကို သူမ လက်ခံထားလို့... ဆိုတာမျိုး လုံးဝ မဟုတ်ရပါဘဲ တစ်ယောက်တည်း ခေါင်စင်းစင်းကြီး နေနေရမည့်အစား လူတောထဲ ဝင်တိုးကြည့်ပါလားဟူ၍ မရဲတရဲ သွေးတိုးစမ်း ဖိတ်ခေါ်ချင်းသာ။

ညာလက်မှာပတ်ထားသော နာရီကို ကြည့်လိုက်တော့ လေးနာရီခွဲ ရုံးဆင်းချိန် ဖြစ်နေပြီဖြစ်သည့်အတွက် Staff Mess မှာ ခဏအနားယူပြီး ညပွဲအတွက် ရေမိုးချိုး အဝတ်အစားလဲရန် သင့်တော်သည့်အချိန်ကို ရောက်နေပြီ ဖြစ်သည်။ မေနှင်းဆီ နှုတ်ခမ်းကို တင်းတင်းဖိကာ ဦးခန့်ထည်ထံ ဖုန်းခေါ်ဖို့ ဆုံးဖြတ်လိုက်၏။ ထိုင်ရာမှ ထကာ ဦးခန့်ထည်၏ စားပွဲပေါ်မှာတင်ရှိနေသော တယ်လီဖုန်းဆီသို့ လက်အလှမ်းမှာ ဖုန်းသံကလည်း မြည်လာတာမို့ သူမ အဆင်သင့် ကောက်ကိုင်နားထောင် လိုက်သည်။

"ဟယ်လို... "

"မေနှင်းဆီ... အီးမေး(လ်) ဘာဝင်သေးလဲ... "

ဪ သေခဲဦးမယ်... ။ အခုပဲ သူ့ဆီ ဆက်မလို့ ဥစ္စာ။ သူက သူမဆီသို့ ဆက်လာခဲ့ပြန်ပြီ။

"ဟင့်အင်း... ဘာမှမဝင်ဘူး ဦးခန့်ထည်... နေ့ခင်းက [illegible] အနေအတိုင်းပဲ... "

"ဪ... အင်း အင်း ဟုတ်ပြီ... ဒါဆို အခု မင်းပြန်တော့မှာပေါ့... "

"ဟုတ်ကဲ့... အဲ မဟုတ်ဘူး... မပြန်သေးဘူးလေ ဦးခန့်



ထည်ရဲ့... ညကျ Staff party ရှိတဲ့ဥစ္စာ... "

"ဪ... အင်း... ဟုတ်သားပဲ... ဒီနေ့ သာ့တီဖတ်(စ်) ဒီဇင်ဘာနော်... မနက်ဖြန်ဆို New year တောင် ရောက်တော့မှာပါလား... "

သူ့ဘာသာသူ တစ်ကိုယ်တည်း ရေရွတ်ပြောနေတာမို့ မေနှင်းဆီ ငြိမ်နားထောင်နေမိသည်။

"ဆိုတော့ကာ မင်းက ဒီပွဲမှာ ရှိနေမှာပေါ့ ဟုတ်လား... "

"ဟုတ်ကဲ့... "

"Midnight အထိလား... "

"အင်း ဆယ့်နှစ်နာရီတော့ ကျော်မယ်... အားလုံးနဲ့အတူ New Year (နှစ်သစ်) ကို Welcome (ကြိုဆို) လုပ်မယ်လေ... ဒါပြီးရင် ခဏနေ ပြီးတာနဲ့ ပြန်မှာပါ... "

"အိမ်ကို ပြောထားခဲ့လား... "

"ဟုတ်ကဲ့... "

"အိမ်က လာကြိုမှာလား... ဖယ်ရီနဲ့ ပြန်မှာလား... "

"အိမ်က လာကြိုမှာပါ... ကျွန်မအစ်ကိုနဲ့အစ်မလည်း ဒီနေ့ သူတို့ရုံးမှာ ပွဲတွေ ရှိကြတယ်လေ... ကိုကြီးက ကားယူသွားတော့ ကိုကြီးက ကျွန်မနဲ့ မလေးကို တစ်ခါတည်း ပြန်ကြိုမှာ... "

"ဒါဆို အခု မင်းက ယူနီဖောင်းနဲ့ပဲပေါ့... "

"အင်းဟင်... ဒါပေမယ့် ညကျ ရှိုးထုတ်ဖို့ မနက်ကတည်း

www.burmeseclassic.com

www.burmeseclassic.com



က အိမ်ကနေ ဝတ်စုံတစ်စုံ ပို့ထည့်လာတယ်... အခု Staff Mess သွားမှာ... အကျီလဲဖို့ ရှိုးထုတ်ဖို့အတွက်ပေါ့..."

"ဪ... ဪ..."

သူ၏လေသံအေးအေး ဪ... ဪကို နားထောင်ပြီး သူမ ခုနက စဉ်းစားထားမိသော သူ့ကို ခေါ်ကြည့်ရန် စိတ်ကူးကို ဘာကြောင့်မှန်းမသိ အကောင်အထည် မဖော်ဖြစ်ဘဲ ရှိနေရ၏။ ထို့အတူ ဦးခန့်ထည်ကလည်း ရုံးကိစ္စမဟုတ်သော သူမ၏ ကားကြိုခြင်းကိစ္စ၊ အကျီဝတ်စုံကိစ္စတို့ကို တစ်ခါမှ မမေးစဖူး အမေးထူးနေတာမို့ သူမစိတ်ထဲ သေးမွှားသော ထူးဆန်းအံ့ဩစိတ်ကို ဖြစ်ပေါ်စေသည်။ သူမကကော ဘာထူးသည်လဲ... အိမ်မှ ကားလာကြိုမှာကို ဘယ်လိုလာကြိုမှာက အစ၊ ဝတ်စုံ တစ်စုံ အပို့ထည့်လာပြီး ညကျ ရှိုးထုတ်မှာကိုပါ သူ့ကို တစ်ခါမှ မပြောစဖူး အပြောထူးနေမိတာ။ ပြောပြီးမှတော့ ဘာမှမထူးတော့ပါဘူး ဟူ၍ ကိုယ့်ကိုကိုယ် ပြန်နှစ်သိမ့်လိုက်၏။

"ကဲ... ကောင်းပြီလေ... မင်း ရှိုးထုတ်ဖို့အတွက် နောက်ကျနေဦးမယ်... သွားလိုက်တော့..."

"ဦးခန့်ထည်... ခဏလေး ဖုန်းမချပါနဲ့ဦး..."

သူမ၏အလျင်အမြန် တားလိုက်မှုကြောင့် တစ်ဖက်မှ ဦးခန့်ထည်က ဖုန်းမချဘဲ...

"ဘာပြောစရာရှိသေးလို့လဲ မေနှင်းဆီ..."

"ဟိုလေ... အခု ဦးခန့်ထည် နေမကောင်းဖြစ်နေတာ



တကယ်ပါနော်..."

"ဟင်... ဘယ်လို..."

"ဟိုလေ Flu ဖြစ်နေတဲ့အတွက်ကြောင့် ဗိုင်းရပ်စ်ပိုးတွေ ကူးကုန်မှာ စိုးတာကြောင့် ရုံးမတက်တာဆိုတာ တကယ်လားဟင်..."

"အင်း... ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ မေနှင်းဆီ..."

"အခုကော အဖျားကျသွားပြီလား..."

"အဖျားက မနေ့မနက်ကတည်းက ကျနေတာ... သိတဲ့အတိုင်း Flu ဆိုတာက အဖျားကျသွားတာနဲ့ လူက နုံးချိကျန်ခဲ့တာ... ဆေးကိုတော့ ကို့(စ်)ကုန်အောင် ဆက်သောက်ရမှာပေါ့... အားပြန်ပြည့်အောင်လို့ တစ်ခါတည်း ဆက်နားနေတာ... မနက်ဖြန်တော့ ကိုယ် ရုံးတက်နိုင်ပါပြီ... ဘာဖြစ်လို့လဲ မေနှင်းဆီ..."

သူမမေးခွန်းကို ဖြေပြီးတိုင်း "ဘာဖြစ်လို့လဲ မေနှင်းဆီ" ဆိုတာဖြင့် ပြန်မေးခွန်းထုတ်နေသော သူ့မေးခွန်းကို ပြန်မဖြေတော့ဘဲ ဒီတစ်ခါ သူ တကယ်နေမကောင်းဖြစ်နေတာပါဟု ရဲရဲယုံကြည်ပေးလိုက်ပြီး ပါတီသို့ လာရန် ဖိတ်ခေါ်မည့်စကားတို့ကို ပယ်ဖျက်လိုက်တော့၏။

"ဘာဖြစ်လို့လဲ မေနှင်းဆီ... ကိုယ့်ကို ဘာပြောချင်လို့လဲ ကိုယ့်ကို ပြောချင်တာများ တစ်ခုခု ရှိနေလား..."

ထပ်မေးလာသော ဦးခန့်ထည်၏ အမေးစကားမှာ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အတွေးကို သိနေ၍များ အရယ်ဘက်လုသည့် စကားသံ ဝါးတားတားများ ဖြစ်နေသလား ဆိုသည့် စိတ်တစ်ခုဖြင့် မေနှင်းဆီ အလျင်အမြန်ပင် ငြင်းပြောမိ၏။

"ဟင့်အင်း... ဘာမှမဟုတ်ပါဘူး... မြန်မြန် နေကောင်းလာပါစေလို့ ကျွန်မ ဆုတောင်းပေးနေပါ့မယ် ဦးခန့်ထည် ဘိုင့်ဘိုင် ဂွဒ်နိုက်... "

"သိုင်းကျူးမေနှင်းဆီ... Have a enjoyable party ဘိုင့်ဘိုင်..."

ဖုန်းချပြီးသည့်အခါမှာတော့ ဒီတစ်ညမှာ ဦးခန့်ထည်တစ်ယောက် သူမတို့နှင့်အတူ Staff Party တွင် လာရောက်မပျော်ရွှင်တော့မည်မှန်း သူမ သေချာစွာ သိထားလိုက်၏။ အင်း... ထူး၏အပြောနှင့် ဆိုလျှင်တော့ ဦးခန့်ထည်က လူသားဆန်စွာ ပျော်ရွှင်ခွင့် မရတော့ဘူးပေါ့။

နောက်ပြီး မေနှင်းဆီမှာ သူမနှင့် ဦးခန့်ထည်၏ အဖြစ်ကိုပဲ ရယ်ချင်နေရသည်။ သူမတို့နှစ်ယောက်သည် ဦးခန့်ထည် ရုံးတက်စဉ် အပြင်မှာတုန်းကတော့ ဒီပါတီပွဲအကြောင်း စကားဆက်စပ် မပြောမိကြတာနော်... ။ အခုမှ ဖုန်းထဲမှာမှ တစုတ်တရ အရေးတယူ ပြောမိသည်ဆိုတော့ သူမတို့နှစ်ယောက်၏ အကြောင်းကြောင်းအဖြစ်ကို ရယ်ချင်စွာဖြင့်ပင် ပြုံးစိစိမျက်နှာလေးနှင့် ပစ္စည်းများကို သိမ်းဆည်းကာ Staff Mess သို့ ထွက်ခဲ့ပါတော့သည်။



"အဲဒီတော့ ယူက ဆရာ့ကို လာခဲ့ဖို့တော့ မပြောလိုက်ဘူးပေါ့... "

"ဟင့်အင်း... မပြောတော့ဘူးလေ... သူ တကယ်ကို နေမကောင်းဖြစ်တာ သေချာနေတာပဲ ဥစ္စာ... ဒါပေမယ့် အကယ်၍များ နေမကောင်း တကယ်မဖြစ်လည်း ကိုယ် ဘယ်လောက်ခေါ်ခေါ် သူလာချင်တဲ့စိတ်ရှိမှ လာမှာပေါ့... အရင်နှစ်တွေတုန်းကတောင် မလာတာ... "

"မတူဘူးလေ မေရဲ့... အရင်နှစ်တွေနဲ့ ဒီနှစ်နဲ့ တူမှ မတူတဲ့ဥစ္စာ... မွေးနေ့မှာတောင် မွေးနေ့ကိတ်ကျွေးဖို့ မပြောနဲ့ ပေးတဲ့လက်ဆောင်တွေကို အမှိုက်ပုံးထဲ ပစ်တတ်တဲ့ဆရာက ယူရောက်လာမှ မွေးနေ့ကိတ်ကျွေးပြီး လက်ဆောင်တွေကို မသုံးသော်လည်း လက်ခံသိမ်းဆည်းရမှန်း သိလာတဲ့ဥစ္စာ... အခုလည်း ဒီလိုပဲပေါ့... "

"သြော်... ဖြစ်မှဖြစ်ရလေ... ဒီကိစ္စက ဒီလောက်တောင် ရေးကြီးခွင်ကျယ်နဲ့ 'တာ'သွားစေသလားဟင်... အားလုံးက ဒါကိုပဲ ပြောနေကြတော့တာပဲ... "

"ပြောရလောက်အောင်ကို 'တာ'စေခဲ့တာကိုး... ဒါဟာ ဆရာရဲ့ထူးခြားတဲ့ ပြောင်းလဲချက်ပဲ... အိုး ကိုယ်တော့ ဆရာသာ ရောက်လာရင် ဆရာနဲ့ ခါတ်ပုံအတူ တွဲရိုက်မယ် ဆိုတဲ့ စိတ်ကူးလေး ယဉ်ခဲ့တာ အခုတော့ သွားပါပြီ... "

"ရှူးပါ့ ထူးရယ်... ရုပ်ရှင်မင်းသားမဟုတ် အဆိုတော်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့သူကိုများ... "

"ဟ အဲဒီဝေါဟာရတွေထက် ကိုယ့်ဆရာက အများကြီးသာတယ်မေ... ယူက အနီးဆုံးဖြစ်နေတော့ ဆရာ့ကို မြင်မကြည့်နိုင်တာပါ... ဆရာ့ဆီမှာ လူတွေကို ဆွဲဆောင်ညှို့ယူနိုင်တဲ့စွမ်းအား အများကြီး ရှိတယ်... အဲဒီအထဲမှာ စည်းကမ်းရှိတဲ့ သူ့ရဲ့အကျင့်သိက္ခာက သူ့စွမ်းအားကို မြင့်တက်စေတဲ့ အကြီးမားဆုံး ပံ့ပိုးမှုပဲ... "

ထူး၏အပြောမှာ မျက်လုံးပြူးသည်အထိ သူမ အထိတ်တလန့် ဖြစ်သွားရပြီး...

"ထူး... ရှင်က... ဟိုမမတွေလို... ဟို... "

"နိုး... နိုး မဟုတ်တာတွေ လျှောက်မထင်နဲ့မေ... ဆရာ့အပေါ်မှာ ကိုယ်က တကယ့်ကို ဆရာသမားတစ်ယောက်ကို ယုံကြည်လေးစားပြီး ကိုးကွယ်တာမျိုးပါ... ဘာပဲဖြစ်ဖြစ် ဒီနေ့လို အမှတ်တရနေ့မျိုးမှာ ကိုယ်လေးစားတဲ့ ဆရာတစ်ယောက်နဲ့ အမှတ်တရ ဓာတ်ပုံတွဲရိုက်ချင်တာ ကိုယ်မှားသလား... ကိုယ့်လိုပဲ တခြားသူတွေလည်း ဒီလို ရှိမှာပဲလေ... "

ထူး၏အမေးမှာ ခေါင်းမညိတ် ခေါင်းမခါနိုင်ဘဲ သူ့ကို ငေးငေးကြီးသာ သူမ ကြည့်နေနိုင်၏။

"တကယ်တော့ ဟိုဒေါ်တင်မိုးသွယ်တို့ ပြောသလိုပဲ မေသာ ခေါ်လိုက်ရင် ဆရာ ညကျ ပါတီပွဲကို ရောက်လာမှာ အမှန်"



"အို... သေချာနေလိုက်တာ... ကိုယ်က ဦးခန့်ထည်ကို အဲဒီလောက်တောင် ခေါ်နိုင်မတဲ့လား... အဓိပ္ပာယ် မရှိလိုက်တာ... "

"အဓိပ္ပာယ် မရှိဘူးထင်ရင် ကိုယ်နဲ့မေ လောင်းကြေးထပ်လောင်းမယ်လေ... ဘယ်လိုလဲ စမ်းကြည့်မလား... "

ထိုသို့ဆိုပြန်တော့ မေနှင်းဆီ မျက်လုံးလေး စိုက်ကျဉ်မ်သွားရ၏။ ခင်ထူးဆွေက မေနှင်းဆီကို ပြုံးကြည့်ပြီး...

"အဟင်း... ရှင် မလောင်းရဲဘူး မဟုတ်လား မေ... ဒါ ရှင့်ကိုရှင် မသေချာတဲ့သဘောပေါ့... ရှင်ခေါ်လိုက်ရင် ဆရာမလာဘူးလို့ မငြင်းမှာကို ရှင် စိုးရိမ်တယ် မဟုတ်လား... ဒါကိုက ရှင့်ကိုရှင်တောင် မသေချာတဲ့သဘောပေါ့ မေရယ်"

ထူး၏စကားလုံးတို့က နားစည်မှတစ်ဆင့်ဦးနှောက်ထံသို့ ဝင်ရောက်ကာ မျက်နှာတစ်ခုလုံး ထူလာရသည်။ ခုခံကာကွယ်ရန် စကားလုံးတို့က အစအနပင် ရှာလို့မရ။ နောက်ဆုံးတော့လည်း ထူးစကားကို မှန်တယ်ဟု မထောက်ခံလိုသူပီပီ ဖွတ်တိုး ပြောချလိုက်သည်။

"ဘာမဟုတ်တာလေးကို လောင်းကြေးထပ်ရမတဲ့လား ထူးရယ်... ဦးခန့်ထည်က essential မဟုတ်ဘဲနဲ့ အဲဒီလောက် အပင်ပန်း မခံချင်စမ်းပါနဲ့... ရှင် ဓာတ်ပုံရိုက်ချင်တယ် ဆိုရင် နောက်ရက်မှ ကိုယ်တို့ရုံးခန်းကိုလာပြီး ခွင့်တောင်းရိုက်ယူပေါ့ မဟုတ်လား... "

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးမေ... ကိုယ်ဆိုလိုတာ... "

"ဟယ်... ဒီနှစ်ယောက် ဘာမှလဲ မပြင်ကြသေးဘဲနဲ့ လေတွေ ထိုင်ပေါ်နေကြတယ်... ကျေးဇူးပြုပြီး အိုင်နှုတ်ခမ်းကို ကြည့်ပေးကြပါဦး... လိုင်းဖော်ထားတာ လှရဲ့လားလို့"

"ဟယ် လှတယ် လှတယ်... လိုင်းဖော်ထားတာလည်း လှတယ်... အထဲက ဆိုးထားတဲ့အရောင်နဲ့ ဝတ်ထားတဲ့ အကျီလေးနဲ့ကလည်း colour match ဖြစ်တယ်... ဆူဇီ ပြင်ထားတာလေးက သိပ်လှတာပဲဟယ် နော်... ထူး... "

ထူး၏စကားဆုံးအောင် ပြောခွင့်မရအောင် Cashier ကောင်မလေး ဆူဇီက ကြားဖြတ်ဝင်ပြောလာတာမို့ မေနှင်းဆီမှာ ဆူဇီ့ကို ကျေးဇူးတွေ တင်ကာ ရှိနေတာထက်ကို ပိုပိုသာသာလေး ချီးကျူးပြလိုက်တော့ ထူးမျက်နှာက မကျေမလည်နှင့် ပုတ်အဲ့အဲ့။ ထူး၏ခံစားမှုကို သိရသော မေနှင်းဆီမှာ ရယ်ချင်ပက်ကျိမျက်နှာနှင့်ပင်...

"ကဲ ကဲ... အရေးမပါတာတွေ ထိုင်မစဉ်းစားနဲ့ ညီမငယ် ပြင်ဖို့ဆင်ဖို့ လုပ်တော့... ညီမငယ်လုပ်ချင်တဲ့ကိစ္စကို နောက်များကျမှ အကောင်အထည်ဖော်တာပေါ့ ဟုတ်လား လောလောဆယ် ကိုယ်တော့ ရေသွားချိုးပြီပော့... "

ဟု ပြောခဲ့ကာ ရေချိုးခန်းအတွင်း ဝင်လာလိုက်တော့ "အစုတ်ပလုတ်မ" ဟူသော ထူး၏ရေရွတ်သံကို ကြားလိုက်ရသည့်အတွက် ဟာသတစ်ခု ကြားလိုက်ရသလို ဟက်ဟက်ပက်



က် ရယ်လိုက်မိ၏။ ရေပန်းအောက်မှ မျက်နှာကို မော့၍ ရေကျ လိုက်သည်။ တစ်နေ့တာလုံး ပင်ပန်းနွမ်းနယ်သမျှ ကင်းစင် ပျောက်သွားပါတော့သည်။ ထိုအချိန်မှာ မေနှင်းဆီသည် ထူးကို ည်း မေ့၊ ဦးခန့်ထည်လည်း မေ့၊ ထူး၏ လောင်းကြေးထပ်ခြင်း ို့လည်း မေ့ပျောက်ကာ သဘာဝရေ၏ အေးမြမှုအောက်မှာ စိတ် စ်ခုလုံး လန်းဆန်းကြည်လင်သွားပါတော့သည်။

"ဟယ်... မေ ရှင်က Lobster (ကျောက်ပုဇွန်) ကြီး ရလာတယ်... အကောင်းစားပဲ... "

"အေး... ဟေး ဟေး ကိုယ့်ဘာသာဆို ဘယ်ရလိမ့်မလဲ Business center (စီးပွားရေးဌာန) က မျက်မှန်လေးနဲ့ ကောင်လေးဟာလေ... နာမည် ဘယ်သူပါလိမ့်... သူက ကိုယ့်ရှေ့ကနေ အသားကုန်တိုးနေတာ... ကိုယ်က သူ့ အကျီစဆွဲပြီး ကိုယ့်အတွက် တစ်ကောင် ပိုယူခဲ့ပါလို့ ပြောလိုက်တာ... သူက သူ့အတွက်တောင် မယူသေးဘူး ကိုယ့်ကို အရင်ပေးလာတာ... "

"ဟား... မေနှင်းဆီတို့တော့ Lobster (ကျောက်ပုဇွန်) ကို ကိုယ်စားတိုးပေးတဲ့သူတွေ ဘာတွေနဲ့ မဆိုးဘူး... တိုး တက်လာပြီ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်... ရှူး... မျက်မှန်လေးကြားသွားရင် သူ့စေတနာကို ကိုယ်တို့က ဝေဒနာ လုပ်တယ် ထင်ပြီး စိတ်မကောင်းဖြစ်သွားဦးမယ်... Lobster(ကျောက်ပုစွန်)ကြီးက အကြီးကြီးပဲနော် ထူး... လာ ကိုယ်တို့ Half share(တစ်ဝက်ခွဲ)မယ်..."

"မေ... ဒီ Pork sausage (ဝက်အူချောင်း)လေး စားကြည့်စမ်း... ဆီလုံးဝမပါဘဲ ရေနဲ့ပဲ ကြော်ထားတာ... Roy Crown ရဲ့ Costing (ကုန်ကျစရိတ်) ချွေတာ နည်းလေ..."

"ဟယ် ထူးကလည်း... ဘာတွေ လျှောက်ပြောနေတာလဲ— ဒါ ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်တာပါ... "

နှစ်ယောက်သား တခိခိနှင့် ရယ်ကာ အစားအစာများ ထည့်ထားသော ပန်းကန်နှင့် အအေးဖန်ခွက်ကိုယ်စီကိုင်ကာ အေးအေးလူလူ စားရမည့်နေရာကို လျှောက်ရှာကြသည်။ ရှာသည်ဆိုပေမယ့် ဒီဟိုတည်ဝင်းမှာဆိုလျှင် အေးအေးလူလူ နေရာရှာတွေ့ရမည် မဟုတ်ပါ။ အကြောင်းက ဟိုတယ်ပတ်ပတ်လည် မြက်ခင်းပြင်တစ်ခုလုံးမှာ စားသောက်စရာ တင်ထားသော စားပွဲများ၊ စိတ်ကြိုက်ကစားနိုင်သည့် အရာတွေကိုပါ အပြည့်ခင်းကျင်းထားတာမို့ တစ်ဟိုတယ်လုံးမှ ဝန်ထမ်းများက ဟိုနေရာစုစု၊ ဒီနေရာ စုစုနှင့် ဘယ်နေရာမှ အေးအေးလူလူ မရှိသည့်အတွက် ဖြစ်၏။ နှစ်ယောက်သား ဟိုကြည့် သည်ကြည့်နှင့်...

"ဟော... မေနှင်းဆီနဲ့ ခင်ထူးဆွေ... ဘောလုံးပစ်မလားဟေ့... "



ထိုစဉ် ဘောလုံးပစ်သည့် အုပ်စုထဲမှ နိုင်မွန်ထွေး လှမ်းအော်တာမို့ "အေး... ပြီးကျ လာခဲ့မယ်... အခု အရင်ဝါးတီးဦးမယ်" ဟု ပြောခဲ့ကာ စားသုံးတော်မူမည့်နေရာကို လိုက်လံကြသည်။

"ဟာ သတိရပြီ... ရေကူးကန်နား သွားရအောင် မေ... အဲဒီနေရာလေးဆို လရောင်နဲ့ ရေပြင်ပြာပြာနဲ့ စိတ်အေးချမ်းသာစွာ စားလို့ရတယ်... "

"အဲဒီနေရာမှာကော လူမရှိဘူး ပြောနိုင်သလား... "

"ရှိ... ဘာဖြစ်လဲ... ဒီတစ်ညအဖို့ ဟိုတယ်တစ်ဝင်းလုံး လူမရှိတဲ့နေရာ ရှာလို့ရမှာ မဟုတ်ဘူး မေ... ဒီနေရာ ဆူဆူညံညံတွေထက်စာရင် ရေကူးကန်က နည်းနည်းနားအေးနိုင်တာပေါ့ဟယ်... "

"အိုကေ... သွားလေ... "

ထူး နေရာရွေးတာ မှန်သလို မေနှင်းဆီ ပြောတာမှာ ည်း မမှားခဲ့။ ရေကူးကန်ဟာ လရိပ်နှင့် ရေပြင်ပြာပြာနှင့် ပန်ငှ်ကာ လှပနေသလို သူမတို့နှင့် စိတ်ကူးတူသူ လူလေးငါး ဆယ်ာက်ကိုလည်း အရင်စောစွာ ရောက်နေတာ တွေ့လိုက်ရသည်။ သော် ခုနက မြက်ခင်းပြင်ကလို လူ သိပ်များမနေပေ။

"စားတာကို အရင်ဆုံး မလုပ်သေးဘဲ ပထမဆုံး ကိုယ်တို့လုပ်ရမယ့်ဟာက ယွှကို ဒီမှာ ကိုယ် ဓာတ်ပုံရိုက်ပေးမယ် မေ... "

www.burmeseclassic.com



"ဟယ် ညကြီးကို... "

"အောင်မယ်... ကိုယ့်ကင်မရာက ဖလက်(ရှ်)ပါ ပါတယ်နော်... နေ နေ အဲဒီအတိုင်းပဲ ရပ်နေ... အဲဒီပုံလေး လှတယ်... ခဏလေး ကိုယ် ရိုက်ပေးမယ်... "

ခင်ထူးဆွေက သူ့လက်ထဲမှာ ကိုင်ထားသော ပန်းကန်ပြားနဲ့ ဖန်ခွက်ကို ချကာ လည်ပင်းမှာ ချိတ်ဆွဲထားသော ကင်မရာဖြင့် သူမကို ဓာတ်ပုံရိုက်ဖို့ ပြင်ဆင်တာမို့ မေနှင်းဆီမှာ တားမရမည့်အတူတူ သူ ရပ်ဆိုသည့်အတိုင်း ရပ်ကာ ဓာတ်ပုံ အရိုက်ခံလိုက်ပါသည်။

"ဟား လှတယ်ကွာ... လရောင်ရယ်... ရေပြင်ပြာပြာရယ် အနက်ရောင်ဂါဝန်နဲ့ မင်းသမီးလေး မေနှင်းဆီက ပန်းကို တင့်နေတာပဲ... "

"ထူးရယ်... ပေါက်ကရ... "

"တကယ်ပြောတာ... ဆရာတော့ ဒီပွဲကို မလာရင် နာတာပဲကွာ... သူ့စက္ကူထရီမလေးရဲ့ ထူးခြားတဲ့ အလှတရားကို တွေ့ရမှာ မဟုတ်တော့ဘူး... "

"ထူးနော်... ငါ စိတ်တိုလာပြီ... ရေထဲ တွန်းချပစ်လိုက်မယ် ဘာဖြစ်နေလဲ... "

"ဘွာ ဘွာ... မစတော့ဘူးနော်... "

မေနှင်းဆီ မျက်စောင်းထိုး၊ နှုတ်ခမ်းဆူကာ ပြောတော့ ခင်ထူးဆွေ ကပျာကသီ ပြန်ချော့ကာ နှစ်ယောက်သား



တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရယ်ပြီး ယူလာသော စားစရာများကို စားကြသည်။ နှစ်၏နောက်ဆုံးနေ့မို့လို့လားမသိ သူမနှင့် ထူးမှာ ပေါက်တတ်ကရတွေပြော၊ ရယ်ကြရင်း အစွမ်းကုန် ပျော်နေသည်။ စားစရာများကိုလည်း တစ်ခေါက်ပြီး တစ်ခေါက် သွားယူကြ စားကြနှင့် နောက်ပိုင်းမှာတော့ ရေကူးကန်ဖက် ပြန် သွားဖြစ်တော့တဲ့ မြက်ခင်းပြင်ရှိ လူအုပ်ထဲမှာ ကစားနေသည့်သူ များကို လိုက်ကြည့်ပြီး နှစ်ယောက်သား အစားမပျက်ဘဲ ပေးမောလျက် ရှိနေကြသည်။

"မေ... ဒါလေး စားကြည့်စမ်း... ပုဇွန်နဲ့ချိစ်ကို ကြက်ဥနဲ့ ဂျုံနဲ့ လိပ်ပြီး ကြော်ထားတာ... "

"အံမယ်လေး ကြားတာနဲ့တင် သုံးပေါင် တိုးတယ်..."

"စားကြည့်စမ်းပါ... စိမ့်စိမ့်လေး တကယ်အရသာရှိတယ်"

"ဒီလောက်ညွှန်းမှတော့ စားရတော့မှာပေါ့လေ... ပေး... စားကြည့်စမ်းမယ်... "

"ရော့... ကိုယ်ခွံ့တာပဲ စားလိုက်တော့... "

ခင်ထူးဆွေက ပုဇွန်နှင့်ချိစ်ပါသော ကြက်ဥဂျုံ အလိပ်လေးကို တုတ်တံလေးနှင့် ထိုးထားရာမှ သူမကို ခွံ့သည့် အတွက် အလိုက်သင့်ပင် ပါးစပ်ဟပေးလိုက်သည်။ ပါးစပ်ထဲ မထည့်ခင်မှာလည်း ကြို့ပြောလိုက်သည်။

"တစ်ဝက်ပဲ စားမှာနော် ထူး... ယူက တစ်ဝက်စား... "

"ဟဲ့ ဗုဒ္ဓေါ... မြတ်စွာဘုရား... "

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်... "

တစ်ခုလုံး မကုန်သည့်အတွက် တစ်ဝက်ကို သွားဖြင့် ကိုက်ကာ ကျန်တစ်ဝက်ကို ထူးအတွက် ချန်ထားဖို့ စိတ်ကူးနေသော မေနှင်းဆီမှာ အမျိုးစုံ 'တ' လိုက်သော ထူးကြောင့် ကြက်ဥလိပ်ကို ကိုက်လျက်ပင် မျက်ခုံးပင့်ကာ မေးလိုက်၏။ ထူး၏ မျက်ဝန်းအကြည့်က သူမတို့နှင့် ခပ်လှမ်းလှမ်း သောမကျတကျဆီ ကျရောက်နေပြီး ပါးစပ်မှလည်း...

"ကောင်းကင်ပေါ်က လမင်းကြီး ပြုတ်ကျလာသလားဟယ် တကယ့်ကို အံ့သြစရာပဲ... မေ ဆရာဦးခန့်ထည် ကိုယ်တို့ဆီကို လျှောက်လာနေတယ်... "

တစ်ဝက်မပြတ်သေးသော ကြက်ဥလိပ်ကမေနှင်းဆီ ပါးစပ်ထဲမှ ဘတ်ခနဲ ပြုတ်ကြ၏။ အကြောင်းမှာ ထူး၏အပြောက ပါးစပ်ဟသည်အထိ သူမကို အံ့သြသွားစေသည့်အတွက် ဖြစ်သည်။ ထူးများ တမင်ရာကြံနောက်လိုက်သလားဟု သူကြည့်နေရာသို့ သူမပါ လိုက်၍ ကြည့်လိုက်မိသည်။ မယုံနိုင်စွာနှင့်ပေါ့... ။

"ဟင်... "

ထိုဟင်တစ်လုံးက ပါးစပ်မှ ထွက်ကျလာသည်အထိ သူမတို့ဆီ လျှောက်လာသော ခေါင်းစွပ်ဆွယ်တာလက်ရှည်အနက်ကို အောက်မှ ပျော့အိနေသော ဘောင်းဘီအနက်ပွပွ ဝတ်ဆင်ထားသည့် ဦးခန့်ထည်က အစွမ်းထက်စေ၏။ ထိုသို့ဆိုလျှင်ဖြင့် ထူးနှင့်သာ လောင်းကြေးထပ်လျှင် သူမက ရှုံးရပါဦးမည်။



ဘာဖြစ်လို့လဲဆိုလျှင် ဦးခန့်ထည်က ဒီပါတီပွဲကို ကတည်းက လာချင်စိတ်ရှိနေသူ၊ ထိုသို့ စိတ်ဆန္ဒရှိနေသူက သူမက သွားခေါ်လိုက်မှလျှင် နှစ်ခါတောင် ခေါ်နေစရာမလိုဘဲ ဆင်းချလာမှာ မဟုတ်လား။

"ဘယ်လိုလဲ မေနှင်းဆီ... အခုထက်ထိ စားလို့ မပြီးသေးဘူးလား... "

အနားရောက်လာသော ဦးခန့်ထည်က ပြုံးရိပ်သန်းသော မျက်ဝန်းနှင့်ပင် နှုတ်ခွန်းဆက်လာတာမို့ ဆီပေနေသော နှုတ်ခမ်းထူနှစ်လွှာကို ဖိပိတ်ပြီး အရှက်ပြေ ပြန်ပြောမိသည်။

"ဒီနေ့အဖို့ ဟိုတယ်က ကျွေးသမျှ အစားအကုန်လုံးကို နည်းနည်းချင်းဆီစားဖို့ ကိုယ့်ကိုကိုယ် တာဝန်ပေးထားတယ်လေ... အဲဒါကြောင့် တော်တော်နဲ့ ပြီးသေးမှာ မဟုတ်ဘူး... "

"ခင်ထူးဆွေလည်း ဒီလိုပဲပေါ့... "

"ဟုတ်ကဲ့ ဆရာ... အတူတူပဲပေါ့... "

ခင်ထူးဆွေကလည်း သူ၏အံ့အားသင့်မှုကို သိမ်းဆည်းကာ ကမန်းကတမ်းပင် ခေါင်းညိတ်ဖြေသည်။ ဦးခန့်ထည်က လိုက်လည်း လိုက်သည့် သူငယ်ချင်းနှစ်ယောက်ကို ကျီစယ်ချင်စိတ်ဖြင့် ပြုံး၍သာ ကြည့်နေမိ၏။

"ဆရာ နေမကောင်းဘူးဆို... "

"ဟုတ်တယ်... Flu ဖြစ်တာ... ဒါပေမယ့် မနေ့ကန်နက်

www.burmeseclassic.com



ကတည်းက ပျောက်သွားပါပြီ... "

"ဒီနေ့ညတော့ တကယ့်ကို surprise ပဲ ဆရာ... ဘာလို့လဲ ဆိုတော့ Staff party ပွဲကို အခန်းပေါ်ကနေ မဆင်းစေ ဆရာဆင်းလာလို့လေ... "

"ဩော်... ဒါလား... ဘာမှ အထူးအဆန်း မဟုတ်ပါဘူး နေမကောင်းလို့ အပြင်နဲ့ မထိတွေ့ရတာလည်း ကြာပြီ တစ်ခါမှလည်း ဒီပွဲကို မကြည့်ဖူးဘူးလေ... အဲဒါကြောင့် ခဏဆင်းလာလိုက်တာ... "

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ပျော်တယ် ဆရာ... ဘာလို့ လဲဆိုတော့ ဆရာသာ ဆင်းလာရင် ဆရာနဲ့အတူ တွဲပြီး ဓာတ်ပုံရိုက်ဖို့ ကျွန်မ စိတ်ကူးထားတာ... အခုတော့ ကျွန်မ ရဲ့ စိတ်ကူးလေး ပြည့်ဝတော့မှာပေါ့... "

ထူးတစ်ယောက်ကတော့ စောစောပိုင်းက အဖွဲ့ တွေ ကူးစက်ကာ ထာဝစဉ် ကြောက်ရွံ့ရှိသေနေခဲ့သော သူ့ဆရာ ကို ဓာတ်ပုံရိုက်ဖို့ ရဲရင့်စွာပင် ကမ်းလှမ်းနေတော့သည်။ ထို ထူး၏အပြောကို မျက်ခုံးပင့် အံ့ဩသွားပုံနှင့် ခေါင်းဆတ်လိုက် သော ဦးခန့်ထည်ကို သီသာစွာပင် သူမ ကြည့်နေမိ၏။ မကောင်းသောကြောင့်ထင့်။ ဦးခန့်ထည်၏မျက်နှာက အနည်းငယ် ချောင်ကာ ပို၍ သွယ်လျသွားသည်။ ပါးသိုင်းရိုးတလျှောက် ထွက်ပြူစ ပါးသိုင်းမွေးမှုင်ငုတ်စိတို့ဖြင့် ကျိုးတို့ကျဲတဲ။ နေမကောင်း ပြီးစလူတစ်ယောက်လို ခေးကိုင်းသဏ္ဍာန် နှုတ်ခမ်းက သွေးရော



သနီးကာ ရဲလျက်။ ဆံပင်များက အနောက်လှန်ဖြီးထားကာ cream တစ်မျိုး သုတ်လိမ်းထားပုံနှင့် နက်နက်စိုလျက်။ နေမကောင်းချိန် မှာတောင် လူပျိုဖြူများ၏ Royal Prince က ဟန်ကျပန်ကျ စမတ် တကျနှင့် ကြည့်ကောင်းလွန်းနေဆဲ။ ကိုယ်ရှိန်ကိုယ်ဝါ တောက်ပ နေဆဲ... ။

"ဟိုင်း ခန့်... ကြည့်စမ်း Royal Crown ရဲ့ Staff Party (ဝန်ထမ်းများပျော်ရွှင်ပွဲ) ပွဲကတော့ တကယ့်ကို ပြီးပြည့်စုံ သွားပြီကွယ်... "

"New Year က လူသားအားလုံးကို စိတ်ချမ်းသာစေတော့ မယ် ထင်ပါရဲ့... "

"တကယ့်ကို surprise(အံ့ဩစရာ)ပဲ... ဒီနှစ်တော့ တကယ့် ကိုမှ ထူးထူးဆန်းဆန်း ကိုခန့် အောက်ကို ဆင်းလာလို့ လေ... "

"ဦးသန်းမောင်ပြောတော့ ကျွန်မက နောက်နေတာ ထင် တာ... ခန့် ဆင်းလာလိမ့်မယ်လို့ လုံးဝ ထင်မထားဘူးလေ ခန့် Flu ဖြစ်နေတာဆို အခုအဖျားပျောက်သွားပြီလား... "

"ဒေါက်တာဟေဇယ်ကတော့ ပြောတယ်... အဖျားပျောက် သွားတာနဲ့ ခန့်ကို အားဆေးတွေ ထိုးပေးရဦးမယ်တဲ့... ခန့် တော်တော် weak ဖြစ်နေတယ် ပြောတယ်.. ယူ့သူ ပြောသလို အားဆေးတွေ မပြတ်ထိုးဦးနော် ခန့်... "

ဦးခန့်ထည်ကို သူမ ကြည့်နေစဉ်အချိန်မှာပဲ Ex-

www.burmeseclassic.com



ecutive ရုံးခန်းနှင့် Front office မှ လှပျိုဖြူမမများ အနား သို့ ရောက်လာကာ ဦးခန့်ထည်ကို ဝိုင်းအုံပြီး တစ်ယောက် တစ်ပေါက် ပြောနေကြတာမို့ မေနှင်းဆီနှင့် ခင်ထူးဆွေမှာ အလို လိုနေရင်း အနောက်ရောက်သွားရသည်။

"ဒုက္ခပဲ မေ... ဆရာ့ကို သူတို့ ဝိုင်းပြီး ချိမလိုက်ကြတော့ မလား မသိဘူးနော်... "

အနားနားကပ်ပြီး လေသံတိုးတိုးဖြင့် အတင်းအုပ် လာသော ထူး၏စကားကို ရယ်ချင်စွာ အေးအေးဆေးဆေး ရှိနေ သော သူမကို နှစ်ဦးအကြား ဆူညံပွက်ကလော ရိုက်လာတာ စိတ် ညစ်ညူးစွာဖြင့် ထူး အနားကပ်၍ ခပ်တိုးတိုးပင် ပြန်ပြောလိုက်၏။

"ဒါ အခွင့်ကောင်းပဲ ထူး... ဦးခန့်ထည်ရှိတဲ့နေရာတိုင်းမှာ လူက စည်နေမှာပဲ... အဲဒီတော့ ကိုယ်တို့ ခပ်ဝေးဝေးကို လစ်ရင် မကောင်းဘူးလား... "

"ဟယ်... ကောင်းပါ့မလား... "

"ဘာလို့ မကောင်းရမှာလဲ ထူးရဲ့... ကိုယ့်လွတ်လပ်တဲ့ အခွင့်အရေးနဲ့ကိုယ်ပဲဥစ္စာ... လာ လာ ကိုယ့်တို့ဘက် အာရုံ ရောက်မလာခင် လစ်ကြစို့... "

တွန့်ဆုတ်ဆုတ် ဖြစ်နေသော ထူး၏လက်ကို ဆွဲပြီး ကျွတ်ကျွတ်ညံနေသော အုပ်စုအနားမှ ခွဲထွက်ဖို့ခြေလှမ်းစလိုက်၏။

"မေနှင်းဆီနဲ့ ခင်ထူးဆွေ ဘယ်သွားကြမလို့လဲ... ခင်ထူး ဆွေ ဓာတ်ပုံရိုက်ချင်လို့ဆို... "



သို့သော် သူမဟာ ထင်ထားသလောက် ကံကောင်း သူတစ်ယောက် မဖြစ်ခဲ့။ ဟီး(လ်)စီးထားသော မမများ၏ အလယ် မှ ခေါင်းတစ်လုံးစာ ပိုမြင့်နေသော ဦးခန့်ထည်အသံက လှမ်း လက်စ သူမ၏ခြေလှမ်းကို ရပ်တန့်စေကာ ထူးလက်ကို ကိုင်ဆွဲ ထားသော လက်ကလည်း ဖျတ်ခနဲ လွတ်မိရက်သား ဖြစ်သွား၏။

"ရိုက်မယ်ဆိုရင်... တစ်ခါတည်း ရိုက်လိုက်မယ်လေ ခင်ထူးဆွေ... ဓာတ်ပုံရိုက်ပေးမယ့်သူကို မင်းက ရှာဦး မှာလား... "

ဦးခန့်ထည်၏အပြောကြောင့် ခုနက ပေါက်ပေါက် ဖောက်နေသော မမများက သူမနှင့် ခင်ထူးဆွေထံ လှည့်ကြည့် လာကာ ဆူညံနေသော အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည်။

"ရှင်... ဟို ဟို... "

အရေးထဲမှ ခင့်ထူးဆွေကလည်း မျက်လုံးလေး ဝိုင်း လျက် တဟိုဟိုဖြစ်နေကာ ခုနကတော့ ဦးခန့်ထည်ကို ဓာတ်ပုံ တွဲရိုက်ဖို့ ပြောထားသော ရဲဝင့်သူတစ်ယောက် မဟုတ်သလို... ။ သည်တော့ကာ မနေတတ်သူ မေနှင်းဆီကပဲ ကြားဝင်ပေးဖို့ ဖြစ် လာရတော့သည်။

"ဓာတ်ပုံရိုက်ပေးမယ့်လူ ရှာစရာ မလိုပါဘူး... ကျွန်မ ရိုက် ပေးပါမယ်... ထူး ဒီပန်းကန်ကြီး ဟိုစားပွဲပေါ် သွား... လိုက်တော့ ပြီးတော့ကျ ကိုယ့်ကို ကဝ်မရာပေး... ရိုက် ရိုက်ပေးမယ်... သိလား... "

www.burmeseclassic.com



"အေး… အေး… "

ထိုအခါမှပဲ ထူးတစ်ယောက် ပုံမှန်ပြန်ဖြစ်ကာ ခေါင်းတညိတ်ညိတ်ဖြင့် နာခံရင်း လက်မှာကိုင်ထားသော ပန်းကန်ကို အနီးဆုံးစားပွဲမှာ သွားတင်လေသည်။

"ဖရီးဝွဒ် အိုင်ဒီယာပဲ… ခင်ထူးဆွေက ကင်မရာ ယူလာတယ် ကြည့်စမ်း… ခန့်လည်း မဆင်းစဖူး အောက်ဆင်းလာတယ်ဆိုတော့ ဒီနေ့မှာ မှတ်မှတ်ရရ ဖြစ်ရအောင်… အိုင်တို့လည်း ခန့်နဲ့အတူ ဓာတ်ပုံရိုက်ရအောင်… ခင်ထူးဆွေကိုပဲ request လုပ်ရတော့မှာပဲ… ခင်ထူးဆွေရေ"

"ရှင်… အစ်မ… "

ပန်းကန်သွားထားပြီး ပြန်လာသော ခင်ထူးဆွေ က လမ်းလျှောက်လာရင်းနှင့်ပဲ ဆံပင်တိုကပ်ကို လက်နှင့် ဖိသိပ်လိုက်… ဝတ်ထားသော စပို့ရှပ်အဖြူကို ဆွဲချလိုက်… ဂျင်းဘောင်းဘီကို သပ်လိုက်နှင့် စက္ကန့်တစ်ဝက် လျှပ်တပြက် အလှပြင်ခြင်း ပြုလုပ်လာသည့်အချိန်မှာ မမတစ်ယောက်၏ အခေါ်က ခင်ထူးဆွေကို မျက်လုံးဝိုင်းနှင့် အလန့်တကြားပြန်ထူးလိုက်စေသည့် ပုံစံမျိုးဖြစ်သွားတာမို့ မေနင်းဆီ ပခုံးတွန့်၍ တစ်ချက်ပြုံးလိုက်မိသည်။ အင်း… တန်တော့။ ထူး၏ ကင်မရာလည်း စက်ကွင်းက လွတ်မည်မထင်။

ခန့်ထည်သည် လက်ပိုက်လျက်အနေအထားနှင့် ပခုံးတွန့်ပြုံးလိုက်သော မေနင်းဆီကို အခွင့်အခါရတုန်း ငေးကြည့်လိုက်မိသည်။ အပေါ်ပိုင်းမှာ ကျပ်ပြီး အောက်ပိုင်းမှာ အများကြီး



ပြန့်ကားသွားသော တစ်ဆက်တည်း ဂါဝန်ရှည်အနက်ရောင်လေးနှင့် သူမပုံစံတစ်မျိုးလေးက သူ့မျက်စိထဲ ချစ်စရာကောင်းနေ၏။ ဇွိပုံ ခပ်ကျယ်ကျယ် ဟိုက်ထားသော လည်တိုင်သွယ်သွယ်မှာ လည်တိုင်နှင့်အကပ် ခရစ္စတယ်(လ်)ဖန်စီ အမဲရောင်ကျောက်ကြိုးလေး ဆွဲထားတာက လွဲလျှင် ဘာလက်ဝတ်ရတနာမှ မဆင်မြန်းထားသော သူမပုံစံက ရှင်းသန့်လို့ နေသည်။ သူနှင့် နောက်ဆုံးဖုန်းပြောစဉ်အခါက Staff mess မှာ ရှိုးသွားလုပ်လိုက်ဦးမယ်ဟု ပြောသွားသော သူမက ထူထဲလှပသော နှုတ်ခမ်းတစ်စုံမှာ ရဲရဲနီနေသော နှင်းဆီအသွေး နှုတ်ခမ်းနီ ဆိုးထားတာကလွဲလျှင် ဘာတစ်ခုမှ ထူးကဲစွာ ပြင်ဆင်ထားခြင်း မရှိခဲ့။ သို့သော် ထိုနှုတ်ခမ်းတစ်စုံကပင် သူ့ကို မူးမိုက်စေကာ အရာရာအားလုံးကို ဥပေက္ခာပြုလိုက်နိုင်သည်။ အခုမှ မေနင်းဆီ ဆိုသော သူမ၏ နာမည်က ပို၍ အသက်ဝင်လှုပ်ရှားလာသလိုလို… ။ ထိုနှုတ်ခမ်းတစ်စုံက ဝင့်ဝင့်စားစား အစွမ်းကုန် အလှသွေးကြွယ်ပွင့်အာနေသော ပန်းနှင်းဆီနှင့်ပင် တူနေတော့သည်။ ထို့အတူ ဆိုးဆေးမဲ့သော မျက်နက်ဝန်းတစ်စုံက သောက်ရူးကြွယ်အလား ဖိတ်ဖိတ်တောက် လင်းလက်လျက်။ ပိုးကတ္တီပါစ လွှမ်းခြုံထားသလို မဲနက်တောက်ပြောင်နေသော ဆံပင်ရှည်ရှည်များကလည်း သူမ လှုပ်ရှားသလို ဘယ်ယိမ်းညာနွဲ့စွာဖြင့် ဟန်ချက်ညီညီစွာ ကခုန်လျက်… ။ အိုး… ဒီညမှာတော့ ပါတီပွဲရှိရာ မြက်ခင်းပြင်ကို ဆင်းလာခဲ့မိခြင်းမှာ နှောင်တမဲ့စွာ… ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကိုလည်း ဒီည မြက်ခင်းပြင်ပွဲမှာ သူမ ရှိနေပါလားဆိုသည့်အသိက အခန်းထဲမှာ တစ်ယောက်တည်း ဘယ်လိုမှ ဆက်နေလို့မရအောင် အခန်းတံခါးမှတစ်ဆင့် လှေကားထစ်များစွာ ကျော်ဖြတ်ကာ ဒီမြက်ခင်းပြင်ကို ရောက်လာရသည်အထိ သူ့ကို ဆွဲဆောင်ညှို့ယူနိုင်ခဲ့တာပါပဲ။

ဘယ်တုန်းကမှ ပါဝင်ဆင်နွဲလေ့ ထုံးစံမရှိခဲ့သော ဟိုတယ်၏ ပါတီပွဲကို သူမ တစ်မျက်နှာနှင့် အရောက်လာခဲ့သည့် သူ့အား သူမက သူစိတ်ညစ်ရသော အုပ်စုအလယ်မှာ သူ့ကို ချန်ထားပြီး ခွဲထွက်သွားဖို့ ပြင်တာကတော့ သူ့နှလုံးသားကို ချိန့်စေပါ၏။ ထို့ကြောင့် သူ့ဂုဏ်သိက္ခာနှင့် ပတ်ဝန်းကျင်ကို မငဲ့ကွက်နိုင်စွာ သူမ၏အကြံအစည်ကို အချိန်မီ တားဆီးရတာပါပဲ။ ထို့အတွက်လည်း နောင်တမဲ့စွာ... ။ ဂုဏ်သိက္ခာဆိုတာ ကိုယ့်နှလုံးသားနှင့် တကယ်ရင်းပြီး ချစ်ရသူအတွက်ဆို ရှိသင့်ရှိအပ်တဲ့ အဆောင်အယောင်မှ မဟုတ်တာနော်... ။ ဒီညမှာ ကိုယ်ဟာ ဘာအဆောင်အယောင်မှ မရှိတဲ့ ချစ်တတ်တဲ့အသည်းနှလုံးကို ပိုင်ဆိုင်နေပြီဖြစ်တဲ့... ဘလက်ကီမမမေနင်းဆီရဲ့ အနီးဆုံးလူသားအဖြစ်နဲ့ပေါ့။

"သိုင်းကျူး သိုင်းကျူး ခင်ထူးဆွေ... ယူ့ကို နောက်မှ အိုင်တို့ charge ပြန်လုပ်ပေးမယ်နော်... ယူပြီးရင် အိုင်တို့လည်း တစ်လှည့်စီ ရိုက်မယ်... ယူ့အတွက်အဆင်ပြေတယ်မဟုတ်လား... ခန့် ခင်ထူးဆွေပြီးရင် အိုင်တို့နဲ့လည်း ရိုက်မယ်နော်... "



လက်မောင်းကို ပုတ်ကာ ပြောလာသည့်အသံက သူ့အတွေးများကို ပျက်ပြားသွားစေ၏။

အား... ကိုယ် ဘယ်လောက်တောင်များ အကြည့်လွန်လိုက်သလဲ။ မေနင်းဆီလေး ကိုယ့်အကြည့်ကို ရိပ်မိသွားပြီလား။ စိုးရိမ်စိတ်နှင့် သူမထံ ကြည့်လိုက်တော့ ခင်ထူးဆွေက သူ့လည်ပင်းမှာ ဆွဲထားသော ကင်မရာကို ချွတ်ပေးသည်ကို ပြုံးစိစိနှင့် လှမ်းယူနေသော သူမကို တွေ့ရသည်။ တော်ပါသေးရဲ့ ကိုယ့်အကြည့်ကို သူမ ရိပ်မိမသွားလို့... ။

"ကဲ ကဲ... ထူး သွားတော့... လှလှလေး ပြုံးနေနော်... နောက်မှ ကိုယ်ရိုက်တာ မလှဘူးဆိုပြီး အပြစ်လာမပြောနဲ့... "

"စိတ်ချ မေ... ကိုယ့်အခြေအနေကိုယ် သိတယ်... "

မေနင်းဆီက ခင်ထူးဆွေကို ဦးခန့်ထည်အနားဖေးထိုး သွားခိုင်းပြီး ကင်မရာကို လည်ပင်းမှာ ချိတ်ဆွဲလျက်... ဓာတ်ပုံရိုက်ဖို့ အသင့်ပြင်တော့ ခင်ထူးဆွေက မျက်ခုံးပင့်ကာ ပြုံးစိစိနှင့် ဦးခန့်ထည် အနားလျှောက်သွား၏။ မေနင်းဆီသည် ထူး၏ ကြိုတင်ရည်ရွယ်ချက်ကို သိနှင့်ကာ နားလည်နိုင်သူပီပီ "ခဏလေး နေဦး" "ခဏလေး နောက်တစ်ပုံလောက်" ဟု ဆိုကာ လေးပုံလောက်ကို ထောင်လိုက် အလျားလိုက်ဖြင့် ရိုက်ပေးလိုက်၏။ ဟုတ်သည်လေ ထူး၏ ကင်မရာယူလာရခြင်း အဓိကရည်ရွယ်ချက်က ဦးခန့်ထည်နှင့် ဓာတ်ပုံတွဲရိုက်လိုခြင်းပဲပေါ့။ ထူး

www.burmeseclassic.com

www.burmeseclassic.com



မရိုက်လည်းဘဲ ဟိုမမများက ပြောလို့ရတာ မဟုတ်။ ဦးခန့်ထည်နှင့်အတူ တွဲရိုက်ခွင့်ဟူသော အခွင့်အရေးတစ်ခုကို လက်မလွှတ်စွာရိုက်ကြတော့မှာ။ ထင်ထားသည့်အတိုင်း မမများက ဦးခန့်ထည်ကိုပင်တိုင်ထား၍ သုံးယောက်တွဲတစ်ပုံ၊ လေးယောက်တွဲတစ်ပုံ၊ အုပ်စုလိုက်တစ်ပုံဖြင့် မပြီးစီးနိုင်စွာ မှတ်တမ်းတင်ဓာတ်ပုံ အရိုက်ခံနေတော့သည်။ ဖိုတိုဂရပ်ဖာလက်သစ် မေနှင်းဆီမှာ ဒီတစ်ညအဖို့တစ်ပင်တိုင် မင်းသားကြီး ဖြစ်နေသော ဦးခန့်ထည်ကို ကင်မရာမှန်ဘီလူးထဲမှ ကြည့်ပြီး ရယ်လည်း ရယ်ချင်... သနားလည်း သနားကာ... တရားလည်း ကျပါ၏။

"အိုကေ... ဒီတစ်ညကတော့ တကယ်ကျေနပ်တယ်ကွာ... Party ပွဲကို ခန့် ဆင်းလာတယ်... ဓာတ်ပုံလည်း အတူရိုက်လိုက်ရသေးတယ်... "

ဓာတ်ပုံရိုက်ပြီးတော့ မမတစ်ယောက်က အပြုံးမသတ်နိုင်သော မျက်နှာဖြင့် ကျေနပ်တကြီး ပြော၏။

"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ဟောဒီက မေနှင်းဆီကိုကျေးဇူးတင်တယ် ဆရာ... သူ အကျိုးဆောင်ပေးလို့အောက်ကို ခန့်ဆင်းလာဖော်ရတာ... ခန့်ကို ဆင်းလာနိုင်အောင် လုပ်ပေးတဲ့ မေနှင်းဆီကိုပဲ ကျေးဇူးတင်ပေးရမှာ"

မထင်မှတ်စွာသော ဒေါ်တင်မိုးသွယ်၏ အပြောကလည်ပင်းမှာ ဆွဲထားသော ကင်မရာကို ချွတ်နေမိသော မေနှင်းဆီမှာ မျက်လုံးဝိုင်းခနဲ ဖြစ်သွား၏။ ချက်ချင်းပင် ငြင်းဆန်ဖြေရှင်း



ရန် ကြိုးစားလိုက်သည်။

"ဟာ... မဟုတ်ဘူး မမ... "

"မေနှင်းဆီ မင်းနဲ့အတူ အမှတ်တရ ဓာတ်ပုံရိုက်ခွင့်ရှိမလား... "

သို့သော် မေနှင်းဆီ၏ ဖြေရှင်းစကားက အဆုံးထိပြောခွင့်မရလိုက်ပါ။ ကြားဖြတ်ပြောလိုက်သော ဦးခန့်ထည်၏ တောင်းသံ စကားတစ်ခွန်းက သူမ၏ ဖြေရှင်းစကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်စေသလို မမများ၏ အံ့ဩဘနန်းအကြည့်အလည်း ဦးခန့်ထည်ထံသို့ တစ်သတ်မှတ်တည်း ကျရောက်သွား၏။ ကျွတ်ကျွတ်ညံနေသော နေရာလေးက ရုတ်တရက်ဆိုသလို ဒုတိယအကြိမ်မြောက် ဖျတ်ခနဲ တိတ်သွားသည်။

ခန့်ထည်မှာ အားလုံး၏ အံ့ဩဘနန်းအကြည့်ကသူ့ထံ ကျရောက်လာခြင်းမှာ မမှုစွာ... ။ မေနှင်းဆီကို ဓာတ်ပုံအတူ တွဲရိုက်ခွင့်တောင်းလိုက်မိခြင်းမှာလည်း နောင်တမဲ့စွာ... ၊ သူ့ခွင့်တောင်းမှုကို မေနှင်းဆီ မငြင်းဆန်ဘဲ လက်ခံလာရန်သာ စိတ်စောလျက် မျှော်လင့်တကြီး သူမထံ ကြည့်မိလျက်... ။ မငြင်းလိုက်ပါနဲ့ မိန်းကလေးရယ်။ ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့... ။

ခန့်ထည်၏ စိတ်ဆန္ဒကို ပြည့်ဝအောင် ပြုလုပ်ပေးလိုက်သူကတော့ လတ်တလောမှာ ရည်ရွယ်ချက် ပြည့်ဝသွားသောခင်ထူးဆွေပင် ဖြစ်ပါသည်။

"ဟာ ဟုတ်တာပေါ့... ဆရာနဲ့တပည့်က ဒီလိုညမျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ ဓာတ်ပုံလောက်တော့ ရိုက်သင့်တာပေါ့... ဒီ တစ်ခါ ကိုယ်ဖိုတိုဂရမ်ဖာ တစ်လှည့်ပြန်လုပ်ဦးမယ်... "

ဟု ပြောကာ မေနှင်းဆီအနား သွားခနဲ ရောက်သွားပြီး သူ့လက်ထဲမှ ကင်မရာကို ပြောင်းယူလိုက်သည်။ မေနှင်းဆီမှာ ဦးခန့်ထည်ကို ကြောင်အမ်းအမ်း ကြည့်နေမိရာကနေ ထူးထဲ အကြည့်က ရောက်သွားရ၏။

"သွား သွား... ဟိုမှာ ဆရာက စောင့်နေရတာ အားနာစရာ... "

ခင်ထူးဆွေက မေနှင်းဆီ အကြည့်ကို လုံးဝ ဂရုမစိုက် သူ့တုန်းကလိုပင် ဦးခန့်ထည်အနား မေနှင်းဆီကို တွန်းပို့လေသည်။

"ကြည့်စမ်း... ဒီဆရာတပည့်နှစ်ယောက်က ချိန်းပြီး ဝတ်ထားသလားတောင် ထင်ရတယ်... နှစ်ယောက်စလုံး ဘလက်(စ်)ဝမ်းစက်နဲ့... "

ဟူ၍လည်း အဓိပ္ပါယ်မရှိလှ မတည့်သော စကားကိုလည်း ပြောလိုက်သေး၏။ ခန့်ထည်က အနားသို့ အူကြောင်ကြောင်ပုံစံလေးနှင့် ရောက်လာသော မေနှင်းဆီကို နူးညံ့ပြုံးနှင့် စောင့်ကြည့်ကြိုလိုက်သည်။ မေနှင်းဆီကိုယ်တိုင် လက်ခံ၊ ခေါင်းညိတ်လိုက်သော ကိစ္စ မဟုတ်ပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူမလေးနှင့်အတူ ဓာတ်ပုံတွဲရိုက်ခွင့်ရမည့် အခွင့်အရေးက သူ့အတွက် အရာရာ ပြည့်စုံနိုင်ပြီ ဖြစ်၏။ သူမြတ်နိုးသော မိန်းကလေးကတော့



အရယ်၊ အပြုံးမဲ့သော မျက်နှာတည်လေးနှင့်... ။

"နည်းနည်းတိုးလိုက်ဦးလေ... နှစ်ယောက်ထဲ ရှိတာ ဘယ်နယ့်ကြောင့် ပေတံတစ်ချောင်းစာ ဆယ့်နှစ်လမလောက် ကွာဝေးနေရတာလဲ... ဆရာ မေ့နား နည်းနည်းကပ်ပေးပါ မေ ဆရာ့နား... နည်းနည်းတိုးပေး... ဝလိုံစ်... "

ဖိုတိုဂရပ်ဖာ ခင်ထူးဆွေအသံက လိုတာထက် ပို၍ အယ်ကာ မြူးရွှင်နေ၏။ ဓာတ်ပုံကို တော်တော်နှင့် မရိုက်သေးဘဲ ညွှန်ကြားနေသေးသည်။ ခန့်ထည်သည် ဘယ်တုန်းကမှ သိပ်ရင်းနှီးမိသော ခင်ထူးဆွေကို ခင်မင်ရင်းနှီးသွားရ၏။ သူ့ ဓရှတ်ပုံက ကိုယ့်အကြိုက်နှင့် အံဝင်ခွင်ကျသည့်လို့ နေသည်လေ။ ထို့အတူ မေနှင်းဆီလေး တစိုက်မတ်မတ်နှင့် တခင်တမင် ပေါင်းသော သူငယ်ချင်းတစ်ယောက် ဖြစ်နေသည့်အတွက်ကြောင့်လည်း ဖြစ်ပါ၏။ ဆံပင်ရှည်ရှည်များနှင့် ဖုံးအုပ်နေသော ကျောကိုဆစ်ရုပ် အနှင်းဆီလေးက ကိုယ့်ဖက် မတိုးလာတော့... ။ ကိုယ်ကပဲ ဖိုတိုဂရပ်ဖာ၏ ညွှန်ကြားမှုကို နာခံစွာ ဆယ့်နှစ်လက်မအကွာအဝေးမှ တစ်လက်မ အကွာအဝေးဖြစ်ရအောင် တိုးကပ်ပေးလိုက်၏။

"ပြုံးပြုံးလေး ပြုံးပြုံးလေး... ဒီဆရာတပည့်နှစ်ယောက် ပြုံးဖို့များ မေ့နေကြသလား... အပြည့်အဝမပြုံးနိုင်ကြရင်တောင် ငါးရူပြုံးလေး ပြုံးပေးပါ... ဟုတ်ပြီ ဟုတ်ပြီ... အဲသလိုလေး... "

ခင်ထူးဆွေ၏ အပြောက မေနှင်းဆီဟာ မသိ။

www.burmeseclassic.com

www.burmeseclassic.com



ခန့်ထည်က နှုတ်ခမ်းစေ့ကာ ပြုံးမိသွားရသည်။ အလင်းတန်းတန်း ဖျတ်ကနဲ လက်ကာ ဖိုတိုဂရပ်ဖာ ခင်ထူးတွေ၏ ဓာတ်ပုံရိုက်ခြင်း ပြီး၏။ ဤတွင် မေနှင်းဆီသည် ခင်ထူးဆွေ၏ ဆွဲခေါ်မှုနောက် မှာ နောက်ထပ် အငိုက်မိ၍ ထပ်မပါရအောင် ကိုယ့်ကိုကိုယ် ထိန်း ထိန်းသိမ်းသိမ်း ဆင်ခြင်လိုက်နိုင်ကာ ကိုယ့်တုန်းကလို "နောက် ထပ်"၊ "နောက် တစ်ပုံ" ဆိုတာမျိုး ထပ်မလာရအောင် ဦးခန့်ထည် အနားက အလျင်အမြန် ခွာလိုက်ပြီးသား ဖြစ်သည်။

ခန့်ထည်သည် ဓာတ်ပုံရိုက်ပြီးသည်နှင့် သူ့ကို ခေ လှမ်းလှမ်းသို့ ရောက်သွားသည့် မေနှင်းဆီကို နားလည်သလို ပြုံး ကြည့်မိသည်။

"သိုင်းကျူး မေနှင်းဆီ... ဓာတ်ပုံကူးတဲ့အခါ ဒီပုံကို ကိုယ့် အတွက်ပါ တစ်ပုံ ပိုကူးပေးပါနော်... အိုကေ အားလုံး ခွင့်ပြုဦး ဂျီအမ်ကြီးကို သွားနှုတ်ဆက်လိုက်ဦးမယ်..."

သူမတစ်ယောက်တည်းကို ဦးတည်ကြည့်ကာ ပြော ပြီးနောက် အားလုံးကို ဝေကြည့်ကာ နှုတ်ဆက်ထွက်သွားသော ဦးခန့်ထည်ကို ကြည့်ပြီး အသက်ရှူနှုန်းလုံးခုန်ဖို့ မေ့လျော့သလို ကျန် ရစ်ခဲ့သူမှာ မေနှင်းဆီပင် ဖြစ်ပါတော့သည်။



ထိုနေ့ညက ဓာတ်ပုံရိုက်ပြီးကတည်း မေနှင်းဆီတို့ အနားမှ ထွက်သွားသော ဦးခန့်ထည်သည် ဆယ့်နှစ်နာရီ မထိုးခင် အထိ သူမတို့အနား ပြန်မရောက်လာခဲ့။ ကျယ်ဝန်းလှသော ဟိုတယ် ဝင်းမှာ တစ်ဟိုတယ်လုံးရှိ ဝန်ထမ်းများကြောင့် များပြားလှသော လူအုပ်များကြားထဲမှာ ဦးခန့်ထည်ကို မတွေ့နိုင်ခဲ့။ မတွေ့နိုင်ဆို တာကလည်း သူမကိုယ်နှိုက်ကို မရှာဖွေ မကြည့်မိတာကြောင့် လည်း ဖြစ်ပါလိမ့်မည်။

နှစ်၏ နောက်ဆုံးအချိန် နာရီသံဆယ့်နှစ်ချက် မြည် သည့်အခါ မီးများဖြင့် ထိန်လင်းနေသော ဟိုတယ်တစ်ဝင်းလုံး မီး အမှောင်ချလိုက်လေသည်။ ဆူညံနေသော စကားသံ၊ ရယ်မောသံ၊ သီချင်းသံများလည်း တိတ်ဆိတ်ငြိမ်သက်ကာ ဟိုတယ် တစ်ဝန်းလုံး အချက်ပေးနာရီသံသည်သာ စိုးမိုးလျက်... ။

ဆယ့်နှစ်ကြိမ်မြောက် အချက်ပေးသံ မြည်အပြီးမှာ တော့ အားလုံး မတိုင်ပင်ထားပါဘဲ "Happy New Year" ဟူ၍ အော်ဟစ်နှုတ်ခွန်းဆက်လိုက်ကြသည်မှာ တညီတညာပင်။

မီးများ ပြန်ဖွင့်လာ၏။ ဆောင်းဘောက်(စ်)ဆီမှ မြူးကြွသော အနောက်တိုင်းဂီတသံ၏ "Happy New Year" သီချင်းကလည်း ပျံ့လွင့်လာ၏။ ဝိုင်ခွက်ကို ကိုင်ကာ ညဦးပိုင်းက ဝန်ထမ်းအားလုံးကို တစ်ယောက်ချင်းဆီ လိုက်လံနှုတ်ဆက် ထားသော ဂျီအမ်ကြီးက သီချင်းနှင့်အတူ စည်းချက်အညီကနေ သည်။ ထို့အတူ မန်နေဂျာ၊ အရာရှိများအားလုံးနှင့် ဝိတ်တာ၊ ဘဲ(လ်)

www.burmeseclassic.com

www.burmeseclassic.com



ဘို့ုင်းမကျန် ကနေကြသည်မှာ ပျော်စရာပင်။ အင်း… အရာရှိများ အားလုံးဆိုလို့ ဦးခန့်ထည်တစ်ယောက်ကော… ။ ကနေသော သူများကို လက်ခုပ်လေးတီး၍ အားပေးနေရင်းမှ (ခင်ထူးဆွေ အပြောအရ ကိုယ့်ဆရာသမား) ဦးခန့်ထည်ကို သတိရမိသွားရ၏။

စောစောပိုင်းတုန်းက သူမကို ထင်မှတ်မထားသော တောင်းဆိုမှုနှင့် အသက်ရှူဖို့လုံးခုန်ဖို့ မေ့လျော့စေခဲ့နိုင်သော ပုဂ္ဂိုလ်ကြီး ဘယ်များ ရောက်နေသည်လဲ။ လုပ်ချင်တာ လုပ်ပြီးသွား၍များ ဟိုတယ်က သူ့အခန်းပေါ် ပြန်ရောက်သွားပြီလား။ ဝေ့ဝိ မသာပင် မျက်လုံးလေး ဝေ့၍ ရှာလိုက်မိသည်။

"Happy New Year မေနှင်းဆီ… "

အို… အနောက်နားမှ ခပ်တိုးတိုး နှုတ်ဆက်လိုက်သံ့အသံက ရင်ခွင်ထဲမှာ လှပ်ခနဲ ဖြစ်သွားစေ၏။ ကြည့်စမ်း ဘယ်အချိန်ကများ ကိုယ့်အနောက်မှာ သူရောက်နေသလဲ။ ချက်ချင်းပင် ခေါင်းလှည့်ကြည့်ကာ တောက်ပသော အပြုံးတစ်ခုကို ကြည်ကြည်စင်စင်ဖြစ်အောင် ပြုံးပြဖြစ်လိုက်ကာ…

"Same to you"

ဟူ၍ ကြည်ကြည်လင်လင်နှင့်ပင် တုန့်ပြန်ဖြစ်လိုက်၏။

ထိုအချိန်မှစ၍ ဦးခန့်ထည်သည် စောစောပိုင်းတုန်းကလို သူမအနားမှ နှုတ်ဆက်မထွက်ခွာသွားခဲ့ဘဲ သူမ၏အိမ်မှ လာကြိုသည်အထိ သူမအနား တစ်ချိန်လုံး ရှိနေခဲ့သည်။ ကံစမ်းမဲ



ဖောက်တော့ မေနှင်းဆီက ဟိုတယ်တံဆိပ် (Logo)ပါသော Pen Stand ရကာ ခင်ထူးဆွေက စပို့ရှပ်တစ်ထည် ရသည်။ ဦးခန့်ထည်က Oxford မှ အိပ်ဆောင် Dictionary တစ်အုပ် ရလေသည်။ စာအုပ်ရခြင်းမှာပဲ "မင်းအတွက် နယ့်ူးရီးယား အမှတ်တရ လက်ဆောင်ပေးမယ်… " ဟု ပြောကာ စာအုပ်အတွင်းဖက်မှာ

"SOUVENIR FOR MAYHNINSI"

ဟု ရေးပြီး သူ့ဆိုင်းထိုးကာ အမှတ်တရ ပေးလေ၏။ ထိုသို့သောအခါ "သိုင်းကျူးပါ" ပြောပြီး လက်ခံယူလိုက်ရသည်မှာ မေနှင်းဆီပင်။

ကိုကြီး လာကြိုသည့်အခါမှာတော့ သူမကို ကားနားအထိ လိုက်ပို့ပေးခဲ့သော ခင်ထူးဆွေနှင့် ဦးခန့်ထည်ကို ကိုကြီး၊ မေလေးတို့နှင့် မိတ်ဆက်ပေးလိုက်မိသည့် မေနှင်းဆီမှာ ကိုကြီးကို လက်ဆွဲနှုတ်ဆက် နှုတ်ခွန်းဆက်လေသော ဦးခန့်ထည်ကို ကြည့်ပြီး ဒီနေ့ည၏အဖြစ်တို့မှာ အိပ်မက်မှာလို ယောင်ဝါးဝါး။ တကယ့်ကို စမ်းတဝါးဝါးနှင့် ယောင်တဝါးဝါးပင်။

အိမ်ပြန်လမ်းတစ်လျှောက်မှာတော့ တစ်နေ့တာဖြစ်စဉ်ကို တစ်လုံးမကျန် ပြန်ပြောပြတတ်ခဲ့သော အကျင့်တို့နှင့် ဆန့်ကျင်စွာ နှုတ်ဆိတ်ငြိမ်သက်နေမိခဲ့သူမှာ မေနှင်းဆီဆိုသော သူမသာပဲ ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# ၉

"တကယ်ပဲကွာ... ရိုက်သမျှ ဓာတ်ပုံတွေထဲမှာ ဒီပုံက အသက်အဝင်ဆုံးပဲ... "

ဓာတ်ပုံရသည့်အချိန်မှစ၍ ဆယ်ကြိမ်ထက်မနည်း ပြန်ကြည့်ကာ ဒီစကားကိုချည်းပဲ ထပ်ခါတလဲလဲ ပြောနေသော ထူးကို မေနှင်းဆီမှာ စိတ်ပေါက်ပေါက်နှင့် စိုက်ကြည့်မိ၏။

"လာ မျက်စောင်းမထိုးနဲ့နော်... ကိုယ်က တကယ်ကြည့်ကောင်းလို့ ကြည့်ကောင်းတယ် ပြောတာ... ယူက ဘာကို စိတ်တိုနေရတာလဲ... "

"ယူက ဒီစကားကို အက်ကြောင်းထပ်အောင် ပြောနေတာကို..."



"အဲဒီတော့ဘာဖြစ်လဲ မေရဲ့...ဒါက ကိုယ် တကယ်သဘောကျလို့ပြောတာပဲ ဥစ္စာ... ယူ့ပုံစံကသာ အလကားနေ ရန်လိုနေသလိုပဲ... "

"............. "

"ဒီမှာ ကြည့်စမ်းကွာ... ကိုယ်တို့ ရိုက်ထားတဲ့ပုံတွေနဲ့ ဘာမှ မတူအောင် ယူနဲ့ဆရာ့ပုံက အရမ်းအသက်ဝင်တယ်... ယူက မျက်လုံးက ဝိုင်းစက်ပြီး နှုတ်ခမ်းကို အတင်းစေ့ပိတ်ထားတာ... ယူ့အနားမှာ ကပ်နေတဲ့ဆရာ့ကို လန့်နေသလိုမျိုး... ဆရာ့ပုံကလည်း ကြည့်ပါဦး... နှုတ်ခမ်းက မပြုံးတပြုံးနဲ့ စေ့ပိတ်ပြီး မျက်လုံးက ပြုံးချိုနေလိုက်တာ... ဒါ ယူ့ကို ကျီစယ်ချင်စိတ်နဲ့ ချစ်စနိုး ဖြစ်နေသလိုမျိုး... နောက်ပြီး ယူနဲ့ဓာတ်ပုံအတူ တွဲရိုက်လိုက်ရတဲ့အခြေအနေမှာ သိပ်ကိုကြည့်နူးကျေနပ်သွားတဲ့ပုံစံမျိုး... အဲဒီပုံစံလေးတွေကပဲ သိပ်ကို ကြည့်ကောင်းနေတာ... ကြည့်ကြည့်စမ်းပါကွာ တခြားပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ပါဦး... ကိုယ်တို့နဲ့ ရိုက်ထားတဲ့ပုံတွေမှာ ဆရာ့မျက်နှာက အဲဒီလိုဖြစ်ရဲ့လားဆိုတာ ယူ ကြည့်ကြည့်စမ်းပါဦး... "

ခင်ထူးဆွေက ပြောပြောဆိုဆိုနှင့်ပင် ဓာတ်ပုံများကို တစ်ပုံချင်း တန်းစီချကာ သူမကို ကြည့်ခိုင်းလေသည်။ မေနှင်းဆီသည် တင်းကျပ်လာသော စိတ်အစုံနှင့် ထွက်သက်ကို မအောင့်၍ ရှူထုတ်လိုက်ကာ ထူးပြလာသော ဓာတ်ပုံများကို လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားလိုက်၏။

"နေပါ ထူးရယ်… အကြိမ်ကြိမ်တွေ ပြမနေစမ်းပါနဲ့—ကြည့်ပြီးသားပဲဥစ္စာ… "

"ယူက ကြည့်ပြီး မြင်မှ မမြင်တတ်တာကိုး… အဲဒီတော့ ကိုယ်က ထပ်ပြရတာပေါ့… "

ဘယ်လိုမှ ပြောမရ တားမရ သော ခင်ထူးဆွေကို လေကုန်ခံကာ ဘာမှ ထပ်မပြောချင် တော့ကာ မသိချင်ယောင်သာ ဆောင်နေလိုက်မိသည်။

"ဟိတ်… ဒီနှစ်ယောက် ဘာတွေဖြစ်နေကြတာတုန်း—တစ်ယောက်ကလည်း မျက်နှာတည်တည်ကြီးနဲ့ ထိုင်နေတယ်… နောက်တစ်ယောက်ကလည်း ဓာတ်ပုံတွေကို သဘောတကျ ကြည့်နေတာ… ဘာဓာတ်ပုံတွေ ကြည့်နေတာတုန်း… ပြစမ်းပါဦး ခင်ထူးဆွေရဲ့… "

ထိုစဉ်မှာပဲ ဦးခန့်ထည်ကို သဘောကျကြသော အုပ်စုများထဲမှ မေရီဆိုသော မမက မေနှင်းဆီတို့ အနားယူနေရာ ထမင်းစားဆောင်၏ အပေါ်ထပ်နားနေဆောင်သို့ ရောက်လာပြီး သူမတို့နှစ်ယောက်ကို မေးလာတာမို့ မေနှင်းဆီမှာ ဒိန်းကနဲ ဖြစ်သွားရသည်။ ထို့အတူ ထူးသည်လည်း ခုနက ကြံဖန်အရစ်ရှည်ကာ ကြည့်မဆုံးသော ဓာတ်ပုံများ ကိုင်ထားလျက်မှ အယောင်ယောင် အမှားမှား။ မေနှင်းဆီမှာ သူမနှင့် ဦးခန့်ထည်၏ဓာတ်ပုံကို ဘယ်သူမှ မပြဘဲ သိမ်းလိုက်ရန် စိတ်ကူးမှာ ထူး၏ ထပ်ခါ



တလဲလဲ အပြောတွေကြောင့် စိတ်တိုကာ သူမ၏ ထိုပုံကို မသိမ်းလိုက်ရသေးဘဲ ရှိနေဆဲ မမမေရီ ရောက်လာသည့်အခါမှာတော့ စိတ်ဓာတ်အကြီးအကျယ် ကျသွားရပါ၏။ ဒုက္ခပါပဲ။ နယူးရီးယားညက ဦးခန့်ထည်၏ အပြုအမူတွေကို ကြည့်ပြီး သူမကို ဦးခန့်ထည်၏ Pet လေး (အချစ်ဆုံးသူအဖြစ် သတ်မှတ်ခံရသူလေး) အဖြစ် နာမည်ပေးကင်ပွန်းတပ်ခဲ့ကြသော မမအုပ်စုများထဲက တစ်ယောက်က ဒီဓာတ်ပုံတွေကို ကြည့်ပြီးလျှင် သူ့အပေါင်းအဖော်များထံ သတင်းပို့ကာ နောက်တစ်မျိုး မရိုးအောင် ပြောဦးမည်။ ထို့အတူ တစ်ဟိုတယ်လုံးကိုလည်း သတင်းလိုက်ဖြန့်ပြီးသား ဖြစ်လိမ့်မည်။

"ဟယ် နယူးရီးယားနိုက်က ပုံတွေလား… ဒါဆို ကိုယ်တို့ ပုံတွေလည်း ပါတာပေါ့… ပြစမ်း ပြစမ်း ကြည့်ရအောင်"

ခင်ထူးဆွေမှာ မေနှင်းဆီကို အားနာနာနှင့်ပင် ကြည့်တာ သူ့လက်ထဲမှ ဓာတ်ပုံများကို ဆွဲယူနေသော ဒေါ်မေရီထံ မတတ်သာစွာ ပေးလိုက်ရ၏။ မေကလေးတစ်ယောက် သူ့ကို ဦးခန့်ထည်နှင့် စလျှင် မခံနိုင်မှန်း သိလို့ သူမက ချစ်စနိုးနှင့် စနောက်နေမိတာ။ သို့သော် မေ့ကို ဆရာ၏ pet လေးအဖြစ် ဆရာ့ကို ရူးသွပ်ကြသော အမျိုးသမီးများ၏ အမည်ပေးကင်ပွန်းတပ်ကြတာကိုတော့ မကြိုက်ပေ။ ဒါဟာ သဘောထားဖြူစင်စွာ ရိုးသားစွာ နာလိုစွာ ဖြင့် ပေးထားသော နာမည်တစ်ခု မဟုတ်မှန်း သိနေ၍ပဲ ဖြစ်၏။ အခုတော့ သူမ၏သဘောဘီမကြည့်ဘဲ ကိုယ်လုပ်ချင်ရာကိုသာ အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ထားလုပ်ဆောင်ခဲ့မှုတစ်ခုက မေ့ကို ထိခိုက်စေဖို့ ဖြစ်ခဲ့ပြီ။

"အာရိုရို ပုံတွေက တကယ်လှတယ်ကွယ်...ဒါတောင် ညမှာ ရိုက်ထားတာနော်... ကြည့်စမ်းပါဦး ဓာတ်ပုံတွေ ကြည့်ပြီး အဲဒီညတောင် ပြန်ဖြစ်လိုက်ချင်သေး... "

"ဒါက ဓာတ်ပုံရိုက်တဲ့သူ တော်လို့ပေါ့ မမရဲ့... အဲဒါကြောင့် မမတို့ပုံတွေကို ကြည့်ပါလား... အပြင်ကထက်တောင် ပိုလှနေတာ.. "

"ဟင်း ဟင်း... ဟုတ်တာပေါ့... အဲဒီနေ့က ကိုယ်တို့ကို ရိုက်ပေးတဲ့ ဖိုတိုဂရပ်ဖာလေးရဲ့ ကျွမ်းကျင်မှုကြောင့် ဖြစ်မှာပေါ့... နေစမ်းပါဦး... ဖိုတိုဂရပ်ဖာလေးရဲ့ပုံကော... "

မေနှင်းဆီမှာ ထူးထံ စိုက်ကနဲ ကြည့်မိ၏။ ထူးက မျက်နှာလေးငယ်ငယ်ဖြင့် သူမထံ တောင်းပန်ဟန်ဖြင့် ကြည့်နေလေသည်။ ဒေါ်မေရီကတော့ အားကြိုးမာန်တက်နှင့်ပင် မေနှင်းဆီတို့ပုံကို ရှာနေသည်။

"ဝေါ်င်း အူ... မင်းသားနဲ့မင်းသမီးပုံက အခုမှ တွေ့တော့တယ်... ကြည့်စမ်း... ကိုယ်တို့ ရှိုင်းရယ်ပရင့်(စ်)နဲ့ သူ့ပတ်လေးက အရမ်းလိုက်တာပဲကွယ်... ကိုယ်တို့ ဓာတ်ပုံအားလုံးထဲမှာ ဒီပုံလေးက ကြည့်လို့ အကောင်းဆုံးနဲ့ အသက်အဝင်ဆုံးပဲ... "

မေနှင်းဆီမှာ သက်ပြင်းကို မသက်မသာ ချပြီး မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်မိသည်။ သွားပြန်ပြီပေါ့။ ဒီ



ကြည့်ကောင်းသော ဓာတ်ပုံဟာ သူတို့အတွက် ပြောစရာဇာတ်လမ်းတစ်ပုဒ်ပမာ ဖြစ်တော့မည်။

"အိုကေ အိုကေ... ဒီပုံတွေ ကိုယ် ယူသွားလိုက်မယ်... မိုးတို့ကို ပြရအောင်လို့လေ... ယူ့ကို နောက်မှ ပြန်ပေးရင် ရမလား ခင်ထူးဆွေ... "

"အဲ ဟို ဟို... "

"ကျွန်မ ဓာတ်ပုံကိုတော့ ထားခဲ့လိုက်ပါ မမ... "

မေနှင်းဆီကပင် ကြားမှ ဖြတ်ဝင်၍ ပြောလိုက်သည်။ ဒေါ်မေရီက မေနှင်းဆီထံ ကြည့်ကာ အံ့ဩသလိုနှင့်...

"ယူ့ပုံတွေကိုပါ ယူသွားလိုက်မယ်လေ... ယူနဲ့ဆရာ့ပုံကို မိုးတို့ကပါ ကြည့်ချင်မှာပေါ့... "

ဒေါ်မေရီ၏အပြောကို မေနှင်းဆီက ပြုံး၍ ခေါင်းခါပြီး ယဉ်ကျေးစွာ ငြင်းဆန်လိုက်သည်။

"ထားခဲ့လိုက်ပါ မမ... မမတို့ပုံတွေကိုပဲ ယူသွားလိုက်ပါ"

ဟု ဖွတ်ပင် ပြောချလိုက်ကာ ရိုင်းချင်လည်း ရိုင်းပါစေတော့ဟူ၍ စိတ်ဒုံးဒုံးချ ဒေါ်မေရီလက်ထဲမှ ဓာတ်ပုံများကို ဆွဲယူ ကိုယ့်ပုံပါသမျှဟာကို ဖယ်ထုတ်လိုက်သည်။ ဒေါ်မေရီက ဆက်လက်၍ အတင်းကာရော ပြောဆိုရမှာ အားနာပုံနှင့် မတတ်သာစွာ သူမ ပြုလုပ်သမျှကို ငြိမ်၍ ကြည့်နေရသည်။ သူ့အဖွဲ့များအား သူမဓာတ်ပုံကို ပြချင်ပုံ အထင်းသားနှင့် သူမ ဖယ်ထုတ်နေသော ဓာတ်ပုံများကို နှမြောတသစွာ ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံများ ဖယ်ထုတ်ပြီးသောအခါ ထိုဓာတ်ပုံများကို သူမ၏ ကုတ်အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်ပြီး ကျန်ဓာတ်ပုံများကို ဒေါ်မေရီ လက်ထဲသို့ တစ်ခါတည်း ပြန်ထည့်ပေးလိုက်၏။

"ကဲ ထူး... ကိုယ် စတိုဖက် သွားစရာရှိလို့ သွားလိုက်ဦး မယ်... မမ ကျွန်မကို ခွင့်ပြုပါ... "

ဟူ၍ ထိုင်ရာမှ ထရပ်ရင်း နှုတ်ဆက်လိုက်၏။ ဒေါ်မေရီ ခေါင်းညိတ်ခွင့်ပြုပေမယ့် ခင်ထူးဆွေကတော့ ကမန်းကတမ်း ထရပ်ကာ ပြောသည်။

"ကိုယ်လည်း စတိုဖက် သွားစရာ ရှိတယ် မေရဲ့... ဒါဆို ကိုယ်ပါ တစ်ခါတည်း လိုက်ခဲ့မယ်... "

မေနှင်းဆီသည် ခင်ထူးဆွေစကားကို ဘာမှ တုန့်ပြန်မနေတော့ဘဲ နားနေဆောင်ပေါ်မှ ဆင်းလာခဲ့တော့၏။

"မေ... စတိုကို သွားမလို့ဆို... "

"မသွားပါဘူး... ယူလိုက်လာမှာစိုးလို့ တမင်ပြောတာ... အခု ယူကပါ စတိုသွားမှာ ဆိုတော့ ကိုယ်က အဲဒီကို သွားစရာမလိုတော့ဘူးပေါ့... ယူ့ဘာသာ ယူပဲ သွား လိုက်တော့... "



"ဟင်း ဟင်း... ကိုယ်ကလည်း သွားစရာ မရှိပါဘူး... ယူ သွားမယ်ဆိုလို့ လိုက်လာတာပါ... "

ခင်ထူးဆွေ၏အပြောကို ဘာမှပြန်မပြောတော့ဘဲ သူမ၏ခြေလှမ်းကို ရုံးခန်းဆီသို့သာ ဦးတည်လိုက်၏။

"မေ... ကိုယ့်ကို စိတ်ဆိုးသွားတာလား... "

"မဆိုးပါဘူး... "

"ဒါပေမယ့် ယူ့မျက်နှာကြီးက တည်နေတယ်လေ... "

"........ "

"ဒါနဲ့ ယူ ဆရာ့ကို ဓာတ်ပုံပြမှာလား... "

"............. "

"ကိုယ် ဆရာ့အတွက် တစ်ပုံထပ်ကူးလိုက်မယ်နော်... "

"မကူးနဲ့... ထပ်ကူးစရာ မလိုဘူး... ဒီပုံကိုလည်း ပြမှာ မဟုတ်ဘူး... "

"ဟယ်... ဘာဖြစ်လို့လဲ မေရဲ့... ဆရာက လိုလိုချင်ချင်နဲ့ကို ပြောထားတဲ့ဥစ္စာ... ကိုယ်တို့နဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေကိုတောင် တောင်းတာ မဟုတ်ဘူး... ယူ့ကိုပဲ တောင်းတော... ယူနဲ့ ဓာတ်ပုံရိုက်ချင်တယ်လို့ ခွင့်တောင်းတာလည်း သူပဲလေ... အဲဒီတော့ အဲဒီဓာတ်ပုံကို သူ ကြည့်ချင် လိုချင်မှာပေါ့... ဆရာကို မရက်စက်ပါနဲ့ မေရယ်... "

"ဘာဆိုင်လဲ ထူးရဲ့... ဒီဓာတ်ပုံလေး မပြမပေးတာနဲ့ မရက်စက်ပါနဲ့ ဆိုတဲ့ စကားလုံးတွေနဲ့ ဘာဆိုင်လို့လဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆိုင်တာ ရှိရဦးမှာလား ဒေါ်မေနှင်းဆီရဲ့— ဒီဓာတ်ပုံပေါ်မှာ သူ့ အရမ်းအလေးအနက်ထားထားတာလေ ယူနဲ့ဓာတ်ပုံ အတူတွဲရိုက်ခွင့်ရဖို့ကို သူ မျှော်လင့်တကြီးနဲ့ ခွင့်တောင်းထားတာ... အဲဒီတော့ သူ့ကို ယူ ဓာတ်ပုံပြလာမယ့် ပေးလာမယ့်နေ့ကို သူ မျှော်လင့်နေမှာပဲ... အဲဒါကို ယူက မပြဘူး မပေးဘူးဆိုတော့ သူ့မျှော်လင့်ချက်ကို ယူက ရက်စက်စွာ ဥပေက္ခာပြုလိုက်သလို ဖြစ်သွားမှာပေါ့— တကယ်ဆို ဆရာဟာ သူ ဘယ်တုန်းကမှ ပါဝင်ဆင်နွှဲလေ့ မရှိတဲ့ Staff Partyပွဲကို နေမကောင်းတဲ့ကြားက ဆင်းလာတာ... အဲဒါ ယူ့ကြောင့်ဆိုတာ ယူသိထားဖို့ ကောင်းတယ် မေ... "

"ကျစ်... ဘာဆိုင်လဲ ထူးရာ... လာပြန်ပြီ ဒီစကား... ယူ ဘာလို့ ဒီလိုအနှောင့်အသွားမလွတ်တဲ့စကားတွေ ပြောချင်ရတာလဲ... "

"အနှောင့်မလွတ် အသွားမလွတ်တဲ့စကား မဟုတ်ဘူး မေရဲ့... ဘေးလူတစ်ယောက်အနေနဲ့ မြင်နေရတဲ့ အမှန်အတိုင်း ဖြစ်စဉ်တစ်ခုကို ထောက်ပြပြောနေတာ... ကာယကံရှင်တွေက ထူပူပြီး မမြင်နိုင်မှာ စိုးလို့ပေါ့... တကယ်ဆို ဆရာဦးခန့်ထည်လို လူမျိုးတစ်ယောက်ရဲ့ ပုံစံကို ကြည့်ရင် သိပ်ကို သိသာမြင်သာလွယ်ပါတယ်... သူက ဟန်ဆောင်မှု ကင်းတယ်လေ... စိတ်ထဲပါရင်ပါသလို၊ မပါရင်မပါ သလို



သူ့မျက်နှာမှာ သိပ်ပေါ်တယ်... ဒီလိုလူမျိုးတစ်ယောက် ရဲ့ ထူးခြားတဲ့ပြောင်းလဲချက်က ဘေးလူတွေ အသာလေး ရိပ်မိနိုင်တာပဲ... အဲဒီတော့ ဘေးလူဖြစ်တဲ့ ကိုယ်ရိပ်မိတာ ဆန်းသလား... ကိုယ်မှ မဟုတ်ဘူး ဒေါ်မေရီတို့လည်း ရိပ်မိမှာပဲ... "

"ကျေးဇူးပြုပြီး တဆိတ်... ဒီစကားကို ဒီမှာပဲ ရပ်လိုက်ပါ ထူး... ဘာမှမဖြစ်နိုင်တဲ့ကိစ္စတစ်ခုကို ဆက်မပြောပါနဲ့"

"ဟင်... ယူက စဉ်းစားတာ သိပ်လွန်နေပြီ မေ... ဘာကို မဖြစ်နိုင်ဘူးလို့ ယူက ပြောချင်ရတာလဲ... လူပျိုနဲ့အပျိုပဲ ကွယ်... လွတ်လပ်စွာ ရွေးချယ်ခွင့်၊ စဉ်းစားခွင့်၊ ချစ်ခွင့် ဆိုတာ ဆရာ့ဆီမှာ ရှိသလို ယူ့ဆီမှာလည်း ရှိတာပဲ ဥစ္စာ ကိုယ်တော့ ယူနဲ့ဆရာနဲ့ဆိုရင် သိပ်ကို သဘောတူတာပါပဲ"

"ယူပြောတဲ့ဟာတွေ ကိုယ်လုံးဝ မကြားခဲ့ဖူးဘူးလို့ပဲ သတ်မှတ်ထားတယ် ထူး... ကဲ သွားပြီ... "

ဟု ပြောကာ ထူးကို နောက်ချန်ထားခဲ့ပြီး ရုံးခန်းရှိရာ ဟိုတယ်ထဲသို့ သွက်လက်သော ခြေလှမ်းများနှင့် ဝင်ခဲ့လိုက်ပါတော့၏။ ရင်ထဲမှာတော့ တင်းကျပ်နေသော ခံစားမှုတစ်မျိုးက ကြီးစိုးလျက်... ။

www.burmeseclassic.com

www.burmeseclassic.com



"မေနှင်းဆီ ဒီစာကို E-mail ပို့လိုက်ပါ... "

ကွန်ပျူတာစားပွဲပေါ် လာချပေးသော စာရွက်အကြမ်းကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။ ရိုက်လက်စ ယောကွက်တစ်ခုကို save လုပ် သိမ်းလိုက်ပြီး outlook ထဲမှ E-mail ကိုခေါ်တင်ကာ outbox ကို ဖွင့်လိုက်သည်။

Out box ပေါ်လာသည့်အခါမှာတော့ ဦးခန့်ထည်၏ စာကြမ်းထဲမှ ပို့ချင်သည့်လူနှင့် လိပ်စာကို ကြည့်လိုက်၏။ ဦးခန့်ထည်၏စာက ရုံးချုပ်မှ President ဆီသို့ ဖြစ်သည်။

"မေနှင်းဆီ... ကော်ပီကို ရုံးချုပ်က Chief controller နဲ့ ဒီက GM ကြီးဆီကို ပို့လိုက်ပါ... "

"ဟုတ်ကဲ့... GM ကြီးဆီက E-mail နဲ့ပဲ ပို့ရမလား ဒါမှမဟုတ် Printout လုပ်ပြီး ကော်ပီတစ်စောင် ပို့ရမလား..."

"E-mail နဲ့ပဲ ပို့လိုက်ပါ... "

"ဟုတ်ကဲ့... "

ဦးခန့်ထည် ပေးလာသော စာကြမ်းထဲမှ စာကို စာလုံးပေါင်း မမှားအောင် သေသေချာချာနှင့် စနစ်တကျ ရိုက်လိုက်၏။ သိပ်မကြာသောအချိန်အတွင်းမှာ စာမျက်နှာတစ်ဝက်ကျော်ခန့်ရှိသော စာကရိုက်လို့ ပြီးစီးသွားသည်။ ဦးခန့်ထည် ပြောသည့်အတိုင်း ရုံးချုပ်မှ President ဆီသို့ ပို့ကာ ထို E-mail မှ ကော်ပီကို ရုံးချုပ်က Chief Controller နှင့် သူမတို့ ဟိုတယ်မှ GM ကြီးဆီသို့ ပို့လိုက်သည်။ တစ်စက္ကန့်အကြာမှာ သူမ၏ E-mail က သက်ဆိုင်



...သည့် လူတွေဆီသို့ ရောက်သွားပြီ ဖြစ်သည်။ ထုံးစံအတိုင်းပင် ...တို့ Royal Crown ဟိုတယ်အတွက် Reference အဖြစ် သိမ်းထား...ထားသည့် E-mail out file ထဲတွင် ဖိုင်တွဲရန် ထိုင်ရာမှထလိုက်... E-mail out ဟူသော Box File ကို ယူရန် ဦးခန့်ထည်၏စားပွဲ...ား နံရံကပ် စာအုပ်စင်ဆီသို့အသွား သူ့စားပွဲမှာ ဦးခန့်ထည်...နေဆိုတာ သိလိုက်ရသည်။

ဘယ်များ ထွက်သွားပါလဲဆိုသည့် သူမ၏သိချင်...ကို အတွင်းခန်းမှ မွှေးကြိုင်စွာ ပျံ့လွင့်လာသော ကော်ဖီရနံ့...င်းသင်းက အဖြေပေးသည်။ သြော်... သူ ကော်ဖီဖျော်နေတာပဲ...။ စာအုပ်စင်မှာ စီ၍ ထောင်ထည့်ထားသော E-mail out Box ...ကို ဆွဲယူလိုက်ပြီး လက်ထဲကိုင်ထားသော စာရွက်ကို တွဲလိုက်...သည်။ စာရွက်တွဲပြီး file ကို စာအုပ်စင်တွင် ပြန်စီထည့်လိုက်ကာ...ဘယ်လီဖုန်းဖြင့် ဟိုတယ်တွင်းသို့ ဆက်လိုက်၏။

"ဟယ်လို မင်္ဂလာပါ... "

"မဉမ္မာ... မေနှင်းဆီပါ... "

"သြော် မေနှင်းဆီ ပြော... "

"ဂျီအမ်ကြီးဆီ ကျွန်မ E-mail ပို့ထားတယ်ဆိုတာ ပြောမလို့ပါ... အဲဒါ E-mail ဖွင့်လိုက်ပါဦး... "

"ဟုတ်လား... အိုကေ ကောင်းပြီလေ... တို့အခုပဲ ဖွင့်ပြီး print out လုပ်လိုက်မယ်... သိုင်းကျူးနော်... "

"ဝဲ(လ်)ကမ်းပါ မဉမ္မာ... ဒါပဲနော်... ဘိုင့်ဘိုင်... "

www.burmeseclassic.com

www.burmeseclassic.com

"အိုကေ… ဘိုင်… "

ဖုန်းချလိုက်သည့်အချိန်မှာ ကော်ဖီမတ်ခွက်နှစ်ခွက်ကို ကိုင်ကာ အနောက်ခန်းထဲမှ ဦးခန့်ထည် ထွက်လာသည်။ မနှင်းဆီသည် ဦးခန့်ထည်လက်ထဲမှ ကော်ဖီနှစ်ခွက်ကို တွေ့လိုက်ရတော့ ရင်မှာ တင်းကျပ်သွားရ၏။ ထင်ထားသည့်အတိုင်း ထုံးစံအတိုင်းပင် ဦးခန့်ထည်က တစ်ခွက်ကို သူ့စားပွဲပေါ် ချကာ တစ်ခွက်ကို သူမထံ လှမ်းပေးသည်။ မနှင်းဆီသည် ခေါင်းခါငြင်းဆန်ရန် စိတ်ကူးလိုက်ပြီးမှ စေတနာဖြင့် ဖျော်ပေးလာသူကို ယခုတစ်ကြိမ်မှာ ဝေဒနာမဖြစ်စေချင်စွာ လှမ်းယူပြီး… "သိုင်းကျူးပါ… " ဟူ၍ ပြောလိုက်၏။ ပြီးနောက် ဆုံးဖြတ်ချက်ချလိုက်ကာ ဦးခန့်ထည်ထံ တည့်တည့်ကြည့်၍ ပြောလိုက်သည်။

"နောက်တစ်ခါဆို ကျွန်မအတွက် မဖျော်ပေးပါနဲ့နော်… ကျွန်မ ကော်ဖီမသောက်ချင်လို့… "

သူမ၏ အပြောကြောင့် ဦးခန့်ထည်၏ မျက်ခုံးတစ်စုံက ယောင်ယောင်မျှ ပင့်တက်သွား၏။

"ဘာလဲ… ကိုယ်ဖျော်ပေးတာကြောင့်မို့လို့လား… "

မှန်ကန်သော တည့်တိုးမေးခွန်းက ပြန်ဖြေဖြစ်ဖို့ရာ မနှင်းဆီအတွက် ခဲယဉ်းသွားရသည်။ မကောင်းတတ်စွာ ညာဖို့ကြိုးစားလိုက်၏။

"အခုကမှ ကျွန်မ အသက်ရှူကျပ်ပြီး မောမောနေတယ် ရင်လည်း တုန်တုန်နေတတ်တယ်… အဲဒါ ကော်ဖီကို လျှော့



သောက်ရင် ကောင်းမလားလို့ စိတ်ကူးမိလို့ပါ… အရင်တုန်းက တစ်နေ့လေးကြိမ်သောက်ရင် အခု မနက်အိပ်ရာထတစ်ကြိမ်တည်း သောက်တော့မယ်ဆိုပြီး စိတ်ကူးထားတယ်လေ… "

"ဟာ… မင်း ဒီလိုမောမောနေတာကို ဆရာဝန် မပြဘူးလား"

"ဟင့်အင်း… "

"ဟာ… ဒီလိုဆို ဘယ်ဖြစ်မလဲ… ဘာဖြစ်လို့ မောနေသလဲဆိုတာ သိရအောင် ဆရာဝန်ပြမှ ဖြစ်မှာပေါ့… မဖြစ်ဘူး တော်ကြာနေ ဒေါက်တာဟောဖယ်ဆီကို သွားပြမှ ဖြစ်မယ်"

"အဲဒီလောက် မဟုတ်ပါဘူး… ကျွန်မဟာသာ ကော်ဖီ လျှော့သောက်ပြီး နေကြည့်ဖို့ စိတ်ကူးထားတယ်… "

"မင်းစိတ်ကူးထားလို့ဆိုတာနဲ့ ရမလား… ဆရာဝန်နဲ့ သေသေချာချာ စမ်းသပ်ကြည့်မှ ရမှာပေါ့… "

မနှင်းဆီမှာ ကိုယ် အကြောင်းပြလိုက်သည့်အကြောင်းအရာတစ်ခုက ဦးခန့်ထည်အတွက် အရေးတကြီး ဂရုစိုက် ဖြစ်စရာ ကိစ္စတစ်ခု ဖြစ်သွားရခြင်းမှာ စိတ်ညစ်သွားရသည်။

"နေပါဦး… ဒေါက်တာဟောဖယ်ဆီကို ဖုန်းဆက်မေးလိုက်မယ်… လူရှင်းရင် အခုပဲ သွားပြလိုက်ပေါ့… "

ပြောပြောဆိုဆိုနှင့်ပင် ဟိုတယ်ဆေးခန်းမှ ဆရာဝန်ဆီ ဖုန်းဆက်ဖို့ ဖုန်းခွက်ထံ လှမ်းလိုက်သော ဦးခန့်ထည်၏ လက်

www.burmeseclassic.com

www.burmeseclassic.com



ကို အလန့်တကြားပင် ကြည့်ကာ အလျင်အမြန် တားမိ၏။

"ဟာ ဒေါက်တာဟောဖယ်ဆီ မဆက်နဲ့… ကျွန်မဖာသာ ကျွန်မ အိမ်ကျမှ ဆေးခန်းသွားမယ်… ကျွန်မတို့အိမ်မှာ Family ဒေါက်တာ ရှိတာပဲ… "

"မင်းဖာသာမင်း Family ဒေါက်တာ ရှိရှိလေ… မင်းက ဟိုတယ်ဝန်ထမ်းတစ်ယောက်ပဲ… မင်းမှာ ရောဂါဝေဒနာ ဖြစ်လာရင် ဟိုတယ်ဆရာဝန်နဲ့ ပြခွင့်ရှိတယ်… ဟိုတယ်မှာ ဆရာဝန်ရှိတာ ဆေးခန်းထားတာ ဧည့်သည်တွေ အတွက်နဲ့ ဝန်ထမ်းတွေအတွက်… အဲဒီတော့ ဟိုတယ်ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ မင်းအနေနဲ့ ဟိုတယ်ဆရာဝန်နဲ့ ပြခွင့်ရှိတယ်… ဘာမှအားနာစရာ မလိုဘူး… "

သူမ၏တားဆီးမှုကို အားနာမှုဟု ထင်ကာ ဖေးမ ရှင်းပြပြောနေပြန်တာမို့ မေနှင်းဆီမှာ သက်ပြင်းမောကို မသိမသာ ချမိသည်။

"အားနာလို့ မဟုတ်ပါဘူး… အဲဒီဟိုတယ်ဆရာဝန်နဲ့ ဆိုတာကို မပြချင်လို့… "

"ဟ… မင်း ဘာတွေဘက်တိုက်နေတာလဲ မေနှင်းဆီ… ဟိုတယ်ဆရာဝန်လည်း ဆရာဝန်ပဲ… မင်းရဲ့မိသားစု ဆရာဝန်လည်း ဆရာဝန်ပဲ… မင်းက ဘာတွေကို ကွဲပြား ခြားနားစွာ ရွေးချယ်နေရတာလဲ… "

"ကျွန်မ ရွေးချယ်တာ မဟုတ်ပါဘူး… "



မေနှင်းဆီမှာ ဘယ်လိုမှ ပြောလို့ မရရှာ ဖွတ်အတင်းပင် ဆေးခန်းပြခိုင်းနေသော ဦးခန့်ထည်အား စိတ်တိုလာကာ ရှုပွပွပင် ပြောမိ၏။

ခန့်ထည်က ဆေးခန်းသွားဖို့ အရေး ဘာကြောင့် ဒီလောက်တောင် အပြောရခက်နေသလဲဆိုသည့် နားမလည်စိတ်ဖြင့် အရှေ့မှ ကိုယ့်ချာတိတ်မ အားစိုက်ကြည့်မိသည်။ ကြည့်စမ်း သူမက မျက်ခုံးတွန့်တွန့် မျက်နှာမှုန်မှုန်ဖြင့် နှုတ်ခမ်းတောင် တင်းတင်းစေ့ထားလိုက်သေး။ ကြည့်နေရင်းနှင့်မှ ကိုယ်က ဖွတ် သွားခိုင်းရင် သူမက သူမကို အတင်းခိုင်းစေသူ ဟူ၍ အထင်အမြင် လွဲမှာ စိုးရိမ်ရသေး၏။ သူမ ပြောသလို Family ဒေါက်တာနဲ့ပဲ ပြမည်ဆိုလျှင်လည်း ရတာပဲလေ။ ကိုယ်ကလည်း သူမနှင့် ပတ်သက်လျှင် သေးသေးကြီးကြီးတိုင်းမှာ စိတ်လှုပ်ရှား စိုးရိမ်နေ တတ်တာမို့ ချက်ချင်းပင် အဆင်သင့်ရှိနေသော နီးရာဆရာဝန်ဆီ သွားခိုင်းမိတာကပဲ ကိုယ့်အလွန် ဖြစ်သွားပါလိမ့်မည်။ သူမ အလိုကို လိုက်ဖို့အတွက် ကိုယ့်စိတ်ကို လျှော့ဖို့ ဆုံးဖြတ်မိ၏။

"ဒါဆို မင်း အိမ်ရောက်ရင် မိသားစုဆရာဝန်နဲ့တော့ ပြမယ်ပေါ့… "

"ဟုတ်ကဲ့… "

"ဒါဆို ပြဖြစ်အောင် ပြပါ… ရောဂါဆိုတာ သေးသေး ကြီးကြီး ကြိုတင်ကာကွယ်မှ ကောင်းမယ် မေနှင်းဆီ… ရောဂါတစ်ခုကို သေးတယ်ဆိုပြီး အထင်သေးလို့ မရဘူး

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မောနေ အသက်ရှူကျပ်နေတတ်တာ မကောင်းဘူး... ”

“ကိစ္စမရှိပါဘူး... ကျွန်မတော့ ထင်တယ်... ကော်ဖီ သောက်လိုက်ရင် အဲဒါတွေအားလုံး အိုကေသွားလိမ့်မယ်လို့... ”

“အိုကေရင်တော့ ကောင်းတာပေါ့ကွာ... ကိုယ်က မင်း ဒီလို အသက်ရှူကျပ်တတ်တာကို မကြိုက်ဘူး... တကယ်ဆို မင်း Medical Check-up (ဆေးစစ်ဆေးမှု) လေး ဘာလေး လုပ်သင့်တယ်... မင်းကြည့်ရတာ သိပ်ပေါ့ဆလွန်းတယ်— အကြီးက ပြောရင်လည်း ပြောတဲ့အတိုင်း မလုပ်ဘူး— တကယ့်ကို ခေါင်းမာတယ်ဆိုတဲ့ အစားထဲက ဘယ်လိုဟာလေးမှန်း မသိပါဘူး... ”

ဟု ဗျစ်တောက်, ဗျစ်တောက်နှင့် ပြောကာ အခန်းထဲက ထွက်သွားသော ဦးခန့်ထည်ကြောင့် မေနှင်းဆီမှာ သက်ပြင်းမောကို ရှူထုတ်ပြီးလျှင် အစုမှပင် လွတ်လပ်သွားရတော့သည်။ ကော်ဖီခွက်ကို ကိုင်ကာ ကိုယ့်စားပွဲဆီသို့ လျှောက်သွားပြီး ထိုင်ခုံမှာ ခြေကုန်လက်ပန်းကျစွာ ထိုင်ချလိုက်၏။ တကယ့်ကို ဘေးကျပ်နံကျပ်ပါပဲ... ။ သူ့အပြုအမူနှင့် သူပြောသွားသမျှ စကားတို့က ကိုယ့်အတွက် စေတနာကဲသော အကြင်နာအပြုအမူနှင့် စကားတို့မှန်း သိနေပေမယ့် ထိုအရာတွေ့ကို မခံစားနိုင်စွာ လူက ဘေးကျပ်နံကျပ်နှင့် အသက်ရှူကျပ် အနေရခက်လှပါသည်။



New Year ပါတီညတုန်းကတော့ ထင်မှတ်မထားသော အဖြစ်အပျက်တို့အပေါ် တိမ်းရှောင်၊ ငြင်းဆန်ဖို့ အခွင့်အရေးမရှိစွာ ဖြစ်သွားခဲ့သော အခြေအနေတွေမှာ အလိုက်သင့် ပြုမူနေထိုင်မိခဲ့သမျှ ထိုအရာအားလုံးကို နှစ်သစ်ကူးသည့် တစ်ရက် နေ့၏ ပထမဆုံးသော အချိန် Royal Crown ဟိုတယ်၏ ပါတီပွဲတွင်သာ ချန်ရစ်ထားခဲ့ပြီး ဖြစ်သည်။

နောက်တစ်ရက် ရုံးတက်သည့် အချိန်မှာတော့ ညက အဖြစ်အပျက်တို့ကို ဘာမှမဖြစ်ခဲ့ဘူးသော မသိလိုက်သော သူတစ်ယောက်အဖြစ် ကိုယ့်ကိုကိုယ် ထိန်းချုပ်ဆင်ခြင်ကာ အေးဆေးစွာ သာမန်ပုံစံဖြင့် ရုံးပြန်တက်ခဲ့၏။ သူမဘက်က ဘယ်လောက်ပဲ ထိန်းချုပ်ဆင်ခြင်၊ ဦးခန့်ထည်ဖက်မှ အရှိန်မသေစွာ သူ့စိတ်ကို လွှတ်ပေးထားဆဲဆိုလျှင် “ဣုန္ဒြေ” တည်းဟူသော သူမ တန်ဖိုး အထားရှိဆုံး လက်နက်တစ်ခုဖြင့် အကာအကွယ်ယူကာ သူ့ကို ပြောဆိုဆက်ဆံဖို့ ကိုယ့်ကိုကိုယ် သံပတ်တင်း နိုင်းစေထားမိခဲ့သမျှ... ။

ရုံးရောက်သည့်အချိန်မှာ ကော့(စ်)ကွန်ထရိုလာနှင့် စက္ကူထရီဟူသော အနေအထားမျိုးဖြင့်သာ ရုံးကိစ္စများကို ပြောဆိုဆက်ဆံခဲ့ပြီး ညက အရိပ်အယောင်တွေ ဘာတစ်ခုမှ ကျန်ရှိ မနေတော့သော ဦးခန့်ထည်ကြောင့် သူမမှာ အသက်ရှူချောင် အနေချောင်နဲ့ရပါ၏။

သို့သော် ဦးခန့်ထည်၏ Pet လေးအဖြစ် နာမည်

www.burmeseclassic.com

www.burmeseclassic.com



ပေး ကင်ပွန်းတတ်ခံရခြင်းနှင့် သူမတို့နှစ်ယောက်ကို ဘာလိုလို ဖူး ချီးနှင့် စနောက်ခြင်းခံလိုက်ရခြင်းတို့က New Year ညက ပါတီ ပွဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်တို့အတွက် ရရှိခဲ့သော ရလာဒ်တစ်ခု ပင် ဖြစ်သည်။ ထိုရလာဒ်က သူမအတွက် စိတ်အနှောင့်အယှက် ဖြစ်ရခြင်းနှင့်အညီ အသက်ရှူလည်း ကျပ်စေခဲ့ရပါသည်။ ကိုယ့် ဖက်က အနေအထိုင် မတတ်မှုကြောင့် မှားယွင်းသွားခဲ့ရတာမျိုး မဟုတ်ဘဲ သူ့အလိုလို ဖြစ်ပေါ်လာခဲ့ရသော အခြေအနေတို့မှာ သူမလည်း ဘာမှကို လိုက်လို့မမီစွာ ထိုအခြေအနေမျိုး နောက်ထပ် ဖြစ်ပေါ်ခွင့်မကြုံအောင် ကိုယ့်ကိုကိုယ် "သတိ" ဆိုသော အနေ အထားမျိုးဖြင့် နေထိုင်ဖို့ကလွဲလျှင် ဘာမှလုပ်ဖို့ မရှိတော့ပြီ။

သို့သော် သူမ သိပ်ကြီး တင်းကျပ်စွာ ရှောင်တိမ်း နေစရာမလိုအောင် ဦးခန့်ထည်ဆီမှာ ထိုနေ့ညက ပုံစံမျိုး မရှိတော့ တာမို့ စိတ်အေးသက်သာစွာ လွတ်လပ်ပေါ့ပါးစွာ (ဦးခန့်ထည်တို့ ရှုးသွပ်ကြသောသူများရှေ့မှ လွဲလျှင်) နေခဲ့မိသမျှ သူမအတွက် ကော်ဖီဖျော်လာခြင်းဟူသော ခုနကကိစ္စက သူမဦးခေါင်းထဲ Al... မြည်လိုက်သလို သတိပေးခြင်း ခံလိုက်ရတော့သည်။ သတိထား ခြင်း၊ စောင့်ထိန်းခြင်းဆိုသော အကြည့်တွေ၊ ပြောဆိုဆက်ဆံမှု တွေနှင့် ပြုမူပုံတွေသာမက သူ ဖျော်ပေးသော ကော်ဖီကို မသောက် မိတော့ရန်လည်း လိုအပ်သော ကိစ္စတစ်ရပ် ဖြစ်ပေတာပဲ မဟုတ် လား။ စေတနာကို နားလည်အသိအမှတ်ပြုပေမယ့် မလိုလားအပ် သော အရှုပ်ပြဿနာတို့ကို မဖြစ်စေရန် ကြိုတင်ကာကွယ်ဖို့ဆို



တာ ဒါကလည်း အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်နေတာပဲလေ။

"ခုရှုပ်မှ နောင်ရှင်းဆိုသလို" အခုကတည်းက အားမနာစွာ ငြင်းဆန်ရှောင်တိမ်းထားမှ နောင်အရှည်သဖြင့် ကော်ဖီ ဖျော်ပေးခြင်း ရင်းနှီးမှု အစွန့်မရှည်တော့မှာပေါ့... ။

မေနှင်းဆီသည် ကိုင်ထားသော ကော်ဖီမတ်ခွက် ထဲမှ ကော်ဖီရည်ကို ကြည့်မိ၏။ ထိုစဉ် ကော်ဖီရည်၏ မျက်နှာပြင် မှာ ဦးခန့်ထည်၏ပုံရိပ်ကို မြင်တွေ့လိုက်ရသည်။ သက်ပြင်း တစ်ချက်ကို နောက်တစ်ကြိမ် ထပ်ချမိကာ "ဆောရီးပါ ဦးခန့်ထည်"ဟူ၍ ခပ်တိုးတိုး ရေရွတ်တောင်းပန်မိလိုက်ပါတော့၏။

"စကားမစပ် မေနှင်းဆီ... Staff Party ပွဲတုန်းက ရိုက် ထားတဲ့ ကိုယ်နဲ့မင်းရဲ့ ဓာတ်ပုံ မရသေးဘူးလား... "

Accounts ဌာနမှ ကွန်ပလိန့်များကို တစ်ခုချင်း ဆီ ပြန်လည်ပြောပြနေရာမှ ဖြတ်မေးလိုက်သော ဦးခန့်ထည်၏ အမေးက မေနှင်းဆီ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရ၏။ ဖျတ်ကနဲပင် ဦးခန့်ထည်ကို မျက်လုံးဆုံကာ လုပ်ငန်းအကြောင်း ပြောဆိုဆွေးနွေး နေမိသည့်အဖြစ်မှ မျက်ဝန်းအကြည့်လွှဲပြီး ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရ၏။

"ကိုယ့်ကို ဒိုင်းနင်းရှမ်းမှာ ဒေါ်တင်မိုးသွယ်က ဓာတ်ပုံတွေ ပြရဦးမယ်လို့ ပြောတယ်... ဓာတ်ပုံကြည့်ပြီး စားမြုံ့ပြန်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆိုပြီးတော့လည်း ပြောသေးတယ်... ကိုယ်က ဂျီအမ်နဲ့အတူ Lunch စားတာဆိုတော့ သူလည်း သိပ်အများကြီး မပြောသွားဘူး... သူပြောသွားတာ Staff Party တုန်းက ပုံတွေကိုပဲ ပြောတာ ဖြစ်မှာပေါ့... ဓာတ်ပုံအကြောင်း စားမြုံ့ပြန် ပြောစရာဆိုလို့ ဒါပဲ ရှိတာလေ... ကင်မရာတစ်ခု တည်းက ရိုက်ဘာ... သူတို့မှာတောင် ဓာတ်ပုံရနေ ပြီဆိုရင် မင်းဆီမှာကော ရနေရမှာပေါ့... မင်း မရသေးဘူးလား..."

"အင်း... အဲဒါ... "

ပြန်ပြောရမည့်အဖြေတစ်ခုကို ခေါင်းထဲမှ ထွက်ရန် အချိန်ဆွဲ စဉ်းစားလိုက်ရသည့် မေနှင်းဆီမှာ...

"ဒီကင်မရာက ခင်ထူးဆွေ ကင်မရာ မဟုတ်လား... ခင်ထူးဆွေပဲ ဓာတ်ပုံကူးမှာပေါ့... သူ့ဆီမှာ ဓာတ်ပုံ ရှိနေလိမ့်မယ်... မင်း ခင်ထူးဆွေနဲ့ မတွေ့ဘူးလား... "

ဦးခန့်ထည်၏ အမေးစကားတစ်ခွန်းက သူမအတွက် လွဲချဖြေစရာ အဖြေတစ်ခု ရသွားသလို ဝမ်းသာအားရ ဖြစ်သွားရသည်။ ခေါင်းကို ဆတ်ခနဲပင် ညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်... ကျွန်မနဲ့ ထူးနဲ့ မတွေ့ဖြစ်တာ အတော်ကြာပြီ... ထူးက အခုတလော ကျွန်မနဲ့ ထမင်းမစားတာ ကြာပြီ... သူတို့ဆီက budget ပိတ်တော့မှာဆိုတော့ Account ဆက်ရှင်တစ်ခုလုံး အလုပ်ရှုပ်နေတာ... ထူးက နောက်ကျမှ ထမင်းသွားစားဖြစ်တယ်... သူ ထမင်းစားတဲ့ အချိန်မှာ



ကျွန်မက ရုံးခန်းကို ပြန်လာပြီလေ... အဲဒါကြောင့် ထူးနဲ့ ကျွန်မ မတွေ့ဖြစ်တာ... "

ယုတ္တိရှိတာ၊ မရှိတာ အပထား၊ လောလောဆယ် လွှဲချပြောစရာက ဒီတစ်ခုသာ ရှိတော့သည်မို့ စီကာပတ်ကုံးပင် ပြောမိသည်။ ထိုအခါ ဦးခန့်ထည်က သူမမျက်နှာကို စိုက်စိုက်ကြည့်ပြီး မဆိုသယောင် ခေါင်းညိတ်နားထောင်၏။ သူ့မျက်ဝန်းအိမ်မှာ အရိပ်တစ်ခု ဖြတ်သွားတာ မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။ သို့သော် သူမ ဂရုမစိုက်ပါပေ။ ယုံတာ မယုံတာ သူ့ကဏ္ဍ။ သူမအတွက်က ဒီတစ်နည်းသာ လွတ်လမ်းရှိတာမို့ ကိုယ့်စကား အပေါ်မှာ နောင်တရခြင်း လုံးဝမဖြစ်ခဲ့။ သို့ပေမယ့် စိုက်ကြည့် မျက်ဝန်းတစ်စုံအောက်မှာတော့ အသက်ရှူကျပ်ကာ နေထိုင်ရတော့ ခက်လှပါ၏။ သူ ဘာတွေများ ထပ်ပြောလာမလဲ။

"ကဲ ပြောပါဦး... အဲဒီတော့ ဘေကရီ (Bakery) ဌာနက ဦးစိုးဝင်းက ဘာပြောသတဲ့လဲ... "

ဓာတ်ပုံအကြောင်း ဘာမှထပ်မပြောတော့ဘဲ ခုနက ပြောလက်စ လုပ်ငန်းအကြောင်းကို စကားပြန်ဆက်ကာ ထောက်ပြ မေးလာသော ဦးခန့်ထည်ကြောင့် မေနှင်းဆီမှာ လွတ်မြောက်သူလို အသက်ကို တစ်ဝကြီး ရှူရှိုက်ကာ ပြတ်သွားခဲ့သော စကားစကို ပြန်ဆက်ပြောမိလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၀

ဖုန်းခွက်ကို နားမှကပ်ကာ မျက်နှာလေးပင့်မော့၍ ရယ်မောစကားပြောနေသော သူမနှင့်ဆန့်ကျင်စွာ ရင်ထဲမှာ ပူလောင်ကာ မျက်နှာတစ်ခုလုံး ပြင်ဆင်လို့မရအောင် ပျက်ယွင်း နေတာ ခန့်ထည်ပင် ဖြစ်ပါသည်။

ဒီနေ့မှာတော့... ထူးထူးဆန်းဆန်း သူမထံ ယောကျ်ားသံနှင့် ဖုန်းဝင်လာခဲ့သည်။ သူမက ကော်ပီသွားဆွဲနေ သည့်အချိန်မို့ ထိုဖုန်းကို သူကပဲ လက်ခံနားထောင်ခဲ့ရ၏။ ကံဆိုး တာလား... ကံကောင်းတာလားမသိ။ သူမထံ ဖုန်းဆက်သူဟာ ယောကျ်ားတစ်ယောက်ဆိုတာ သိပြီးကတည်းက စတင်ရင်မှ ိုက်ရသည်မှာ ကော်ပီဆွဲနေသော သူမကို ဖုန်းလာနေကြောင်း



အော်ခေါ်လိုက်ပြီး၊ သူမက ထိုဖုန်းကို လက်ခံစကားပြောနေခြင်း မှာ ရယ်ရွှင်မြူးပြသည့်အသံနှင့် ပြုံးချိုနေသောမျက်နှာလေးနှင့် သည့်တို့ကို ကြားရမြင်ရပြီး တစ်လျှောက်လုံး သူ့ရင်ထဲမှ အပူ တစ်ခုက မီးတောက်အဖြစ်သို့ ကူးပြောင်း၏။

သူ သတိထားမိသလောက်ကတော့ သူမ အလုပ် ဝင်ကတည်းက ယခုအချိန်အထိ သူမအိမ်မှ မိသားစု တစ်ခါတစ်ရံ ဖုန်းဆက်တတ်တာကလွဲလျှင် သူမထံ ဘယ်သူမှ ဖုန်းမဆက်လာ ဖူးပါ။ အထူးသဖြင့် ယောကျ်ားသံနှင့်ပေါ့။

သူမ စကားပြောနေသည့်အချိန်မှာ ယဉ်ကျေးမှု အရာအရာတွေထည့်တွက်မနေကာ ကိုယ့်စားပွဲ ကိုယ့်ထိုင်ခုံ မှာပင် ကျောက်ချထိုင်နေမိသည်။ ထိုသို့သောအခါ သဝန်တိုခြင်း မီးတောက်တစ်ခုက သူ့ရင်ထဲမှာ အရှိန်ပြင်းပြင်း တောက်လောင် နေ၏။ ရှိင်းချင်လည်း ရှိင်းပါစေတော့။ သူမ ဖုန်းပြောနေခြင်းကို သိသာစွာ ဆက်လက်နားထောင်နေမိသည်။

"အောင်မယ်... အောင်မယ်... နင် ငါ့ကို ပေါက်ကရတွေ လျှောက်ပြောမနေနဲ့နော် ရန်မင်း... အစ်ကိုမဂ်လာဆောင် တာနဲ့ ရောယောင်ပြီး အားကျမနေနဲ့..."

"... ..."

"အင်း... နင်... ရတနာနဲ့ကော တွေ့သေးလား... ငါတော့ မတွေ့ဖြစ်သေးဘူးဟယ်... New Year တုန်းကလည်း အိမ်ကဖုန်းပျက်နေတော့ သူ့ဆီ wish မလုပ်ဖြစ်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



" ... ... "

"အေး... ငါတို့တစ်ရက်မှ သူ့ဆီသွားရအောင်လေ... ဒီကောင်လည်း မတ်လထဲထင်တယ်... သူ့ဂျူးဒိတ်က... "

" ... ... "

"ရန်မင်းနော်... ဘယ်လိုဖြစ်နေတာလဲ... ကဲ... ကဲ... တော်ပြီ... ငါ ဖုန်းချတော့မယ်... ငါ အလုပ်လုပ်နေတာဟ... ကြာကြာပြောလို့ မကောင်းဘူး... အခုတောင် တော်တော်ကြာနေပြီ... "

" ... ... "

"အေးပါ... ငါ စောင့်နေပါ့မယ်... ဘာပဲဖြစ်ဖြစ် Warmly Welcome (လှိုက်လှဲစွာ) နဲ့ ကြိုဆိုရမှာလေ... နင့်အစ်ကိုက ငါတို့ hotel ကို အားပေးမှာပဲဥစ္စာ... Service money (ဝန်ဆောင်ခ)များများရမယ့်အရေးမှာ... ငါက... နင့်ကို လှိုက်လှဲစွာကြိုဆိုရမှာပေါ့... မဟုတ်ဘူးလား... ဟင်း... ဟင်း... "

" ... ... "

"အေးပါ... ဟုတ်ပါပြီ... နင်... ငါ့ဆီလာမယ့်ကိစ္စမှာ... ငါက နင့်ကို ဧည့်ခံရမှာပေါ့... ဒေါ်လာဆိုတာ မိုင်နာပါကွယ်... အဲဒီအတွက် နင် စိတ်မပူပါနဲ့... နင်သာ... လေးဒေါ်လာတန်ကော်ဖီနဲ့ ငါးဒေါ်လာတန် မုန့်တွေကို စားနိုင်ဖို့... စားဝင်ဖို့ ကြိုးစားထား... ငါ့သူငယ်ချင်းလေး ပိုက်ဆံ



ကုန်တော့မှာပဲဆိုပြီး အားနာသမှုတွေ ဘာတွေဖြစ်နေနဲ့ ကြားလား... "

" ... ... "

"ဟဲ့... စေတနာရှိလို့ ကျွေးမယ်ပြောတာပေါ့... ရန် ... နင် ငါ့ကို လာရစ်မနေနဲ့နော်... "

" ... ... "

"ဟုတ်ပါပြီ... ဟင်း ဟင်း... အိုကေ... ဒါပဲဟာ... ဘိုင့်ဘိုင်... "

သူမက အရှိန်မသတ်နိုင်သော ပြုံးစိမျက်နှာနှင့် ...န်းကိုချ၏။ ပြီးနောက် သူ့ထံ ယောင်လို့တောင် မကြည့်ကာ ...တ်ပီဆွဲရာနေရာသို့ ဒေါက်ဖိနပ်သံတဒေါက်ဒေါက်နှင့် လျှောက်...သွားသည်။ ထိုအခါ မျက်ခုံးကိုကျုံ့၍ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် ...ခ်ယောက်တည်း စိတ်တိုင်းမကျကာ သဝန်တို၍ ရင်ပူကျန်ခဲ့...သည်မှာ ခန့်ထည်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေနှင်းဆီ... ယူဆရာဆီက ဖုန်းလာတယ်... "

ဟု လှမ်းပြောလိုက်သံက တတိယအကြိမ်မြောက် ဖုန်းသွားပြောရမည့် အခြေအနေမှာ ဒီ Business Centre အခန်းထဲရှိ ရှိသမျှလူအားလုံးကို မျက်နှာပူရသည်။

အထူးသဖြင့် သူငယ်ချင်းဖြစ်သော ရန်မင်းကိုပင်။ ရန်မင်းထံ မသိမသာကြည့်မိတော့ ရန်မင်းက ဘယ်လိုလဲ ဘာတွေဖြစ်နေသလဲဆိုသည့် အကြည့်နှင့် ကြည့်နေတာမို့ အနေရခက်စွာ ရင်ထဲတင်းကျပ်သွားသည်။

ဒီနေ့ ရန်မင်းက သူ့အစ်ကို၏ဇနီးလောင်း'မမအေး' နှင့်အတူ သူမတို့ဟိုတယ်မှာ သူ့အစ်ကိုမင်္ဂလာဧည့်ခံပွဲ ကျင်းပရန် အတွက် ကြိုတင်ငွေ လာရောက်ပေးသွင်းခြင်းပင်။ မနေ့ကထည်းက သူမထံ ဖုန်းဆက်ထားတာမို့ သူမမှာ ဟိုတယ်ရောက်ပြီး ရန်မင်း ဖုန်းဆက်လာမည့် အသံကို နားတစွင့်စွင့်နှင့် ရှိနေရသည်။ ရန်မင်း၏ ဖုန်းခေါ်သံကို နားစွင့်နေရသည့်ကြားထည်းမှာမှ မစ္စတာခန့်ထည်ကလည်း ခေါင်းမဖော်စတမ်း ခိုင်းနေတာမို့ သူမမှာ စိတ်မဖြောင့် လက်မဖြောင့်နှင့် အလုပ်ထဲ စိတ်မဝင်စားနိုင်ဖြစ်နေခဲ့ရသည်။ ဒီနေ့မှာမှ ဦးခန့်ထည်ကလည်း အလုပ်က ပိုနိုင်နေသလားထင်ရအောင်ပင်။ သူမစားပွဲပေါ် ကွန်ပျူတာရိုက်ရန် စာရွက်တွေလာချပေးသည်မှာ တစ်ရွက်ပြီးတစ်ရွက်၊ မနားစတမ်း။ ဟုတ်ကောဟုတ်သေးရဲ့လားဟု သူ့ထံမသိမသာ အကဲခတ်ကြည့်မိတော့ မျက်ခုံးက အနည်းငယ်တွန့်ချင်သယောင်ရှိကာ မျက်နှာ



ထည်း တည်တည်ကြီးနှင့်မို့ သူ့ တကယ်ကို အလုပ်ရှုပ်တာဝ နေမှာပါဟု ဖြေလျှော့တွေးရင်း မနက်ပိုင်းလာမည် ပြောထား ာ ရန်မင်းကို အခုမနက်ပိုင်းမှာ မလာစေချင်ဘဲ နေ့လည်ပိုင်း ပဲ လာပါစေဟူ၍ ဆုတောင်းနေမိခဲ့သည်။

သူမ၏ဆုတောင်းက မပြည့်ခဲ့ပါ။ ဆယ်နာရီဆယ့် ာက်မှာ ရန်မင်းက ဟိုတယ်ရောက်နေပြီဖြစ်ကြောင်းကို ption(ဧည့်ကြို) မှ လှမ်းဆက်တာမို့ သူမမှာ ရန်မင်း ဖုန်းကို ပြီးချင်း ဦးခန့်ထည်ကို မတတ်သာစွာ ခွင့်တောင်းရပါ၏။

"ရတယ်လေ... သွားပါ... "

ဟူ၍ သူမ သိပ်အကြာကြီး ခွင့်တောင်းပြောစရာ အောင် တိုတိုရှင်းရှင်းနှင့် ခွင့်ပြုခဲ့သည့် ဦးခန့်ထည်ကြောင့် သည်များ နားနေရန် ဧည့်ခန်းမှာရှိနေသော ရန်မင်းနှင့် သူ့ ကို၏ဇနီးလောင်းထံသို့ သွားကာ ဧည့်ခံပွဲများအတွက် ငွေ းလက်ခံသော Business Centre (စီးပွားရေးဌာန)သို့ ခေါ်လာ ိုက်သည်။

Business Centre (စီးပွားရေးဌာန) ရောက်လို့ မိနစ်ပင်မရှိသေး၊ ဦးခန့်ထည်ထံမှ ပထမဆုံးဖုန်းက လိုက်လာ ။ အကြောင်းက ဟောင်ကောင်မှ ကွန်ထရိုလာ မစ္စတာရော် န်၏ ဖုန်းနံပါတ် ပြောင်းမပြောင်း လှမ်းမေးတာပင်။ ဤကြောင် င်းက "နင် အလုပ်တွေ ရှိနေသေးလား" ဟူ၍ အားနာသလို တာမို့ "ရပါတယ်... ဖုန်း... တို့ E-mail တို့ က ပါပေါ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပေးရတာဆိုတော့ ငါ့ကိုလှမ်းမေးပြီး confirm လုပ်တာဝ
သိတယ်မဟုတ်လား... ငါက ဆရာကြီးလေ" ဟု မေးလေးတ
ပင့်နှင့် တမင်ဂုဏ်လုပ်ပြောကာ ရန်မင်း၏ အားနာမှုကို ဖော
လိုက်သည်။

နောက် ဆယ်မိနစ်လောက်ကြာသည့် အခါ
တော့ ဒုတိယအကြိမ်မြောက် ထပ်ဆက်လာခဲ့၏။ သည်တစ်ကြ
ဆက်ရခြင်းက Cost Controll Section ၏ Monthly Report ဖိုင်(
ဘယ်မှာထားသလဲ လှမ်းမေးတာပင်... ။ ထိုအခါ ရန်မင်း
နာခေါင်းရှုံ့၍ "ဘယ်လိုလဲဟာ... နင့်ဆရာက နင် မရှိရင် မ
ဘူးလား..." ဟု မေး၏။ ဤတွင် သူမက "ဒါပေါ့... ေ
Essential (မရှိမဖြစ်) မေနှင်းဆီလေ... အခု နင့် သဘောပေ
တွယ် မဟုတ်လား" ဟူ၍ ပြောင်စပ်စပ်နှင့်ပင် ပြန်ပြောခဲ့သ
ကို ရန်မင်းက မသက်မသာ အပြုံးနှင့် နှာခေါင်းရှုံ့ကာ ခေါင်
လေသည်။ သူမကလည်း ရန်မင်းပုံစံကို မသိချင်ယောင်ဆေ
ကာ ဦးခန့်ထည်၏ဖုန်းသံတွေ အနောက်က လိုက်လာခြင်
မထူးဆန်းသလို သာမန်ပုံစံနှင့် နေပြခဲ့၏။

ဖိတ်မည့်သူအရေအတွက်နှင့် ခန်းမတွင် ဆန့်
လူအရေအတွက်၊ လိုအပ်လျှင် ထပ်၍ငှားရမ်းမည့်ဘောမှ အ
ခန်းမနှစ်ခုကို ဈေးမေးညှိနှိုင်းချိန်၊ ဟိုတယ်တွင် ကျွေးမွေ
အစားအသောက်များ၊ ခန်းမပြင်ဆင်ပုံနှင့် ဘယ်လိုသော ေ
လက်ဆောင်များ ပေးမလဲဆိုတာ သူမကို အသိသက်သေထ



မေးနေချိန်မို့... မေနှင်းဆီမှာ ရန်မင်းမရီးလောင်း၏ အားနာအကြည့်တို့ကို မျက်နှာပူပူနှင့်ပင် လက်ခံယူကာ "ခဏနော်" ဟူ၍ ခွင့်တောင်းပြောပြီး ဖုန်းထားရှိရာနေရာသို့ လျှောက်သွားလိုက်၏။

"ဟဲလို... "

"မေနှင်းဆီ... ဂ◌ါနေ့က မင်းကို မစ္စတာအန်တိုနီယိုဆီ ပို့ခိုင်းတဲ့စာ ပို့ပြီးပါပြီနော်... "

"ဟုတ်ကဲ့... ပို့ပြီးပါပြီ... ဘာဖြစ်လို့လဲ ဦးခန့်ထည်... "

"သြော်...၊ သူ့ဆီ ကိုယ်ဖုန်းဆက်စရာရှိလို့... အဲဒါ မင်း ပို့ပြီး... မပြီး သေချာအောင် မေးကြည့်တာ... "

"မစ္စတာအန်တိုနီယိုဆီ ဖုန်းဆက်ရင်းနဲ့ တစ်ခါတည်း မေးလိုက်ရင်လည်း ရတာပဲလေ... "

ဒီစကားကို မပြောသင့်ဘူးဆိုတာ သိသိကြီးနှင့် စိတ်ပေါက်ပေါက်နှင့်ပင် တမင်ရွဲ့ကာ ပြောလိုက်မိ၏။ ထိုအခါ တစ်ဘက်မှ ဦးခန့်ထည်အသံက တိတ်ဆိတ်သွားသည်။ ပြီးမှ...

"မင်းကိုမေးတာပဲ ကောင်းတာပေါ့... အိုကေ... ကောင်းပြီလေ... ဒါပဲနော်... "

သူက ပြောပြီးသည်နှင့် ဖုန်းချဖို့လုပ်တာမို့ အလျင်အမြန်ခေါ်လိုက်၏။

"ဦးခန့်ထည်... "

"ဟင်... "

"ကျွန်မကို ဘာမေးစရာရှိသေးသလဲဟင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ... "

"ခြေဘ်... အခု ကျွန်မသူငယ်ချင်းရဲ့ အစ်ကိုမင်္ဂလာဆည့်ခံပွဲအတွက် Advance(ကြိုတင်ငွေ) ပေးလို့ပြီးတော့မှာပါ... ဒါပြီးတော့ကျရင် ကျွန်မဧည့်သည်တွေအတွက် ကော်ဖီဘားမှာ ကော်ဖီလိုက်တိုက်ချင်ပါတယ်... ကျွန်မ နာရီဝက်လောက် အချိန်ယူရင် ရမလား... အဲဒီ နာရီဝက်အချိန်က ဦးခန့်ထည်အတွက် အလုပ်လုပ်တာ နှောင့်နှေးမှု ဖြစ်သွားနိုင်မလား... "

သူမ၏စကားသံအဆုံး ဦးခန့်ထည်၏ တုန့်ပြန်မှုက လျှင်မြန်စွာ ကြေးနန်းကြိုးမှတစ်ဆင့် ပေါ်ထွက်လာသည်။

"ဟင်... ရပါတယ်... မဖြစ်ပါဘူး... သွားပါ... ရပါတယ်"

"အကယ်၍... အခု ဒီကိုလာနေတဲ့ တစ်နာရီအတွက် ကျွန်မရဲ့တစ်နေ့တာ Working hours(အလုပ်ချိန်) မပြည့်ဘူးလို့ယူဆရင် အိုဗာတိုင်ဆင်းပြီး ကျွန်မ အလုပ်,လုပ်ပေးပါ့မယ်"

"ဟာ... မဟုတ်တာကွာ... "

"ဖြစ်သင့်တာကို ပြောတာပါ ဦးခန့်ထည်... ဟိုမှာ Advance ပေးပြီးလို့ သူတို့ ကျွန်မကို စောင့်နေပြီ... ကျွန်မ သွားလိုက်ဦးမယ်... ဒါပါပဲနော်... "

တစ်ဘက်မှ ဦးခန့်ထည်၏ တုံ့ပြန်သံကို နားမထောင်တော့ဘဲ ဖုန်းချပြီး ရန်မင်းတို့ထံ လျှောက်သွားလိုက်၏။



ပြောချင်တာပြောခဲ့လိုက်ရတော့ ရင်ထဲမှာ တင်းကျပ်မှုက အနည်းငယ်သက်သာသွားရသလိုပင်။ ဘာမှကိစ္စအထွေအထူး မရှိပါဘဲနှင့် ဖုန်းတဂွမ်ဂွမ်ဆက်ပြီး သူမကို နောက်ကြောင်းမအေးစေသောသူ့အား ရှဲ့ပြီး နောက်ကြောင်းအေးအေးနှင့်ပင် ရန်မင်းတို့ကို ကော်ဖီတိုက်ဖြစ်အောင် တိုက်မည်ဟု ဆုံးဖြတ်၏။ သို့သော် တစေ့တစောင်း ကြည့်နေသော မျက်ဝန်းသုံးလေးစုံအောက်မှာ မျက်နှာကတော့ ပူနေဆဲဖြစ်သည်။ အနားရောက်တော့ ရန်မင်းက သူမထံလှမ်းကြည့်ကာ...

"ဘယ်လိုလဲ မေနှင်းဆီ... နှင့်အလုပ်တွေက ရရဲ့လား..."

"ရပါတယ်... ပြီးပြီလား ပိုက်ဆံပေးလို့... "

"ပြီးပြီ ညီမလေး... "

ရန်မင်း၏ မရီးလောင်းက ခပ်ပြုံးပြုံးဖြင့် လျှင်မြန်စွာဝင်ပြော၏။ သတိုးသားလောင်းက ခရီးထွက်နေ၍ သတို့သား၏ညီကို မင်္ဂလာဆည့်ခံပွဲအတွက် ကြိုတင်ငွေပေးချေရာတွင် အဖော်အဖြစ် ခေါ်လာခဲ့သော ရန်မင်း၏မရီးလောင်းက သူမကို အလွန်အမင်း အားနာနေသည့်ပုံ။

"ဒါဆို... ကော်ဖီဘားကို သွားရအောင်နော်... "

"ဟဲ့... နင်ဟာက ဖြစ်ရဲ့လား... "

"ဟုတ်ပါတယ်... ညီမလေးရယ်... မမက ညီမလေး ဒီလောက်ကူညီပြီး လိုက်ပို့ပေးတာကိုပဲ ကျေးဇူးတင် အားနာနေမိတာ... ကော်ဖီဘားကို သွားမနေပါနဲ့တော့... "

www.burmeseclassic.com

www.burmeseclassic.com



ရန်မင်းနှင့် သူ့မရီးလောင်းက ပြိုင်တူပင် သူမကို အားနာစကားဆိုသည်။ မေနှင်းဆီ ပြုံး၍ခေါင်းခါပြီး...

"ရပါတယ် မမရဲ့... ကျွန်မတို့ ဟိုတယ်ကို လာအားပေးတဲ့သူကို အဲဒီလောက်တော့ ကျွန်မလုပ်ပေးရမှာပေါ့... အားမနာပါနဲ့... နောက်ပြီး... ရန်မင်းက ကျွန်မ အလုပ်စလုပ်ကတည်းက ဒီကို တစ်ခါမှ လာဖူးတာမဟုတ်ဘူး... အခု သူလာတုန်း ကြုံကြိုက်လို့ ပြုစုချင်လို့ပါ... မမကိုလည်း ဧည့်ခံရတာပေါ့... "

ဟု၍ဇွတ်တိုးပြောလိုက်၏။ ရန်မင်း၏မရီးလောင်းက သူမကို အားနာ၍ ဆက်ပြော ငြင်းရန် အခက်တွေ့ပုံနှင့် ရန်မင်း ထံကြည့်လေသည်။ ရန်မင်းက သူမထံကြည့်လာကာ

"နှင်း... ငါ တစ်ခု ပြောမယ်... "

"တစ်ခုမကဘူး... ကြိုက်သလောက် ပြောလို့ရတယ်...ငါ... နှင့်ကို မနေ့ကတည်းက ပြောထားတယ်နော်... ရန်မင်း... နှင်လာရင် ကော်ဖီလိုက်တိုက်မယ်ဆိုတာ... နှင်ဘာမှ ငါ့ အလုပ်အတွက် နောက်ကြောင်းမအေး... မဖြစ်နဲ့... အားနာဖို့လည်း မလိုဘူး... ခုနက ဦးခန့်ထည် ကို Advance ပေးပြီးရင် နှင်တို့ကို ကော်ဖီတိုက်မယ်ဆိုတာ ပြောလိုက်ပြီးပြီ... ငါ နာရီဝက်တိတိ အချိန်ရတယ်... ဒီအချိန်အတွက် နှင် မပူနဲ့... ငါ ညနေကျရင် အိုဗာတိုင်ဆင်းပြီး အစားထိုး လုပ်ပေးမယ်ဆိုတာလည်း ပြောပြီးပြီ...



"ကဲ... ဒီလောက်ဆို နှင် သဘောပေါက်ပါတယ်နော်"

ရန်မင်းက ဆက်လက်၍ မပြောလိုတော့ပါဆို ည့် ပုံစံနှင့် မျက်ခုံးပင့် ပခုံးစုံတွန့်ကာ အဆက်ကို ခပ်ပြင်းပြင်း ထုတ်၏။ သူ့မရီးလောင်းဘက်သို့ လှည့်ကြည့်ကာ...

"မမအေး... သူ့ကို ဘာမှမပြောနဲ့တော့... အလုပ်တစ်ခု လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင်... လုံးဝမပြောင်းလဲတတ် တာ... မေနှင်းဆီဆိုတဲ့ သူရဲ့အကျင့်ပဲ... အဲဒီတော့... မမအေး သူ့ကို ဘာမှ အားနာစရာမလိုဘဲ သူတိုက်တဲ့ လေးဒေါ်လာ တန်ကော်ဖီကို အရသာရှိရှိ... မိမ်ရှိရှိနဲ့သာ လိုက်သောက် လိုက်တော့... "

"အေး... အဲဒီလိုလုပ်စမ်းပါဟာ... အစကတည်းက အမြင် မှန်ရဖို့ကောင်းတယ်... ကဲ... ကဲ... စကားပြောနေတာ ကြာတယ်... သွားရအောင်... နာရီဝက်ပဲ အချိန်ရတာ"

"ကြွပါ... နှင်ပဲအရှေ့က... "

ရန်မင်း၏အပြောမှာ မေနှင်းဆီသည် ခေါင်းကို ငဲ့မော့၍ တာမင်ဟန်လုပ်ကာ အရှေ့မှဦးဆောင်၍ Business Cen- ter အခန်းအတွင်းမှ ထွက်ခဲ့တော့သည်။

www.burmeseclassic.com



သိပ်ကို စိတ်ညစ်စရာကောင်းကာ မခံချင်ဖြစ်

ကောင်းတော့တာပါပဲ။ သူမတို့သုံးယောက် ကော်ဖီဘားမှာ

စီထိုင်သောက်နေသည့်အချိန်မှာ ဦးခန့်ထည်ထံမှ စတုတ္ထအကြိ

မြောက် ဆက်သွယ်မှုက ကော်ဖီဘားအထိ ရောက်ရှိလာတာ

ဒီတစ်ခါမှာတော့ ဖုန်းဆက်လာခြင်းမဟုတ်ဘဲ လူကိုယ်တိုင်

ကော်ဖီဘားအထိ ဆင်းလိုက်လာခြင်း ဖြစ်၏။ မေနှင်းဆီမှ

သူ့ကိုတွေ့လိုက်ရတော့ အံ့ဩစိတ်ညစ်သွားသည်နှင့်အညီ ရင်

ပြန်လည်တင်းကျပ်သွားရကာ သူမတို့စားပွဲဆီသို့ ဆိုက်ဆို

မြိုက်မြိုက် ရောက်ရှိလာသော သူ့အား မကောင်းတတ်စွာ ရန်မ

တို့နှင့် မိတ်ဆက်ပေးရတော့၏။ မမအေးကို အသိအမှတ်ပြုပုံ

ခေါင်းဆက်နှုတ်ဆက်ကာ ရန်မင်းနှင့် လက်ဆွဲနှုတ်ဆက်ပြီး အ

မှာတော့ သူမထံ တည့်တည့်စိုက်ကြည့်ကာ ပြောလာသည်။

"ခုနက... ချက်ချင်းကြီး ဖုန်းချသွားတော့ မင်းကို ဘာ

မပြောလိုက်နိုင်ဘူး ဖြစ်သွားတယ် မေနှင်းဆီ... အဲ

ကြောင့် ဒီအထိ တကူးတကလာပြီး... ကိုယ်ပြောတာ"

သူ့စကားကို နားမလည်စွာ ရင်ထဲ အစာမကြေ

အခြေခံနှင့် သူ့မျက်ဝန်းထဲ စူးစူးပြန်ကြည့်မိ၏။

"ကိုယ်တို့ ဟိုတယ်ရဲ့စည်းကမ်းက... ကိုယ့်ဂျူတီကျ

တဲ့ Office hour (ရုံးချိန်)အတွင်းမှာ ဟိုတယ်ထဲက ဘာ

restaurant (စားသောက်ဆိုင်)မှာမှ စားသောက်ခွင့် မရှိဘူး

လေ... "



ဟင်... ဘာလဲ... ။ အလကားစားတာမှ မဟုတ်ဘာ၊ ကိုယ့်ပိုက်ဆံနှင့် ကိုယ်စားတာပဲ။ နောက်ပြီး ကိုယ့်ဟိုတယ်ကို ဝင်ငွေရအောင် လာအားပေးတဲ့ ဧည့်သည်ကို ဒီလောက်တောင်မှ ဧည့်ခံခွင့်မရှိဘူးလား။

"မင်းရဲ့အယူအဆကတော့ မင်းရဲ့သူငယ်ချင်း... အင်း... ဟိုတယ်ကို လာအားပေးတဲ့သူကို ကြုံကြိုက်တုန်း ဧည့်ခံချင်တယ်... နောက်... အလကားဧည့်ခံတာလည်း မဟုတ်ဘူး... မင်းပိုက်ဆံနဲ့ မင်းဧည့်ခံတယ်ပေါ့..."

"ဒါပေမယ့်... ဒါက after office hour (ရုံးချိန်ပြင်ပ) မှာပဲ မင်းလုပ်လို့ရမယ်နော် မေနှင်းဆီ... office hour (ရုံးချိန်) အတွင်းမှာတော့ မရဘူး... "

သူမရင်ထဲမှ စကားကို သိပုံနှင့် မျက်ဝန်းထဲစိုက်ကြည့်ကာ အေးဆေးတည်ငြိမ်စွာ ပြောလာသော ဦးခန့်ထည်စကားများကြောင့် မေနှင်းဆီ ရင်ထဲခံစားမှုနှစ်ခု ဖြစ်ထွန်း၏။

တစ်ခုက ကိုယ်မသိလိုက်မိသော ဟိုတယ်၏စည်းကမ်းကို ကိုယ်ချိုးဖောက်သလိုဖြစ်တာကြောင့် ရှက်ရွံ့စိတ်ဖြစ်ပြီး နောက်တစ်ခုက ထိုစည်းကမ်းကို သူမ၏ဧည့်သည်များရှေ့တွင် အားနာထောက်ထားမှု မရှိစွာ ကိုယ်တိုင်ကိုယ်ကျ လာပြောရက်သော သူ့ကြောင့် ရန်မင်းတို့ကို သူမက ပြန်လည်၍ အားနာစိတ်ပင် ဖြစ်၏။ ရန်မင်းတို့က ဒီလောက် အတန်တန်တားကာ၊ ငြင်းဆန်နေသည့် ကြားထဲမှာမှ သူမက ဇွတ်ပင် ကော်ဖီဘားသို့ ခေါ်ချလာခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ အခုတော့ ဦးခန့်ထည်၊ သူမနှင့် ဟိုတယ်စည်းကမ်းမှာ ရန်မင်းနှင့် မမအေး အနေရခက်တော့မည်။ သူ မှန်တယ်ထင်လျှင် သူတစ်ဘက်သားကို အားနာငဲ့ညှာမှု လုံးလုံးမရှိပါလေသော ဦးခန့်ထည်က သူမကိုပဲ ကြည့်ကာပြော နေသည်။

"ကဲ… ကော်ဖီသောက်စရာရှိတာ သောက်ပြီး… အပေါ်ကို ပြန်တက်ခဲ့လိုက်တော့နော်… သိပ်တော့မကြာစေနဲ့… ဂျီအမ်ရောက်လာလို့ တွေ့သွားရင် မကောင်းဘူး… "

သူမရှေ့ စားပွဲပေါ်မှာတင်ထားသော ကော်ဖီခွက်ကိုကြည့်ကာ မေးထိုး၍ ပြောလိုက်သေးသည်။ ကော်ဖီပဲဆက်သောက်ရနိုး… တစ်ခုခုပဲ ပြောချလိုက်ရနိုး… ဝေခွဲမရဖြစ်နေသည့် အချိန်မှာ ရန်မင်းက…

"အားနာစရာတော့ ကောင်းနေပြီဗျာ… ကျွန်တော်တို့ကပါ မနေ့င်းဆီ ဟိုတယ်စည်းကမ်းဖောက်ဖျက်ဖို့ တွန်းအားပေးသလို ဖြစ်နေပြီ… "

"ကိစ္စမရှိပါဘူး… ဟိုတယ်ရဲ့စည်းကမ်းထဲမှာ ဒီတစ်ခုပါတာကိုပါ… မပြောမိတာ ကျွန်တော့်လိုအပ်ချက်ပေါ့… နောက် သူကလည်း အလုပ်လုပ်တဲ့အချိန် အတောအတွင်းမှာ ဒီတစ်ခါပဲ ဒီကိစ္စကို လုပ်ဖူးတာလေ… အရှေ့ပိုင်းက တစ်ခါမှ မလုပ်ဖူးတော့ ကျွန်တော်လည်း ပြောဖို့မလိုဘူးထင်ပြီး မပြောခဲ့မိတာ… အခုကိစ္စကို ဂျီအမ်သိပြီး ပြောလာလည်း ကိစ္စမရှိပါဘူး… မသိလို့ လုပ်မိတဲ့ဟာပဲ…



အစကတည်းက ဒီစည်းကမ်းကို မပြောခဲ့မိတဲ့ ကျွန်တော့်လိုအပ်ချက်ကိုပဲ ပြောရမှာပေါ့… "

"ဘာပဲဖြစ်ဖြစ်… ကျွန်မတို့က အားနာမိတာပါ… ကဲ… ကဲ… မောင်လေးနဲ့ ညီမလေး မြန်မြန်သောက်လိုက်နော်… ပြီးရင်သွားရအောင်… နို့မို့ဆို ညီမလေးရဲ့အလုပ်ကိစ္စမှာ ထိခိုက်မယ်… "

ရန်မင်းက မမအေးစကားကို နားထောင်ပြီး ကော်ဖီကို ငွပ်ခနဲမော့သောက်လိုက်ပေမယ့် သူမကတော့ လက်ကျန်ကော်ဖီကို မော့မသောက်ဖြစ်တဲ့ နှုတ်ဆိတ်ငြိမ်သက်ကာ တောင့်တောင့်ကြီး ထိုင်နေမိသည်။

"ခဏလာဦး… "

ထိုစဉ် ဦးခန့်ထည်က မလှမ်းမကမ်းမှာရပ်နေသော waiter (စားပွဲထိုး)ကို လှမ်းခေါ်တာမို့ သူ ဘာပြောမလဲ ဆိုတာ သိချင်စွာ စောင့်ကြည့်မိသည်။

"ဒီမှာစားထားတဲ့ဟာတွေကို ကိုယ့်နာမည်ထဲ ထည့်ထားလိုက်ပါ… "

"ဟာ… မဟုတ်တာ… "

"မဟုတ်တာရှင်… ကျွန်မတို့ ရှင်းမှာပေါ့… "

"ကျွန်မရဲ့ဧည့်သည်ကို ကျွန်မပဲ ရှင်းမယ် ဦးခန့်ထည်… သူတို့ကို ကျွန်မက ကော်ဖီတိုက်မယ်ဆိုပြီး ခေါ်လာတာ… ဦးခန့်ထည်နဲ့ ဘာမှမဆိုင်တဲ့သူတွေကို ဦးခန့်ထည် ရှင်းစရာမလိုပါဘူး… "

www.burmeseclassic.com

www.burmeseclassic.com



ရန်မင်းနှင့် မမအေးတို့၏ ငြင်းဆန်မှုနှင့်အတူ သူ ကလည်း ဦးခန့်ထည်ထံ သူ ပြုလုပ်သမျှကို လက်မခံနိုင်ကြောင်း ခပ်ပြတ်ပြတ်ပြောလိုက်၏။ ဦးခန့်ထည်က မျက်နှာတည်တည် ပင် သူ့မထံစိုက်စိုက်ကြည့်လာကာ

"ဒီအချိန်မှာ မင်းအိတ်ထဲ ဒေါ်လာတစ်သောင်းရှိနေလဲ မင်းရဲ့ပိုက်ဆံနဲ့ ဒီမှာဘာတစ်ခုမှ ဝယ်ယူစားသောက်လို့ မရဘူး မေနှင်းဆီ... ဘာလို့လဲဆိုတော့ မင်းက ဒီဟိုတယ် ရဲ့ဝန်ထမ်းဖြစ်နေလို့ပဲ... မင်းရှင်းလို့မရတဲ့ ကိစ္စတစ်ခုမှ မင်းက ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို သူတို့ပိုက်ဆံနဲ့ သူ စားသောက်တဲ့ ကုန်ကျစရိတ်ကို ရှင်းစေချင်လို့လား ကိုယ်ဆိုရင်တော့ ဒီလိုလုပ်ချင်မိမှာ မဟုတ်ဘူး... ဒီ ကာ ကိုယ်နဲ့မဆိုင်မှန်းတော့ သိတယ်... ဒါပေမဲ့ သူတို့မ ရမယ့် အခြေအနေတစ်ခုကို ကိုယ်လုပ်ပေးလိုက်တာ လက်ခံနိုင်မှာပေါ့... "

မေနှင်းဆီမှာ ဘာမှပြန်မပြောနိုင်စွာ နှုတ်ခမ်းတ တင်းစေ့၍ ငြိမ်နေမိသည်။ ကိုယ်မသိလိုက်ရသော ဟိုတယ် စည်းကမ်းတစ်ခုပြီးတစ်ခုကို ကျူးလွန်နေမိတာက သူမအတွ ရှက်ဖို့ကောင်းလွန်းလှစွာ... ။

"မဟုတ်တာပဲရှင်... ကျွန်မတို့ဘာသာ ရှင်းရလည်း မှကိစ္စမရှိပါဘူး... အခုတော့ အားနာစရာ... "

"ရပါတယ် ခင်ဗျ... ကိုယ့်ဟိုတယ်ကို လာအား



ဧည့်သည်ကို ကျွန်တော်တို့က ပြန်ဧည့်ခံရမှာပေါ့... မေနှင်းဆီက ဆန္ဒရှိပေမဲ့ ဒါက ဟိုတယ်စည်းကမ်းဖြစ် နေတဲ့အတွက် သူ ရှင်းပေးလို့မရတဲ့ကိစ္စတစ်ခုကို ကျွန်တော် က ကြားဝင်ဖြေရှင်းပေးလိုက်တယ်လို့ သတ်မှတ်ပြီး မေနှင်းဆီက ရှင်းပေးလိုက်သလိုပဲ စိတ်ထဲ အောက်မေ့ လိုက်တော့ပေါ့... ဒါဆို အားနာစရာ မလိုတော့ပါဘူး..."

မမအေးဘက်လှည့်ကာ ပြေရာပြေကြောင်း ပြော နေပြန်တော့ မမအေးကလည်း ဘာပြန်ပြောရမှန်းမသိစွာ အား တုံ့အားနာမျက်နှာနှင့် ထိုင်ရာမှ ထရပ်၏။ ထိုသို့ ဆိုပြန်တော့ လည်း ဆက်လက်ငြင်းဖို့ရာမှာပါ ထပ်မံအားနာဖို့ ဖြစ်ဦးမည် မေနှင်းဆီ ရန်မင်းထံ ကြည့်လိုက်မိတော့ ရန်မင်းကလည်း သူမ ထံ ကြည့်လာပဘိမို့ မျက်ဝန်းနှစ်ခု ဆုံတွေ့သည့်အချိန်မှာ မျက်နှာ ရှုလျှာအရင်ဦးစွာ မျက်ဝန်းလွဲဖယ် မျက်လွှာချလိုက်သူမှာ မေနှင်း ဆီပင် ဖြစ်ပါတော့သည်။

"Royal Crown ရဲ့ အရမ်းပြင်းတယ်လို့ပြောတဲ့ ကော်ဖီ ကို မင်းသောက်လို့ရတယ်နော် မေနှင်းဆီ... ဒီကော်ဖီ သောက်တဲ့အခါမှာတော့ မင်းအသက်ရှူကျပ်ပြီး မမော တော့ဘူးလား... ရင်ကော မတုန်ဘူးလား...

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော တိုက်ကွက်တစ်ခုက ရုံးခန်းထဲ ပြန်ရောက်သည့်အချိန်မှာ စတင်လာ၏။ သူ ဖျော်ပေးသော ကော်ဖီကို မသောက်ချင်တော့၍ လုပ်ကြံရောဂါတစ်ခု ရှာဖွေပြော ထားခဲ့မိသော မေနှင်းဆီမှာ သူ၏တိုက်ကွက်တစ်ခုကို ဘယ်လို ခုခံကာကွယ်ပြောရန် မသိအောင်ပင်။

"ကြည့်ရတာ... မင်းကို ကုပေးတဲ့ဆရာဝန်က ကိုယ် ဖျော် ပေးတဲ့ကော်ဖီကို သောက်ဖို့ကလွဲရင်... ကျန်တဲ့ကော်ဖီ တွေကို သောက်ဖို့ ခွင့်ပြုထားတယ်နဲ့ တူတယ်... "

ကျစ်... ။ ဒါလားကွာ... နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးတစ်ခုရဲ့ လူကြီးတစ်ယောက်၊ ဒီလို လူကြီးတစ် ယောက်က လုပ်နေ်းနဲ့ မပတ်သက်တဲ့ ကိစ္စတစ်ခုမှာ သူမကို ရန်မယ်ရှာကာ ရစ်လာချင်တဲ့ပုံစံမျိုးမို့ မေနှင်းဆီ တော်တော်ကို စိတ်ရှုပ်သွားရ၏။ မမအေးနှင့် ရန်မင်းကတော့ သူ့အကြောင်းကို မသိသူပီပီ... ဟိုတယ်၏စည်းကမ်းကို ချိုးဖောက်ခဲ့တဲ့ သူမအား အချိန်မီ ကာကွယ်ရန် ကော်ဖီဘားအထိ ဆင်းလာခဲ့သော သူမ ရှင်းပေးခွင့်မရှိသော ကော်ဖီခွက်ဖိုးကို သူမအစား ရှင်းပေးခဲ့သော သူ့ကို အားတွေနာ ကျေးဇူးတွေတင်နေကြတာ... ။ ပြတ်ထွက်တော့ မတတ်တညီတင်းနေတဲ့ သူမမျက်နှာကိုလည်း ချိုသာပျော့ပျောင်း အောင်ပြင်ဆင်ခိုင်းကာ ဦးခန့်ထည်က နင့်အပေါ် တကယ်စေတနာ ထားတာပဲဟူ၍ ရန်မင်းကတိုးကပ်စွာ ပြောသွားခဲ့တာ...။

သူမကတော့ ဒီနေ့အဖို့ သူ ဒီလိုတွေလုပ်နေခြင်း



ကဟိုတယ်၏စည်းကမ်းကို-သူမချိုးဖောက်မှာဆရာတစ်ယောက် အနေနဲ့ ပူပန်တာထက်ကို တခြားသောအကြောင်းအရာတစ်ခု သူ ထံ၌ရှိနေသည်ဆိုတာ... ။ ထိုအရာကို မသိချင်၊ မတွေးမိချင်၊ မမြင်ချင်သော သူမ၏ဥပေက္ခာ မသိစိတ်၊ အနောက်မှာ ဝိုးတဝါး သိမြင်တွေးထင်ထားမိတာက အခုတော့ ဒီစကားများကို သူ ပြော လာခဲ့ခြင်းဖြင့် သူမ၏သိမြင်တွေးထင်ထားမှုက မှန်ကန်နေခဲ့ပြီ လားတို့သည် အသိနှင့်ခေါင်းကျိန်းနေရသည်။

ဟာ... ဘာလို့မှန်ကန်ရမှာလဲ... ။ ဒါဟာ... တာဝန်ရှိသော ဆရာတစ်ယောက်အနေနှင့် သူ့ဝန်ထမ်းအပေါ်မှာ ကရုဏာဒေါသောနှင့်ပြောသည့် စကားများပဲ။ ရုံးချိန်အတွင်းမှာ ဝန်ထမ်း၏လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည်တို့က ဆရာတစ်ယောက်အတွက်လည်း သက်ဆိုင်သည့်ကိစ္စတစ်ခုပဲ။ မေနှင်းဆီ... ဘာတွေတွေးပြီး အတွေးချော်နေရတာလဲ။ ဦးခန့် ထည်ဟာ မင်းဘာဆိုဘာမှ တလွဲချော်တွေးနေဖို့ မလိုအောင် သိက္ခာပိုင်းဆိုင်ရာ စာရိတ္တပိုင်းဆိုင်ရာမှာ လူတကာ အသိအမှတ် ပြုခြင်းခံရသလို ကောင်းမွန်တာထက်ကို ပြည့်စုံနေတဲ့လူတစ် ယောက်။ မင်း... ရိုသေလေးစားသင့်တဲ့ လူတစ်ယောက်... ။

ကိုယ့်စိတ်ကို သတိပေး သံပါတ်တင်းကာ ဒိတ် တိတ်ဆိတ်ဆိတ်နှင့်ပင်... ။ ကွန်ပျူတာစားပွဲတွင် ထိုင်လိုက်ပြီး လုပ်လက်စအလုပ်ကို ဆက်လုပ်လိုက်သည်။ သူမဆီမှ ဘာတုန့် ပြန်သံမှ မလာတော့ ဦးခန့်ထည်ဆီမှာ စကားသံလည်း ထပ်

www.burmeseclassic.com

www.burmeseclassic.com



မထွက်လာတော့ပေ။ မေနှင်းဆီသည် စားပွဲပေါ်မှာရှိနေသော စာရွက်အကြမ်းတစ်ထပ်ကိုယူပြီး... စာရွက်ထဲမှာ ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာနေရာတွေဆီကို E-mail ပို့လိုက်၏။

ခန့်ထည်သည် သူ ပြောသမျှတို့ကို ဘာမျှ မတုံ့ပြန်ကာ ကွန်ပျူတာရှေ့တွင် ထိုင်၍ အေးဆေးစွာ E-mail ပို့နေသော မေနှင်းဆီကိုကြည့်ပြီး သူ့ရင်ထဲမှ တင်းကျပ်ပူလောင်ထားရသမျှတို့ကို တစ်စချင်းဆီ ဖြေလျှော့နေမိသည်။

ရန်မင်းတဲ့... ။ မြင့်မားသောအရပ်အမောင်း၊ ကြည့်ကောင်းသော ရုပ်ရည်နှင့် သူမနှင့် သက်တူရွယ်တူ လူငယ် တစ်ယောက်... ။ သူမကို ကြည့်သည့်မျက်ဝန်းက ကြည်လင်ချိုမြနေကာ သူမကလည်း ပြုံးလဲ့ရွှင်မြူးနေတာ။ အဘယ်သို့သော မိန်းမ တစ်ယောက်နှင့်မှ မတုန်လှုပ်နိုင်ခဲ့သော သူ၏နှလုံးသားကိုတောင် သူမ၏မျက်လုံးတကြည့်၊ လည်ပင်းတစ်လှည့်က ချုပ်ကိုင်လှုပ်ရမ်းနိုင်စွမ်းရှိခဲ့တာ။ ဟိုးအရင်အချိန်တုန်းက နှစ်ပေါင်း သူမနှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံခဲ့သော ရန်မင်းတစ်ယောက်ကော ဘယ်လိုခံနိုင်ရည်မျိုးနှင့် သူမ၏ဖွဲ့ဆောင်မှုရှိသော မော်အတက်အောက်မှာ သူမကို မချစ်ဘဲ နေနိုင်ခဲ့လိမ့်မလဲ။ သူမ၏ချစ်စရာကောင်းသော အပြုအမူတွေကို တွေ့ခဲ့မြင်ခဲ့ရက်နှင့် ချစ်စရာမဖြစ်ခဲ့လျှင် ထိုလူသားတစ်ဦးဟာ သူ့အတွက် ကမ္ဘာ့ထူးဆန်းဖွယ်လူသားတစ်ဦးဖြစ်လိမ့်မည်။ သူ့အထင်တော့ ရန်မင်းဟာ ကမ္ဘာ့ထူးဆန်းဖွယ်လူသားထဲမှာ ပါဝင်မနေဆိုတာပင်။ ဘာကိုသေချာ



မှန်းမသိသော စိတ်တစ်ခုဖြင့် လောင်းကြေးထပ်သူ ပြောရဲပါ၏။ ဒီလို 'ရန်မင်း' ဆိုသော လူငယ်လေးရှိနေလို့များ သူ့ကို သူမ သက္ကာပြု ရက်စက်နိုင်လေသလား။

အင်္ကျီ၏တစ်ဘက်မှာ အိတ်ကပ်ထဲမှာ ရှိနေသော တောင့်တောင့် အရာတစ်ခုကို စမ်းလိုက်မိ၏။ ကိုယ့်နှလုံးသား အနီးကပ်ဆုံးမှာ ရှိနေခဲ့တာနော်။ ဖြစ်နိုင်ရင် ရင်ကိုခွဲကာ နှလုံးသားမှာ တစ်သားတည်းဖြစ်စေရအောင် ထည့်ထားလိုက်ချင်တာ။ ဟာ... စိတ်ကူးယဉ်မှုတစ်ခု မဟုတ်ဘူး... ။ ကိုယ့်ရဲ့မချစ်ဖူး အချစ်ဦးအတွက် ရူးသွပ်မှု။ ဒါပေမဲ့ ကိုယ့်ရဲ့ရူးသွပ်မှုက စရာ ရင်နာစရာကောင်းလှအောင် ချစ်ဦးသူ၏ ဥပေက္ခာပြု အသိအမှတ်မပြုမှုအောက်မှာ လေလွင့်နေရရှာသည်။ မချစ်ဘူး တဲ့ ကိုယ့်အတွက် သူမကိုချစ်မိခြင်းမှာ ပတ်ဝန်းကျင်ကို ဂရု က်မိတော့အောင် ရှိခဲ့ဖူးသော တစ်သက်လုံးက ကိုယ့်ရဲ့သိက္ခာ တွေကို ခပ်ဝေးဝေးကို သွားလွှင့်ပစ်ထားမိလောက်အောင် ယ်ဟာ နောင်တမဲ့နေခဲ့ပြီ။ ဒီလို ပြင်းထန်း လေးနက်လွန်းလှ ကိုယ့်ချစ်ခြင်းတွေကို သူမဟာ ဘာကြောင့်များ ဥပေက္ခာပြု ခဲ့ရတာလဲ။

ဒါပေမဲ့ စိတ်ချပါ မိန်းကလေးရယ်။ ကိုယ့်ချစ် ဟာ ရရှိနေရက်နဲ့ မယူရက်အောင် ပေးဆပ်ချစ်ခြင်း မဟုတ် သို့၊ မပေးချင်တာကို ဖွတ်ယူချင်တဲ့ ရယူလိုချင်တဲ့ ချစ်ခြင်း ည်း မဟုတ်ပါဘူး။ မင်း မကြည်ဖြူရင် မင်းဆန္ဒမရှိရင်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူရင်၊ မင်းရဲ့ချစ်ခြင်းမပြောနဲ့ သက်မဲ့ဓာတ်ပုံလေး တစ်ပုံကိုတောင် ရယူဖို့ ကိုယ် မကြိုးစားပါဘူး။

သူ ငေးကြည့်နေစဉ် အချိန်မှာပဲ ဆံပင်ရှည်ရှည် များကို အနောက်မှာပြောင်ရှင်းအောင် ထုံးဖွဲ့ထားသော ယူနီ ဖောင်းဝတ် မိန်းကလေးက ထိုင်ရာမှထလာ၏။ ဘာဆံစမှမရှိဘဲ ပြောင်ရှင်းရှင်း ကုတ်ပိုးလေးက ဝတ်ထားသော ကုတ်အကျႌ ကော်လံနှင့် ဆံပင်မဲမဲများကြားမှာ ဝင်းမွတ်သန့်ရှင်းနေသည်။ ထိုပြောင်ရှင်းကုတ်ပိုးလေးကပဲ သူမ၏စိတ်ရှင်း အေးချမ်းမှုတစ်ခု ကို ဖော်ပြနေတာလား။ ဒါကြောင့်မို့ ကိုယ့်ရင်ထဲမှ သူမအပေါ် ချစ်မိခြင်းဖြင့် ပူလောင်ခြင်းမျိုး ဖြစ်နေရတာကို မှုဝေမခံစားပေး နိုင်တာလား။ သူ ဘယ်လိုမှ ထိန်းချုပ်မရနိုင်စွာ သူ့စားပွဲပေါ် ဖိုင် တစ်ခု လာတင်ပေးသော သူမအရှေ့ကို အကျႌအိတ်ကပ်ထဲ ထည့် ထားသော အရာအားထုတ်ယူကာ ချပြလိုက်၏။

"ဟင်... "

သူမ... ရှေ့ဖိုင်(လ်)ပေါ်တွင် ချပြလာသော ဓာတ် ပုံတစ်ပုံကြောင့် မေနှင်းဆီ မျက်လုံးက ဝိုင်းခနဲဖြစ်သွားသည်။ (၃၁)ရက်နေ့ညက ရိုက်ထားခဲ့သော သူမနှင့် သူ၏ဓာတ်ပုံ။ ဒီပုံ ကို ထူးထံမှ သူမယူပြီး အိမ်မှာသိမ်းထားတဲ့ဥစ္စာ။ ဘယ်လိုလုပ် ပြီး ဦးခန့်ထည်ဆီမှာ ရောက်နေရတာလဲ။

"ကိုယ်ကြည့်ချင်တယ်ဆိုလို ခင်ထူးဆွေ ကိုယ့်ကို လာ ပေးထားတာလေ... မင်း မကြည့်ရသေးဘူးထင်လို့... မင်း ကိုပြဖို့ ယူလာတာ... မင်းကြည့်ပြီးရင် ခင်ထူးဆွေကို



ပြန်ပေးချင်ပေး... ဒါမှမဟုတ် မင်း ယူထားမယ်ဆိုလည်း ယူထားပေါ့... "

ပြောပြီးသည်နှင့် ထိုင်ရာမှထကာ ရုံးခန်းအတွင်းမှ ထွက်သွားခဲ့တာမို့ ကြောင်အစွာ တောင့်တောင့်ကြီး ရပ်ကျန်ခဲ့သူ မှာ မေနှင်းဆီပင် ဖြစ်၏။

မေနှင်းဆီသည် တိုးတိတ်သော ရင်ခုန်မှုနှင့်အတူ ဖိုင်(လ်)ပေါ်မှ ဓာတ်ပုံကို ကောက်ယူကြည့်မိသည်။

ဓာတ်ပုံထဲမှာ ကျီစယ်ရိပ်ဖြင့် ပြုံးရိုးနေသော ဦးခန့်ထည်၏ မျက်ဝန်းတစ်စုံက "ငါ သိပါတယ်နော်"ဟူ၍ ပြော နေသယောင်ယောင်။

"ဟာ... ဒါ ဆရာ... သက်သက်ယူ့ကို ဖမ်းသွားတာပဲ မေ... တကယ်ဆို... ယူ့ဆီမှာ ဓာတ်ပုံရှိနေပြီဆိုတာ ဆရာ သိပြီးသား... ဘာလို့လဲဆိုတော့ ကိုယ့်ကိုလာမေးတုန်းက ကိုယ်လည်း ဆရာ့ကို ကြောက်ကြောက်နဲ့ ဓာတ်ပုံရေးချင်း ပဲ ယူ့ကို ပြပြီးပြီဆိုတဲ့အကြောင်း... ယူက အဲဒီပုံကိုယူ သွားပြီး ပေါ်မေရီက သူတို့ဓာတ်ပုံတွေယူသွားတယ်ဆိုတဲ့ အကြောင်း... ယူက... မေ့နေလို့ ဆရာ့ကို မပြောဖြစ်တာ နေမှာပါဆိုပြီး... ပြောလိုက်တာ... "

www.burmeseclassic.com

www.burmeseclassic.com



ခင်ထူးဆွေက မျက်လုံးဝိုင်းဝိုင်းနှင့် ကပျာကရာ ရှင်းပြ၏။

"အဲဒါနဲ့... သူ့ဆီကို ဒီဓာတ်ပုံက ဘယ်လို... "

"ပြောမယ်လေ... ယူကလည်း ဆန္ဒမစောပါနဲ့... ဟင်း... ဟင်း... ကိုယ်ကလည်း ယူက အဲဒီဓာတ်ပုံ အပိုင်သိမ်းသွားတာဆိုတော့ ယူတို့နှစ်ယောက်ပုံကို သဘောကျလို့ သပ်သပ် ထပ်ကူးထားတာ... အဲဒီထပ်ကူးထားတဲ့ပုံက ကိုယ် draw(စားပွဲအံ့ဆွဲ) ထဲမှာ အသင့်ရှိနေတာကွ... အဲဒီမှာ ကိုယ်ကလည်း... ကျွန်မလည်း ဆရာ့ကိုပေးဖို့ ထပ်ကူးထားပါတယ်...ဘာညာသာရကာလုပ်ပြီး...ထုတ်ပေးလိုက်တော့တာ...

ဆရာ့မျက်နှာက သနားပါတယ်ကွာ... ကိုယ့်ကို မေးသာမေးရတယ်... သူ့ပုံစံက နည်းနည်းအနေခက်နေသလို... မအီမလည်ကြီး... ကိုယ်လည်း အဲဒီမျက်နှာကို သနားလွန်းတာနဲ့ ထုတ်ပေးလိုက်မိသား ဖြစ်သွားတာ... အဲ... ကိုယ်ပေးလိုက်ရကျိုးနပ်တယ်လို့ ပြောရမလားပဲ... ဓာတ်ပုံလည်းမြင်ရော... ဖြစ်သွားတဲ့ သူ့မျက်နှာကို ယူ့ကို ပြချင်တယ် ဆရာ... အစောပိုင်းမှာ ကိုယ့်ဆီမှာ ဓာတ်ပုံအကြောင်းလာမေးရလို့ အနေခက်ပြီး... ဟန်ဆောင်တင်းထားတဲ့မျက်နှာကြောက လျော့ပြီး... မျက်နှာတစ်ခုလုံး ပျော့ပျော့ပျောင်းပျောင်းဖြစ်သွားလိုက်တာများ မျက်လုံး



ကလည်း ပြုံးချိုပြီး... ဓာတ်ပုံကို ကြည့်နေတာ ငါးမိနစ်တိတိကြာတယ် သိလား...

"နောက်မှ သူ့ကိုသူ ပြန်ထိန်းပြီး... ခဏယူသွားလို့ရမလားလို့ ကိုယ့်ကို မေးတယ်... ကိုယ်လည်း သနားခြင်းတွေ ရေစီးကမ်းပြိုလိုက်ပြီး... ခဏမဟုတ်ဘူး... အပြီးသာယူသွားပါ... ဒါ... ဆရာ့အတွက် ကူးထားတာပါဆိုပြီး ပြောလိုက်တော့တာ... အဲဒါမှာ အကျီအိတ်ကပ်ထဲ တစ်ခါတည်းထည့်ပြီး... ကိုယ့်ကိုတောင် Thank you very much ဆိုပြီး ပြောသွားခဲ့တာကွ...

"သူ့ကို အပိုင်ပေးလိုက်တာမှန်း သိရက်နဲ့... ယူ့ကို သူက ဘာလို့ပြန်ပေးသွားရတာလဲ... နောက်ပြီး... ယူ့ဆီမှာ ရှိနေပြီးသားဆိုတာ... သူ သိပြီးပြီလေ... ဘာသဘောနဲ့ ဆရာ ဒီလိုလုပ်သွားတာလဲ... စဉ်းစားစရာပဲကွယ်... "

မေနှင်းဆီအတွက်ကတော့စဉ်းစားစရာမလိုအောင် ...င်။ ခုနက ထူး ပြောလိုက်သလို ဦးခန့်ထည်က သူမကို သက် ...သက် ဖမ်းသွားခြင်းတစ်မျိုးပဲပေါ့။ သူ့ကိုမပြချင်၊ မပေးချင်တဲ့ ...တ်ပုံတစ်ပုံကို သူမအား ပြပြီး ပေးသွားခဲ့တာ တမင်ရွဲ့ခြင်း ...က်သက်ပဲပေါ့... ။

ဟူး... ။ စိတ်ရှုပ်စရာ ခေါင်းနောက်စရာကောင်း ...န်းလှပါသည်။ ပြောတော့ သူက သူမကို အင်မတန် ခေါင်း ...မာကာ ပြောရဆိုရခက်ပြီး လက်ပေါက်ကပ်သောသူတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူကအော လက်ပေါက်ကပ်သော သူတစ်ယောက် ဖြစ်မနေဘူးလား။ တကယ်ဆို သူမဆီမှာ ဒီခတ်ပုံရှိနေသည်မှန်း သူ သိပြီးလျှင် သူမကို ဘာမှပြောနေစရာမလိုဘဲ၊ ထူး ပေးသော သူ့အတွက်ခတ်ပုံကို သူမ မသိအောင် အသာလေး ယူထား လိုက်ဖို့ မကောင်းဘူးလား။ သူ့ကို သူမက ထိုခတ်ပုံကို မပြချင် မပေးချင်ဆိုတာ သိနေခဲ့ပြီးပြီဆိုလျှင်ပေါ့... အခုတော့... ။

ဒါကြောင့်မို့သာ သူ့စကားကို နားမထောင်ဘဲ တစ်ခါတလေ ခံတန်တန်၊ ပေကပ်ကပ်နှင့် သူမ ခေါင်းမာထား ရွဲ့မိလျှင် "မင်းကိုကြည့်ရတာ ငယ်ငယ်တုန်းက ကိုယ့်လူပ်ရှားမှု ပြန် ကြည့်နေရသလိုမျိုးပဲ" ဟူသော စကားတစ်ခွန်းကို မခံ မခံသာ စွာ သူ ပြောတတ်ခဲ့တာပေါ့။ တကယ့်ကိုပဲ သူသည်လည်း သူမ လိုစိတ်ခတ်အမျိုးအစားပဲလေ။

"အင်း... စဉ်းစားစရာတော့ မလိုပါဘူးလေ... ဆ သဘောက သူ ခတ်ပုံတောင်းထားတာ ယူ့ဆီကလေ ယူပေးတာကိုပဲ သူ... ယူချင်တယ်ဆိုတဲ့သဘောမျိုး သွားတာပေါ့... မိုက်တယ်ကွာ... ဆရာရဲ့ technique (နည်းလမ်း)က ယူ့ကို... ယူ့သဘောထားကို indirect နည်း မေးသွားတာ... "

"ဘာဆိုင်လဲ... "

"ဟာ... ဆိုင်တာပေါ့... မေကလည်း... ကိုယ်ပေးတာကို ဆရာက မယူဘဲ... ယူ့ကိုပြန်ပေးလို



တာလေ...

အဲဒီမှာ... ယူ့ဆီက သူ့အတွက် ခတ်ပုံတစ်ပုံ ထပ်ကူးပြီး ပေးလာ မလာဆိုတာကို သိချင်တဲ့သဘောပေါ့... နောက် ပြီး ကိုယ်ပြောပြလို့ ယူ့ဆီမှာ ခတ်ပုံရှိနေပြီးသားဆိုတာ ကို သူ သိနေတာလည်း သူ မပြောသွားဘူးလေ... အဲဒါကို ကြည့်ခြင်းဖြင့် ဆရာဟာ... ယူ့ကို ဖွင့်မေးလိုက်ရင် ယူက သူ့ကို ခတ်ပုံမပေးချင်လို့ မပေးတာဘဲဆိုတာ... သိလိုက် ရမှာကိုလည်း စိုးရိမ်တယ်... နောက်တစ်မျိုးက ယူ အနေရ ခက် အပြောရခက် ားမှာကိုလည်း စိုးရိမ်တယ်... ဒါဟာ... ဆရာရဲ့ ယူနဲ့ပတ်သက်ပြီး... လေးလေးနက်နက်ကို ခံစား နေရတဲ့စိုးရိမ်မှုပဲ... "

"ဘာမှ စိုးရိမ်စရာမရှိပါဘူး... ကိုယ်လည်း အနေခက် အပြောခက်စရာမျိုး မရှိပါဘူး... မပေးချင်လို့...မပေးတာ... ဒါပဲပေါ့... ရှင်းရှင်းလေးပါပဲ အဖြေက... "

"ဟယ်... မေရယ်... ယူ ဘယ်လိုပြောလိုက်တာလဲ... ပြော ရက်လိုက်တာဟယ်... ယူ့မှာ ငဲ့ညှာထောက်ထားတဲ့စိတ် မရှိတော့ဘူးလားဟင်... "

"ဘာကို ငဲ့ညှာထောက်ထားရမှာလဲ... ထူးရဲ့... အမှန် တရားကို ပြောတာပဲ ဥစ္စာ... "

"မှန်နေတိုင်း... ပြောသင့်သလား... မပြောသင့်သလား ယူ စဉ်းစားရမှာလေ... ဒီခတ်ပုံကိုမှ သိပ် serious (အရေး

www.burmeseclassic.com

www.burmeseclassic.com



တကြီး) ဖြစ်နေတဲ့သူကိုမှကွယ်.. ယူက ဒီလိုပြောရတယ် လို့... ဒီမှာ မေ... ယူဘာကိုမှ ပူနှံးရှောင်ကွယ်ဖို့ မကြိုး စားနဲ့...

ဒီခတ်ပုံက ယူတစ်ယောက်တည်းပါတာ မဟုတ်ဘူး— ဆရာပါ,ပါတယ်... အဲဒီတော့ ဆရာနဲ့လည်း ဆိုင်တယ်— ဆရာလည်း ရသင့်တယ်... ယူမပေးလည်း ကိုယ်ကတော့ နောက်တစ်ခေါက် ထပ်ကူးပြီး ဆရာ့ကို ပေးဦးမှာပဲ"

ထူး၏ခွတ်တိုးအပြောမှာ သူမက ထူးကို ရယ်ချင် စိတ်ဖြင့် လှောင်လိုက်၏။

"ယူက ထပ်ပေးလည်း... ဦးခန့်ထည်က ကိုယ့်ကိုလာပေး ဦးမှာပဲ ဆိုရင်ကော..."

"အေးပါ... ဘာမှမဟုတ်တဲ့ ခတ်ပုံလေးတစ်ပုံကို ဖြစ် တတ်နေ...

နောက်မှ... နှလုံးသားတစ်ခုလုံးကို သူ ယူသွားပြီးမှ မသိ လိုက်ဘဲ နေဦးမယ်...

ခတ်ပုံကိုတော့ ပြန်ပေးပြီး... နှလုံးသားကို ပြန်မပေးမှ— မငိုမိစေနဲ့နော်..."

"ထူး..."

ထူးစကားကို သဘောမကျစွာ ဆောင့်အော်တား လိုက်မိသည်။ မျက်နှာသည် တည်တင်းကာ နှုတ်ခမ်းကလည်း အရှေ့သို့ စူထော်သွားရ၏။



"ဘာလဲဟ... စ,တာပါ...

အင်း... ဘာပဲဖြစ်ဖြစ်... ကိုယ်ကတော့ ယူတို့နှစ်ယောက် ကို သဘောတူတယ် ဆရာ...

ယူတို့နှစ်ယောက် ရသွားရင် သိပ်ရယ်ရမှာပဲ သိလား... နှစ်ယောက်စလုံးက ခွတ်သမား... တစ်ချိန်လုံး ငြင်းခုန် နေကြမှာ... ဒါပေမဲ့ သေချာတာတစ်ခုက ဆရာက ယူ့ကို အရင်ဆုံးအလျှော့ပေးမှာ... သိပ်ချစ်လို့ အလျှော့ပေးတဲ့ပုံစံ မျိုးပေါ့..."

ထူးက... သူမ၏တားဆီးခြင်းကို တစ်စက်ကလေး မှ ဂရုမစိုက်ကာ ပြောချင်တာပြောကာ ဟိုးတဆုံးအထိပင် တွေး မြင်ကျေနပ်နေသေးသည်။ မေနှင်းဆီသည် ထူး၏ပြုံးစိစိမျက်နှာ ကို မကျေမနပ်နှင့် မျက်စောင်းထိုးကာ စားလက်စထမင်းကိုပင် ပြီးအောင် မစားတော့ဘဲ ပန်းကန်ကိုကိုင်မ၍ ပန်းကန်ဆေးရာ ဇေစင်သို့ ထွက်ခဲ့သည်။

ကိုယ်စားပြီးသားပန်းကန်နှင့် ဇွန်းခက်ရင်းကို ဇေစင်တွင် ဆေးနေရာမှ မေနှင်းဆီ၏မျက်ခုံးတစ်တန်းက တွန့် ချိုးလို့နေ၏။ နားထဲမှာ ခုနက ထူး ပြောသွားသော စကားများ က ခါးသက်စွာ ဝင်ရောက်ကာ ပြန်ကြားနေမိသည်။ ထူးကလေ အတန်တန်တားမြစ်ထားသည့် ကြားထဲက အခွင့်သင့်လျှင် သည် သလို သူမနှင့်ဦးခန့်ထည်ကို စ,ချင်နေတော့တာပါပဲ။

တခြားသူများ၏ သူမနှင့်ဦးခန့်ထည်ကို ဘာလိုလို

www.burmeseclassic.com

www.burmeseclassic.com



အပြောနှင့် ထင်ကြေးပေး သတ်မှတ်မှုမှာ ဂရုမစိုက်သလိုဖြင့် ဥပေက္ခာပြုနေခဲ့မိသမျှ ကိုယ် ရင်းနှီးခင်မင်သော ထူး၏စ,နောက်မှု မှာတော့ သည်းခံနားထောင်၍ မရအောင် သူမ၏စိတ်တို့က ထိ,ရှ နေခဲ့ပြီ။

ထို့အတွက်ကြောင့် ခင်ထူးဆွေ ထိုသို့ 'စ'လာလျှင် ခါးခါးသီးသီးဖြစ်ရကာ သူမအပေါ် ဦးခန့်ထည် စိတ်တစ်မျိုးဖြစ် နေသည်ဆိုတာ လွယ်လွယ်နှင့် ယုံကြည်လက်ခံနိုင်၍ မရအောင် ပင်။

နိုင်ငံရပ်ခြားမှာနေသော မိဘနှစ်ပါးမှ မွေးဖွားလာသည့် သားတစ်ဦးပီပီ၊ နိုင်ငံခြားမှာပင် မွေးဖွားကြီးပြင်းလာခဲ့ကာ ထိုမှာပဲ ကျောင်းပညာသင် ဘွဲ့ရလာခဲ့သော...

သူမထက် ခုနစ်နှစ်လောက်ကြီးပေမဲ့လည်း အသက်သုံးဆယ်ကျော်အရွယ်မှာ လုပ်ငန်းတစ်ခုကို ဦးစီးဦးဆောင်ပြုကာ ရွယ်တူတွေထက်ပင်များစွာ တည်ငြိမ်ရင့်ကျက်ကာ လူကြီးတစ်ဦး ဖြစ်နေသော... ။

လွတ်လပ်သော မိန်းကလေးတိုင်း၏ စိတ်ကူးယဉ်ချင်စရာ အခွင့်ထူးခံအိပ်မက်မင်းသား ဖြစ်နေသော... ။

စသဖြင့်သော... သောပေါင်းများစွာ ဂုဏ်ပုဒ်ဝိသေသများစွာနှင့် ထင်ပေါ်ကျော်ကြားနေသော သူနှင့် သူမကို ယှဉ်တွဲစ,နောက်ခြင်းမှာ လက်မခံနိုင်စွာ... မယုံကြည်နိုင်စွာ... ။

သို့သော်... ဘေးလူတွေမပြောနှင့်... ကာယကံရှင်



သူမလည်း တစ်ခါတစ်ရံ သူ့အပြုအမူ ဆန်းဆန်းတို့မှာ အံ့ဩခြင်းတစ်ဝက်၊ မယုံနိုင်ခြင်းတစ်ဝက်ဖြင့် စိတ်ရှုပ်ထွေးခဲ့ရသည်ချည်းပင်။

သူမလို သာမန်မျှစွာသော မိန်းကလေးတစ်ဦးအတွက် သူ့ခံစားမှုမှာ သာမန်မျှသာပဲ ဖြစ်မှာပါဟူသော တွေးထင်ထားမှုတို့က တဖြည်းဖြည်းနှင့် မှားယွင်းလာပြီမှန်း သိခဲ့ရတော့၏ ။

www.burmeseclassic.com



## ၁၁

တစ်ရက်မှာတော့ ရုံးခန်းအတွင်းသို့ ရောက်သည့်အခါ ဦးခန့်ထည်သည် File များစွာ၊ အလုပ်များစွာဖြင့် စောင့်နေကာ များပြားလှစွာသော အလုပ်များကို သူမအား ခိုင်းခြင်းပင်။

လုပ်ရမည့်အလုပ်သဘောများကို တစ်ခုပြီးတစ်ခု သူ ပြောနေသည့်အချိန်မှာ မေနှင်းဆီကတော့ သူမ နားလည်သည်များကို လိုက်လံလိုက်မှတ်၊ နားမလည်သည်များကို ကြိုးစားလုပ်ပေးမည်ဟု ရည်ရွယ်ရင်း စိတ်ဝင်တစား နားထောင်ခဲ့၏။

သူ ရှင်းပြအပြီး fileတွဲ တစ်ထပ်ကြီး ပွေ့ပိုက်မယူကာ သူမ စားပွဲပေါ်သို့ ပြောင်းရွှေ့တင်လိုက်သည့်အခါ "အလုပ်တွေအကုန်လုံးကို ဒီနေ့ တစ်နေ့တည်းပြီးအောင် လုပ်ပါ... မေနှင်းဆီ...



၊ အလုပ်မပြီးရင် မင်းအိမ်မပြန်ပါနဲ့... ဒီနေ့ညနေ အပြီးကိုယ်လိုချင်တယ်... "ဟု ပြောလိုက်သော ဦးခန့်ထည်၏ စကားသံကြောင့် သူမရင်ထဲ ထောင်းခနဲ စိတ်တိုသွားရ၏။

"ဟုတ်ကဲ့... "

သူ့မျက်နှာကို ခပ်တည်တည်စိုက်ကြည့်ကာ ထိုသို့ခေါင်းညိတ်ပြောလိုက်ပြီး ကိုယ့်စားပွဲမှာပင် သူ ခိုင်းသော အလုပ်များစွာတို့ကို ခေါင်းမဖော်စတမ်း လုပ်တော့သည်။

မေနှင်းဆီဆိုသော သူမကလည်း သူမကိုခိုင်းလျှင် စေညည်းညူစတမ်း လုပ်ပေးခဲ့ပေမဲ့ ထိုသို့အတင်းအကျပ်လိုမျိုး အထက်စီးဆန်ဆန် ခိုင်းပုံမျိုးကိုတော့ ရင်ထဲမခံချင်လှစွာ စိတ်ထဲတနုံ့နုံ့ဖြစ်ကာ ခံစားရခက်လှ၏။

တစ်နေ့လုံး သူမ၏စားပွဲပေါ်မှာ file များစွာ၊ စာအုပ်များစွာနှင့် manual (လက်) နှင့်တစ်လှည့်၊ computer နှင့်တစ်လှည့် အလုပ်ရှုပ်နေရသော သူမမှာ အခန်းထဲသို့ နာရီဝက်တစ်ခါလောက် ဝင်ချည်ထွက်ချည် လုပ်ကာ သူမကို အကဲခတ်နေသော သူ့အား မြင်ပေမဲ့ အလုပ်ရှုပ်လို့ မမြင်တွေ့သည့်ဟန်ဖြင့် ဆစ်လျူရှုခဲ့၏။

ထမင်းစားသည့်အချိန် ရောက်သည့်အခါမှာလည်း ထမင်းအတူစားဖို့ 'ထူး' ဖုန်းဆက်ခေါ်ခြင်းကို ငြင်းဆန်ကာ သူမ ထမင်းမစားခဲ့။ ထိုအခါ computer မှ မထစတမ်း အလုပ်လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော သူမအနီးသို့ သူ ရောက်လာပြီး သူမအား တိုးတိုးကြီးမေး လေသည်။

"မေနှင်းဆီ... မင်း ထမင်းသွားမစားသေးဘူးလား... "

သူ့မေးခွန်းကို အလုပ်ထဲစိတ်ဝင်စားနေ၍ မကြား လိုက်ရသလိုဟန်ဆောင်ကာ computer ကိုပဲ ဆက်ရိုက်နေခဲ့ သည်။ သူကလည်း သူမထက် မလျှော့သော ဖွဲ၊ လုံ့လတို့ဖြင့် သူမ၏ နံဘေး၌ အတန်ငယ်ကြာစွာရပ်ကာ သူမ စာတစ်ကြောင်း ရိုက် အပြီးကို စောင့်၍မေး၏။

"မေနှင်းဆီ... မင်း lunch (နေ့လယ်စာ) သွားမစားသေး ဘူးလား... "

ထိုအခါ ထပ်မံမကြားဟန်ဆောင်၍ မကောင်း တော့သော မေနှင်းဆီမှာ သူ့အားလှည့်မကြည့်ဘဲ mouse ကို သုံး၍ နောက်ထပ် file (ဖိုင်အသစ်) တစ်ခုထပ်ဖွင့်ရင်းမှ ခပ်ပြတ်ပြတ် ပြောလိုက်၏။

"ကျွန်မ... ထမင်းမစားတော့ဘူး... "

"ဘာလို့ မစားရတာလဲ... မင်းကို ထမင်းမစားဘဲအလုပ် လုပ်နိုင်းတာမှ မဟုတ်တာ... မရဘူး... သွားစားရမယ်... သွားစား... "

ထိုအခါမှာ မျက်ဝန်းစူးတောက်တို့ဖြင့် သူ့ထံ မော့ ကြည့်လိုက်မိ၏။

"အို... ကျွန်မဗိုက်နဲ့ ကျွန်မပဲ... ကျွန်မ စားချင်မှ စားမှာ



ပေါ့...

ဦးခန့်ထည် အလုပ်,လုပ်နိုင်းလို့ မစားတာမှ မဟုတ်တာ ကျွန်မ မလုပ်ချင်တာကို အတင်းအကျပ် လာခိုင်းပါနဲ့"

သူမ၏ ဂျစ်ကန်ကန် အပြောကြောင့် သူ့ထက် မလျှော့သော မာနတွေတစ်ပုံကြီး ရှိသေးသည့် သူမ၏ မာနကို သိထားသူပီပီ သူ့မျက်ဝန်းရိပ်ထဲမှာ ရယ်မြူးရိပ်သန်းသွားကာ ခေါင်းတညိတ်ညိတ်ဖြင့် ရုံးခန်းထဲမှ ထွက်သွားသည်။

"သွားပေါ့... သူ ဗိုက်ဆာနေတိုင်း သူများကို [illegible]င်းသွား စားခိုင်းနေတာ... ဟွန်း... မစားဘူး... ထမင်းမစားဘဲနဲ့ ကို ပြီးအောင်လုပ်ပြမယ်... ကြည့်နေ... "

တစ်ယောက်တည်း ပွစိပွစိပြောကာ အလုပ်များ ကို ဆက်လုပ်နေလိုက်၏။ တအောင့်အကြာ သင်းပျံ့သော နက်(စ်) ကော်ဖီရနံ့နှင့်အတူ ရုံးခန်းအတွင်းသို့ ခင်ထူးဆွေ ရောက်လာသည်။

"အင်း... အလုပ်ကြိုးစားသူလေးရေ... ဒီနေ့... ယူတော့ ဝတ်တာပဲ... staff mess မှာ ဟင်းသိပ်ကောင်းတယ်ကွ... ယူကြိုက်တဲ့ ငါးဆုပ်လုံးဟင်းနဲ့ ပုစွန်ငရုတ်သီးကြော်၊ နောက် သီးစုံချဉ်ရေဟင်း... စပဲကွာ... မေကတော့... ထမင်းအငတ်ခံ ဆန္ဒပြပြီးတော့များ အလုပ်လုပ်ရတယ် လို့... "

"တစ်နေ့တည်းနဲ့ မပြီးနိုင်မယ့် အလုပ်တွေကို ပေးပြီး... ဒီတစ်နေ့နဲ့ပြီးအောင်လုပ်... မပြီးရင် အိမ်မပြန်ရဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အသည်းနာလွန်းလို့ပါဟာ... ဒီမှာ ယူတွေ့ပြီ မဟုတ်လား... ဒီလောက်များတဲ့ ဟာတွေကို နိုင်းထားတာ... *စိတ်ချ... မပြီးမချင်း အိမ်မပြန်ဘူး... ဒီလောက်ကလေးမှ* မလုပ်နိုင်ဘူးလားဆိုတဲ့ဟာမျိုး လုံးဝအပြောမခံနိုင်ဘူး သိလား... "

"ဟုတ်ပါပြီ... ဟုတ်ပါပြီ... ကဲ... ကဲ... ဒီနက်(စ်)လေးနဲ့ ကိတ်ကလေးကို သုံးဆောင်လိုက်ပါဦးနော်...ရှင့်အကြိုက် နို့စိမ်းတစ်ဝက်... နက်(စ်)တစ်ဝက် ရောထားတဲ့ ကော်ဖီလေး... ကိတ်ကလည်း ရှင့်အကြိုက်... Dark Chocolate Cake"

"ကော်ဖီကတော့ ရှင် ဖျော်လာတာ ဟုတ်ပါပြီ... Dark Chocolate Cake က ဘယ်ကရလာတာလဲ... Lunch (နေ့လည်စာ) မှာ dessert (အချိုပွဲ)က... ဒါကျွေးတာလား... "

"ယူကလည်း... စကားများလိုက်တာ... စားမှာသာစားစမ်းပါကွာ... "

မေနှင်းဆီသည် ဘာမှ မေးမနေတော့ဘဲ ကြိုက်နှစ်သက်လှသော Dark Chocolate Cake ကို အားပါးတရစားလိုက်သည်။ ဦးနေ့ထည်ကို တိုနေသည့်စိတ်နှင့် ထမင်းသွားမစားခဲ့သော သူမ၏ဝမ်းဗိုက်ထဲမှာ တော်တော်ကို ဆာလောင်ကာ ဟာနေခဲ့ရ၏။ နက်(စ်)ကော်ဖီစိမ့်ခါးလေးကို သောက်ပြီးသည့်အခါ



မှာတော့ သူမ၏ဝမ်းဗိုက်က အတော်လေး နေသာထိုင်သာ ရှိနေပြီဖြစ်သည်။

"ဒီလိုကျွေးတဲ့အတွက် သိန်းတစ်ရာငါးဆယ်ဖိုး ထီပေါက်ပါစေလို့ ဆုတောင်းပေးလိုက်တယ်နော်... "

"ပေးတဲ့ဆုနဲ့ ကျွေးတဲ့လူ ပြည့်ပါစေ... ဒီမုန့်ကိုကျွေးလို့ဒီဆုကို တောင်းပေးတယ်ဆိုရင်တော့ ယူ ပေးတဲ့ဆုကို ကိုယ်ရမှာမဟုတ်ဘူးမေ...ဘာလို့လဲဆိုတော့ ဒီမုန့်ကို ကိုယ်ကျွေးတာမှ မဟုတ်တာ... "

မျက်ခုံးပင့်ကာ ကြည့်လာသော မေနှင်းဆီကို ခင်ထူးဆွေက ခေါင်းညိတ်ပြရင်း ဆက်ပြော၏။

"ဆရာက... ယူ... ထမင်းမစားတော့ဘူးဆိုတာ သိတော့ Staff Mess (ဝန်ထမ်းစားသောက်ဆောင်)မှာ ကျူပ်ထမင်းစားနေတုန်း ဖုန်းလှမ်းဆက်ပြီး Bakery Shop ကနေ ဟာကိုဝယ်ခိုင်းတာ... နောက်ပြီး... ပြောသေးတယ်... သူကြိုက်တဲ့ Dark Chocolate Cake ပဲ ဝယ်ခဲ့လိုက်ပါတဲ့... ကော်ဖီကိုလည်း Staff Mess က ယူခဲ့တာ မဟုတ်ဘူး... ကော်ဖီဘားကကွာ... အဲဒါတွေအားလုံး ဆရာက သူ့ရဲ့ Officer Meal (အရာရှိစားခွင့်ရှိသောအစားအစာ) ထဲထဲက ထည့်ခိုင်းထားတာ... "

"ဟမ်... "

ထူး၏အပြောမှာ မေနှင်းဆီ မျက်လုံးပြူးသွား

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ဟောင်းလောင်းနှင့် အံ့အားသင့်သွားရသည်။ တစ်ပြိုင်နက်မှာ တစ်ဖျစ်တောက်တောက်နှင့် ပြောကာ စိတ်တွေတို[...]းရသည့် ဆရာသမားအား အားနာရမလိုလို... ကျေးဇူးတင်ရမလိုလို... ။

သို့ပေမယ့် တစ်နေ့တာနှင့်မမျှတသော အလုပ်များစွာကို ခိုင်းထားလို့ ကျွေးခြင်းပဲလို့ စိတ်ထဲ ခပ်နာနာတွေးမိလျှင် လေးဒေါ်လာတန်ကော်ဖီနှင့် ငါးဒေါ်လာတန် Cake တစ်ခု ကျွေးလိုက်ရခြင်းမှာ 'သူ' မနစ်နာဟု ဖြေတွေးလိုက်၏။ သူမစိတ်နှင့်သူမသာဆို ဒီထက်ပို၍ သူ ပိုက်ဆံကုန်အောင် စားပစ်လိုက်မှာပဲဟု ခပ်ရွဲ့ရွဲ့ဖြင့် တွေးမိသည်။

"ကဲ... ကိုယ် သွားတော့မယ်... တော်ကြာ ဆရာ ပြန်လာရင်ယူတို့နှစ်ယောက်ကြားမှာ ကိုယ်အနေခက်ရဦးမှာ ညနေဖယ်ရီနဲ့လိုက်မှာ မဟုတ်လား မေ... "

"မသိသေးဘူး... အလုပ်ကပြီး,မပြီးဆိုတာ မသေချာဘူး... ပြီးရင်လိုက်မယ်... မပြီးရင် မလိုက်ဘူး... ပြီးအောင်တို လုပ်ပြလိုက်ဦးမယ်... "

"စိတ်တွေကလည်း ကြီးလိုက်တာ အစ်မလေးရယ်... နည်းနည်းလေးတော့ လျှော့ဦးမှပေါ့... ဟင်း... ဟင်း... ဆရာတော့ မလွယ်ဘူး မေ... သိက္ခာဝင့်တော့လည်ပြီထင်တယ်..."

"လာပြန်ပြီ... ဘာဆိုင်လဲ ထူးရဲ့... ယူတို့က ဘာကိစ္စနဲ့ အကြောင်းအရာက ပါ,ပါလာရတာလဲ... "



"အခုထက်ထိ မဆိုင်သေးဘူးလို့ ယူက... ယူဆထားရင်လည်း ကိုယ် ဘာမှမပြောတော့ပါဘူး... ဒါပေမဲ့... "

"ဘာမှ ဒါပေမဲ့မနေနဲ့တော့ အမိ... အမိပွာယ်မရှိတဲ့ စကားတွေနဲ့ ကိုယ့်ကို လာပြောမနေနဲ့... ယူ့ဆရာကို ထွက်နေရတဲ့ ဒေါသတွေက ယူ့ဘက်မြားလှည့်သွားမယ်နော်... "

"ကိုယ့်ဆရာဆိုတော့... ဆရာက ယူ့ဆရာမဟုတ်လို့လား... ဪ... အေး... ဟုတ်သား... ယူ့ဆရာမှ မဟုတ်တာ... ဦးခန့်ထည်ပေါ့နော်... "

အောက်နှုတ်ခမ်းကို ကိုက်ကာ 'ထူး' ဆောင့်အော်လိုက်တော့ ထူးက ပြုံးစပ်စပ်မျက်နှာလေးနှင့်...

"အိုကေ... အိုကေ... ကိုယ် တကယ်ကိုသွားပြီနော်... "

ဟုပြောကာ ရုံးခန်းတွင်းမှ ထွက်သွားတော့သည်။ မေနှင်းဆီသည် မျက်ခုံးတွန့်တွန့်နှင့် ကွန်ပျူတာရှေ့ပြန်ထိုင်ကာ လှုပ်လက်စအလုပ်ကို ဆက်လုပ်လိုက်၏။

တော်တော်လေး ကြာသည့်အခါမှာတော့ computer အရှေ့မှ မခွာတမ်း အလုပ်လုပ်နေသော သူမရှိရာအခန်းထဲ သို့ ဦးခန့်ထည် ပြန်ရောက်လာသည်။ သူမကို ဒေါ်မှတစ်မျိုး၊ အနောက်မှတစ်ဖုံ မသိသာစွာ လာရပ်ကြည့်နေတာကို monitor မှတစ်ဆင့် မြင်နေရသောကြောင့် မေနှင်းဆီမှာ သူမ အလုပ်ပြီးမှာစိုး၍ လာရောက်စစ်ဆေးခြင်းပဲဟု ယူဆကာ ဒေါသတွေက

www.burmeseclassic.com



တစ်စစ်စစ်ထွက်၍ လောလောဆယ်မှာ စားထားပြီးသော ကိတ်နှင့်ကော်ဖီအတွက် "Thankyou" ပြောဖို့ရာ ဝန်လေးနေရသည်။

နေ့ခင်း တစ်ခင်းလုံး သူကလည်း သူ့ခုံမှာမထိုင်ကာ ဝင်လိုက်ထွက်လိုက် ဖြစ်နေသလို သူမကလည်း ပေးထားသော အလုပ်များကို မပြီးမှာ စိုးရိမ်လှစွာ ထိုင်ရာမှ မထစတမ်း အလုပ်လုပ်ခဲ့၏။ ထိုအခါ သူက ရေသန့်ဘူးသေးတစ်ဘူးနှင့် ဖန်ခွက်တစ်ခွက်ကို သူမ စားပွဲပေါ် လာချပေးထား၏။ မျက်လွှာပင့်မကြည့်ကာ ကျေးဇူးတင်ကြောင်း တစ်စက်ကလေးမှ မပြောချင်သော မေနှင်းဆီက ထိုရေသန့်ကိုလည်း တစ်စက်ကလေးမှ မတို့ထိခဲ့။

"မင်း ထိုင်နေတာ သိပ်ကြာနေပြီ မေနှင်းဆီ... အညောင်းအညာပြေ လက်ထရိန်လေး ဘာလေး သွားဦးလေ..."

ဟူ၍လည်း သတိပေးပြန်တာမို့ မေနှင်းဆီမှာ မျက်နှာခပ်ပူပူနှင့်ပင် ထိုစကားကို မကြားချင်ယောင်ဆောင် ရပြန်သည်။

ညနေလေးနာရီခွဲခါနီးတော့ ကံကောင်းထောက်မစွာ သူမ၏အလုပ်များက ပြီးသွားခဲ့၏။ ထိုအချိန်မှာ ဦးခန့်ထည်က သူ့ထံ ပေးလိုက်သော စာရွက်များကို ယူကာ...

"အဲဒီဖိုင်(လ်)တွေက အကောင့်(စ်)ကနေ ကိုယ်ယူထားတာ...မင်းပြန်ဖို့ အချိန်မီသေးတယ်ဆိုရင်... ဒါတွေ အကောင့်(စ်)မှာ သွားထားလိုက်ပါလား.."

ဟူ၍ ပြောပြန်တာမို့ မျက်နှာခပ်တည်တည်နှင့်



ဖိုင်(လ်)တစ်ပွေ့တစ်ပိုက်ကို သယ်မကာ အကောင့်(စ်)ရုံးခန်းသို့ ထွက်လာခဲ့လိုက်သည်။ အကောင့်(စ်)ရုံးခန်း ရောက်သည့်အခါ ပြန်ဖို့ ပြင်ဆင်နေသော ထွေးကို သူမပါ ဖယ်ရီနှင့် တစ်ခါတည်း လိုက်မည့်အကြောင်းပြောကာ ဖိုင်(လ်)များကို သက်ဆိုင်ရာဆက်ရှင်တွင် ပြန်ထားပြီး ရုံးခန်းသို့ အလျင်အမြန်ပင် ပြန်လာခဲ့တော့သည်။

ရုံးခန်းသို့ ပြန်ရောက်သည့်အချိန်မှာ အခန်းထဲမှာ ဦးခန့်ထည် ရှိမနေတော့။ ထို့အတူ သူ့စားပွဲပေါ်မှာလည်း ပြောင်ရှင်းနေတာမို့ "သူများတော့ ခိုင်းထားပြီး သူ့ကျတော့ စောစောစီးစီး ရုံးဆင်းသွားပြီ... " ဟု ကတ်ဖွဲ့တွေးကာ နှုတ်ခမ်းက ဆူသွားရသည်။

ထိုဆူနေသော သူမ၏နှုတ်ခမ်းက သူမစားပွဲပေါ်မှာ တင်ထားသော နှင်းဆီနီရဲရဲတစ်ပွင့်၊ ချော့ကလက်တစ်ပြားနှင့် မေနှင်းဆီဟု အင်္ဂလိပ်လို ရေးထားသော စာအိတ်အနီရဲရဲကို တွေ့လိုက်ရသည့်အခါမှာ အံ့သြစိတ်ဖြင့် ဖွင့်ဟသွားပြီး မျက်ခုံးတစ်စုံကလည်း ပင့်တက်သွားသည်။ လက်ရေးကို ကြည့်ခြင်းဖြင့် ဒီလက်ရေးဟာ ဦးခန့်ထည် လက်ရေးဆိုတာ သေချာစွာ သိလိုက်ရင်း စာအိတ်ထဲမှ ကဒ်ပြားကို လျင်မြန်စွာ ထုတ်ယူဖတ်လိုက်၏။ ကဒ်ကလည်း စာအိတ်နှင့် အသွေးတူ... နှင်းဆီပွင့်ပုံစံ အနီရဲရဲကဒ်ဖြစ်သည်။ ကဒ်၏အတွင်းဘက်မှာတော့ အင်္ဂလိပ်စာလုံးဆိုအားလုံးကို Capital letter (စာလုံးကြီး) ဖြင့် ရေးတတ်သော

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ထည်၏ လက်ရေးဖြင့် စာကြောင်းတစ်ခု ရေးထားတာကို တွေ့ရ၏။

"HAVE FUN & BE HAPPY

ON 1ST APRIL"

မေနှင်းဆီ စိတ်ထဲ ထူးဆန်းသွားရ၏။ ထူးဆန်းစိတ်နှင့်ပင် စားပွဲမှာ တင်ထားသော ပြက္ခဒိန်ကို ကြည့်မိတော့ ဒီနေ့ဟာဧပြီလ (၁) ရက်နေ့ ဖြစ်နေတာ သိရသည်။ ဒီနေ့ ဧပြီလ(၁) ရက်နေ့ဟာ ဘာနေ့မှန်း သူမ မသိပါ။ သေချာတာတစ်ခုက ဒီနေ့ဟာ သူမမွေးနေ့ မဟုတ်သလို သူ့မွေးနေ့လည်း မဟုတ်တဲ့ဘာအထိမ်းအမှတ်နှင့်များပေးသလဲမသိဘူးဟူ၍ မျက်ခုံးရှုံ့ရှုံ့၊ နှာခေါင်းရှုံ့ရှုံ့နှင့် တွေးပြီး ဖယ်ရီ မမီမှာစိုးစွာ နှင်းဆီတစ်ပွင့်၊ ချောကလက်တစ်တောင့်နှင့် အနီရဲရဲကဒ်တို့ကို ယူပြီး ဖယ်ရီရှိရာသို့ အလျင်အမြန် ထွက်ခဲ့တော့၏။

ဖယ်ရီပေါ်ရောက်တော့ ခင်ထူးဆွေအား လှမ်းမေးကြည့်ရန် စိတ်ကူးသည်။ ဖယ်ရီပေါ်ရောက်တော့ ခင်ထူးဆွေအား လျှို့ဝှက်သိပ်သည်းစွာပင် မေးဖြစ်သည်။

"ထူး... ဒီနေ့ 1st April က ဘာနေ့လဲဟင်... "

"1st April... "

ထူးက သူမပြောသည့်အတိုင်း သံယောင်ထပ်ကာ ပြောတာမို့ ခေါင်းညိတ်ပြမိ၏။

"1st April အင်း... ဒီနေ့က ဘာနေ့လဲဆိုတော့... ဟာ...ဒီနေ့က April fool နေ့လေ မေရဲ့... ဆရာတော့ ယူ့ကို...



စလိုက်ပြန်ပြီ... ယူ့ကို April fool လုပ်လိုက်တာကွ... "

"ဘာလဲ April fool ဆိုတာ... "

မေနှင်းဆီက နားမလည်နိုင်စွာ ပြန်မေးမိ၏။

"ရော်... မေရယ်... ယူက တကယ့်ကို Child (ကလေး) ပဲ... April fool လုပ်တယ်ဆိုတာ ယူ့ကိုအရူးလုပ်တယ်လို့ ပြောတာကွ... ဧပရယ်(လ်)အရူးလုပ်တယ်ဆိုလို့ ဆရာ့ကို စိတ်မဆိုးနဲ့ဦး...ဒါက ရင်းနှီးတဲ့... ချစ်တဲ့... ခင်တဲ့သူ အချင်းချင်းမှ လုပ်တတ်ကြတဲ့ကစားနည်းမျိုးပေါ့... ဧပြီ(၁)ရက်နေ့က ဧပရယ်(လ်)ဖူး(လ်)လုပ်တဲ့နေ့ပေါ့... အင်း... ကိုယ်တော့သဘောပေါက်ပြီ... ယူ့ကို ဆရာက ဒီနေ့မှာ ဒီလောက်များတဲ့အလုပ်တွေကို ခိုင်းတာဟာ...ယူ့ကို ခိုင်းစေလိုခြင်း ဆန္ဒသက်သက်ထက်... ယူ့ကို ဧပရယ်(လ်) ဖူး(လ်)လုပ်ပြီး စချင်တဲ့အတွက် ခိုင်းတာဖြစ်မယ်... သူ့ဖာသာသူစပြီးတော့မှ ယူကစိတ်တွေဆိုးတော့ ဒါတွေနဲ့ပြန်ချော့တာနေမှာပေါ့...ဟားဟား... သဘောကျတယ်ကွာ... ဆရာတော့ ယူနဲ့ပတ်သက်ပြီး စိတ်ကူးယဉ်အတွေးတွေနဲ့ အရမ်းကို 'နှ'နေပြီ... ကဲ... ပြောပါဦး... ယူ့ကိုကော ဘာတွေပြောလိုက်သေးလဲ... ဆရာက နှစ်တိုင်းမွေးနေ့ပွဲလုပ်လေ့ရှိတယ်... ဒီနှစ်တော့ မလုပ်ဖြစ်ဘူးလေ... မွေးနေ့ပွဲတိုင်းမှာ ဆရာကပဲ မွေးနေ့လက်ဆောင်ပေးလေ့ရှိတယ်... "

www.burmeseclassic.com

www.burmeseclassic.com



မေနှင်းဆီ ရင်ထဲ ထိတ်ခနဲ ခုန်သွားရကာ ဘာ၊ ပြောရမှန်းမသိ ဖြစ်သွားသည်။ သို့သော် မညာတတ်သော သူမ၏ မျက်ဝန်းတို့ကို အမိအရ ဖတ်မိလိုက်နိုင်သော ထူးက အပ်ကျ မတ်ကျကို ပြောတော့၏။

"နေ့ခင်းကတည်းက ယူ့ကို ဆရာ ကိတ်ကျွေးတယ်ဆိုကတည်းက စိတ်ထဲ တစ်မျိုးတော့ ထင်သား... နောက်ပြီး ယူ့ကို တစ်နေ့တာ မပြီးမယ့်အလုပ်တွေ ပေးတာကလည်း ပုံမှန်မဟုတ်ဘူးလေ... ဒါ သက်သက်စနေတာပဲ နေမှာ အဲဒါမှာ ယူကလည်း သူသွင်းတဲ့ဆင်တဲ့အကွက်ထဲ ဝင်ပြီး စိတ်တွေတို၊ ဒေါသတွေထွက်... ဒါကို ဆရာက လက်ဆောင်ပေးပြီး ပြန်ချော့... ဒါပဲပေါ့... အခုကော ဘာပေးလိုက်လို့လဲ... "

"အခန်းထဲမှာ သူ မရှိတော့ပါဘူး... ကိုယ့်စားပွဲပေါ်မှာ တင်ထားတာ နှင်းဆီတစ်ပွင့်၊ ချောကလက်တစ်တောင့်နဲ့ ကိုယ့်နာမည်ရေးထားတဲ့ စာအိတ် တစ်ထားတာ... စာအိတ်ထဲမှာ နှင်းဆီပုံစံ အနီရဲရဲကဒ်တစ်ခု HAVE FUN & BE HAPPY ON 1ST APRIL လို့ ရေးထားတယ်..."

"ဒါဆို ရှင်းနေပြီပဲ မေရယ်... ကဲ ကိုယ်မပြောဘူးလား... ကိုယ် ထင်ရင် လွဲခဲပါတယ်ဆိုတာ... "

ထူး၏ထင်ကြေးပေးမှုကို ဘာမှ မတုန့်ပြန်ဖြစ်ဘဲ အောက်နှုတ်ခမ်းကို ကိုက်၊ မျက်လုံးစိုက်စိုက်နှင့် နားထောင်ဖြစ်



သည်။

"......... "

"ယူ့ကို ဆရာတော့ မင်္ဂလာ(?)တစ်နေ့မှာ ဖွင့်ပြောလာတော့မယ် ထင်တယ်... "

"မဖြစ်နိုင်တာကြီး... "

"ဩော်... အခုထက်ထိ မဖြစ်နိုင်ဘူးလို့ ပြောနေတုန်းပဲလား မေရဲ့... လူပျိုနဲ့အပျိုပဲကွယ်... ဆရာက ချစ်ခွင့် ရှိသလို ယူကလည်း စဉ်းစားခွင့်ရှိတယ်... ညီအစ်မအရင်း လို စေတနာထားပြီး ပြောတာနော် မေ... ကိုယ်တော့ ထင်တယ်... ဆရာ့လို လူမျိုးတစ်ယောက်ကို မငြင်းသင့်ဘူး ထင်တာပဲ... "

ထူး၏စကားတို့ကို ဘာမှ မတုန့်ပြန်မနေတော့ဘဲ ထိုင်ခုံတွင် မှီလျှော့ထိုင်ကာ မျက်လုံးစုံမှိတ်ငြိမ်သက်လိုက်မိပါတော့၏။

"ထူး" သတ်မှတ်ပေးလိုက်သော မင်္ဂလာ(?)တော့သည် တစ်နေ့က ထိုနေ့ညမှာပဲ သူမထံ သူ့ ဖုန်းဆက်ခြင်းဖြင့် ကျရောက်ခဲ့ပါ၏။

"ကိုယ် မျက်နှာလည်းပူပူ အနေရလည်း ခက်ခက်နဲ့ ရှုံး

www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်တာပါ နှင်းဆီ… ဒါပေမဲ့ ဖုန်းမဆက်ရပြန်ရင်လည်း ကိုယ် ဘယ်လိုမှ စိတ်အေးအေးနဲ့ နေလို့ရမှာမဟုတ်ဘူး… ဒီနေ့ နှင်းဆီ ကိုယ့်ကို တော်တော်စိတ်ဆိုးသွားလိမ့်မယ်လို့ ကိုယ်ထင်ပါတယ်… နှင်းဆီ စိတ်ဆိုးအောင် အလုပ်တွေတမင်ပေးရင်း ကိုယ်စခဲ့မိတာပါ… အထူးသဖြင့် ဒီနေ့လေးမှာ နှင်းဆီအတွက် ကိုယ် အမှတ်တရတစ်ခုလုပ်ပေးချင်နေတာ…ကိုယ် အကျီစားသန်သွားရင် ခွင့်လွှတ်ပါ နှင်းဆီ နှင်းဆီက စိတ်ဆိုးရင် ချစ်စရာ ကောင်းတော့ ကိုယ်စမိတာပါ… အလုပ်တွေအများကြီးပေးပြီး အလုပ်ပြီးမှ အိမ်ပြန်ရမယ်လို့ ပြောခဲ့တာဟာ ကိုယ်တကယ်ပဲ စခဲ့နောက်ခဲ့ မိတာပါ… ဒါပေမဲ့ နှင်းဆီပွင့်တစ်ပွင့်၊ ချောကလက်တစ်ပြားနဲ့ ကဒ်တစ်ကဒ်ကတော့ စနောက်ပြီး ပေးခဲ့တာ မဟုတ်ဘူး… ဒီနေ့လေးမှာ နှင်းဆီအတွက် ကိုယ့်ရဲ့ အမှတ်တရလက်ဆောင်တွေပါ… အဲဒီလိုပဲ ကိုယ့်ဘဝအတွက် အရေးအကြီးဆုံး စကားတစ် ခွန်းကို အလေးအနက်ထားပြီး ကိုယ်ပြောချင်ပါတယ် နှင်းဆီ… နှင်းဆီ လက်ခံ နားထောင်ပေးပါနော်… နှင်းဆီကို ကိုယ်ချစ်တယ်… ကိုယ့်အချစ်ကို လက်ခံပေးပါ… မခွဲနိုင်အောင်ချစ်မိသွားတဲ့အတွက် ဩစတြေးလျကိုပြန်ရင် နှင်းဆီကို ခေါ်သွားချင် ပါတယ်… နှင်းဆီ သဘောတူမယ်ဆိုရင် ကိုယ် ပါပါနဲ့ မာမာဆီကို လှမ်းပြီး အသိပေးလိုက်ချင်



ပါတယ်… အဲဒါ နှင်းဆီ ဘယ်လိုသဘောရသလဲဆိုတာ ကိုယ်သိချင်တယ် ကိုယ် ရင်တွေ အရမ်းခုန်နေတယ် နှင်းဆီ ကိုယ့်ကို အဖြေ ပေးနိုင်မလားဟင်… ဒါမှမဟုတ် နှင်းဆီ အချိန်ယူ စဉ်းစားချင်သေးလား… ”

“………… ”

“ဟင် နှင်းဆီ… ကိုယ့်ကို စကားမပြောချင်လောက်အောင် စိတ်ဆိုးသွားတာလား… ကိုယ့်ကို စကားပြောပါဦး နှင်းဆီရယ်… ”

တောင်းပန်ခယသံက ဆက်လက်၍ ငြိမ်သက်နေဖို့ မကောင်းတော့အောင်ပင်။

“ကျွန်မ ဦးခန့်ထည်ကို စိတ်ဆိုးလို့ စကားမပြောတာ မဟုတ်ပါဘူး… ဒီနေ့ ကွန်ပျူတာ တစ်နေကုန် ကြည့်ထားရလို့ ကျွန်မရဲ့ ခေါင်းသိပ်ကိုက်နေတယ်… အဲဒါ ကျွန်မ rest (အနား) ယူချင်နေပြီ… ”

“ဟာ နှင်းဆီ… အရမ်းကိုက်နေတာလား… ”

“ဆေးသောက်ပြီး အိပ်လိုက်ရင် သက်သာသွားမယ် ထင်ပါတယ်… ဦးခန့်ထည်… ။နောက်ပြီး မနက်ဖြန်လည်း ကျွန်မ ခွင့်ယူချင်ပါတယ်… အဲဒါ… ”

“ဟာ ရပါတယ်… ယူပါ… သိပ်ကို နေရဆိုးနေလား နှင်းဆီ… ”

“သန်ဘက်ခါကျ ရုံးပြန်တက်နိုင်အောင် ကျွန်မ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ် ဦးခန့်ထည်… အဲဒီအခါကျရင် ဦးခန့်ထည်ကို အဖြေ ပြန်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်… အခုတော့ ကျွန်မ နားချင်ပြီ… ဖုန်းချလိုက်တော့မယ်… ဂွဒ်နိုက်ပါ ဦးခန့်ထည်… ”

တုန့်ပြန်သံကို စောင့်နားမထောင်တော့ဘဲ ဖုန်းချလိုက်မိ၏။ ခေါင်းသည် တစ်စစ်စစ် ကိုက်ခဲနေကာ ရင်တစ်ခုလုံးကလည်း တင်းကျပ်မွလောင်နေရသည်။ ခြေဖျားလက်ဖျားများကတော့ ရေခဲတုန်းကမျှ အေးစက်လျက်… ။

ဘာကို ဝမ်းနည်းနေမှန်း မသိသော စိတ်တို့ဖြင့် ဆို့နင့်နာကျင်ကြေကွဲကာ အော်ဟစ်၍ ပေါက်ကွဲပစ်လိုက်ချင်တော့သည်။



## ၁၂

“ချည့်သည် လာတယ်” ဆိုသော ကောင်မလေး၏ သတင်းပို့မှုကြောင့် ချည့်ခန်းသို့ ထွက်လာခဲ့သော မေနှင်းဆီမှာ ချည့်ခန်းတွင် ထိုင်နေသော ခင်ထူးဆွေကို တွေ့လိုက်ရသည့်အခါ အေးဆေးစွာပင် ဆက်တီထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။ ဘယ်နည်းနှင့်မဆို ခင်ထူးဆွေ သူမဆီသို့ လာမည်ဆိုတာ ကြိုသိနေပြီးသော သူမအတွက် ခင်ထူးဆွေ ရောက်လာခြင်းက အံ့ဩမှု မဖြစ်မိ။

“ယူ ရုံးမတက်ဘူးလား ထူး… ”

“ခွင့်ယူထားတယ်… ”

www.burmeseclassic.com



ထူးက သူမ၏အမေးကို ပြန်ဖြေရင်း သူမမျက်နှာကို စိုက်ကြည့်နေ၏။

"ခွင့်ယူထားတယ် ဟုတ်လား... ဘာဖြစ်လို့လဲ ထူးရဲ့... နေမကောင်းလို့လား... "

"ယူ့ဆီကို ရောက်နေမှတော့ ကိုယ်နေမကောင်း ဖြစ်နေပါ့မလား မေရယ်... ယူကလည်း ဟန်ဆောင်တတ်တဲ့ အကျင့်တွေ ပါပြီး ကိုယ့်ကိုပါ ဟန်ဆောင်ဖို့ ကြိုးစားမနေချင်စမ်းပါနဲ့... ကိုယ်ခွင့်ယူထားတာ ယူ့ဆီကို လာချင်လို့ပေါ့..."

မာတောင့်တောင့် ထူး၏အပြောမှာ မေနှင်းဆီ နှုတ်ခမ်းစေ့ ပြုံးလိုက်မိသည်။ စကားဖြင့် မပြောရသေး ထူးတစ်ယောက်ကတော့ သူမကို ရန်တွေ့ဖို့ အဆင်သင့် ဖြစ်နေပြီ။

"ယူ ဘယ်လိုလုပ်လိုက်တာလဲ မေ... "

"ဘာကိုလဲ... "

"ငါးရက်ပြည့်လို့မှ ရုံးပြန်မတက်ဖြစ်ရင် resign (အလုပ်ထွက်တော့မယ်) တင်တော့မယ်ဆိုတာလေ... "

"ဩော်... ယူ့ကို H.R.D (Human Resource Department) က ပြောတာလား... "

"ကိုယ်မေးတာကိုပဲ ဖြေပါ မေရယ်... "

"ဟုတ်တယ်လေ... ကိုယ်တို့ ဟိုတယ်က ခွင့်ရက်ရှည်ယူခွင့်မှ မရှိတာ... အဲဒီမှာ ကိုယ်က ခွင့်ငါးရက် ယူထားတာ... ငါးရက်ပြည့်လို့မှ ရုံးတက်ချင်စိတ်မရှိရင် ကိုယ်



အလုပ်က ထွက်မှ ဖြစ်တော့မှာပေါ့... "

"ဆိုလိုတာက ယူ တကယ် အလုပ်မလုပ်ချင်တော့လို့ အလုပ်က ထွက်တဲ့ သဘောလား... ဒါမှမဟုတ် လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ရမှာ စိုးလို့... "

အိုး... ထူး၏ စကားမဆုံးခင်မှာ မေနှင်းဆီ အထိတ်တလန့်ပင် ထူးဆီ ကြည့်လိုက်မိ၏။ ထူးကလည်း သူမ၏ စကားကို ပြီးဆုံးအောင် မပြောကာ မေနှင်းဆီထံ ကြည့်လေသည်။ ပြီးမှ

"ဒီကိစ္စတွေ ဘယ်လိုသိလာရသလဲဆိုပြီး အံ့ဩနေတယ် မဟုတ်လား... အားလုံးကတော့ မေနှင်းဆီရဲ့ခွင့်ယူထားခြင်းက တကယ်ပဲ နေမကောင်းဖြစ်နေလို့ ရိုးသားစွာ ခွင့်ယူထားခြင်းလို့ ထင်မှာပေါ့... ကိုယ်ကတော့ ယူ ဒီလိုဆိုင်းမပါ ဗုံမဆင့် ခွင့်ယူလိုက်တာဟာ မရိုးသားဘူးလို့ အစကတည်းက ထင်ထားတာ... ယူကလည်း ကိုယ်ဖုန်းဆက်လိုက်တိုင်း ဖုန်းမကိုင်ဘူးလေ... နောက်ကျမှ ကိုယ်ထင်တာဟာ တကယ်ဖြစ်နေမှန်း သိရတော့တာ... "

"ဒါဆို... "

"ဟုတ်တယ် မေ... မနေ့က ဆရာ ယူနဲ့သူ့အကြောင်း ကိုယ့်ကို ပြောပြတယ်... ဆရာ့မျက်နှာက တော်တော်လည်း ပျက်နေတယ်မေ... အလုပ်က ထွက်ဖို့ ဆုံးဖြတ်ရလောက်အောင် သူ့ကို မုန်းနေသလား ဆိုပြီးတော့လည်း တော်တော်စိတ်မကောင်းဖြစ်နေတယ်... ယူက ဆရာ့ကို ယူ့ဆီကို ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



မဆက်၊ လူမလာဖို့ ပြောထားတယ်ဆို... ယူ ခွင့်ယူထား တဲ့ရက်မှာ ဆရာ့ဆီက ဖုန်းဆက်လာရင်ပဲဖြစ်ဖြစ် လူလာ ရင်ပဲဖြစ်ဖြစ် ယူ့ရဲ့အလုပ်ထွက်စာက Royal Cro ဟိုတယ်ကို ရောက်ပြီးသားပဲဆို... အဲဒီတော့ သူ့မှာ ဘာ လုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေရတယ်တဲ့ ဘာပဲဖြစ်ဖြစ် သူ့ကို မတွေ့ချင်တာနဲ့ပဲ ယူသိပ်လုပ်ချင်တဲ့ ဒီဟိုတယ်ကြီးကနေ ထွက်သွားမှာကို သူ စိုးရိမ်သတဲ့လေ မေရယ် ယူ ဘယ်လိုများ လုပ်လိုက်တာလဲ... ဆရာ့ခ သနားပါတယ်... "

"............"

"ယူ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်တွေ ကြီးနေရသ ဆိုတာ ကိုယ်တော့ မတွေးတတ်အောင်ပဲ မေ... တက ဆို ဆရာဟာ လူတကာနှစ်သက်သဘောကျခြင်းကို ခံ တဲ့သူပါ... ဒါကိုလည်း ယူ သိနေခဲ့တာပဲ... အဲဒီအထဲ မှ ယူ့ကို... "

"ဒါကြောင့်လည်း မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ချနိ အတွက် ကိုယ် ခွင့်ယူထားခဲ့တာပေါ့ ထူး... "

"ဒါဆို ယူက ဆရာ့ကို အဖြေပြန်ပေးဖို့ စဉ်းစားနေတာ ဟုတ်လား... "

ထူး၏ ဝမ်းသာအားရအမေးမှာ သူမ ခေါင်း ညင်သာစွာပင် ခါရမ်းပြလိုက်မိသည်။



"ကိုယ်စဉ်းစားနေတာ ဦးခန့်ထည်ကို အဖြေပေးဖို့အတွက် မဟုတ်ဘူး... ကိုယ့်ကို ရည်းစားစကားပြောထားတဲ့ လူ တစ်ယောက်နဲ့အတူ အလုပ်ဆက်လုပ်သင့် မလုပ်သင့်ဆို တာကိုပါ... "

ထူး၏အပြုံးက ချက်ချင်းပင် ကွယ်ပျောက်သွား သည်။

"ဒါဆို... "

"ကိုယ် ဒီပုပ်ထဲက ဒီပဲ မဖြစ်ချင်ဘူး ထူး... အရှေ့ စက္က ထရီမှာ ဖြစ်ခဲ့သမျှအရာအားလုံးက ကိုယ့်အလှည့်မှာလည်း ဖြစ်လာတယ်ဆိုတာ အပြောမခံနိုင်ဘူး... အရှေ့ စက္ကထရီ တုန်းက သူ့ကို သဘောကျခဲ့တယ်... ကိုယ့်အလှည့်မှာ သူက ကိုယ့်ကို ပရိုပို့စ်လုပ်တယ်... နည်းလမ်းခြင်း မတူ ပေမယ့် အတင်းအဖျင်းပြောချင်ကြတဲ့ ပတ်ဝန်းကျင် တစ်ခုမှာ ဦးခန့်ထည် ဒီလိုမျိုး ဖြစ်သွားရအောင် ကိုယ်က ဖြားယောင်းသွေးဆောင်တယ်ဆိုတာ အပြောမခံနိုင်ဘူး... အမှန်တရားကို ဘယ်သူမှ မြင်နိုင်မှာ မဟုတ်ဘူးလေ... "

"ဟာ မေရယ်... ယူ ဘာတွေအတွေးချော်နေတာလဲ... ယူ ဖြားယောင်းသွေးဆောင်တာ မဟုတ်မှန်း အားလုံး သိနေ တာပဲ... ဘာလို့လဲဆိုတော့ ယူနဲ့ကျမှ ဆရာက သိသိသာ သာကို ပြောင်းလဲသွားတာလေ... ဒါကိုလည်း အားလုံး သိနေတာပဲ... ယူ့ကိုယူ သိက္ခာနဲ့ နှိုင်းယှဉ်စရာဘာ မေရယ်

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကိုမှ တခြားဆီပဲဥစ္စာ... နောက်ပြီး ဆရာက ယူ့ကို ချစ်ပြီး ပရိုပို့စ်လုပ်တာကကော အပြစ်တစ်ခုလား...တခြား ဆီပဲဥစ္စာ...သူလည်း လွတ်လပ်တဲ့ လူပျိုတစ်ယောက်ပဲလေ သူချစ်တဲ့သူကို လွတ်လပ်စွာ ချစ်ခွင့်ရှိတာပေါ့... ယူက လည်း အပျိုတစ်ယောက်ပဲဥစ္စာ... "

"ဒါပေမယ့် ကိုယ်က သူ့စက္ကထရီလေ... ယူ စဉ်းစားကြည့် ပါဦး... သူက ပတ်ဝန်းကျင်ကို ဂရုမစိုက်ပေမယ့် ကိုယ်က တော့ ဂရုစိုက်တယ်... ကိုယ် အလုပ်စလုပ်ကတည်းက အားလုံးရဲ့ မျက်စေ့ဒေါက်ထောက်ကြည့်ခြင်းကို ခံခဲ့ရတာ... နောက်ဆုံးမှာ သူတို့ ဒေါက်ထောက်ကြည့်ခဲ့တဲ့အတိုင်း ဖြစ် လာခဲ့တာပဲလို့ ကိုယ်အထင်မခံနိုင်ဘူး...ဒါဟာ ကိုယ့်သိက္ခာ နဲ့ဆိုင်သလို သူ့သိက္ခာနဲ့လည်း ဆိုင်တယ်... ကိုယ်တို့တစ် နှစ်ကျော် အလုပ်အတူတွဲလုပ်လာခဲ့တာမှာ ကိုယ့်ဖက်က ဘာမရိုးသားမှုမှ မပါခဲ့ဘူး... သူ့ကိုယ်၌ကလည်း သိက္ခာရှိ ပြီး စည်းကမ်းရှိခဲ့တာပဲ... အရင်စက္ကထရီ တုန်းက ဆက်ဆံ ခဲ့တဲ့ စည်းကမ်းတွေအတိုင်း ကိုယ့်ကို ဆက်ဆံခဲ့တာ... အဲဒီမှာကိုယ်ကလည်း သူ ဘယ်လိုမှ အထင် အမြင်သေးလို့ မရအောင်... ကိုယ့်ဣန္ဒြေနဲ့သိက္ခာနဲ့ နေထိုင်ခဲ့တာပဲ...အဲဒီ လို အခြေအနေမျိုးမှာမှ သူက ကိုယ့်ကိုချစ်တယ် ပြောလာ တော့... "

"ကိုယ်ပြောပြီးပါပကော မေရယ်... ဒါဟာ ဆရာ့အတွက်



အပြစ်တစ်ခု ဖြစ်သွားရောလား... "

"အပြစ်တစ်ခု မဟုတ်ပေမဲ့ ကိုယ်ကတော့ ကိုယ့်ဣန္ဒြေ သိက္ခာကို ကာကွယ်နိုင်ဖို့အတွက် ဆုံးဖြတ်ချက်တစ်ခု ချမှ ဖြစ်မယ်... ရှင်တစ်ယောက်တည်း သိတဲ့အခြေအနေမှာ သူ ပရိုပို့စ် လုပ်ထားတာကို ပြန်ရုပ်သိမ်းမလား... ဒါမှမဟုတ် ကိုယ်ပဲ အလုပ်က ထွက်ရမလား ဆိုတာ... "

"အိုး... မေရယ်... "

"ဆောရီးပဲ ထူး... ဒါဟာ ကိုယ့်ဣန္ဒြေသိက္ခာအတွက်ပါ"

"ယူ ဘာကြောင့် စိတ်တွေ ဒီလောက်တင်းမာနေရတာလဲ ဟင် မေ... ဆရာဟာ တကယ့်ကို သနားစရာကောင်း လောက်အောင် သိဂ္ဂိုဝင်္ငလည်တော့တာပဲ... ဒီမှာ မေ... ယူ ဆရာ့ကို သိပ်မနှိပ်စက်ချင်ပါနဲ့... ဆရာနဲ့ မျက်နှာချင်း ဆိုင်ရင် မျက်နှာပူစရာမလိုအောင် အခု ဆရာ မလေးရှား ကို ပြောင်းရတော့မယ်... General Manager ရာထူးနဲ့... "

ထူး၏ အပြောက နားကြားများ လွဲသလား ထင် ရအောင် သူမ အံ့သြတကြီး ဖြစ်သွားရ၏။ မယုံနိုင်သလို မျက်ခုံး ပင့်ကာ ကြည့်မိတော့ ထူးက သူမထံ စိမ်းဆတ်ဆတ်ကြည့်ကာ ခေါင်းညိတ်ပြသည်။

"မနက်ဖြန်ဆို ဆရာ့နေရာရောက်မယ့်သူ ရောက်လာတော့ မယ်... ဆရာက အလုပ်တွေ လွှဲဖို့လုပ်နေပြီ...အဲဒီမှာ ယူ က ရုံးမတက်တော့ ဆရာ အခက်တွေ့ရတာပေါ့... နှစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်အတွင်း ဆရာပြောင်းရတော့မှာ... ဒီကြားထဲမှာ ဆရာက ယူ့ကို အလုပ်အကြောင်း အားလုံး ပြောပြချင်နေတာ... ယူက ရုံးမလာတော့ သူ တော်တော်စိတ်မကောင်းဖြစ်နေတယ်... အခုလည်း ကိုယ်နဲ့အတူ ယူ့အတွက် စာတစ်စောင် ဆရာရေးပေးလိုက်တယ်... ”

ခင်ထူးဆွေက ပိုက်ဆံအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ကာ မေနှင်းဆီထံ လှမ်းပေးသည်။ ထူး လှမ်းပေးသော စာကို ယူရန် မယူရန် သူမ ဝေခွဲမရဖြစ်နေသည့်အချိန်မှာ...

“ဖတ်ကြည့်လိုက်ပါ မေ... ဒီစာက ယူ့အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ဖို့ အထောက်အကူပြုတဲ့ စာတစ်စောင်လည်း ဖြစ်နိုင်တာပဲ... ”

ခင်ထူးဆွေက သူ့လက်ထဲမှ စာကို မေနှင်းဆီ၏ ပေါင်ပေါ်တင်လိုက်သည်။ မေနှင်းဆီက ပေါင်ပေါ်မှ စာကို ကောက်ယူဖွင့်လိုက်ချိန်မှာ ရင်မောလွန်းလှစွာဖြင့် အရှေ့မှာ တည်ခင်းချည့်ခ်ထားသော သူမအတွက် အအေးခွက်ကို ခင်ထူးဆွေ ဆွဲယူသောက်လိုက်ပါ၏။

“နှင်းဆီ

ကိုယ့်အတွက်နဲ့ နှင်းဆီ အင်မတန် အလုပ်လုပ်ချင်တဲ့ ဟိုတယ်ကြီးကနေ အလုပ်ထွက်ဖို့ မစဉ်းစားပါနဲ့။

ရုံးပြန်တက်တဲ့အခါ နှင်းဆီ စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အပြုအမူ အပြောအဆို လုံးဝမလုပ်



ဖြစ်အောင် ထိန်းသိမ်းပါ့မယ်လို့ ကတိပေးရင် ရုံးပြန်တက်နိုင်မလား... အဲဒီလိုဆို ကိုယ် ကတိပေးပါတယ် နှင်းဆီ။

နှင်းဆီ ရုံးတက်လာမယ့်ရက်ကို ကိုယ်နဲ့အတူ Royal Crown Hotel ကြီးက စောင့်မျှော်နေပါတယ်...

ခန့်ထည်”

စာဖတ်ပြီးသည့်အချိန်မှာ ထူးထံ ကြည့်လိုက်မိတော့ ထူးက မေးဆတ်ရှင်းနှင့် မေး၏။

“ဒီကိစ္စကို အန်တီ သိလား... ”

“ဟင့်အင်း... ပြောလို့ မဖြစ်ဘူး... ကိုယ့်သိက္ခာအတွက် ဦးခန့်ထည်သိက္ခာအတွက် မေမေ့သိလို့ မဖြစ်ဘူးလေ... ကိုယ် ပင်ပန်းလို့ ခွင့်ရက်ရှည် ယူထားတယ်လို့ပဲ မေမေ သိထားတာ... ဒါကြောင့် ကိုယ့်ကို ဆိုင်တောင် မခေါ်ဘူး”

“ယူ အလုပ်ထွက်မယ်ဆိုရင်တော့ အန်တီက ဘာကြောင့်ဆိုတာ မေးမှာပဲ... အဲဒီအခါကျရင် ယူ ဘယ်လိုဖြေမလဲ”

“ဖြေစရာ မလိုတော့ဘူးလေ... ”

“ဘာဖြစ်လို့... ”

“မနက်ဖြန် ကိုယ် ရုံးပြန်တက်မယ်... ”

“ဟယ်... တကယ်... ”

ထူး၏ အလောတကြီးအမေးကို တည်ငြိမ်သော မျက်နှာနှင့်ပင် သေချာကြောင်း ခေါင်းညိတ်ပြလိုက်တော့၏။

နောက်တစ်ရက်မှာ မေနှင်းဆီ ရုံးပြန်တက်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရုံးပြန်တက်သည့်အချိန်မှာ ဦးခန့်ထည်က သူ့ကတိစကားကို တည်မြဲအောင် လုပ်ဆောင်နိုင်ခဲ့သည်။ သူ့နေရာတွင် အစားထိုး ရောက်ရှိမည့် နိုင်ငံခြားသား မစ္စတာရိုမန်နှင့် သူမကို မိတ်ဆက် ပေးကာ သူမနှင့် မစ္စတာရိုမန် သိသင့်သိထိုက်သော လုပ်ငန်း အကြောင်းကို မျက်နှာဆုံညီထိုင်ကာ အစည်းအဝေး လုပ်ခဲ့တာက လွဲလျှင် သူမနှင့် မျက်နှာချင်း မဆိုင်ခဲ့။

နိုင်ငံခြားမှာ နေထိုင်ခဲ့သောသူတစ်ဦးပီပီ မစ္စတာရိုမန်နှင့် စကားပြောရာမှာ အပြုအမူ လေယူလေသိမ်းတို့က တကယ့်ကို နိုင်ငံခြားသားတစ်ယောက်လို ဖြစ်နေသော ဦးခန့်ထည်ကို သူမမှာ မသိမသာ ခိုးငေးကြည့်မိခဲ့၏။ သူ့ကတိစကားကို တည်မြဲအောင် ထိန်းသိမ်းနေခဲ့တာလား... ဒါမှမဟုတ် တကယ့်ကို ပင် ပြောင်းရွှေ့ကာနီးမို့လို့ အလုပ်ထဲတွင် စိတ်ဝင်တစား ဖြစ်နေ သလား မသိသော ဦးခန့်ထည်မှာ သူမ၏ခိုးငေးအကြည့်ကို သတိ ထားခဲ့မိဟန် မတူ... ။ သုံးယောက်မျက်နှာချင်းဆိုင် စည်းဝေး ဆွေးနွေးဖြစ်သည်ဆိုရာဝယ် သူ့အကြည့်များက များသောအားဖြင့် မစ္စတာရိုမန်ထံ၌သာ ရှိနေခဲ့ပြီး သူမထံသို့ဆိုတာ တစ်ခါတစ်ရံမျှ သာ ရောက်လာတတ်သည်။

လုပ်ငန်းအကြောင်း ပြောသည်ဆိုရာတွင် အခွင့် သင့်လျှင် သင့်သလို သူမအတွက်ကိုပါ မစ္စတာရိုမန် ယုံကြည် စိတ်ချစွာ အားကိုးနိုင်အောင် အမှတ်ပေးထည့်သွင်းပြောကြားပြီး သူမ၏ ရှိစုမဲ့စုဂုဏ်ပုဒ်ကို ထုတ်ဖော်ပြောကြားချီးမွမ်းသော ဦးခန့်



ထည်အား ခိုးဝှက်ကြည့်ပြီး သူမရင်ထဲမှာ ဆို့နင့်နာကျင်နေရ၏။

တွေ့လျှင်တွေ့ချင်း လက်ဆွဲနှုတ်ဆက်ကာ ဦးခန့် ထည် တစ်ခါ ချီးကျူးတိုင်း အထင်ကြီးဂုဏ်ပြုပုံနှင့် သူမ၏ ဦးခေါင်းကို သူ့လက်ဖဝါးဖြင့် လာရောက်ဖိအုပ်တတ်သော မစ္စတာ ရိုမန်၏ အနောက်တိုင်းဟန် အပြုအမူက လုပ်သက်တစ်နှစ်ခွဲ နီးပါးမှာ ယနေ့ထိတိုင် သူမကို လက်ဖျားနှင့်တောင် မတို့ဖူးသော ဦးခန့်ထည်နှင့် အခြားနားကြီး ခြားနားလို့ နေ၏။

ဆွေးနွေးမှုတစ်ခါပြီးတိုင်း စီးကရက်သောက်တတ် သော မစ္စတာရိုမန်က သူ့ထံမှ စီးကရက်ဖြင့် ဦးခန့်ထည်အား တည့်ခင်းဧည့်ခံတာကို "No, Thank you" ပြောကာ ငြင်းဆန် တတ်သော ပုံစံကို မြင်ရသည့်အခါ ငင်ထဲလစ်ဟာနေရသည်။

မနက်ပိုင်းတစ်ခါနှင့် ညနေပိုင်းတစ်ခေါက်လောက် မစ္စတာရိုမန် ရောက်လာသည့်အချိန်မှာ သူ့စားပွဲမှာ သုံးယောက် သား မျက်နှာချင်းဆိုင် ထိုင်၍ လုပ်ငန်းအကြောင်းပြောဆိုနိုးနော တတ်ပေမယ့် မစ္စတာရိုမန် မရှိသည့်အချိန်မှာတော့ သူကလည်း သူ့ စားပွဲမှာ ဖိုင်(လ်)များစွာဖြင့် အလုပ်ရှုပ်နေသလို သူမကလည်း သူမကို ခိုင်းထားသော အလုပ်များစွာဖြင့် သူမ၏စားပွဲမှာ အလုပ် ရှုပ်နေခဲ့ရသည်။

ရုံးဝန်ထမ်းများနှင့် မစ္စတာရိုမန်ကို မိတ်ဆက်ပေး သည့်အခါ သွားလေရာနေရာသို့ လိုက်ပါရသည့်မျှောင်းဆီမှာ "မစ္စတာရိုမန်ကို ကျွန်တော့်လိုပဲ သဘောထားပြီး ရင်းနှီးခင်မင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံကြပါ” ဟူသည့် သူ၏စကားသံကို တစ်ခါကြားတိုင်း ရင်မှာ တစ်စစ်စစ် နာကျင်ရ၏။

တစ်ပတ်ရှိသည့်အချိန်မှာ ဟိုတယ်တစ်ခုလုံးတွင် သူနှင့်ပတ်သက်သည့် အလုပ်ကိစ္စအားလုံးကို မစ္စတာရှိမန်အား ဦးခန့်ထည်က လွှဲပြီး ဖြစ်သည်။ မစ္စတာရှိမန်က ဦးခန့်ထည် မလေးရှားသွားသည့်အချိန်မှ ဂျူတီစဝင်မည် ဖြစ်သည့်အတွက် နောက်ပိုင်းမှာ ရုံးခန်းသို့ တစ်ခါတစ်ရံမှသာ လာတတ်တော့သည်။

ကျန်သည့်တစ်ပတ်အတွင်းမှာ ဦးခန့်ထည်အား ချစ်ခင်ကြသောသူများက နှုတ်ဆက်ခြင်း အထိမ်းအမှတ်နှင့် ညစာစားပွဲ ပေးကြသည်မှာ နေ့စဉ်ပင်။ တချို့ရက်တွေမှာ Dinner ပေးချင်သည့် အုပ်စုက သုံးလေးခုလောက် ထပ်နေသည့်အတွက် ဦးခန့်ထည်က ထိုသုံးလေးအုပ်စုကို ပူးပေါင်းကာ တစ်ခုတည်း ဒင်နာကျွေးစေ၏။ ထို့အပြင် အမှတ်တရလက်ဆောင်များကလည်း ရုံးခန်းထဲမှ စားပွဲပေါ်တင်သာမက နံရံကပ်ဗီရိုတွေတင်မှာပါ အပြည့်။ မနက်စာ၊ ညစာ ဖိတ်ဖို့ ဆက်သော ဖုန်း၊ ဒါမှမဟုတ် စိတ်မကောင်းခြင်းများစွာဖြင့် နှုတ်ဆက်သော ဖုန်း၊ ဒါမှမဟုတ် လူကိုယ်တိုင် လာရောက်နှုတ်ဆက်ကြသောသူများ ရှင်းသည့်အချိန်မှာ သူမတို့ရုံးခန်းက လူနှစ်ယောက် ရှိသည် မထင်ရအောင် တိတ်ဆိတ်ခြင်းတို့ ကြီးစိုးနေသည်။

သူမကို ကတိပေးထားသလို သူ့ကတိ သူတည်မြဲခြင်းမှာ သူမအတွက် မျက်နှာပူ၊ အနေရခက်တာ သက်သာပေ



မယ့် တစ်ခါတစ်ရံမှာတော့ ရင်ထဲ လစ်ဟာကာ ဆို့နင့်နေရ၏။

ဦးခန့်ထည်ကို ဖဲဝဲ(လ်)ပေးသော လူများက စက္ကူထရီတစ်ယောက်အနေဖြင့် သူမကိုပါ တစ်ပါတည်း ဖဲဝဲ(လ်)၌ လိုက်ပါရန် ဖိတ်ကြားကြသော်လည်း သူမက ငြင်းဆန်လက်မခံခဲ့သလို ဦးခန့်ထည်ကလည်း မခေါ်ခဲ့။ ထို့ကြောင့် သူမတို့နှစ်ယောက်ကြားမှာ ပြောစရာစကားမှ မရှိအောင် သူစိမ်းဆန်ဆန် ဖြစ်နေရတော့သည်။

“ဒီခွက်လေးကို မင်းကို အမှတ်တရ ပေးချင်တယ်ဆိုရင် မင်း လက်ခံနိုင်မလား နှင်းဆီ… ”

သူမစားပွဲပေါ်ကို လာတင်ရင်း မေးတာကြောင့် ကွန်ပျူတာကို ကြည့်နေသော မျက်လုံးက စားပွဲပေါ်မှ စဉ့်မတ်ခွက်ဆီသို့ ရောက်သွား၏။ Souvenir Shop မှာ ဝယ်လာခဲ့သည် ဆိုသော သူမတို့အတူ ကော်ဖီသောက်ခဲ့သည့် ဆင်တူ စဉ့်မတ်ခွက် နှစ်ခွက်အနက်မှ တစ်ခွက်။ မျက်လွှာပင့်ကာ ကြည့်မိတော့ သူ့လက်ထဲမှာ သူ့အတွက် တစ်ခွက်ကို ကိုင်ထားတာ တွေ့ရသည်။ သူ့မျက်နှာထဲ ကြည့်မိတော့ မျှော်လင့်ရိပ်က လွှမ်းခြုံကာ သူမ၏ တုံ့ပြန်မှုကို အသက်အောင့် စောင့်နေသလိုမို့ ဘယ်ဘက် ရင်ညွန့်မှာ စူးခနဲ

www.burmeseclassic.com



နာကျင်သွားရသည်။

"Thank you ပါ ဦးခန့်ထည်... "

ကျေနပ်ရိပ်ကို တွေ့လိုက်ရပြန်တော့ သူ့အမှတ်တရကို လက်ခံမိခြင်းမှာ နှောင်တမဲ့လို့ နေရ၏။

"မေနှင်းဆီ သန်ဘက်ခါ ဆန်းဒေးညကျရင် ခင်ထူးဆွေတို့ အကောင့်(စ်)က ကိုယ့်ကို ဟိုတယ်က restaurent မှာပဲ ဖဲဝဲ(လ်)ဒင်နာ ပေးမယ်... မင်းလာခဲ့လို့ ရမလား..."

အမှတ်မထင်သော သူ၏ဖိတ်ခေါ်မှုတစ်ခုက ဘာပြန်ပြော၍ မသိအောင် ဖြစ်ရသည်။

"အင်း... အဲ ကျွန်မ အဲဒီနေ့ကျ... "

"တခြားအပွိုင့်မန့်ရှိနေတယ်ဆိုလည်း ကိစ္စမရှိပါဘူး... ကိုယ်က မင်းကို လာစေချင်လို့ပါ... တကယ်ပြောရရင်..."

"လာဖြစ်ဖို့ ကျွန်မ ကြိုးစားပါ့မယ် ဦးခန့်ထည်... "

ရှေ့ဆက်ပြောလာမည့်စကားကို နားမထောင်ရဲစွာ ဖြတ်ပြောလိုက်ရပေမယ့် သူမ တကယ်သွားဖြစ် မသွားဖြစ်ဆိုတာ ကိုယ့်ကိုကိုယ် မသေချာ။ ဦးခန့်ထည်က စိတ်ချသွားသလို ပုံစံမျိုးနှင့် သူ့စားပွဲမှာ ငြိမ်ငြိမ်သက်သက်ပင် သွားထိုင်နေတော့သည်။



တကယ်တမ်း ထိုတနင်္ဂနွေနေ့မှာ မေနှင်းဆီ သွားဖြစ်ခဲ့တာက ဦးခန့်ထည်အတွက် ဖဲဝဲ(လ်)ပါတီပွဲ မဟုတ်ဘဲ ရွှေတိဂုံဘုရားသို့သာ။

မေမေနှင့် ကိုကြီးကို ပူဆာကာ ရွှေတိဂုံဘုရားသို့ လိုက်ပို့ခိုင်းခဲ့၏။ ဘုရားရောက်လျှင် သူမရင်ထဲမှ ဖော်ပြ၍ မရသော တင်းကျပ်ကျပ် ခံစားမှုတို့ သက်သာလိုသက်သာငြား ကုစားလို၍ ဖြစ်သည်။

မေမေက အောင်မြေမှာ ပုတီးစိပ်နေသည့်အချိန်မှာ သူမကတော့ နေ့နံတိုင်းမှာ ကြိုဟ်သက်စေ့ ရေသပ္ပာယ်ပြီး တနင်္လာနံထောင့်ရောက်သည့်အခါမှာတော့ ဦးခန့်ထည်အတွက် ရေသက်စေ့ သပ္ပာယ်ကာ ဆုတောင်းပေးမိသည်။ ထို့အတူ သူမ၏စလင်းဘတ်ထဲမှာ ပါရှိသည့် မနေ့က ဆိုင်မှပင် သူမ၏ ပိုက်ဆံဖြင့် ဝယ်ယူလာခဲ့သော ကျောက်စိမ်းဖြင့် ထုလုပ်ထားသည့် လက်တစ်ဝါးခန့်ကျားရုပ်နှစ်ရုပ်ကို ထုတ်ကြည့်မိသည်။ ဒါဟာ တနင်္လာသား ဦးခန့်ထည်အတွက် သူမက လက်ဆောင်ပေးလိုက်ချင်သော [illegible] တရပစ္စည်းလေးပင်။

တန်ဖိုးကြီးတာ၊ သေးတာထက် သူမ [illegible] အတွက် အမှတ်တရလက်ဆောင်ကို မယုံရဲရဲနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သူ တန်ဖိုးထား သိမ်းဆည်းထားမည်မှာ ဘာကြောင့်မှန်းမသိ သေချာနေရ၏။

အိမ်ပြန်ရောက်တော့ ထိုကျားရုပ်လေးနှစ်ရုပ် ဘူးတစ်ဘူးထဲထည့်ကာ ဖေဒါဖျော့ရောင် အကြည်သားပလတ်စတစ်စက္ကူပက်ကင်ဖြင့် သေသေသပ်သပ် ထုပ်ပိုးပြီး အိပ်ရာထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ လှဲနေမိသည်။

ညကိုးနာရီခွဲကျော်ရောက်သည့်အခါမှာတော့ ထူးထံမှ ဖုန်းဆက်လာ၏။

"မေရယ်... ယူ ဘယ်လိုလုပ်လိုက်တာလဲ... ဆရာသမားက ဆို အားလုံးစားပြီးတဲ့အထိ ရှင့်ကို တမျှော်မျှော်ဖြစ်နေတာ နာရီကြည့်လိုက် အပေါက်ဖက်လှမ်းမျှော်လိုက်နဲ့ ကိုယ်တို့ဆီမှာတောင် သူ့အာရုံက ကောင်းကောင်းရဟန် မတူဘူး ယူက လာဖြစ်အောင် ကြိုးစားပါ့မယ်လို့ ပြောတယ်ဆို..."

"............"

"အဲဒီတော့ ဆရာက ယူလာမှာပဲလို့ ကြိမ်းသေတွက်ပြီး စောင့်နေတာပေါ့..."

"လာဖြစ်ဖို့ ကြိုးမှ မကြိုးစားမိတာ... အဲဒီတော့ ကိုယ် ရောက်မလာတော့တာပေါ့..."

"အေး... မေ ယူ နှိပ်စက်ထားနော်... ဆရာ့ကို နောက်ဆုံးအချိန်မှာတောင် ယူက စိတ်ချမ်းသာမှု မပေးဘူး..."

"ဘာဆိုင်လဲကွယ်..."



"လာပြန်ပြီ ဒီစကား... ယူက ဆိုင်ဆိုင်မဆိုင်ဆိုင် ဆရာကတော့ လုံးဝဆိုင်နေတယ် မေ... နေပါဦး စကားမစပ်ကိုယ် မေးပါရစေဦး..."

"အင်းဟင်..."

"ဆရာ့မွေးနေ့တုန်းက ယူ ဆရာ့ကို ဘာလက်ဆောင်ပေးလဲဟင်..."

"ဘာဖြစ်လို့လဲ..."

"ဪ... ခုနတုန်းက ကိုယ်တို့အကောင့်(စ်)ကပေးတဲ့ လက်ဆောင်တွေက တော်တော်များတော့ ကိုယ်ရယ် သန္တာရယ် ကျော်မိုးလှိုင်ရယ် အောင်မင်းရယ် ဆရာ့အခန်းထဲကို ပစ္စည်းသွားပို့ခဲ့ကြတယ်... အဲဒီမှာ ပစ္စည်းလေးတစ်ခုကို ကုတင်ဘေးစားပွဲပေါ်မှာ ထောင်ထားတာ တွေ့ရလို့..."

"ဘာပစ္စည်းလဲ..."

"ဆရာ့ရဲ့ပြီးခဲ့တဲ့ မွေးနေ့ရက်စွဲနဲ့ ရွှေတိဂုံဘုရားရင်ပြင်တော်တစ်ခုလုံးအတွက် ညလုံးပေါက် ဆီမီးပူဇော်ထားတဲ့ အလှူခံဖြတ်ပိုင်းလွှာလေ... အဲဒါကို ဆရာက မှန်ဘောင်ထဲ ထည့်ပြီး သူ့ခုတင်ဘေးစားပွဲပေါ်မှာ ထောင်ထားတာ အဲဒီမှာ ကိုယ်က ဆရာ ဒါလေးကျန်သွားဦးမယ်ဆိုပြီး သတိပေးလိုက်မိတယ်... ဘာလို့လဲဆိုတော့ ဆရာက ပစ္စည်းတွေအားလုံး သိမ်းထားပြီးပြီလေ... သူ့အခန်းက ပြောင်ရှင်းနေတာ... ဒါကြောင့် ဒီမှန်ဘောင်လေး ကျန်သွားမှာစိုးလို့ သတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာ... အဲဒီမှာ ဆရာက ဘာပြောတယ် ထင် သလဲ... ဒါလေးကို သူသွားမယ့်နေ့ကျမှ သူ့အတက်ချိ ကေ့စ်ထဲ ထည့်သွားမှာတဲ့... သေတ္တာတွေထဲ မထည့်ဘူး တဲ့... ပျောက်သွားတာတို့ ကွဲသွားတာတို့ ဖြစ်မှာစိုးလို့တဲ့ သူ တန်ဖိုးထားတဲ့ပစ္စည်းဆိုတော့ သူနဲ့အတူ တစ်ပါတည်း သယ်မယ့်ဟန်းကယ်ရီထဲမှာပဲ ထည့်သွားမှာတဲ့လေ... အဲဒီ စကားကို ပြောတဲ့အချိန်မှာ ဆရာ့မျက်လုံးက နူးညံ့ပြီး ချိုသာနေလိုက်တာ... အဲဒီမျက်လုံးက ရှင်နဲ့အတူ ဓာတ်ပုံ တွဲရိုက်ရတုန်းက ဖြစ်နေတဲ့ မျက်လုံးမျိုး... အဲဒါကြောင့် ဘာလို့မှန်းမသိဘူး ကိုယ့်စိတ်ထဲမှာ ဒီဖြတ်ပိုင်းက ယူပေး ထားတဲ့ဟာလို့ပဲ ထင်လိုက်မိတယ်... ကိုယ်ထင်တာ ဟုတ် လား မေ... "

"............ "

ထူး၏အမေးကို ပြန်မဖြေနိုင်တော့အောင် ရင်မှာ ဆွေးမြေ့နှမ်းလျှသွားရ၏။ သူမမွေးနေ့လက်ဆောင်ပေးခဲ့သော အလှူခံဖြတ်ပိုင်းလွှာလေးကို သူက ဒီလို တန်ဖိုးထားသိမ်းဆည်း ထားခဲ့သတဲ့လား။ ပေးခဲ့စဉ်အချိန်တုန်းက သူ ဝမ်းသာတကြီး လက်ခံယူခဲ့တာ တွေ့ခဲ့ရပေမယ့် အခုလို အလေးတနက် တန်ဖိုး ထား သိမ်းဆည်းခဲ့လိမ့်မည်ဟု တွေးယင်မထားခဲ့မိတာ အမှန်း သူများတကာ၏ လက်ဆောင်ပစ္စည်းတို့ကိုဆို လက်ခံဖို့ ဝန်လေး တတ်ခဲ့သော သူလိုလူမျိုးတစ်ယောက်က သူမပေးသော စက္ကူရွက်



လေးတစ်ခုကိုတော့ ဤမျှလောက် တန်ဖိုးထား သိမ်းဆည်းခဲ့သည် ဆိုတာ သိလိုက်ရသည့်အခါ...

ရင်ထဲ တလှပ်လှပ်နှင့် တုန်ရင်လာရကာ ဆို့နင့် ဝမ်းနည်းလာရ၏။ ဝဲတက်လာသော မျက်ရည်တို့ကို ပါးပြင်ပေါ် မကျအောင် ထိန်းချုပ်လိုက်သည့်အချိန်မှာ...

"ယူ့ ဝန်မခံလည်း ဒီအလှူစာရွက်က ယူပေးခဲ့တာဆိုတာ ကိုယ် သေသေချာချာ သိလိုက်ပြီမေ... မေပေးထားတဲ့ဟာမို့ လို့သာ ဆရာ ဒီလေ ာ်အထိ သည်းသည်းလှုပ်နေတာ ပေါ့... မေ ယူ ဘာတွေ အတွေးချော်ပြီး ခေါင်းမာနေရ တာလဲ... ယူ့ကို ကိုယ် သိပ်အသည်းယားတယ် သိလား... တကယ်ဆို ယူဟာ ကလေးတစ်ယောက် မဟုတ်တော့ဘူး ဘွဲ့ရပြီးတဲ့အရွယ်ရောက် မိန်းမတစ်ယောက် အခုချိန်မှာ ဘယ်သူ့... ဘယ်သူကိုမှ ယူမစဉ်းစားသင့်ဘဲ... ယူ့ရင်ထဲ မှာ ဖြစ်နေတဲ့ ခံစားနေရတဲ့အတိုင်း ရှင်းလင်းစွာ ပွင့်လင်း စွာ ယူ့စိတ်ကို မကွယ်မဝှက်ဘဲ ယူကိုယ်တိုင် သိစေ မြင်စေ ချင်တယ်... ကိုယ်တစ်ခုပဲ သတိပေးချင်တယ် မေ... တချို့ ကိစ္စတွေက သိပ်ပြီး စဉ်းစားပြီး အတွေးခေါင်နေရင် သိပ် မကောင်းဘူး... အထူးသဖြင့် အချစ်ကိစ္စပေါ့... ဒါဆို ကိုယ့် စိတ်ဆန္ဒက ဘာဆိုတာ သေသေချာချာ မသိလိုက်ရဘဲ လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းနဲ့ နောင်တ ရလိမ့်မယ်... ကဲ မေ ကိုယ်လည်း ပင်ပန်းလာတယ်... ဖုန်းချလိုက်တော့မယ်

www.burmeseclassic.com

www.burmeseclassic.com



နော်... ဘိုင့်ဘိုင် ဂွဒ်နိုက်... ”

ထူးက ပြောချင်တာ ပြောပြီး ဖုန်းချသွားသည့်အချိန်မှာ စကားပြောခွက်ကို မချဖြစ်ဘဲ လက်ထဲ တင်းတင်း ဆုပ်ကိုင် တွေဝေးကျန်ရစ်ခဲ့ပြီး တော်တော်ကြာမှ ဖုန်းပုခက်ပေါ် တင်လိုက်မိ၏။

စာကြည့်စားပွဲအထဲမှ အယ်(လ်)ဘန်ကို ဆွဲထုတ်ယူလိုက်သည်။ အဖုံးကို ဖွင့်လိုက်သည့်အခါ မြင်တွေ့လိုက်ရသော ပထမဆုံးပုံက... (၃၁) ရက်နေ့ ညက ရိုက်ထားသည့် သူမနှင့် ဦးခန့်ထည်၏ဓာတ်ပုံ။ သူမ တရားပါရဲ့လား။ တကယ်ဆို ဒီဓာတ်ပုံဟာ သူ့တောင်းဆိုမှုဖြင့် ရိုက်ဖြစ်ခဲ့သည့်ဓာတ်ပုံတစ်ပုံ၊ ထို့အတူ သူ့ပါးစပ်မှ သူ့အတွက် တစ်ပုံပိုကူးပေးရန် တောင်းဆိုခဲ့သည့် ဓာတ်ပုံတစ်ပုံ။

တကယ်တမ်းမှာတော့ ထိုဓာတ်ပုံတစ်ပုံဟာ သူ့ထံကို မရောက်ရှိခဲ့ရဘဲ သူမကပင် မောင်ပိုင်သိမ်းဆည်းယူထားခဲ့ခြင်းဖြင့် တစ်ကိုယ်ကောင်းဆန်ခဲ့မိတာ... ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ တစ်ကိုယ်ကောင်းဆန်မိပါတယ် ဦးခန့်ထည်... ။

“တချို့ကိစ္စတွေက သိပ်ပြီး စဉ်းစားပြီး အတွေးခေါင်နေရင် သိပ်မကောင်းဘူး... အထူးသဖြင့် အချစ်ကိစ္စပေါ့... ဒါဆို ကိုယ့်စိတ်ဆန္ဒက ဘာဆိုတာ သေသေချာချာ မသိလိုက်ရပါဘဲ လက်လွှတ်ဆုံးရှုံးရခြင်းနဲ့... နောင်တ ရ,ရလိမ့်မယ်”

နားထဲမှာ ထူး၏စကားသံက အနှောက်ယှက် ပြောလိုက်



သလို ထပ်မံကြားမိလိုက်ကာ ကြက်သီးမွေးညင်းများပင် **ဖျတ်ကနဲ** ထသွားရသည်။

အယ်(လ်)အမ်ကို ပိတ်ပြီး မျက်လုံးစုံမှိတ်လိုက်မိ၏။ ရင်ထဲ တင်းကျပ်ဆို့နင့်နေသော ခံစားမှုကို လျော့သွားစေခြင်းငှာ သက်ပြင်းမောကို ချလိုက်မိပေမယ့် ထိုသက်ပြင်းမောက သူမ ရင်ထဲကို ပို၍ တင်းကျပ်ဆို့နင့်လာစေသလိုပင်... ။

www.burmeseclassic.com



# အပိုင်း (၂)



ရင်ထဲမှာ ဆို့နင့်နာကျင်နေရ၏...

ရင်ခွင်တွင်း ဘလယ်မပါဟိုတစ်ခု၌ ဖော်ဆောင်၍ မရနိုင်ခြား

လစ်ဟာနေရသည်မှာ ဘာအတွက်ကြောင့်များပါလဲ...

နေလို့မရ ထိုင်လို့မရသလို စိတ်တွေတသသဖြစ်အောင် ချုပ်ထိန်းမရနိုင်တာ

ဘာကြောင့်များလဲကွယ်...

သေသေချာချာ တွေးလျှင် ဦးနှောက်မဲ့စေသော သူ့အမို့

စစ်မှန်သော အဖြေတစ်ခု ရမည်မှန်သော်လည်း

ထိုအဖြေကို

လက်ခံယုံကြည်ရဲရင့်လိုက်နိုင်ဖို့ဆိုတာ...

www.burmeseclassic.com

www.burmeseclassic.com



# ၁၃

ဒီနေ့ ဦးခန့်ထည် ပြန်မည့်နေ့... ၊ ဗုဒ္ဓဟူးနေ့... ။

မနက်က ရုံးရောက်ပြီး အဝတ်လဲကာ အောက်ဆင်းလာသည့်အချိန်မှာ ဦးခန့်ထည်ကို အဝတ်လဲဆောင်၏အရှေ့ ကွန်ကရိလမ်းပေါ်မှာ တွေ့လိုက်ရ၏။ တွေ့တွေ့ချင်း သူမကို "မောနင်း" ဟု နှုတ်ဆက်လေသော သူ့ကို ချက်ချင်း ပြန်မနှုတ်ဆက်နိုင်ဘဲ ကြောင်ငေးကြည့်နေမိသည်။ ညနေမှာ ပြန်မည့်သူက အခုချိန်အထိတိုင် မနက်စောစောမှာ လမ်းလျှောက်နေဆဲသတဲ့လား။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်မှာတော့ သည်အရိပ် သည်ခြေရာတို့



က ဝေးလွင့်ပျောက်ကွယ်တော့မည်ပင်။

"ဂွဒ်မောနင်း... ပါ ဦးခန့်ထည်... "

ရင်ထဲ ခပ်နင့်နင့်နှင့်ပင် ပြန်နှုတ်ဆက်လိုက်မိသည်။ ပြီးနောက် စကားများစွာ ပြောနေသော သူ့အကြည့်ခွေးတို့ကို ဥပေက္ခာပြုကာ ဟိုတယ်ရှိရာသို့ လျှောက်လှမ်းခဲ့၏။

"ကိုယ့်ဆရာကို ကြည့်ပြီး လုံးလုံး စိတ်မကောင်းဘူးမွေ့... အမြဲတမ်း ကြည်လင်ပြီး ရှင်းသန့်နေတတ်တဲ့ ဆရာ့ပုံစံက အခုတော့ ညှိုးနွမ်းပြီး ကပိုကရို ဖြစ်နေတာ ယူတွေ့တယ် မဟုတ်လား... ယူ မသိလို့... မနေ့က တစ်နေ့လုံး ဆရာ ကိုယ်တို့အကောင့်(စ်)ခန်းမှာ လာထိုင်ပြီး ငိုင်နေတယ်..."

ပြီးခဲ့သည့် တနင်္လာနေ့ အထိပဲ ဦးခန့်ထည်က ရုံးထိုင်ပြီး အလုပ်ကိစ္စအားလုံး လွှဲပြီးသွားသည့်အချိန်မှာ မနေ့က အင်္ဂါမနက်မှစပြီး မစ္စတာရိုမန် ရုံးခန်းစထိုင်ပြီ ဖြစ်သည်။ ဝင်းဝါဖြူစင်သည့် အသားအရေက ဆံပင်နက်နက်တို့ကြောင့် ပို၍ ထင်ပေါ်စေပြီး ကြွရောင်တောက်သော အကျီလက်ရှည်တို့နှင့် စတိုင်ဘောင်းဘီပွပွတို့ကို ဝတ်ဆင်ကာ ထာဝစဉ် ရှင်းသန့်ခန့်ညားစွာ နေမည်အတိုင်းပင် ခန့်ထည်နေသော သူ၏နေရာမှာ နီစပ်စပ် အသားအရည်မှာ နီညိုရောင်ဆံပင်တို့နှင့် ဂျာမန်သံဝဲဝဲနှင့် စကားဆိုတတ်သည့် မစ္စတာရိုက်မန်ကို မြင်တွေ့ရသည့်အခါ ရင်ထဲမှာ ဘယ်လိုမှ အစားထိုး၍ မရစွာ နာကျင်ဆို့နင့်နေရသည်။ လွှတ် လွှဲပြီးဖြစ်သော်လည်း မနေ့က ရုံးခန်းသို့ သူ ခဏတဖြုတ် လာသွား

www.burmeseclassic.com

www.burmeseclassic.com



ပါသေး၏။ ဆယ်မိနစ်လောက် မစ္စတာရိုမန်နှင့်စကားပြောပြီး ပြန်သွားကာ တစ်နေကုန် ပေါ်မလာတော့သော သူက ထူးတို့အကောင့်(စ်)ခန်းမှာ သွားထိုင်ငိုင်နေသတဲ့လား။

ဒါကို မသိသော သူမက လွတ်နေသော စိတ်အာရုံတစ်ခုကို မရမက အတင်းစုစည်းကာ မစ္စတာရိုမန်ခိုင်းသမျှ အလုပ်တို့ကို မမှားအောင် နှစ်ခါပြန်မမေးရအောင် ကြိုးစားလုပ်ဆောင်ရင်း သူ့ကို ဖျတ်ကနဲ ဖျတ်ကနဲ သတိရနေမိသည့်စိတ်တို့ကို အတင်းမောင်းထုတ်နှင်နေမိတာ။ ထို့အတူ ရုံးနှင့်မဆိုင်သော သူ့ကိုယ်ပိုင်အလုပ်တို့ကို လုပ်နေ၍ ရုံးခန်းသို့ သူ ထပ်မလာတော့တာဟူ၍လည်း တလွဲကြီး တွေးလိုက်မိသေးတာနော်။ အခုတော့ သူက သူမ တွေးထားသလို မဟုတ်ဘဲ ထူးတို့အခန်းထဲမှာ သွားထိုင်ငိုင်နေသတဲ့။

"မစ္စတာရိုမန်ကလည်း သူ့စားပွဲမှာ ထိုင်နေပြီဆိုတော့ ယူတို့အခန်းထဲမှာ သူ ခဏခဏ လာထိုင်နေရင် မကောင်းမှာစိုးလို့နဲ့ တူပါရဲ့... ကိုယ်တို့ဆီက ဦးသန်းမောင်ကြီးက ဆရာ့ကို မိဘတွေဆီ ခဏပြန်မှာဆိုတော့ တော်တော် ပျော်နေလားလို့ မေးတယ်ကွ... အဲဒီမှာ သူ ဘာပြန်ပြောသလဲ သိလား.. "

"........."

"သူစီးတဲ့ လေယာဉ်ကြီး မြန်မာပြည်မြေကြီးကနေ စတင်ထွက်ခွာတဲ့အချိန်ကစပြီး သူ့ရဲ့ပျော်ရွှင်ခြင်းအားလုံး



ဆိတ်သုဉ်းသွားမှာ အမှန်ပဲတဲ့... ကိုယ်တို့မပြောနဲ့ မေးလိုက်တဲ့ ဦးသန်းမောင်ကြီးတောင် တော်တော်ကြွေပြီး စိတ်မကောင်းဖြစ်သွားတာ... "

ဦးခန့်ထည်က တာဝန်ပြောင်းရွှေ့ရာ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့သို့ မသွားသေးဘဲ ခွင့်ဆယ်ရက်ယူကာ မိဘများနေထိုင်ရာ ဩစတြေးလျနိုင်ငံသို့ အရင်သွားမည် ဖြစ်သည်။

"အခုလည်း ကြည့်... ဒီအချိန် ဖယ်ရီရောက်မှန်းသိလို့ ဒီအရှေ့မှာ လမ်းလျှောက်ရင်းနဲ့ ရောက်နေတာ... မေ ယူ တကယ်ကိုပဲ ဆုံးဖြတ်ထားတာ မပြင်တော့ဘူးလားဟင်"

"ဟာ... ဘာလဲထူးရာ... "

"မဟုတ်ပါဘူး... ဟိုလေ ကိုယ်ပြောတာက ယူတကယ်ပဲ ဆရာ့ကို လေဆိပ်လိုက်မပို့တော့ဘူးလားလို့ပါ... "

"အစကတည်းက ကိုယ်ပြောသားပဲ... မပို့ပါဘူးဆိုတာ..."

မျက်ခုံးတွန့်တွန့်နှင့်ပင် မာတောင့်တောင့် ပြန်ပြောတော့ ထူးက ဘာမှမမေးတော့ကာ ခပ်ကုတ်ကုတ်နှင့် လျှောက်တော့သည်။

"ကဲ သွားမယ်လေ... Have a nice day..."

"Same to you... "

ဟိုတယ်ရှေ့ရောက်တော့ ထူးက နှုတ်ဆက်ကာ သူ့အကောင့်(စ်)ရုံးခန်းရှိရာ ဟိုတယ်ဘေးဖက် အဆောက်အဦသို့ ထွက်သွား၏။ ဒီနေ့နေ့လယ်မှာ ဟိုတယ်မှာ ဝန်ထမ်းများက

www.burmeseclassic.com

www.burmeseclassic.com



ဦးခန့်ထည်၏အပြန်စာရေးကို လေဆိပ်ထိတိုင် လိုက်ပါနှုတ်ဆက်ကြမည် ဖြစ်သည်။ *လေဆိပ်အဆောက်အဦအတွင်းသို့ ဝင်ခွင့်ရရှိ*လိုက်ပါပို့ဆောင်မည့်လူဦးရေကို စာရင်းကောက်ကာ မနေ့ကတည်းက ဝင်ခွင့်လျှောက်လွှာဖြည့်ပြီး ဖြစ်သဖြင့် ထိုလိုက်ပါပို့ဆောင်မည့် လူဦးရေထဲမှာ "သူမ" မပါဆိုတာ ထူးသိပြီး ဖြစ်သည်။

လိုက်ပို့မည့်သူများက အယောက်သုံးဆယ်ကျော်ရှိပြီး ထိုအယောက်သုံးဆယ်ထဲမှာ မေနှင်းဆီဆိုသော သူမ မပါဝင်ဆိုတာ သိကြသည့်အခါ အားလုံးက တအံ့တသြနှင့်၊ ဘာဖြစ်လို့ လိုက်မပို့တာလဲဟူ၍ သိသာစွာ မေးမြန်းစပ်စုလာသည့်သူများကို "မပို့ချင်လို့" ဟူသော အဖြေကိုသာ ပေးမိလျက် နောက်ထပ် မေးလာသည့်မေးခွန်းတို့ကို မကြားချင်ဟန်ဆောင်ကာ ဥပေက္ခာ ပြုမိတော့သည်။

ရုံးခန်းရောက်တော့ အခန်းထဲမှာ မစ္စတာရီမန် ရောက်နေပြီ ဖြစ်သည်။ တစ်နာရီလောက် သူမနှင့် စကားပြောပြီး E-mail ပို့ရန် လိုအပ်သော စာရွက်များကို သူမကို ပေးကာ မစ္စတာရီမန် အပြင်ထွက်သွားသည့်အချိန်မှာ စာကောင်းကောင်း မရိုက်နိုင်ဘဲ ခဏခဏ Error (အမှား) ဖြစ်နေသူမှာ သူမပဲ ဖြစ်၏။ ခါတိုင်းဆို စာရိုက်ပြီးသည့်အခါ စာကြမ်းထုတ်၍ စစ်ဆေးစရာမလိုအောင် ကျွမ်းကျင်ခဲ့သည့် မေနှင်းဆီမှာ သည်တစ်နေ့မှာတော့ Spelling Error များစွာဖြင့် စာတစ်ပိုဒ်က မပြီးနိုင်အောင် ဖြစ်သည်။

နေ့ခင်းနှစ်နာရီမှာ ဒီကနေ လေဆိပ်သို့ သူသွား



တော့မှာ။ မြန်မာပြည်ကြီးကနေ သူ အပြီးထွက်သွားတော့မှာ။ ဒီလိုထွက်သွားချိန်ကစပြီး မြန်မာပြည်ကို သူပြန်လာခဲ့ဖို့ဆိုတာ မသေချာမရေမရာ။ ထို့အတူ သူမနှင့် ပြန်လည်တွေ့ဆုံဖို့ဆိုတာကလည်း အသေးဆုံးမှာ... ။

တကယ်ကိုပဲ ဦးခန့်ထည်နှင့်မေနှင်းဆီက အဝေးဆုံးမှာ ရှိနေကြရတော့မှာလား။ ဘယ်သောအခါမှ ပြန်လည်တွေ့ဆုံဖို့ မဖြစ်နိုင်တော့ဘူးလား... ။ သူမရဲ့အိတ်ထဲမှာ သူ့ကို အခုထိတိုင် မပေးဖြစ်သေးသည့် လက်ဆောင်ပက်ကင်ဗူးလေး ရှိနေသေးသည်။ ထိုလက်ဆောင်ကို ပေးဖို့ ဒီနေ့အဖို့ သူ့ကို သူမတွေ့ခွင့်ရပါတော့မလား။

အတွေးပေါင်းများစွာနှင့် သူမ တစ်ကိုယ်လုံးကို တင်းကျပ်စွာ ချုပ်နှောင်ထားခြင်း ခံရသလို ခံစားရသည်။ အာရုံစုစည်းစွာ စာရိုက်လို့ မရတော့သည့်အဆုံး ကီးဘုတ်ကို လက်ဆယ်ချောင်းဖြင့် ဖျန်းကနဲ ပုတ်ကာ မျက်လုံးစုံ မှိတ်လိုက်မိ၏။ အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်မိသည်။

***ရင်ထဲမှာ ဆို့နင့်နာကျင်နေရ၏။ ရင်ခွင်တွင်း... အလယ်ဗဟိုတစ်ခု၌ ဖမ်းဆုပ်၍ မရနိုင်စွာ လစ်ဟာနေရသည်မှာ ဘာအတွက်ကြောင့်များပါလဲ... ။ နေလို့မရ ထိုင်လို့မရသလို စိတ် တွေ တည်ငြိမ်အောင် ချုပ်ထိန်းမရနိုင်တာ ဘာကြောင့်များလဲကွယ်။***

***သေသေချာချာ တွေးလျှင် ဦးနှောက်မဝေးသော***

www.burmeseclassic.com

www.burmeseclassic.com



မှအဖို့ စစ်မှန်သော အဖြေတစ်ခု ရမည် မှန်သော်လည်း ထိုအဖြေကို လက်ခံယုံကြည်ရဲရင့်လိုက်နိုင်ဖို့ဆိုတာ... ။

"ကျစ်... "

ဦးခေါင်းကို ခပ်ကြမ်းကြမ်း ခါရမ်းလိုက်ပြီး မျက်လုံးဖွင့်ကာ ခုနက စာကို ပြီးဆုံးအောင် ရိုက်လိုက်၏။ ကိုယ့်ကိုယ်ကို မသေချာစွာ စာကို အမှားပါ မပါ သေချာအောင် အကြိမ်ကြိမ် အခါခါ စစ်ပြီးမှ E-mail ပို့လိုက်တော့သည်။ E-mail ပို့ထား ပြီး စိတ်အာရုံပြောင်းအောင် ရုံးခန်းထဲမှ ထွက်လိုက်တော့ အပြင် မှာ ဂျီအမ့်စက္ကထရီမဥမ္မာနှင့် တွေ့သည်။

"ထမင်းသွားစားမလား မေနှင်းဆီ... "

မဥမ္မာ၏ အပြောကြောင့် ညာလက်မှာ ပတ်ထားသော နာရီကို ကြည့်လိုက်မိ၏။ ဆယ့်တစ်နာရီခွဲပြီး ဆယ်မိနစ်။

"ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး... အစောကြီးပါပဲလား မဥမ္မာ... "

"ယူ့ဆရာကို လေဆိပ်လိုက်ပို့ရဦးမှာလေ... အဲဒါကြောင့် ဒီနေ့ဆယ်တစ်နာရီခွဲကတည်းက ထမင်းကြိုစောစားခွင့် ပေးထားတယ်... "

"ဩော်... ဒီလိုလား... "

"ရက်(စ်)... ဟိုဘက်ခန်းက ယုယုတို့တောင် သွားစားကြပြီ... ဒါကြောင့် တိတ်ဆိတ်နေတာပေါ့... ယူလည်း လိုက်ပို့မှာ မဟုတ်လား... "



"ဟင့်အင်း... ကျွန်မ မပို့ပါဘူး... ဒါဆေထည့် [illegible] အခု လိုက်စားမယ်... "

ရုံးခန်းထဲမှာ မနေချင်တော့စွာ မဥမ္မာနှင့် [illegible] ထမင်းစားဆောင်သို့ လိုက်သွားလိုက်၏။ ဆို့နှင့်နာကျင်နေသော စိတ်တစ်စုံက ထမင်းစားဝင်ဖို့ မပြောနှင့် ပေါင်မုန့်တစ်ချပ်တောင် စားလို့မရချေ။ ကော်ဖီတစ်ခွက်သာ သောက်မိရင်း ချိုစိမ့်ခါး အရသာပြည့်စုံသည့် ဦးခန့်ထည်၏ကော်ဖီအရသာကို တမ်းတမိ၏။

ကျွတ်စီညံကာ စကားပြောရင်း ထမင်းစားနေကြသော သူများနှင့် ဆန့်ကျင်ကာ ကော်ဖီတစ်ခွက်ဖြင့် ငေးမိငေးရာ ငေးနေမိသော သူမှာ မေနှင်းဆီပင် ဖြစ်ပါသည်။ သိပ်မကြာသော အချိန်မှာ ထူးရောက်လာခဲ့ပြီး သူ့ကို အကြောင်းမကြားဘဲ စောစီးစွာ ထမင်းစားဆောင်သို့ သူမရောက်ရှိနေခြင်းမှာ မကျေမနပ်နှင့် ထူးက ပွစိထိုး ပြောနေ၏။

ထူး၏ပွစိထိုး ပြောမှုကို ဘာမှတုန့်ပြန်မရှင်းပြဖြစ်ဘဲ တိတ်ဆိတ်ငြိမ်သက်နေမိပြီး တော်တော်လေးကြာမှာ ရုံးခန်းသို့ ပြန်ဖြစ်သည်။

ရုံးခန်းရောက်သည့်အခါ မစ္စတာရိုမန်နှင့် အခန်းဝတွင် ဆုံကာ ဒီနေ့အဖို့ နေ့တစ်ဝက်အထိသာ ရုံးတက်ပြီး ဦးခန့်ထည်ကို နှုတ်ဆက်ဖို့ သူ ပြန်သွားပြီဖြစ်ကြောင်း ပြောပြီးပြန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်လွန်းသောရုံးခန်းထဲမှာသူမတစ်ယောက်ထဲ ကျန်ရစ်ခဲ့ရသည်။ လစ်ဟာသော ခံစားမှုနှင့်အတူ ထိုင်ခုံမှာ ငြိမ်ငြိမ်ကြီး ထိုင်နေမိ၏။ သူ့ကို သူမ မတွေ့ရတော့ဘူးလား။ နှုတ်မဆက်ရတော့ဘူးလား။ အခုအချိန်ဆို သူဟာ သူ့အခန်းထဲမှာလား... ။ ဟိုတယ်ထဲက နေရာတစ်နေရာရာမှာလား။

လေဆိပ်ကို လိုက်ပို့ကြမည့်သူများကတော့ အဝတ်လဲဖို့အတွက် အဝတ်လဲဆောင်မှာ ကျန်နေခဲ့ကြပြီ။ ဟိုတယ်အရှေ့မှာလည်း Royal Crown Hotel တံဆိပ်ပါ 4 Wheel Drive ကားများက တန်းစီရပ်ထားနေပြီ။ ဒီကားများက လေဆိပ်ကို လိုက်ပါပို့ဆောင်မည့်သူများအတွက် စီစဉ်ပေးထားသော ကားများဖြစ်၏။

ညာလက်မှာ ပတ်ထားသော နာရီကို ကြည့်မိသည်။ တစ်နာရီထိုးပြီးလို့ ဆယ့်ငါးမိနစ်... ။ အခုအချိန်လောက်ဆို လေဆိပ်ဆင်းဖို့အတွက် သူ အကျီလဲနေပြီလား.. ။ လက်ဖျားများ ကျဉ်ထုံအေးခဲလာရ၏။ ရင်ထဲက ဆို့နင့်ကြေကွဲခြင်းကတဖြည်းဖြည်းလိပ်တက်လာကာ မျက်ဝန်းအိမ်၌ မျက်ရည်ကြည်များအဖြစ် ဝိုင်းအုံဖို့ တာဆူသည်။ မျက်ရည်အဖြစ် ပါးပြင်ပေါ်သို့ ကျမလာစေခြင်းအလို့ငှာ အာရုံပြောင်းအောင် ဒိုင်ယာရီစာအုပ်ကို ထုတ်ယူဖို့ အံ့ဆွဲဖွင့်လိုက်၏။

"ဟင်... "

အံ့ဆွဲထဲက သူမ၏ဒိုင်ယာရီစာအုပ်အမည်းပေါ်မှာ တင်ထားသည့် ကတ္တီပါဗူးအနီရောင်လေးကို မြင်လိုက်ရတော့



မေနှင်းဆီ မျက်လုံးတစ်စုံ ဝိုင်းစက်သွား၏။ အံ့အားသင့်စိတ်နှင့် ထိုဗူးကိုယူကာ ဖွင့်လိုက်မိတော့ အထဲမှာ ခမ်းနားလှပစွာ ဝင့်ထည်နေသော တစ်လုံးတည်း စိန်လက်စွပ်တစ်ကွင်းကို တွေ့ရသည်။ စိန်ရွှေရတနာနှင့် မဝေးသောသူအဖို့ ဒီလက်စွပ်၏ ဒီပုံပန်းသဏ္ဌာန်ဟာ တစ်ခုသော အထိမ်းအမှတ်အတွက် ပြုလုပ်ရည်ညွှန်းသော လက်စွပ်ဆိုတာ သိလိုက်သည်။ အံ့ဆွဲကို အရှေ့သို့ တိုးဖွင့်ကာ နောက်ထပ်တစ်စုံတစ်ရာများ ကျန်ရစ်လေမလားဟု ရှာဖွေမိတော့ ဘာဆိုဘာမှ မတွေ့ရ။ သို့သော် ဒိုင်ယာရီစာအုပ်၏အတွင်းမှ စာမျက်နှာမှတ်သားရာ ပိုးကြိုးအမဲကို စာအုပ်အပြင်ဘက်သို့ ခပ်ရှည်ရှည် ထုတ်ထားတာတွေ့လိုက်ရတော့ စာအုပ်ကို လျှင်မြန်စွာပင် ထုတ်ယူ၍ ပိုးကြိုးအမဲထွက်နေရာ စာမျက်နှာသို့ လှန်လိုက်၏။ ထင်ထားမိသည့်အတိုင်းပါပဲ... ။ အထဲမှာ ဒီနေ့ နေ့စွဲစာမျက်နှာမှာ ရေးထားသော ဦးခန့်ထည်၏လက်ရေးတို့ကို တွေ့လိုက်ရသည်။

DEAR HNINSI (ချစ်သော နှင်းဆီ)

TAKE CARE OF YOURSELF (ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ)

WITH LOVE (အချစ်များစွာဖြင့်)

KHANT HTAE (ခန့်ထည်)

အင်္ဂလိပ်စာလုံးကြီးပါ ခပ်တိုတို စာသုံးကြောင်းက

www.burmeseclassic.com

www.burmeseclassic.com



သူမ၏နှလုံးအိမ်ကို ဒါရိုက်ထိုးဖောက်ဝင်ရောက်နိုင်ကာ အပြီးသိမ်း *ပိုက်ခြင်းခံလိုက်ရသလို ခံစားရသည်။ ထို့နောက် သူမ၏မျက်လုံး* တို့က လက်ထပ်လက်စွပ်တည်းဟူသော သင်္ကေတအမည်တပ်၍ရသည့် သည့်စိန်လက်စွပ်ကွင်းဆီသို့ ပြန်ရောက်သွားရပြန်သည်။

ဒီစာနှင့် ဒီလက်စွပ်တို့ဟာ သူဘယ်အချိန်ကများ ရေးပြီး ဘယ်အချိန်ကများ ထားသွားခဲ့ရသလဲ။ ကိုယ် မသိလိုက်သည့်အချိန်မှာ အငိုက်မိခံလိုက်ရသလိုမျိုးမို့ ရင်ထဲ ခပ်တုန်တုန်နှင့်ပင်... ဦးခန့်ထည်အခန်းသို့ ဖုန်းဆက်ရန် ဖုန်းထားရာဆီသို့ သွားလိုက်၏။

"ကလင်... "

ထိုအခိုက်မှာပဲ ဖုန်းသံမြည်လာတာမို့ ချက်ချင်းပင် ကောက်ကိုင်ထူးလိုက်မိသည်။ စိတ်ထဲမှာလည်း ဦးခန့်ထည် ဆက်လာတာပဲ ဖြစ်ရမည်ဟူ၍ တထစ်ချ ယုံကြည်သေချာမိလိုက်၏။

"ဟယ်လို... "

"သမီးငယ်လား... မေမေပါ... "

ထင်မှတ်မထားသော မေမေ့အသံကြောင့် "ရှန်" ကနဲ ဖြစ်သွားရရင် မေနှင်းဆီ အံ့သြသွားရသည်။

"မေမေ ဆက်လို့ အံ့သြသွားတာလား သမီးငယ်... သမီးကို မေမေ ပြောစရာရှိလို့ ဆက်တာ... အခု မောင်ခန့်ထည် လေဆိပ်ဆင်းသွားပြီလား... "



"ဟင့်အင်း... သမီး မသိဘူး မေမေ... "

*"သမီးက လေဆိပ်လိုက်မပို့ဘူးလား... "*

"ဟင့်အင်း... မေမေ... မေမေက ဘယ်လိုလုပ်ပြီးသိ... "

"မေမေ... မောင်ခန့်ထည် ပြောင်းရတော့မှာကို သိနေလို့ သမီး အံ့သြနေသလား... "

"ဟုတ်... "

"လွန်ခဲ့တဲ့ရက် သမီးခွင့်ယူထားတဲ့အချိန်တုန်းကတည်းက မောင်ခန့်ထည် မေမေ့ဆိုင်ကို ရောက်လာတယ် သမီးရဲ့... သမီးကို လက်ထပ်ခွင့် တောင်းလိုက်မိတယ်ဆိုတဲ့အကြောင်း တောင်းပန်ရင်း မေမေ့ကို အသိပေးဖွင့်ပြောလာတာ... "

အံ့သြလွန်းစိတ်နှင့် မေနှင်းဆီ၏မျက်လုံးတို့မှာ ဝိုင်းစက်နေရပြီး အသက်အောင့်ကာ တယ်လီဖုန်းထဲမှ မေမေ့စကားကို နားစိုက်ထောင်မိသည်။

"ဒီစကားကို သူပြောလိုက်တာဟာ သမီးအပေါ်မှာ စစ်မှန်တဲ့ မေတ္တာစိတ်နဲ့ တကယ်ကို ချစ်ပြီး ပြောလိုက်တာပါလို့ ပြောတယ်... ဒီလိုပြောလိုက်မိတဲ့အတွက် သူ့မှာ အပြစ်ရှိတယ်လို့ ယူဆရင် တောင်းပန်ဖို့အတွက် မေမေ့ဆီ လာခဲ့တာပါတဲ့... မေမေ့သဘောထားကိုလည်း သိချင်လို့ပါဆိုပြီး ပြောလာတယ်... အဲဒီမှာ မေမေက ပြောလိုက်တယ် သမီး... မေမေ့သားသမီးတွေက ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ချင်တဲ့သူတွေ ဖြစ်သလို ကိုယ့်ဆုံးဖြတ်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘဝကို တည်ဆောက်ချင်တဲ့သူတွေလို့... သမီးတို့ ဆုံးဖြတ်ချက်ကို မေမေက လုံးဝဥဿုံလက်ခံယုံကြည်တဲ့ အတွက် သမီးတို့ ကိုယ့်ဘဝကြောင်းဖော်ကို ရွေးချယ်တဲ့အခါ မေမေက စောင့်ကြည့်အကဲခတ်ဖို့ကလွဲရင် ဘာတစ်ခုမှ ကြားဝင်စီမံဖို့ အစီအစဉ် မရှိပါဘူးလို့... အဲဒီတော့ မောင်ခန့်ထည် သမီးကို ကမ်းလှမ်းခြင်းမှာ သမီးရဲ့လက်ခံနိုင်ခြင်း၊ လက်မခံနိုင်ခြင်းက အန်တီ ဆုံးဖြတ်ပေးလို့ မရပါဘူးလို့ ပြောလိုက်တယ်... နောက်ပိုင်းမှာ သမီးက ဒီကိစ္စနဲ့ ပတ်သက်ပြီး မေမေ့ကို ဘာမှပြောမလာတော့ မေမေက လည်း သမီးကို ဘာမှမမေးဖြစ်ဘဲ သမီးကိုပဲ အကဲခတ်ရတော့တာပေါ့... မောင်ခန့်ထည်နဲ့ ပတ်သက်ပြီး သမီး ရင်ထဲမှာ ဘယ်လိုရှိသလဲဆိုတာ မေမေ မသိဘူးလေ... သမီးစဉ်းစားရတာ ခက်နေမလားလို့လည်း တွေးပူမိတယ်... ဒီလိုနဲ့ပဲ မနေ့ကတစ်ကြိမ် မောင်ခန့်ထည် မေမေ့ဆီ ထပ်လာတယ်... မေမေ့ဆီ လာရင်းနဲ့ Married ringတစ်ကွင်းပါ ဝယ်သွားတယ် သမီး... သမီး လက်ခံခံ လက်မခံခံ ဒီလက်စွပ်လေးကို သမီးအတွက် ရည်ရွယ်ပြီး ဝယ်သွားတာ ဖါတဲ့... အထဲဘက်မှာတောင် Rose Khant ဆိုပြီး စာရေးသွားခဲ့တယ်... ဒီမှာ သူကပြောသွားတယ် သမီး... သမီးကို သူက ရုံးပြန်တက်ဖို့ရာမှာ ကတိတစ်ခုနဲ့ ပြန်တက်ခိုင်းထား ရတာပါတဲ့... အဲဒီကတိက သမီးရုံးပြန်တက်တဲ့အခါ သမီး



စိတ်အနှောင့်အယှက်ဖြစ်စေမဲ့ အပြုအမူအပြောအဆိုမျိုး လုံးဝမဖြစ်စေရပါဘူးဆိုတဲ့ ကတိတဲ့... ဒီကတိကို ပေးထား တဲ့အတွက် သမီးကို ကြိုးစားဖို့ရာ အခွင့်အရေး မရှိတဲ့ အတွက် မေမေ့ဆီ လာခဲ့တာပါတဲ့... သမီးကို သူ ဒီလက်စွပ် ကို ပေးရင် အန်တီ လက်ခံနိုင်ပါ့မလားတဲ့... အဲဒီမှာ မေမေ ဘာပြန်ပြောလိုက်သလဲ သိချင်လား သမီး..."

"..............."

မေမေ့အမေးကို ဘာမှပြန်မဖြေနိုင်ဘဲ အာသက် (မျး) အောင့်ကာ နားထောင်မိသည်။

"ပေးချင်း မပေးချင်းဟာ မောင်ခန့်ထည်နဲ့ ဆိုင်သလို... လက်ခံခြင်း လက်မခံခြင်းဟာလည်း သမီးငယ်နဲ့ပဲ ဆိုင် တယ်လို့ အကယ်၍ သမီးငယ်က လက်ခံဖို့ သင့်မသင့် ဆိုတာမျိုး အန်တီ့ကို မေးလာမယ်ဆိုရင်တော့ အန်တီ့မှာ သမီးကို ပြောဖို့အတွက် စကားတွေက အဆင်သင့်ရှိပြီးသား ပါလို့ ပြောလိုက်တယ်... ဒါပေမဲ့ ဒီစကားက အန်တီတို့ သား အမိချင်းသာ သိရမဲ့ စကားဖြစ်တဲ့အတွက် မောင်ခန့် ထည်ကိုတော့ အရင်ပြောပြလို့ မဖြစ်ဘူးဆိုတာပါ... မေမေ ပြောလိုက်တယ်... ကဲ သမီးငယ်... သမီးကို အဲဒီလက်စွပ် မောင်ခန့်ထည် ပေးသွားပြီလား..."

"သူကိုယ်တိုင် လူချင်းတွေ့ပြီး ပေးသွားတာ မဟုတ်ဘူး မေမေ... သမီးရဲ့ draw ထဲမှာ ထည့်သွားတာ... အခု အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း မေမေ့ဆီက ဖုန်းလာတာ... ”

“အင်း... ပြောပါဦး... သမီးက ဒီလက်စွပ်ကို ဘယ်လို လုပ်မလဲ... ”

မေမေ့အမေးစကားက သူမ၏နှလုံးအိမ်ကို ကိုင်ဆွဲ ညှစ်သလို ခံစားရ၏။ အသက်ကို ခပ်ပြင်းပြင်း ဝအောင် ရှူရှိုက်ပြီး အရဲစွန့်မေးလိုက်သည်။

“မေမေ... သားအမိချင်း ဟာ သိရမယ်ဆိုတဲ့စကားကို သမီး အခုသိခွင့်ရှိမလားဟင်... ”

“ဪ... မေမေ့သမီးက ဒီစကားကိုတော့ စိတ်ဝင်စားတယ် ပေါ့နော်... တကယ့်ကို စိတ်ဝင်တစားနဲ့ သိချင်တယ်ပေါ့ ဟုတ်လား... ”

မေမေ့အမေးကို ခေါင်းညိတ်ဖြေမိရင်းမှ မေမေ မမြင် နိုင်ဘူးဆိုတာ သတိရသွားရင်း ...

“ဟုတ်... သိချင်ပါတယ် မေမေ”

“သမီးသိချင်ရင် သိခွင့်ရှိတာပေါ့... မေမေကလည်း ပြောချင် နေတာပါ... မေမေ့လို သမီးရှင်တစ်ယောက်အနေနဲ့ မောင် ခန့်ထည်လိုလူမျိုးကို သားမက်တော်ဖို့ရာမှာ ငြင်းစရာ... မတော်နိုင်စရာ အကြောင်းမရှိဘူးလို့ မေမေ ပြောမလို့ပါ... သမီးကသာ မေမေ့ကို သမီး ဘယ်လိုဆုံးဖြတ်ရမလဲ မေမေ လို့မေးလာရင်... လက်ခံသင့်တဲ့လူတစ်ယောက်မို့ လက်ခံ



လိုက်ပါလို့ အကြံပေးဆုံးဖြတ်ခိုင်းမိမှာပဲ... ”

မေနှင်းဆီ ရင်ထဲ တဒိတ်ဒိတ် ခုန်လာ၏။ တင်း ကျပ်နေသော စိတ်များက တစ်စချင်းဆီ တစ်ဆင့်ချင်းဆီ ပြိုကျ သွားသလို....

“မေမေ... မေမေ... သူက မြန်မာပြည်မှာ နေတာ မဟုတ်ဘူး လေ... သူ့မိဘက ဩစတြေးလျမှာ နေပြီး သူကိုယ်တိုင် က နိုင်ငံတကာမှာ လှည့်လည်ထမ်းဆောင်နေရတဲ့သူ... သူ့ကို သမီးလက်ခံလိုက်ရင် မေမေ သမီးကို ခွဲထုတ်ပေး နိုင်ပါ့မလား... ”

ဆန္ဒစောစွာ အသက်ပင် မရှူနိုင်ဘဲ ခပ်လော်လော လေး မေးလိုက်မိ၏။

“ယောင်နောက် ဆံထုံးပါဆိုတဲ့ ရှေးရိုးစကားရှိတာပဲ သမီး ရယ်... မေမေတောင် သမီးဖေဖေနဲ့ အိမ်ထောင်ကျပြီးက တည်းက သမီးဖွားဖွားတို့ဆီက ခွဲထွက်လာရသေးတာပဲ ကွယ်... သမီးအလှည့်မှာ မေမေက ဒီလို မလုပ်ပေးနိုင်ရင် မေမေ့လောက် တစ်ကိုယ်ကောင်းဆန် အတ္တကြီးတဲ့သူ ရှိ ပါဦးမလား... ”

တင်းကျပ်နေသော စိတ်များက တစ်စချင်းဆီ ပြို ကျကာ မျက်ဝန်းအိမ်မှာ မျက်ရည်များအဖြစ် ဖွဲ့စည်းပြီး အရှိန် ပြင်းစွာ ပါးပြင်ပေါ်သို့ ကျဆင်း၏။ နှုတ်ခမ်းက တဆတ် ဆတ်တုန်လျက် အငိုမျက်ဝန်းက ပြုံးလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ဟို... ကိုကြီးတို့ မလေးတို့ကကော သမီးကို ဘာပြောမလဲ မသိဘူး... နော်... "

"သားကြီးကော သမီးလက်ကပါ မောင်ခန့်ထည်သာ မေမေတို့ မိသားစုထဲ ဝင်လာရင်... လိုက်လှဲစွာ ကြိုဆိုပါတယ်တဲ့... သမီးလက်က ပြောတယ်... သမီးလိုညီမလေးမျိုး သူ့မှာ ရှိတာ... အများကြီး ဂုဏ်ယူစရာ ကောင်းတယ်တဲ့ ဘာဖြစ်လို့လဲဆိုတော့ သမီးက ကိုယ့်ဆန္ဒကို နောက်မှာထားပြီး ကိုယ့်ဂုဏ်သိက္ခာကို ရှေ့တန်းတင်ခဲ့လို့အတွက်တဲ့လေ... "

"မေမေ... ဒါဆို ဆရာနဲ့အတွင်းရေးမှူး... ချစ်မိသွားကြခြင်းဆိုတဲ့ကိစ္စမှာ သမီးနဲ့ဦးခန့်ထည် နှစ်ယောက်စလုံးကို မေမေ အထင်မသေးပါဘူးနော်... "

"ဩော် သမီးရယ်... ဒါသဘာဝတရားပဲ... ဘာတစ်ခုမှ လုပ်ယူဖန်တီးလို့မရတဲ့ကိစ္စမှာ မေမေက ဘယ်သူ့ကို အထင်သေးရမှာလဲ သမီးရဲ့... အချိန်မီသေးတယ်ဆို— မောင်ခန့်ထည်ကို ပြောလိုက်... သူ ဝယ်သွားတဲ့ married ring ကို မိဘစုံရာရှေ့မှာ သမီးကို ပြန်လာဝတ် ပေးပါလို့ ဟုတ်ပြီလား... မေမေကလည်း သူ့မိဘကို မြန်မာပြည် အလည်လာဖို့ ဖိတ်ခေါ်ပါတယ်လို့... "

မေမေ့စကားကို ခေါင်းတဆတ်ဆတ်ညိတ် နာထောင်ရင်းမှ မေမေ မမြင်နိုင်တာ သတိရသွားပြီး ညာလက်မှာ



ပတ်ထားသော နာရီကို ငုံ့ကြည့်လိုက်မိ၏။

"ဟုတ် ဟုတ်... မေမေ တစ်နာရီခွဲတောင် ကျော်နေပြီ... သူသွားတောင် သွားပြီလား မသိဘူး... သမီး သူ့ဆီ သွားလိုက်ဦးမယ်... လက်စွပ်ကို ခဏပြန်ပေးလိုက်မယ်နော်"

"အေး အေး... ခဏ ပြန်ပေးလိုက်... ခဏ... ဟင်း ဟင်း"

မေမေ့အပြောနှင့် အရယ်ကြောင့် ကိုယ့်စကားအတွက် နှင်းမှာ ပါးလေးနွေးအောင် ရှက်သွားရသည်။

"သိုင်းကျူးမေမေ... သမီး ဖုန်းချလိုက်တော့မယ်... "

ဖုန်းကို ချခဲ့လိုက်ကာ စားပွဲဆီသို့ ခြေလှမ်းကျဲနှင့်သွား... ပိုက်ဆံအိတ်ထဲမှ ပက်ကင်ထုပ်နှင့် သူမရင်ထဲမှာ တိတ်တခိုးဆန္ဒရှိထားသော အရာတစ်ခုကို ထုတ်ယူပြီး သူ စာရေးပေးသွားသော ဒိုင်ယာရီစာအုပ်မှာ တစ်စုံတစ်ခု ချရေးကာ လက်ထပ်လက်စွပ်ထည့်ထားသော ကတ္တီပါဗူးလေးကို ယူပြီး ရုံးခန်းထဲမှ အပြေးထွက်ခဲ့သည်။

လှေကားမှာ... သူမ ရှူးဒေါက်ဖိနှပ် တခေါက်ခေါက်က မြန်ဆန်နေတော့၏။

Royal Crown Hotel ၏ အရှေ့မှာ ဂျီအမ်ကြီးမှစလို့ ရာထူးကြီးစဉ်ငယ်လိုက်က တန်းစီရပ်နေ၏။ သို့အတူ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်ခြင်းလုပ်ငန်းမှာ တာဝန်ကျနေသော ဝန်ထမ်းများနှင့် လေဆိပ်သို့ မလိုက်ပါနိုင်သော ဝန်ထမ်းများက ဘေးတစ်ဖက် တစ်ချက်ဆီမှာ ရပ်ကာ သူတို့၏ Royal Prince ခန်းထည်ကို စောင့် နေကြသည်။

နွေနေ့လယ်ခင်းဖြစ်သော်ငြား... နွေနေပူတို့ မရှိဘဲ ရာသီဥတုက အလင်းဖျော့ဖျော့ရောင်တစ်ခုနှင့် လေနုအေးအေး တိုက် ခတ်လို့ နေသည်။ ဟိုတယ်ကြီးတစ်ခုလုံးက သက်ရှိလူတွေ၏ ခံစားမှုလိုပင် ဝမ်းနည်းကြေကွဲနေသယောင် မှိုင်းမှိုင်းညို့ညို့။ တချို့ ဝန်းထမ်းများက လက်ထဲမှာ တစ်သျှူးကိုယ်စီ လက်ကိုင်ပဝါ ကိုယ်စီကိုင်ကာ မျက်ရည်စို့နေသော မျက်ဝန်းထောင့်စွန်းကို သုတ် နေကြသည်။

ခဏအကြာ ဟိုတယ်အရှေ့မှာ လူများ ရုတ်ရုတ် သဲသဲ ဖြစ်သွားပြီး ဟိုတယ်၏ မှန်တံခါးချပ်ကြီးနှစ်ချပ်က ဖျတ်ကနဲ ပွင့်၏။ ဟိုတယ်ရှေ့မှာ စောင့်နေကြသော လူသားအားလုံး၏ ဦးခေါင်းများက အပေါက်ဝဆီသို့ လှည့်ကြည့်ကုန်ကြသည်။ သေတ္တာသုံးလုံးကို တင်လာသော ဘီးလှည်းကို တွန်းလာသည့် ဘဲ(လ်)ဘွိုင်းက ထွက်လာသည်။ ထိုဘဲ(လ်)ဘွိုင်း၏အနောက်မှာ ဟန်းကယ်ရီအဖြစ် သယ်ဆောင်သွားမည့် ခန့်ထည်၏ အတတ် ချီကေ့စ်ကို သယ်ဆောင်လာသည့် နောက်ထပ် ဘဲ(လ်)ဘွိုင်း တစ်ယောက်... ။

ထို့အနောက်မှာတော့ Royal Crown Hotel ကြီးမှ



လူသားအားလုံး၏ အသည်းနှလုံးကို ဆုပ်ကိုင်ထားနိုင်သော Cost Controller ခန့်ထည်... ။ ဖျော့တော့သော အလင်းတန်းက ပြန်လည်လင်းလက်တောက်ပသွားသလိုလို... ။

ပန်းဖျော့ရောင် ဖောရင်းရှပ်လက်ရှည်ကို စတိုင် ဘောင်းဘီပွပွအိအိအမဲနှင့် တွဲဝတ်ကာ ထာဝစဉ် စမတ်တကျ ရှိ နေခဲ့သော သူ့ထုံးစံအတိုင်း စမတ်တကျ ရှိလျက်... ။

ဘယ်လက်ကို ဘောင်းဘီအရှေ့အိတ်ကပ်ထဲ ထည့် ကာ ညာလက်ကတော့ ဂျီအမ်မှစ၍ မန်နေဂျာအားလုံးကို ကြီးစဉ် ငယ်လိုက် လိုက်လံလက်ဆွဲနှုတ်ဆက်လေသည်။

ပြီးနောက် သူ့ကို နှုတ်ဆက်ဖို့ ရှိနေကြသော ဟိုတယ်ဝန်ထမ်းအားလုံးကို တစ်ယောက်မကျန် လက်ဆွဲနှုတ် ဆက်သည်။

နှုတ်ဆက်ရင်းမှ မှိုင်းဖျော့သော မျက်ဝန်းတစ်စုံက တစ်စုံတစ်ယောက်သောသူကို ရှာဖွေနေ၏။ ကြေကွဲချင်စရာ ကောင်းလှစွာ "သူ" တွေ့မြင်နှုတ်ဆက်ချင်သော သူကို တွေ့ရဖို့ မပြောနှင့် သူမ၏အရိပ်ကိုတောင် မတွေ့ရတာမို့ မချိသော နှလုံး သားနှင့်ပင် သူ့နေရာတွင် ရောက်ရှိနေသော မစ္စတာရိုမန်ဆီသို့ လျှောက်သွားလိုက်၏။

"ရိုမန်... ကိုယ် သွားတော့မယ်... ကိစ္စတစ်ခုခု အခက်အခဲ ဖြစ်ရင် ကိုယ့်ဆီ ဆက်သွယ်ပါ... ရိုးသားဖြောင့်လင်းတဲ့ ဒီမြန်မာပြည်မှာ မင်း နေပျော်မှာပါလို့ ကိုယ် မျှော်လင့်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်... ”

“ကိုယ်လည်း ဒီလိုပဲ မျှော်လင့်ပါတယ် ခန့်... မင်းလည်း ကွာလာလမ်ပူမှာ အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်”

“ကျေးဇူးတင်ပါတယ်... မေနှင်းဆီအတွက် ကိုယ် အစစ အရာရာ စိတ်ချမယ်နော် ရိမန်... ”

“ကောင်းပြီ ကောင်းပြီ... မင်း စိတ်ချလက်ချသာ သွားနိုင်တယ်... သူ့ကို ကိုယ် ဂရုတစိုက် ရှိပါ့မယ်... ”

မစ္စတာရိမန်နှင့် အပြန်အလှန် လက်ဆွဲနှုတ်ဆက်ပြီး အားလုံးကို လက်ဝှေ့ယမ်းနှုတ်ဆက်ကာ ဟိုတယ်အပေါ်ထပ် ရုံးခန်းရှိရာ ပြတင်းပေါက်သို့ ကြည့်လိုက်မိ၏။ သူမများ ပြတင်းပေါက်က ကြည့်နေမလားဟူသော မျှော်လင့်စိတ်က... ခန်းဆီးအပြည့်ကာထားသော မှန်အလုံပိတ် အခန်းပြတင်းကို မြင်တွေ့လိုက်ရသည့်အခါ ရင်မှာ နုံးချိသွားရသည်။ ပြတ်သားပါပေ့ မိန်းကလေးရယ်... ။ အဝေးကနေတောင် မင်း ကိုယ့်ကို နှုတ်မဆက်ချင်ဘူးပေါ့နော်။ သက်ပြင်းမောတစ်ခုကို လေးလေးကြီး ရှူသွင်းရင်း ကိုယ့်အတွက် စီစဉ်ထားသော ကားဆီသို့ ခြေလှမ်းလိုက်၏။

“ဒေါက်... ဒေါက်... ဒေါက်... ဒေါက်... ”

ရှုံးစီးသော သူကလွဲရင် ဟိုတယ်ရှေ့မှ လူသားအားလုံးက မတ်တပ်ရပ်နေတာမို့ ကြားလိုက်ရသော ဒေါက်ဖိနပ်နှင့် ကွန်ကရီထိသံကြောင့် သူရပ်လိုက်မိ၏။ ဒီအသံက ရှိုးရှိုး



လမ်းလျှောက်သံ မဟုတ်ဘဲ အပြေးလျှောက်လာသံ။

ဒီဒေါက်ဖိနပ်အသံက သူ့အတွက် အင်မတန် ယဉ်ပါးကာ အကျွမ်းတဝင် ရှိလွန်းလှပါ၏။ မနက်ရုံးတက်ချိန်တိုင်း သူစောင့်မျှော်ခဲ့ရသော ဖိနပ်သံ... ။ ဒီဖိနပ်သံက သူ့နှလုံးသားကို ပူနွေးလှုပ်ရှားလာစေနိုင်သည်။ တစ်ခါတစ်ရံ စတိုဘက် သူသွားလျှင် လိုက်ပါလာရသော သူမက ကျဲသော သူ့ခြေလှမ်းတို့ကို အမှီလိုက်နိုင်ရန် အပြေးတစ်ပိုင်း လိုက်လျှောက်ခဲ့သည့်အခါ ထိုဒေါက်ဖိနပ်သံက တဒေါက်ဒေါက် မြည်နေခဲ့သည်။ ရှည်လားသောအရပ်ရှိလင့်ကစား နှစ်လက်မထက် မနိမ့်သော ရှူးဒေါက်ဖိနပ်များကို စီးပြီး စတိုင်များတတ်သော သူမပုံစံလေးကို သူ သဘောကျခဲ့ရသည်နှင့်အညီ ဒေါက်ဖိနပ်စီးပြီး ပြေးလွှားနေရသည့်တိုင် မလဲမပြုခဲ့တာမို့ ချီးလည်း ချီးကျူးခဲ့မိပါ၏။

သူ ရပ်နားထောင်သည့်အချိန်မှာ ဒေါက်ဖိနပ်သံက ပျောက်သွားသည်။ အင်း.. ကိုယ်လည်း ရူးပြီ ထင်ပါရဲ့။ ဒီဒေါက်ဖိနပ်သံပိုင်ရှင် မိန်းကလေးကို ရောက်လာစေချင်ဇောနှင့် ကာလများစွာ ယဉ်ပါးကျွမ်းဝင်ခဲ့ရသော ဖိနပ်သံကို ပြန်လည်ကြားယောင်မိနေတာ...

သက်ပြင်းမောကို ချလိုက်ပြီး ခြေငါးလှမ်းမျှသာ လိုတော့သော ကားဆီသို့ ဆက်လျှောက်လိုက်သည်။

“ဒေါက်... ဒေါက်... ဒေါက်... ”

ဒေါက်ဖိနပ်သံကြားရပြန်၏။ အိုး... ဒီတစ်ခါတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်စွဲမှု မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့... ။ မျှော်လင့်တကြီးပင် အနောက်သို့ လှည့်ကြည့်ရန် လည်ပင်းအလှည့်မှာ...

"ဦးခန့်ထည်... "

ခေါ်သံတိုးရှရှက တိုက်ခတ်နေသော လေနုအေးမှတစ်ဆင့် သူ... နားတစ်စုံဆီသို့ ရောက်ရှိလာ၏။ ထိတ်ခနဲ ပျော်ရွှင်သွားရပြီး လူတစ်ကိုယ်လုံး လှည့်ကာ ကြည့်လိုက်မိတော့ ဖားလျားချထားသော ဆံပင်ရှည်ရှည်များက တိုက်ခတ်နေသော လေနုအေးကြောင့် လွင့်မျောနေပြီး သူ့ကို ခပ်စိုက်စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံပိုင်ရှင် သူမကို လာရောက်နှုတ်ဆက်နေကြသော လူအုပ်ကြီး၏အနောက်မှာ တွေ့လိုက်ရသည်။

"နှင်းဆီ... "

အပြေးတစ်ပိုင်းပင် ဖိနပ်ကို ရှပ်တိုက်ကာ သူမလေးထံ လျှောက်သွားသည့်အချိန်မှာ သူမအရှေ့မှာ လူအုပ်က ဘေးသို့ ရှဲခနဲ ဖြစ်သွားပြီ သူ သွားနိုင်ဖို့ လမ်းဖယ်ပေး၏။ သူမအရှေ့သို့ သူချက်ချင်းပင် ရောက်ရှိသွားရသည်။

"ကိုယ့်ကို လာနှုတ်ဆက်တာလား နှင်းဆီ... "

"ဦးခန့်ထည်... ဒါလေးကို အရင်ဖတ်ပါနော်... "

ပါးပြင်မှာ မျက်ရည်များဖြင့် စိုရွှဲနေသော သူမက သူ့မျက်ဝန်းထဲ စိုက်ကြည့်ကာ ပြောတာမို့ သူ ယောင်ရမ်း၍ ငုံ့ကြည့်မိ၏။ သူမလက်ထဲမှာ ပွင့်နေသော ဒိုင်ယာရီစာအုပ်က သူ အသင့်ဖတ်နိုင်ရန် သူ့ဘက် လှည့်ပေးထားသည်။



မနက်က သူရေးသွားသော စာ၏အောက်မှာ မင်နီဖြင့် ရေးထားသော သူမလက်ရေးနှင့် စာကြောင်းတစ်ခု။

U KHANT HTAE (ဦးခန့်ထည်)

PLEASE FORGIVE ME

(ကျေးဇူးပြုပြီး ခွင့်လွှတ်ပါ)

I HOPE WE WILL MEET AGAIN

(ကျွန်မတို့ ပြန်လည်တွေ့ဆုံရလိမ့်မယ်လို့ မျှော်လင့်ပါတယ်)

သူ ညင်သာစွာ ပြုံးရင်း သူမကို ကြည့်လိုက်မိ၏။

"ပြောနေစရာ မလိုပါဘူး နှင်းဆီရယ်... သိပ်သဘောကျတာပေါ့... ကိုယ်တို့ ပြန်ဆုံတွေ့မယ်ဆိုတာ... "

"ဦးခန့်ထည်ကို ကျွန်မ အမှတ်တရလက်ဆောင်အဖြစ် ဒီပစ္စည်းလေးတွေ ပေးလိုက်ချင်လို့ပါ... "

ပြောပြောဆိုဆိုနှင့်ပင် ညာလက်မှ ကိုင်ထားသော ပက်ကင်ထုပ်တစ်ခုကို စာအုပ်ပေါ် တင်ပေးတာမို့ သူ ငုံ့ကြည့်လိုက်မိ၏။ မျက်ခုံးပင့်ကာ သူမထံ ပြန်ကြည့်မိတော့ သူမက ကုတ်အင်္ကျီ၏အိတ်ကပ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူကာ ခုနက အထုပ်ပေါ် ထပ်တင်လိုက်ပြန်သည်။ သူ နောက်တစ်ကြိမ် ငုံ့ကြည့်လိုက်မိ၏။ အိုး... သူမ တင်လိုက်သောအရာကို မြင်လိုက်ရသည့်အခါမှာတော့ သူ့မျက်နှာက ပြုံးချိုချိုကြီး ဖြစ်သွားရသည်။ သူ့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



မှ လိုချင်ခဲ့သော သူမ လုံးဝမပေးချင်ခဲ့သော သူမနှင့်သူ့ရဲ့ အမှတ်တရ ဓာတ်ပုံပါလား… ။ လျှင်မြန်စွာပင် ပက်ကင်ထုပ်နှင့် ဓာတ်ပုံကို စာအုပ်ပေါ်မှ ကောက်ယူလိုက်မိသည်။ ပက်ကင်ထုပ်ကို ဒီအတိုင်းပင် လက်မှာ ကိုင်ထားပြီး ဓာတ်ပုံကိုတော့ ဘယ်ဘက် အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်မိ၏။

နောက်ထပ်တစ်ခါ သူမက ကုတ်အင်္ကျီအိတ်ကပ်ထဲ ထပ်နှိုက်ပြန်၏။ သည်တစ်ခါမှာတော့ သူမလက်ထဲ ပါလာသည့်အရာက ကတ္တီပါဗူးအနီလေး။ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

"နှင်းဆီ… ဒါ… "

"ကျွန်မတို့ နောက်တစ်ကြိမ် ပြန်ဆုံတွေ့တဲ့အခါကျမှ ကျွန်မကို ကျွန်မရဲ့မေမေရှေ့မှာ ဦးခန့်ထည်ကိုယ်တိုင် ပြန်ဝတ်ပေးပါနော်… နောက်ပြီး မေမေက ပြောလိုက်ပါတယ်… ဦးခန့်ထည်ရဲ့မိဘတွေကို မြန်မာပြည် လာလည်ဖို့ ဖိတ်ခေါ်ပါတယ်တဲ့… "

"ဟာ နှင်းဆီ… "

လူက လွင့်ခနဲ မြောက်တက်သွားရသလိုပင်။ သူမထံ မယုံရဲရဲနှင့် ကြည့်မိတော့ မျက်ရည်များ ဖြိုင်ဖြိုင်ကျနေသော သူမလေးက အငိုမျက်ဝန်း၊ အပြုံးမျက်နှာနှင့်ပင် သူ့ကို ခေါင်းတဆတ်ဆတ်ညိတ်ပြ၏။

ခန့်ထည်မှာ ပျော်ရွှင်လွန်းအားကြီးစွာ ကင္တာ်ပါဗူး



လေးကို ယူပြီး အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီး သူမလက်ထဲမှ ဒိုင်ယာရီစာအုပ်ကို ယူကာ ပိတ်လိုက်သည်။ ထို့နောက်… ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်တော့စွာ ဘာကိုမှ မမြင်နိုင်တော့စွာ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် တသိမ့်သိမ့်ရှိုက်ငိုနေသော ကိုယ့်နှင်းဆီလေးကို ရင်ခွင်ထဲ ဆွဲသွင်း၍ ပွေ့ဖက်နှစ်သိမ့်လိုက်မိသည်။

နှင်းဆီလေး… ကိုယ့်နှင်းဆီလေးရယ်… ။ အခုတော့လည်း ကျွန်ပ်သိက္ခာတို့ဖြင့် ထိန်းချုပ်ခြင်းအရာအားလုံးတို့ ခွာချကာ ကိုယ့်ကို ချစ်ခြင်းတစ်ခုတည်းနှင့် ရဲဝင့်ပြတ်သားမြဲလိုက်တာ… ။ ထိုရဲဝင့်ပြတ်သားလိုက်ခြင်းကလည်း သူမ အန်တုရင်ဆိုင်ခဲ့ရသော လူအများ၏အရှေ့မှာမို့ ချစ်သူလေးအား သနားကြင်နာသွားရ၏။

ကိုယ့်ကို ချစ်ခြင်းတစ်ခုတည်းနဲ့ မင်းတန်ဖိုးထားတဲ့ ကျွန်ပ်လေးတွေ ပြိုယိုင်လဲရတဲ့အတွက် အခုအချိန်မှာ ကိုယ့်ရင်ခွင်ထဲ မျက်နှာကို ဖွက်ရင်း ဝအောင် ငိုလိုက်ပါ ကိုယ့်နှင်းဆီ။ ဒီအဖြစ်လို ငိုရမယ့်အဖြစ်က ကိုယ်နဲ့ပတ်သက်ပြီး မင်းဘဝမှာ ဒီတစ်ကြိမ်တည်း ဖြစ်စေရမှာပါ။ နောင်ဆိုရင် ကိုယ့်ရင်ခွင်မှာ မင်းဘဝလေး ထာဝရငြိမ်းအေးပျော်ရွှင်သွားစေရမယ်လို့ ကိုယ် ရဲရဲကြီး ကတိပေးပါတယ် နှင်းဆီ… ။ မင်း ကျွန်ပ်လေး ငိုခဲ့ရတဲ့အတွက် လျော်ကြေးအဖြစ်ပေါ့… ။ ဘဝတစ်ခုလုံး ပေးဆပ်ကာ ချစ်မြတ်နိုးကြင်နာပါ့မယ် နှင်းဆီလေးရယ်… ။ ရင်ထဲမှာ စကားများစွာ ပြောဖြစ်ပြီး ပြည့်ပြည့်ဝဝကြီး ပြုံးလိုက်မိ၏။ ပြုံးလိုက်

www.burmeseclassic.com



မိသော သူ့ပါးပြင်မှာလည်း ဝမ်းသာခြင်းမျက်ရည်တို့ ကျဆင်းလျက်... ။

"ဖျောင်း... ဖျောင်း... ဖျောင်း... ဖျောင်း... ဖျောင်း... "

တိတ်ဆိတ်ငြိမ်သက်နေသော လှူအုပ်ကြီးထံမှ လက်ခုပ်သံများ ပေါ်ထွက်လာသည်။ ထိုအခါ သူ့ရင်ခွင်တွင်းမှ နှင်းဆီလေး၏ ပန်းလေးက တသိမ့်သိမ့်တုန်ကာ ဝိုတိုးရှိုက်ငိုလာသလို သူကလည်း ချစ်သူလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။

အခုတော့လည်း မိုးကောင်းကင်တစ်ခုလုံးဟာ တိမ်များ ကင်းစင်၍ ကြည်လင်လှပနေသလို ပတ်ဝန်းကျင်တစ်ခုလုံးဟာလည်း ကြည်နူးကြည်မွေ့ခြင်းများစွာဖြင့် ပျော်ရွှင်မှုအတိ ပြီးနေတော့သည်။



## အပိုင်း ( ၃ )

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



(၉) လခန့် ကြာပြီး ဒီဇင်ဘာ (၃၁) ရက်နေ့ ရောက်သည့်အခါ Royal Crown Hotel ကြီး၌ ကြီးကျယ်ခမ်းနားလှစွာသော မင်္ဂလာပွဲကြီးတစ်ခု ကျင်းပခဲ့၏။

ထိုမင်္ဂလာပွဲကို ကျင်းပသူမှာ တစ်ချိန်က Royal Prince (တော်ဝင်မင်းသား) အဖြစ် သတင်းကြီးခဲ့သည့် ခန့်ထည်နှင့်သူ၏ pet လေးအဖြစ် နာမည်ကြီးခဲ့သော မေနှင်းဆီပင် ဖြစ်ပြီး ထိုမင်္ဂလာပွဲကို Royal Crown Hotel ၏ တာဝန်ရှိသူ အကြီးဆုံးဖြစ်အောက်ခြေအဆင့်အငယ်ဆုံးထိတိုင် တက်ရောက် ခွင့်ပေးကာ မင်္ဂလာပွဲကို တက်ရောက်၍ ပျော်ရွှင်စွာ ဆင်နွှဲခြင်းသည်သာ အကောင်းဆုံး လက်ဖွဲ့အဖြစ် သတို့သား သတို့သမီး နှစ်ဦးသားက သတ်မှတ်ခဲ့လေတော့သည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

အလုပ်

14th October, 2001

BURMESE CLASSIC

www.burmeseclassic.com